
www.burmeseclassic.com

ရင်မိုး (ဆေးတက္ကသိုလ်)

# အချစ်နဲ့ တည်ဆောက်ထားတဲ့ အိမ်ကလေး

BURMESE CLASSIC .com



www.burmeseclassic.com

Design L လင်း

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## အချစ်နဲ့တည်ဆောက်ထားတဲ့အိမ်ကလေး

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၀၃၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၇၀၄၀၉

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ၊
ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) ဝေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မိုး(ဆေးတက္ကသိုလ်)
အချစ်နဲ့တည်ဆောက်ထားတဲ့အိမ်ကလေး/ရှင်မိုး(ဆေးတက္ကသိုလ်)-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂"×၁၈ စင်တီ။
(၁) အချစ်နဲ့တည်ဆောက်ထားတဲ့အိမ်ကလေး

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး ၂
## (ဆေးတက္ကသိုလ်)


# အချစ်နဲ့ တည်ဆောက်ထားတဲ့ အိမ်ကလေး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## (သနပ်ခါး)

ကျွန်မမှာ အချစ်ဆုံးသူငယ်ချင်းသုံးယောက် ရှိတယ်။ ငယ်ငယ်တည်းက ပေါင်းလာတာတော့ မဟုတ်ဘူးပေါ့။ ခုနစ်တန်းရောက်မှ ဘယ်ကဘယ်လို အတန်းတစ်ဝန်းတည်း ရေစက်ဆုံပြီး ခုံတန်းရှည် လေးယောက်ထိုင်ခုံ တစ်တန်းတည်းမှာ နေရာဦးမိတာခြင်း တူသွားသလဲတော့ မသိဘူး။ အဲဒီမှာ စပြီးခင်သွားခဲ့ကြတာ။ အဲဒီအရွယ် ဆယ့်နှစ်နှစ်နဲ့ ဆယ့်သုံးနှစ်ကြား အရွယ်တွေဟာ ဆယ်ကျော်သက်ပေါက်စလေးတွေပီပီ အိမ်ကမိဘ၊ ညီအစ်ကိုမောင်နှမထက် သူငယ်ချင်းကိုသာ ပိုပြီးခင်တွယ်၊ ယုံကြည်၊ သံယောဇဉ်စပြီးကြီးတတ်ကြတဲ့ အရွယ်မို့ ထင်ပါရဲ့။ ကျွန်မတို့လေးယောက် အချိန်ကာလ အနည်းငယ်လေးအတွင်းမှာ သိပ်ခင်တဲ့ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်သွားခဲ့ကြပါတယ်။

ကျွန်မရယ်၊ မိမိကျော်ရယ်၊ စံပယ်ဖြူရယ်၊ အေးမြကြည်လင်ရယ်ပေါ့။ အထက်တန်းကျောင်းမှာလည်း အခင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အတွဲဆုံး လေးမြှာပုံးအုပ်စုအဖြစ် လူသိများခဲ့ကြသလို၊ ဆယ်တန်းအောင်ကြတော့လည်း ဉာဏ်ရည်ချင်းက သိပ်မကွာလို့ အမှတ်ချင်းလည်း မတိမ်းမယိမ်းတွေ ဖြစ်ကြတာဟာ ကျွန်မတို့ကို ဘယ်တော့မှ မခွဲကြရစေဖို့ ပိုပြီးတွန်းပို့ပေးလိုက်သလိုပါပဲ။

တက္ကသိုလ်မှာ ကျွန်မတို့ မေဂျာတစ်ခုတည်း လေးနှစ်လုံးလုံး အတူတူ တက်ခွင့်ရခဲ့ကြခြင်းဟာ ကျွန်မတို့ကို ဘယ်တော့မှ ခွာထုတ်လို့မရတဲ့ သူငယ်ချင်းတွေအဖြစ် ခိုင်မြဲသွားစေခဲ့ပါတယ်။

ကျောင်းပြီးသွားတဲ့အခါ ကိုယ့်ဘဝနဲ့ကိုယ် ရပ်တည်လျှောက်လှမ်းရပြီး ကိုယ့်ကိစ္စနဲ့ကိုယ် မအားမလပ်ရှိနေခဲ့ကြတာတောင် တစ်လမှာ နှစ်ခါလောက်ဆုံပြီး တွေ့ကြသေးတာပါ။ အထူးသဖြင့် ကျွန်မတို့လေးယောက်ရဲ့ မွေးနေ့ရက်တွေမှာတော့ မဖြစ်နေ မရမက ဆုံဖို့ကို အားလုံး စိတ်တူကိုယ်တူ တက်ညီလက်ညီ ကြိုးစားအားထုတ်ကြစမြဲပါ။

မီမီကျော်ကတော့ ကျောင်းပြီးလို့ သုံးနှစ်အကြာမှာ ချစ်သူ ကိုရဲသူနဲ့ လက်ထပ်သွားပါတယ်။ ကိုရဲသူကို နောက်ဆုံးနှစ်မှာ အဖြေပေးခဲ့တာပါ။ ကိုရဲသူကတော့ ပထမနှစ်တည်းက မီကျော်(ကျွန်မတို့အခေါ်)ကို ဖွဲ့နပ်နဲ့ လိုက်ခဲ့သူပါ။ ကိုရဲသူက ပျိုတိုင်းကြိုက် ပေါ်ပြူလာအဖြစ်ဆုံး RIT (ကျွန်မတို့ခေတ်တုန်းက စက်မှုတက္ကသိုလ်ကို အဲဒီလို ခေါ်ပါတယ်) ကျောင်းသားတစ်ယောက်၊ ရုပ်ရည်လည်း ပြေပြစ်လှတာမို့ မီကျော်နဲ့ အလိုက်ဖက်ဆုံးလို့ ကျွန်မတို့ အမှတ်ပေးကြတယ်လေ။





နောက်တစ်ယောက် စံပယ်ဖြူကတော့ တော်တော်လည်းလှပြီး ကျောင်းမှာ ကွင်းလည်းရခဲ့တယ်။ လှယဉ်ကျေးမယ်ဘွဲ့လည်း ရဖူးတယ်။ သူ့ဝါသနာပါတာက အဆိုတော်။ ကျောင်းတုန်းက ဗီဘာကို အတင်းပူဆာပြီး စီးရီးတစ်ခွေရအောင် ထွက်ဖူးခဲ့ပေမဲ့ (ကိုယ့်သူငယ်ချင်းပေမဲ့ မညာမတာ ဝေဖန်ရရင်) ပိုက်ဆံရှိလို့ စီးရီးထုတ်ပြီး အဆိုတော်ဘွဲ့ ခံလိုက်တာမျိုးပဲ ဖြစ်သွားခဲ့တယ်။ စီးရီးက ပေါက်လည်းမပေါက် လူလည်းမသိဘဲ ဖိဘာတွေသာ ငွေပုံကြီး လျှော့သွားစေတာမျိုး ဖြစ်ခဲ့ဖူးတဲ့ သမီးလိမ္မာတစ်ယောက်ပေါ့။

အဆိုတော်ဖြစ်ခွင့် မရခဲ့ပေမဲ့ စီးရီးထုတ်ရင်း သိကျွမ်းခင်မင်သွားရတဲ့ အသံဖမ်းစတူဒီယိုကြီးနှင့် သီချင်းထုတ်လုပ်ဖြန့်ချိရေး ဆိုင်ပိုင်ရှင်ရဲ့သားနဲ့ ဆုံစည်းရပြီး အဲဒီကောင်လေးနဲ့ပဲ ဟိုတလောက လက်ထပ်သွားပါတယ်။ ဘာကြောင့် ကောင်လေး သုံးရသလဲဆိုတော့ စံပယ်ဖြူ (သူ့ကို နာမည်အဖျားဆွတ်ခေါ်တာ၊ ဖြတ်ခေါ်တာ မကြိုက်လို့ အပြည့်ခေါ်ရတယ်)ထက် ငါးနှစ် ငယ်လို့ပါ။ စံပယ်ဖြူရဲ့မောင်လေးချစ်သူက ချစ်ဦးမောင်ပါတဲ့ရှင်။

နောက်တစ်ယောက် အေးမြကြည်လင်ကလည်း မီကျော့်လိုပဲ ကျောင်းတုန်းကချစ်သူနဲ့ ကျောင်းပြီးပြီးချင်း လက်ထပ်သွားပါတယ်။ သူငယ်ချင်း လေးယောက်ထဲမှာ အေးမြ(သူ့ကို အတိုကောက်ခေါ်တဲ့နာမည်ပါ)တို့က အရင်ဆုံး အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com




သည်ဘဝ ခံယူသူတွေဖြစ်ပြီး (အဟင်း ... ကျုန်တဲ့နှစ်ယောက် မသိအောင် တိုးတိုးလေးပြောမယ်နော်) အေးမြက ကျွန်မနဲ့အတည့် ဆုံး၊ ကျွန်မနဲ့ ပိုပြီးအနီးစပ်ဆုံး၊ ကျွန်မကို အနားလည်ဆုံး သူ ငယ်ချင်းပဲ ဖြစ်ပါတယ်။ အေးမြရဲ့ချစ်သူယောကျ်ားကတော့ ကိုဥက္ကါပါ။ ကိုဥက္ကါ မိဘမျိုးရိုးက ဆီစက် ဆန်စက်၊ ပွဲရုံလုပ်ငန်း တွေမို့ သူလည်း အခု မိဘအမွေဆက်ခံပြီး စီးပွားရေးလုပ်နေသူပါ။

ရှင် ... ကျွန်မအကြောင်းကို ပြောရမယ်လား။ အင်း ... ပြောရတာပေါ့ရှင်။ ကျွန်မကတော့ အခုထိ တစ်ကိုယ်တည်း ဖြစ်နေဆဲ အပျိုကြီးစာရင်းဝင်သွားပြီးခဲ့သူပါ။








www.burmeseclassic.com

www.burmeseclassic.com



## ၁

သနပ်ခါးသည် လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ပြီး ပြန်မော့လိုက်ချိန်တွင် အနားမှာ လာရပ်လိုက်သော အရိပ်တစ်ခုကြောင့် ဝမ်းသာအားရ ခုန်ထလိုက်မိပါသည်။

"ဟေး ... အေးမြ"

"မီခါး ... ခါးခါး ... ကြည့်စမ်း၊ ငါ့သူငယ်ချင်း ဒီနေ့ ပိုလှနေသလိုပဲ"

"နင်ကလည်း ... ဟိုတစ်လကတွေ့တဲ့အတိုင်းပဲ၊ ဝလည်း မဝ၊ ပိန်လည်းမပိန်ဘူးနော်"

"ငါတို့မျိုးရိုးကိုက ဒီလိုပဲ ဘာမှလုပ်စရာမလိုဘဲနဲ့ မပိန်မဝ အနေတော်တွေ ဖြစ်နေတာ"

"နင် ကံကောင်းတာပေါ့၊ စံပယ်ဖြူလာရင် ကြားရပါလိမ့်မယ်၊ ဘယ်နှပေါင်တက်လာလို့ ဘယ်လောက် ပြန်ကစားလိုက်ရတယ်တို့။ ထမင်းဘယ်နှနပ် လျှော့နေရတယ်တို့"





"ခါးခါး ... ရော့၊ နင့်အတွက်"

"ဟယ် ... အဲဒါ ဘာလေးလဲ"

သနပ်ခါးသည် ဖဲပြားနီနီ၊ ပန်းစက္ကူနီနီတို့ဖြင့် ထုပ်ပိုးထားသော ဘူးပြားလေးကို စိတ်ဝင်တစား ရင်ခုန်စွာ အော်မေးရင်း တခုန်ခုန် ဖြစ်နေသည်။ လူကသာ အသက်မငယ်တော့ပေမယ့် သူငယ်ချင်း လေးယောက် ဆုံရင်တော့ အားလုံးဟာ ငယ်ရွယ်နုပျိုမှု တစ်ဖန်ပြန်ရသကဲ့သို့ လန်းဆန်းတက်ကြွနေကြပါသည်။

"Happy Brithday ခါးခါး"

"ဟီး ဟီး ... သုံးဆယ့်တစ်နှစ်တဲ့၊ သုံးဆယ်တောင် ကျော်သွားပြီ၊ အချိန်က မြန်လိုက်တာ"

သနပ်ခါးသည် သူမအသက် သူမဘာသာပြောရင်း အေးမြရဲ့လက်ဆောင်ကို ဖောက်လိုက်ပါသည်။ သနပ်ခါးတို့ အုပ်စုက ဒီလိုပဲ။ ကိုယ့်မွေးနေ့ပွဲမှာ သူငယ်ချင်းက လက်ဆောင်ပေးလာခဲ့ရင် သူများတကာတွေလို ...

"ဟယ် ... ဘာလို့ပေးရလဲ၊ အဲဒါတွေ မလိုပါဘူး ရပါတယ်"

ဘာဖြစ်တယ်၊ ညာဖြစ်တယ် ပြောပြီး ဟန်ဆောင်ပြတာမျိုး ဘယ်သူမှ မလုပ်ဘူး။ လုပ်ရင်လည်း ကျန်တဲ့သူတွေက ဝိုင်းဝေဖန်မှာပဲ။ အဲဒီလို ဟန်ဆောင်ဖို့ကိုလည်း စိတ်မပါကြဘူး။ သူငယ်ချင်းက လက်ဆောင်ပေးလာရင် ဝမ်းသာအားရ



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှား တက်ကြွစွာနဲ့ လက်ဆောင်ထုပ်ကို ချက်ချင်း ဖောက်ကြ၊ ကြည့်ကြ၊ ဝမ်းသာကြတတ်တဲ့ အုပ်စုမျိုးပဲ ဖြစ်ပါသည်။

"ဟယ် ... ဖန်စီကျောက်တစ်ဆင်စာ"

"အေး ... နင်က ဖန်စီကျောက်တွေ သိပ် crazy ဖြစ်မှန်း သိလို့ ရှာဝယ်ထားတာ"

"ကျောက်အရောင်လေးတွေကဟယ် ဆန်းလိုက်တာ၊ မြင်တောင် မမြင်ဖူးဘူး"

"အင်တာနက်မှာတွေ့တဲ့ ဒီဇိုင်းကို သဘောကျလို့ ငါ လှမ်းမှာလိုက်တာ။ စင်ကာပူက မှာရတာဟဲ့၊ နင့်မွေးနေ့ အမီရဖို့ ငါ့မှာ နှစ်လလောက် လုံးပန်းလိုက်ရတယ်"

"ကျေးဇူးပါပဲ အေးမြရယ်။ ငါ ကြိုက်လိုက်တာ၊ နားဆွဲ လေးကလည်း ချစ်စရာလေး၊ လည်ကပ်ဆွဲကြိုးရော၊ မာန်ချိန်းရော ဒီဇိုင်းလေးက ဆန်းလိုက်တာ"

"ဟော ... လာပါပြီ မီကျော်"

ထရိုက်ဒါး(စ်)ဟိုတယ်ရဲ့ ကော်ဖီဆိုင်ခန်းမထဲ ဝင်လာသော မီမီကျော်က ချော်လဲတော့မတတ် ခြေလှမ်းတွေနဲ့ အပြေးဝင်လာသည်။ သနပ်ခါးသည် မီကျော့်ကို ရင်ဖွင့်ကြိုသလို ပုံစံဖြင့် လက်နှစ်ဖက် အသင့်ကားကာ စောင့်နေမိသည်။ မီကျော်ကလည်း သနပ်ခါး၏ လက်နှစ်ဖက်ကို သူမလက်နှစ်ဖက်ဖြင့် အပြေး လာထိတွေ့ ဆုပ်ကိုင်လှုပ်ယမ်းရင်း ...





"ဟေး ... ငါ့သူငယ်ချင်းကြီး သုံးဆယ့်တစ်နှစ် ဖြစ်ပြီကွ၊ တကယ့်အပျိုကြီးစာရင်း ဝင်သွားပြီလို့ ငါ တစ်လမ်းလုံး တွေးပြီးလာတာ။ နင့်ကိုတွေ့တွေ့ချင်း စ,မလို့၊ ဟီး ဟီး"

ဟု ခုနရင်း စနောက်သလို၊ သနပ်ခါးကပါ တခုန်ခုန် ဖြစ်နေလျှင် ဘေးဝိုင်းတွေပင် သတိထား လှမ်းကြည့်ကြရသည်။ ဘယ်လိုမိန်းမတွေလဲ၊ အသက်မကြီးမငယ်တွေနဲ့ ကလေးကလားဆန်နေတယ်၊ နန့်တန့်တန့်တွေ၊ ရှုကလေးစိန်တွေ ထင်ပါရဲ့၊ ဆပ်စလူးမတွေဆိုသော အတွေးမျိုးနဲ့ကြည့်သော မျက်လုံးတွေကို သနပ်ခါးတို့တစ်တွေက ရိုးနေပြီ။ ဆန်းလည်းမဆန်းတော့။ ခံနိုင်ရည်ရှိနေပြီ။

ဘာကြောင့်လဲဆိုတော့ သူတို့အုပ်စုဟာ ခံစားချက်ကို မလျှို့ဝှက်တတ်၊ ဟန်မဆောင်တတ်ကြဘဲ ပျော်စရာရှိပျော်၊ ရယ်စရာရှိရယ်၊ အော်ပြီးရယ်ရမဲ့ ဟာသမျိုးတွေ့ရင်လည်း အော်ရယ်ချင်ရယ်၊ စိတ်ဆိုးဒေါသဖြစ်စရာရှိလည်း သူငယ်ချင်းချင်း အော်ကြဟစ်ကြ ရန်ဖြစ်လိုက်ကြ၊ ငယ်ကျိုးငယ်နာတောင်ဖော်ပြီး ပြောလိုက်ကြ၊ ငိုချင်စရာရှိလည်း တဟီးဟီး အသံထွက်ငိုဖို့လည်း ဝန်မလေး စသဖြင့် ပွင့်ပွင့်လင်းလင်း နေတတ်ကြသူတွေဖြစ်၍ပင်။ ဒီလိုဖြစ်တုန်း၊ ခံစားရတုန်းသာ အကြီးအကျယ်တွေ ခံစားပြီး အမှုအရာပြကြပေမဲ့ သွားအေးသွားရင်တော့လည်း အရင်က ဘာမှမဖြစ်ခဲ့သလို နေနိုင်ကြသူတွေ၊ မေ့ပျောက်နိုင်ကြသူတွေ၊ စိတ်ထဲမှာ ရှိတာကို အော်လိုက် ဟစ်လိုက် ငိုလိုက်ရင်ပဲ ကုန်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားကြရပြီး အရင်ကဖြစ်ခဲ့တာကို အမှတ်မထား၊ အတေးမထား၊ အငြိုးမထားတတ်ကြသူတွေလည်း ဖြစ်ပါသည်။

ဒါကြောင့် မိကျော့်ယောက်ျား ကိုရဲသူက ဝေဖန်တာ။

"နင်တို့အုပ်စုကလေ တကယ့်ကို သွေးပူ သွေးဆူလွယ်တဲ့အုပ်စု။ အားလုံး ရုပ်တစ်မျိုးစီ ပုံစံတစ်မျိုးစီသာ ဖြစ်ပေမဲ့ စိတ်သဘောချင်း၊ အမူအရာချင်း၊ ခံစားချက်ချင်းကျတော့ တစ်ယောက်နဲ့တစ်ယောက် copy လုပ်ထားသလား ထင်ရတယ် တစ်ပုံတည်း တစ်မျိုးတည်း အတူတူပဲ၊ အံ့ပါရဲ့။ ဒါမျိုး တကယ့်ကိုရှားတဲ့ တူညီမှုပဲ"

နှစ်ယောက်သား ခုန်လို့ဝတော့မှ မိကျော့်က သနပ်ခါး၏ပါးတစ်ဖက် ရွှတ်ခနဲနမ်းရင်း ...

"အသက်သုံးဆယ့်တစ်နှစ်ရှိနေပြီ၊ ဘယ်ယောက်ျားကမှ မနမ်းဖူးသေးတဲ့ပါးကို ငါပဲနမ်းပြီး မွေးနေ့လက်ဆောင်ပေးမယ်"

"ဟယ် ... မိကျော့်၊ တိုးတိုးပြောပါဟဲ့"

"ဘာလဲ ... ရှက်လို့လား"

"ရှက်လို့ မဟုတ်ဘူး၊ ငါ မစွံတာ လူကြားမှာစိုးလို့"

"ဟမ်း ... သရဲမ၊ အရှက်ကို မရှိဘူး"

အေးမြ ဝင်ဖြည့်ပြောသည်မှာ ...

"အချစ်ဝတ္ထု ဘက်(စ်)ဆဲလား စာရေးဆရာမပဲ၊ ဒီလောက်တော့ ရှိမှာပေါ့"



ဟူ၍ ဖြစ်သည်။

"ဟဲ့ ... ငါ့ဝတ္ထုတွေက အချစ်ကို သန့်သန့်လေးတွေ ရေးတာ။ ဘာမှ အဆိပ်အတောက် မပါဘူး။ ချစ်သူနှစ်ဦး ချစ်ကြတာကို လှလှလေး ခံစားပြီး ရေးပြတာ၊ အရမ်းကို romantic ဖြစ်တာနော်"

သနပ်ခါးက ချေပပြောလိုက်လျှင် ...

"ဟား ဟား ... အချစ်ဝတ္ထုစာရေးဆရာမကလည်း ခုထိ ချစ်သူမရသေးဘူးတဲ့။ လူကြားရင် ရယ်စရာကြီးဖြစ်နေမယ် ခါးခါးရယ်။ ဘယ်လိုလုပ် အချစ်ကိုခံစားပြီး ရေးပြနေလဲလို့ သူများတွေမေးကုန်မှာပေါ့"

ဟု မိကျော့်နဲ့အေးမြ ပြိုင်တူနီးပါး ပြောကြလေသည်။ တမင်သက်သက် သနပ်ခါး မခံချင်အောင် စ,နေတာသာ ဖြစ်ပြီး တက္ကသိုလ်ကျောင်းသူဘဝကတည်းက ဘက်(စ်)ဆဲလား စာရေးဆရာမ ဖြစ်ခဲ့သော သနပ်ခါးဟာ ချစ်သူမရှိဘဲ အချစ်ဝတ္ထုကို ရေးနိုင်ခဲ့သူအဖြစ် သူတို့ သိထားခဲ့သည်မှာ ကြာပါပြီ။ ဆယ်စုနှစ်တစ်ခုပင် ရှိနေပြီတည်း။

"အနုပညာသမားဆိုတာ ဒီလိုပဲဟဲ့၊ သရုပ်ဆောင် မင်းသားမင်းသမီးတွေလည်း ကြည့်ပါလား။ တချို့ဆို အိမ်ထောင်မရှိ သားသမီးမရှိပေမဲ့ အိမ်ထောင်သည် အဖေဘဝ အမေဘဝ သရုပ်ဆောင်ရင်လည်း ပြောင်မြောက်ပြီး မိပြင်အသက်ဝင်နေတာပဲလေ။ အနုပညာဆိုတာ မွေးရာပါ ခံစားချက်

www.burmeseclassic.com



တစ်ခုပဲ၊ သူ့ဘာသာ ပါလာပြီးသား။ ငါလည်း အချစ်ကို စိတ်မဝင်စားတာ မဟုတ်ပါဘူး၊ စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားလို့ပဲ အချစ်ဝတ္ထုပဲ ရေးတာပေါ့။ ဒါပေမဲ့ ခက်နေတာက သူစိမ်းယောကျ်ားတစ်ယောက်ကို ဆန်းပြားတဲ့ အချစ်နဲ့ ဘယ်လိုမှ ချစ်ကြည့်လို့ကို မရခဲ့လို့ ရည်းစားမထားခဲ့တာပါ။ တကယ်ချစ်လည်း မချစ်ဘဲနဲ့ ရည်းစားထားဖူးတယ်ရှိအောင် ထားတာမျိုး မလုပ်ချင်ဘူးလေ။ ဒါပေမဲ့ ငါ့မှာ အခုတော့ အချစ်နဲ့ပတ်သက်ရင် ပြောစရာ ရှိနေတယ် ... ဟီ ဟီ"

သနပ်ခါး၏ အဆုံးသတ်စကားကြောင့် ကျန်တဲ့နှစ်ယောက် စိတ်လှုပ်ရှား အံ့သြစွာနဲ့ "ဟယ်"ခနဲ အသံကျယ်ကြီး အော်ချလိုက်ပြန်လေသည်။

ဘေးဝိုင်းတွေဆီက ပိုမိုစူးစမ်းသော မျက်လုံးတွေကို သူမတို့ လုံးဝသတိမမူကြပါ။

"ဟယ် ... ဟယ် ... ပြော ... ပြော ... ခုပြော ... ပြောစမ်းပါ မိခါးရယ်၊ ပြောပါ၊ ဘယ်သူလဲ ဘယ်သူ့ကို ချစ်သွားတာလဲ"

မိကျော်မှာ သနပ်ခါးထက်ပင် စိတ်လှုပ်ရှားပြီး သနပ်ခါးလက်ကို ဆုပ်ကိုင်လှုပ်ယမ်းပြီး မေးတော့သည်။ အေးမြကတော့ သနပ်ခါးကို ခြေဆုံးခေါင်းဆုံး တစ်ချက် ထပ်ကြည့်ရင်း ...



"ဒါကြောင့်ထင်တယ်၊ နင် အရင်ကထက် ပိုလှနေတယ်လို့ ငါ ဝင်ဝင်လာချင်းတုန်းက ထင်တာ။ အမှန်တော့ ပိုအလှပြင်ထားလို့ မဟုတ်ဘူး။ လူတွေဟာ အထူးသဖြင့် မိန်းကလေးတွေဟာ အချစ်နဲ့တွေ့ရင် ပိုလှတတ်ကြတယ်တဲ့။ ငါ ကြားဖူးတဲ့စကား နင်နဲ့ကျမှ မှန်နေပြီ။ ခါးခါးလည်း အချစ်ကြောင့် ပိုလှလာပြီ"

"ပြောပါဟယ် ... ပြောပြပါဟယ်၊ ဘယ်သူလဲ"

"ခဏနေပါဦး မိကျော်ရယ်၊ စံပယ်ဖြူကို စောင့်ဦးမယ်။ စံပယ်ဖြူလာမှ တစ်ခါတည်း ပြောပြမယ်"

ထိုအချိန်တွင် လှပကြွားဝင့်၊ လင်းလက်တောက်ပသော အလှဖြင့် ဘုရင်မတစ်ပါးလို မာန်တွေအပြည့်နဲ့ လျှောက်လှမ်းဝင်လာခဲ့သော စံပယ်ဖြူ ရောက်လာခဲ့ပါပြီ။ ကော်ဖီဆိုင်ခန်းမတစ်ခုလုံးဟာ လက်ပံပင်ဆက်ရက်ကျသလို ဆူညံကျက်စီလှသော မိန်းကလေး လေးယောက်တို့ရဲ့ စကားပြောသံ၊ ရယ်သံ၊ အော်သံ၊ ဟစ်သံတွေကြောင့် ဝေးသွားငြိမ့်ငြိမ့်နဲ့ ဇိမ်ကျနေရာမှ လန့်နိုးသွားသလို ဖြစ်သွားခဲ့တော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ငါ လက်ထပ်ရတော့မယ်"

ဆိုသော ပြောပြသံအဆုံးမှာ တကယ်ကြွစိတ်လှုပ်ရှားစွာ တဟာယ်ဟာယ် တဟောင်ဟောင် ထပ်ပြီးဖြစ်သွားကြသူတွေထဲမှာ စံပယ်ဖြူ မပါ။ စံပယ်ဖြူ မျက်နှာက အေးအေးဆေးဆေးအသွင်နဲ့ "ဩော် ... ဟုတ်လား" လောက်သာ အသံထွက်လာလျှင် သနပ်ခါး စိတ်ထဲမှာ ထင့်ခနဲ့လိုလိုတောင် ဖြစ်သွားပါသည်။

"ဟယ် ... စံပယ်ဖြူကလည်းဟယ်၊ ဘာဖြစ်နေတာလဲ။ ငါက မီကျော်တို့ အေးမြတို့လို နှင်လည်း စိတ်လှုပ်ရှားသွားမယ် ထင်တာ"

"စိတ်လှုပ်ရှားရမှာလား၊ မသိဘူးလေ။ ငါက ဘယ်သတင်းပဲလာလာ ရုပ်ရည်နုပျိုအောင် မျက်နှာကိုထိုးရတဲ့ Botox (ဘိုးတောက်(စ))ဆေးလောက် စိတ်လှုပ်ရှားစရာ မကောင်းဘူးလို့ ထင်ထားတာ"



"နှင်ကတော့ လုပ်ပြီ"

သနပ်ခါး စိတ်ကောက်ချင်သလိုလို ဖြစ်သွားပေမဲ့ ကိုယ်ကလည်း ကိုယ့်ရင်ခုန်သံနဲ့ကိုယ်မို့ စံပယ်ဖြူကို စိတ်ကောက်လိုက်ဖို့ သိပ်စိတ်မပါလှဘဲ အခုမှ လူစုံတာမို့ မုန့်တွေ ကော်ဖီတွေမှာဖို့ မီနူးကို ကောက်ကိုင်လိုက်ပါသည်။ စက္ကန့်သုံးဆယ်လောက်ကြာမှ စံပယ်ဖြူတစ်ယောက် အိပ်ရာမှ လန့်နိုးလာသလို အသံနဲ့ ...

"ဟယ် ... ဟယ် ... ခါးခါးရယ် ဆောရီးပါ ... ဆောရီးပါ၊ ငါ တကယ်စိတ်လှုပ်ရှားရင်လေ အဲဒီလိုပဲ ဆော်က ရုတ်တရက် ပေါက်ကွဲလို့ မရတတ်တာ နှင် သိသားပဲ။ ငါ အခုလည်း နှင့်အကြောင်း ကြားရတာ စိတ်အရမ်းလှုပ်ရှားသွားတယ်။ ဝင်ထိုင်ထိုင်ချင်း နှင်က အဲဒီလိုသတင်းကို ပေးလိုက်တော့ ငါ ရုတ်တရက် Shock (ရှော့(ခ)) ရသွားသလိုဖြစ်ပြီး ပြောချင်ရာ ပြောမိသလို ဖြစ်သွားတာပါ။ ငါ နှင့်အကြောင်း ကြားရတာ Botox ဆေး ဆယ်ခါလောက် ထိုးရမှာထက် ပိုပြီးစိတ်လှုပ်ရှားပါတယ်ဟယ်"

ဟူ၍ တရစပ်ပြောလိုက်လျှင် စံပယ်ဖြူရဲ့အဲဒီအကျင့်ကို သိနှင့်ထားပြီးသား သုံးယောက်တို့ဆီက ဆဲသံဆိုသံတွေ ညံသွားပါသည်။ သရဲမ၊ တစ္ဆေမ၊ ရေခဲတုံးမ၊ ကပျက်ကချော်မ ဆိုသော ဆဲသံဆိုသံကပင် စံပယ်ဖြူကို ခွင့်လွှတ်သံတွေ ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ... ပြောပါဦးဟာယ်၊ ငါ အခုမှ အရမ်းသိချင်လာပြီ။ ဘယ်သူနဲ့လဲ၊ ဘယ်ကလဲ၊ ဘယ်တုန်းက ရည်းစားဖြစ်လို့ အခု ယူမယ်တွေ ဘာတွေ ဖြစ်တာလဲ"

"လုပ်ပြီ၊ မထုံတက်တေးတုန်းကလည်း သူပဲ၊ ပျာတာတာဖြစ်တော့လည်း သူပဲ၊ အခုမမေးနဲ့၊ မဖြေသေးဘူး။ စားချင်တာ မှာကြဦး"

ဆိုတော့လည်း အေးမြက ...

"cappcuchino (ကက်(ပ)ချီးနိုး)တစ်ခွက်နဲ့ mud (မာထ်)ကိတ်တစ်တုံး"

မီကျော်ကတော့ ...

"ခါးတာတွေ မကြိုက်ဘူးဟေ့၊ ဟဲ ဟဲ ဆောရီး သနပ်ခါးဆိုတဲ့ သူငယ်ချင်းကိုတော့ ကြိုက်ပါတယ်ရှင်။ ခါးတဲ့ကော်ဖီဆို မကြိုက်ဘူး နို့များများနဲ့ဖျော်တဲ့ cafe latte (ကဖေးလာတေး)ပဲ သောက်မယ်။ မုန့်ကတော့ apple pie (အက်ပယ်လ်ပိုင်)မုန့်စားမယ်"

စံပယ်ဖြူကတော့ ထုံးစံအတိုင်း အလှအပသမားမို့ ...

"ကိုယ်တို့ကတော့ 24/7 (တွန်တီဖိုးဆဲဗင်း) (နှစ်ဆယ့်လေးနာရီလုံးလုံး ခုနစ်ရက်လုံးလုံး) diet (ဒိုင်းယက်ထ်)လုပ်နေတာဆိုတော့ ... fat (ဖက်ထ်)မပါတဲ့နို့နဲ့ ဖျော်တဲ့ သကြားလည်းမထည့်တဲ့ ကော်ဖီတစ်ခွက်ရယ်၊ salad (ဆဲလဒ်)တစ်ပွဲရယ်ဆို ရပြီ"





ဝိတ်တစ်ဝက် သေသေချာချာ ရေးမှတ်ပါသည်။

"နင်တို့ကို နေ့လယ်စာ ကျွေးချင်တာဟယ်၊ ဘယ်သူမှ ချိန်းမရတာနဲ့ ကော်ဖီမုန့်နဲ့ပဲ ကျေနပ်လိုက်ရတယ်"

"အံမယ် ... မပူနဲ့၊ နင့်ရဲ့တစ်ယောက်သောသူနဲ့ ငါတို့ကို မိတ်ဆက်ပေးရဦးမှာလေ။ အဲဒီကျမှ သူ့ရှေ့မှာ အဝစားပြမယ် လန့်သွားအောင်"

အေးမြက နောက်ပြောင်ပြီး စ,လေသည်။

"ဟုတ်ပ၊ သနပ်ခါးမှာ အင်မတန် စကားများ ဆူညံပြီး အစားသောင်းကျန်းတဲ့ သူငယ်ချင်းတွေ ရှိနေပါလားဆိုပြီး လန့်သွားစေရမယ်"

မီကျော်ကပါ ဖြည့်စွက်ပြောသလို ...

"ငါကလည်း သူ့ရှေ့မှာ အလှအပပစ္စည်း ဈေးကြီးတာတွေ အကောင်းဆုံးဘရန်တွေအကြောင်း ကောင်းကောင်းပြောပြပေးရမယ်၊ CK တို့၊ Giorgio Armani (ဂျော်ဂျီယိုအာမာနီ) တို့ Chanel (ရှယ်နဲယ်)တို့ Estee lauder (အက်စတီးလော်ဒါ)တို့လို တကယ့် ထိပ်သီးအကောင်းစား ဘရန်တွေ အကြောင်းလက်ကိုင်အိတ်၊ ဖိနပ်ဆိုလည်း Gucci (ဂူချီ)မှ Versace (ဗာဆာ့ချီ)မှလို့ တာမင် ပြောပြရမယ် အကျီအဝတ်အစားဆိုလည်း ဒီမှာဝယ်ဝတ်ရင် သူများနဲ့တူတဲ့ ဘရန်တွေပဲ ဝတ်ရမှာစိုးလို့ ဗန်ကောက် စင်ကာပူမှာ ခဏခဏ သွားဝယ်တဲ့အကြောင်းတွေ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ခြောက်ရမယ်၊ ဒါမှ သူယူမဲ့မိန်းမရဲ့ ကျင်လည်ရာ အသိုင်းအဝိုင်းကိုကြည့်ပြီး ပိုက်ဆံများများ ရှာပေးအောင် ဟိ ဟိ"

ဟူ၍ စံပယ်ဖြူကလည်း သူသန့်ရာဘက် ဆွဲပြောပြီး သနပ်ခါးရဲ့ တစ်စုံတစ်ယောက်ကို စိတ်ဒုက္ခပေးဖို့အကြောင်းကိုပြောနေကြပါသည်။

အခုချိန်ထိ သနပ်ခါး ပြောပြမဲ့ သူမရဲ့တစ်စုံတစ်ယောက်ဟာ ဘယ်သူလဲ ဘယ်ဝါလဲ ဆိုတာပင် မသိသေးဘဲနဲ့ ကြိုပြီး မကောင်းကြံချင်ကြတာလေ။

သနပ်ခါးသည် ရင်ထဲမှာ ကိုယ်ကိုယ်တိုင်လည်း ပျော်နေ၊ ရှင်လန်းနေတဲ့ အခံနဲ့မို့ ဒီတစ်ခါ ဆင်နွှဲရတဲ့ မွေးနေ့ရက်ကို အပျော်ဆုံးပါပဲလို့ပင် တင်စားချင်နေသည်။

"ဒါ ဘယ်သူ့ရေမွှေးလေးလဲ၊ အံမယ် ... Hilary Duff ရဲ့ With love ဆိုတဲ့ ရေမွှေးလေးပါလား၊ ပုလင်းက အသည်း ပုံလေးနဲ့ဟဲ့"

စံပယ်ဖြူက စားပွဲပေါ် တင်ထားသော ရေမွှေးပုလင်း ခရမ်းရောင်ဖျော့လေးကို ယူကြည့်ရင်း မေးပါသည်။

"အဲဒါ မီကျော် လက်ဆောင်"

"အံမယ် ... မီကျော် ဘယ်ကရှာလာလဲ"

"ကိုရဲသူ အစ်ကိုဝမ်းကွဲတစ်ယောက် သင်္ဘောအဆင်းပြန်လာမယ် ဖုန်းဆက်တာနဲ့ ကြိုလို့ ခါးခါး မွေးနေ့လက်





ဆောင်ပေးရအောင် လှမ်းမှာလိုက်တာ။ Internet ထဲမှာတွေ့လို့လေ၊ ဒီမှာ ရောင်းမှမရောင်းတာ။ ဗန်ကောက်မှာတို့ ဘာတို့ တခြားအရှေ့နိုင်ငံတွေမှာတော့ ရှိတယ်ဆိုတော့ ကြုံတဲ့နိုင်ငံက ဝယ်ခဲ့ပါလို့ မှာထားတာ၊ ခါးခါးက ရေမွှေးသိပ်ကြိုက်တာလေ၊ သူက သုံးသုံး၊ မသုံးသုံး အမျိုးစုံ ဝယ်စုတာ သိနေလို့"

"အေးဟယ် ... ပုလင်းလေးက ချစ်စရာလေးနော်၊ အခုနှင့် ဝယ်ပေးတဲ့ ရေမွှေးလေးက With love ဆိုတော့ ခါးခါးနဲ့ အံကိုက် ဖြစ်သွားပြီ၊ ခါးခါးလည်း အချစ်ရှိနေပြီ"

စံပယ်ဖြူက လက်ကိုင်အိတ်ကြီးထဲကို နှိုက်လိုက်ပြီးလျှင် ကြွေရောင်စက္ကူအလှလေးဖြင့်ထုပ်ကာ အပေါ်က ဖဲပြားပန်းရောင်လေး ဖြန့်ချည်ထားသော ပို့စကတ်ပြားလိုလိုလေးတစ်ခုကို ထုတ်ယူလိုက်ပါသည်။

"ရော့ ... ဒါက ငါ့လက်ဆောင်"

"ဟယ် ... ဘာလဲ"

သနပ်ခါး စိတ်ဝင်စားစွာ ပုံစံမပျက်လေး ဖောက်ဖွင့်ကြည့်လိုက်လျှင် ...

"ဟယ် ... ဒီဇိုင်နာတွေပေါင်းလုပ်တဲ့ ဖက်ရှင်ရှိုးလက်မှတ်။ ဟယ် ... လေးစောင်တောင်ဟယ်၊ ငါတို့လေးယောက် သွားကြည့်ရမှာနော်"


www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးတစ်ယောက် ဝမ်းသာပြီး တဟားဟား ဟယ် နဲ့ ဖြစ်နေသည်။ နာမည်ကြီး ဒီဇိုင်နာတွေ ပေါင်းလုပ်တဲ့ ဖက်ရှင်ရှိုးမို့ အခကြေးငွေယူပြီး ကျင်းပတဲ့ပွဲလည်း ဖြစ်လေရာ လက်မှတ်ခက ဈေးခေါင်ခိုက်နေသည်။

"ငါတို့လေးယောက်က အကြိုက်ချင်းလည် တူကြတယ်လေ၊ ဖက်ရှင်ရှိုးလုပ်မယ် ‿ တင်းရတော့ မောင်မောင့်ကို ချက်ချင်းပြေးဝယ်ခိုင်းတာ၊ VIP လက်မှတ်မျိုးရအောင် ကြိုးစားခိုင်းရတယ်။ ဒါမှ ရှေ့ဆုံးမှာ celebrities တွေနဲ့ ထိုင်ရမှာလေ"

"ကျေးဇူးတင်လိုက်တာဟယ်၊ ငါ ဒီနေ့ အရမ်းလည်းပျော်တယ်"

"အံမယ် ... အံမယ် ... ပျော်တာ ဘာအကြောင်းကြောင့် ပျော်တယ်ဆိုတာ ရှိသေးတယ်၊ ရောမချနဲ့လေ၊ ကဲ ... ကဲ စားစရာတွေ သောက်စရာတွေလည်း ရောက်လာပြီ၊ ပြောပါဦး လက်ထပ်တော့မယ်တွေ ဘာတွေ အစပျိုးပြီး မေ့မထားနဲ့လေ"

သူငယ်ချင်းတွေ ဝိုင်းမေးတော့မှ သနပ်ခါး တစ်ယောက် ရှက်စနိုးရုပ်လေးနဲ့ ပြုံးသွားပါသည်။ ကျန်တဲ့သုံးယောက်တို့ဟာ အရင်တုန်းက ပုံစံမျိုးနဲ့ အခုပုံစံမျိုးနဲ့ ဘာကွာခြားနေသလဲလို့ တမင်ပဲ ပြုံးပြီအကဲခတ်ပြနေကြလေသည်။





"ငါတို့ စတွေ့တာကတော့ ငါရေးနေတဲ့ ဝတ္ထုတွေထဲကလို ဆန်းဆန်းပြားပြား သိပ်မရှိပါဘူး၊ သိမ်ပြီးရိုးတဲ့ ဇာတ်လမ်းပါပဲ"

"တစ်ခါတလေကျတော့ ခပ်ရိုးရိုးလေးတွေကပဲ အဆန်းပြားဆုံး ဖြစ်နေတတ်တယ်လေ"

"ဘယ်လိုတွေ့ကြတာလဲ၊ အဲဒီရိုးရိုးလေးကိုပဲ ငါတို့က ကြားချင်နေတာ၊ ပြောပါ သနပ်ခါးတုံးမရယ်"

"ဝတ္ထုရေးသလို နိဒါန်းတွေ နိဂုံးတွေ ခေါင်းစဉ်တပ်မနေပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com

## ၃

မေမေက သနပ်ခါးကို တစ်ရက်မှာ စပြောလာပါသည်။ အဲဒီနေ့က သနပ်ခါး ဝတ္ထုတစ်အုပ် အဆုံးသတ်ရေးပြီးပြီမို့ ထုတ်ဝေသူထံမှာ ဝတ္ထုအပ်ပြီးလျှင် သနပ်ခါး လုပ်နေကျအတိုင်း စိတ်အပျင်းပြေအနေနဲ့ ရှောပင်းလုပ်ဖို့ ပြင်ဆင်နေတုန်း မေမေ ပြောလာတာ။

"သမီးလေးလည်း နောက်လဆိုရင်ပဲ သုံးဆယ့်တစ်နှစ်ဖြစ်တော့မယ်၊ အသက်သုံးဆယ်ကျော်လာပြီဆိုတော့ တကယ့်အပျိုကြီးစာရင်းဝင်သွားပြီနော်"

"ဟီး ဟီး ... သမီးကတော့ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးလာပြီလို့ကို ခေါင်းထဲမထည့်သေးပါဘူး၊ ပျော်ပျော်ပဲနေတယ်၊ စိတ်ပျိုကိုယ်နုဆိုတဲ့ စကားအတိုင်းပဲနေမယ်"

သနပ်ခါးမှာ အစ်ကိုတစ်ယောက်သာ ရှိပါသည်။ အစ်ကိုက ဆရာဝန်၊ အစ်ကို့မိန်းမကလည်း ဆရာဝန်၊ ဆရာဝန်





လင်မယား ဘွဲ့လွန်တွေတက်ရင်း ဆေးခန်းနဲ့ ကျောင်းစာနဲ့ နပမ်းလုံးနေရတာမို့ မိဘအိမ်တောင် အဝင်အထွက် နည်းနေတတ်ပါသည်။

သနပ်ခါးကတော့ ဝါသနာပါလွန်းလို့ ဝတ္ထုတွေစရေးကြည့်ရင်းကနေ အဆက်အသွယ်ရပြီး လုံးချင်းဝတ္ထုလောကထဲမှာ ခြေချနိုင်ခဲ့လေရာ ကိုယ်ပိုင်ဝင်ငွေနဲ့ သုံးနိုင် ဖြုန်းနိုင်နေခဲ့သဖြင့် တခြားလူတစ်ယောက်နဲ့ ဘဝသစ်တစ်ခုကို ထူထောင်ဖို့မေ့ပဲမေ့နေသလားတော့ မသိပါ။ ဒါမှမဟုတ် ဝတ္ထုတွေထဲမှာ ထည့်ရေးသလို နှလုံးသားမှာ တကယ်နေရာပေးချစ်နိုင်သူကို ရှာမတွေ့နိုင်သေးသလား မသိ။

သနပ်ခါးရဲ့မိဘတွေမှာ မျိုးရိုးစဉ်ဆက်အလိုက် သနပ်ခါးခြံတွေ ပိုင်ဆိုင်လာခဲ့ကြသူများဖြစ်ပြီး အခုလက်ရှိမှာလည်း သနပ်ခါးဘူး၊ သနပ်ခါးရည်၊ သနပ်ခါးခဲ၊ သနပ်ခါးရေမွှေး စသဖြင့်တွေ ထုတ်လုပ်သော လုပ်ငန်းကြီးဖြင့် ချမ်းသာကြွယ်ဝနေကြသူများ ဖြစ်ပါသည်။ ဒါပေမဲ့ သနပ်ခါး တစ်ယောက်ကတော့ မိဘစီးပွားရေးကို စိတ်မဝင်စား၊ မိဘအမွေအနှစ် မိဘကအမြတ်တနိုး တန်ဖိုးထားလို့ "သနပ်ခါး"လို့တောင် နာမည်ပေးထားခဲ့တာကိုမှ အားမနာ။ ဒီလုပ်ငန်းအကြောင်း နကန်းတစ်လုံးတောင် မသိ။ စိတ်လည်းမဝင်စား၊ စက်ရုံတောင် လိုက်မကြည့်ဖူးပါဘဲ စာရေးသားခြင်း အလုပ်ကိုသာ တစိုက်မတ်မတ်နဲ့ စိတ်နှစ်ထားသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတလောက ရှင်ပြုရဟန်းခံ အလှူတစ်ခုမှာကွယ်၊ သိမ်ဆင်းသွားလောင်းတုန်းက ဆုံခဲ့တဲ့ အန်တီတစ်ယောက် မှတ်မိလား ဒေါ်ခင်ခင်မျိုး ဆိုတာလေ"

သနပ်ခါး မှတ်မိနေသဖြင့် ...

"မှတ်မိပါတယ်၊ မေမေနဲ့ အကြာကြီး စကားတွေပြောနေလို့ သမီး ပျင်းလာလို့လေ"

"သူနဲ့ မေမေနဲ့ ဟိုက်စကူးမှာတုန်းက တွဲခဲ့ဖူးတာပေါ့"

"တက္ကသိုလ်တက်တော့ရော"

"တက္ကသိုလ်ရောက်မှ မတွေ့တော့တာ၊ ဘာကြောင့်မှန်း မသိဘူး။ ခုမှ သိတော့တယ်၊ သူ့အဖေက စစ်သံမှူးတစ်ယောက်ဆိုတော့ နိုင်ငံခြားမှာ တာဝန်ကျသွားလို့ အားလုံးလိုက်ပြောင်းနေကြတာတဲ့။ ဟိုက်စကူးမှာတုန်းက ကလေးသာသာဆိုတော့ သူနဲ့ နှစ်နှစ်လောက်ပဲ တွဲခဲ့ဖူးတယ်ဆိုတော့ ကိုယ့်အကြောင်း သူ့အကြောင်း သိပ်မမေးမိကြဘူး မသိခဲ့ဘူးပေါ့၊ သူငယ်ချင်းချင်း ခင်ဖူးတာပဲ ရှိတာကိုး"

သနပ်ခါးက သူမ မျက်နှာကို အပြီးသတ် ခြယ်သရင်း မေမေ ပြောပြသမျှ နားထောင်နေသည်။ အိမ်မှာ စကားပြောဖော်ဆိုလို့ ဒီသားအမိ သားအဖ သုံးယောက်ရယ်၊ မီးဖိုချောင်တာဝန်ယူရသော အဒေါ်ကြီး ဒေါ်စိန်စိန်ရယ်။ ဝေယျာဝစ္စလုပ်ကြရသော ကောင်မလေး ပုရုးရယ်၊ ချမ်းဘုံရယ် နှစ်ယောက်ရှိလေရာ သနပ်ခါးကတော့ ဘယ်သူပဲ စကားလာပြောပြော စိတ်





ဝင်တစား နားထောင်ပါသည်။ စာရေးသူမီပီ တခြားလူတစ်ဦးတစ်ယောက် ပြောသမျှ စကားလုံးတိုင်းဟာ အခန့်သင့်လျှင် စာထဲထည့်ရေးစရာလို့ပင် ထင်နေတတ်ပါသည်။

"ဟဲ့ ... မျက်တောင်ကော့ပြီးသားကို ဘာလို့ မျက်တောင်တုကြီး ထပ်တပ်ရတာလဲ။ ရှုးမိကုန်မှ"

"အခုခေတ်စားနေတာ မေမေရဲ့။ တခြားကောင်မလေးတွေ တပ်ထားတာတွေလို့ လုပ်ကြည့်ချင်တာနဲ့ သမီးဝယ်လာတာကြာပြီ။ ဒီနေ့မှ သေသေချာချာ တပ်ကြည့်ရတာ"

"အလှကလည်း ပြင်ပါ့၊ ဒါနဲ့များ ရည်းစားလည်း မရဘူး"

"ဟင်း ... မေမေကလည်း အလှပြင်တာနဲ့ပဲ ရည်းစားရတော့မှာလား။ အလှက ကိုယ့်ဘာသာ ဝါသနာပါလို့ပြင်တာပဲ၊ ယောကျ်ားတွေ လာကြိုက်အောင် ပြင်တာမှမဟုတ်တာ"

"အေး ... ဒါပေမဲ့ ခင်ခင်မျိုးကတော့ သဘောကျသွားလေရဲ့"

"ဘာကိုပြောတာလဲ မေမေ"

"သမီးကိုမြင်ပြီး ချောလိုက်တာ၊ ချစ်စရာကောင်းလိုက်တာ။ သမီးလေးက တော်လိုက်တာနဲ့ သူ တဖွဖွချီးကျူးနေတာ၊ လက်စသတ်တော့ သူက သူ့သားတစ်ယောက် ကျန်တာနဲ့ ပေးစားချင်တာကိုး၊ ဟား ဟား ... ခုမှ သိတော့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးအတွက် အဲဒီယောက် ကြားရတာ မတုန်လှုပ်စေပါ။ ဘာကြောင့်လဲဆိုတော့ မိဘက ပိုက်ဆံရှိလူချမ်းသာစာရင်းဝင်၊ သနပ်ခါး ကိုယ်တိုင်ကလည်း အောင်မြင်တဲ့စာရေးဆရာမလေးဆိုသော ဂုဏ်ပုဒ်တွေကြောင့် အရွယ်ကလေးရှိစုန်းမှာ အနုလိုပဲ စပ်ကြ၊ ဟပ်ကြသူတွေ မကြာခဏ ကြုံရ၍ပင်။

"မနေ့က ဖုန်းထဲကနေ ကမ်းလှမ်းတယ်၊ လူချင်းဆုံဖူးအောင် ဒီအပတ် သူတို့အိမ်မှာ ဘုရားကိုးဆူကပ် အနေကဇာတင် အလှူပွဲလည်းရှိတော့ ဆက်ဆက်ကြွခဲ့ပါလို့ ဖိတ်တယ် သမီး"

"မေမေသွားရင်သွား၊ သမီး မလိုက်ဘူးနော်"

"လိုက်ခဲ့ပါ သမီးရဲ့။ ဘာဖြစ်လဲ သမီး ကြိုက်ကြိုက်၊ မကြိုက်ကြိုက် မြင်ဖူးသွားတာပေါ့၊ သမီးပဲ ပြောတယ်လေ။ ဇာတ်လမ်းထဲ ကြုံရင်ကြုံသလို ထည့်ရေးရအောင် သူများအိမ် သူများမိသားစု၊ သူများပတ်ဝန်းကျင်ကို စပ်စုရမယ်ဆို"

"သူ့သားဆိုတာကြီးက ဟားမှာပေါ့။ ငါနဲ့ စပ်ထားမှန်းသိရက်နဲ့ ဒီကောင်မလေး လိုက်လာပြီး လူလုံးပြရဲတယ်၊ ငါ့ကို သိပ်လိုချင်တယ် ထင်မှာပေါ့"

"ခင်ခင်မျိုးက ပြောတော့ သူ့သားကို သူဘာမှ ပြောမထားဘဲနဲ့ သမီးနဲ့ ဒီအတိုင်း မိတ်ဆက်ပေးပေးမှာပါတဲ့။ သမီး ပြန်သွားမှ သူ့သားကို ဘယ်လိုသဘောရလဲဆိုပြီး အကြောင်းစုံ ရှင်းလင်းပြောပြမှာတဲ့"





"ဟုတ်ရော ဟုတ်ရဲ့လား မေမေရယ်။ မေမေတောင်မှ သမီးကို လာပြောပြတာပဲ"

"ဘာပဲဖြစ်ဖြစ် လိုက်ခဲ့ကြည့်ပေါ့ သမီးရယ်"

"ဘာဖြစ်လို့ လိုက်စေချင်တာလဲ မေမေ"

မေမေ ဒေါ်ဝတ်မှုံက သနပ်ခါး၏ ငယ်ထိပ်လေးကို ဖိကိုင်လိုက်ရင်း ...

"သမီးလည်း အသက်မငယ်တော့ဘူးလေ။ သမီးနဲ့တွဲတဲ့ဟိုသုံးယောက်ဆိုလည်း သူ့အိမ်ထောင်နဲ့သူ အခြေကျပြီး တည်ငြိမ်နေပြီ။ ငါ့သမီးတစ်ယောက်ပဲ ကြားချောင်ပြီး ကျန်နေတာ။ ပြီးတော့ မေမေ့သဘော ပြောရရင် အပျိုကြီးလည်း မဖြစ်စေချင်ဘူး။ အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားလို့ အပျိုကြီး ဖြစ်ရရင်လည်း အတင်းမတိုက်တွန်းပါဘူးလေ။ အခုတော့ သမီးကြည့်ရတာ အပျိုကြီးလုပ်ချင်တဲ့ပုံလည်း မပေါ်ဘဲ ဘယ်သူ့ရွေးရမှန်းမသိဖြစ်ပြီး ယောင်ချာချာနဲ့ ဟိုလိုလို ဒီလိုလိုနဲ့ အပျိုကြီးဖြစ်ရမဲ့ပုံစံ ပေါက်နေတော့ မေမေတို့ စိတ်မချနိုင်ဘူး"

ဒီလိုနဲ့ပဲ သနပ်ခါးဟာ မေမေတို့နဲ့အတူ ထိုအလှူကို လိုက်သွားလိုက်ဖို့ ဘာကြောင့်ရယ်မှသိ ဆုံးဖြတ်မိသွားပါသည်။ အရင်ကဆို မလိုက်ချင်ဘူး ငြင်းထားရင် ဘယ်လိုမှခေါ်မရ။ လုံးဝလည်း မလိုက်တတ်သော သနပ်ခါးဟာ သူနဲ့ဆုံဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာပဲပါသည် ပြောရမလားမသိ။ ဖေဖေ၊ မေမေတို့နဲ့အတူ ထို အလှူအိမ်သို့ လိုက်လာခဲ့မိပါသည်။

ခြံဝင်းကျယ်ကြီးရှိသော အိမ်ထဲမှာ ကားကြီး ကားငယ် အသွယ်သွယ်တို့ အစီအရီရပ်ထားရာ နေရာတစ်ခုတွင်၊ သနပ်ခါးတို့မိသားစု စီးလာသော grande Mark II ကားကြီးရပ်လိုက်တာကို မြင်နှင့်နေသော ဒေါ်ခင်ခင်မျိုးက အိမ်ဂေဟာအဝတွင် ကြိုစောင့်နေပါသည်။ ရုပ်ရည်၊ သန့်ပြန့်ပြီး ပကာသနမက်ပုံရသော ဒေါ်ခင်ခင်မျိုးရဲ့အသံမှာ ရွှင်နေသည်။

"ကြွကြွပါ ... ကြွပါ ဦးထင်ကျော်ပါ ပါတယ်နော်၊ ဝမ်းသာပါတယ်ရှင်။ လာ ... လာ ... သမီး၊ ဘုရားခန်းက အပေါ်ထပ်မှာ၊ ဘုရားအရင်ဖူးလိုက်ကြတာပေါ့။ ဝတ်မှုလည်း အပေါ်ထပ်တော့ ဖြည်းဖြည်းတက်နိုင်မယ် ထင်တယ်"

မေမေက ဒူးသိပ်မကောင်းကြောင်း ဒေါ်ခင်ခင်မျိုးသိထားပုံနှင့် လောကွတ်လုပ် မေးပါသည်။

"ရတယ် ... ရတယ်၊ ဒီလောက်တော့ ဖြည်းဖြည်းတက်နိုင်ပါတယ်၊ ဘုရားဖူးဖို့ပဲ"

"ရှေးဟောင်းဘုရားတွေ ပင့်ထားတာလေ။ ကိုယ့်အလှည့်ရချင်ရင် တစ်နှစ်ခွဲလောက်ကို ကြိုစာရင်းပေးထားရတာ။ အခုမှ အလှည့်ကျတော့တယ်"





"လှူသိပ်များများစားစားလည်း မရှိဘူးနော်"

"ဟုတ်တယ်၊ ကိုယ်နဲ့ ခင်ရာမင်ရာ အရင်းနှီးဆုံးတွေကိုပဲ ရွေးဖိတ်လိုက်တာလေ။ ခင့်အမျိုးသား ခုဓာလောတော်တော်လေး ချူချာတယ်ကွယ်၊ ဒီတော့ လှူသိပ်များရင်ရင် သူလည်း ကြာကြာဧည့်ခံနေရမှာစိုးလို့၊ ကိုယ်နဲ့အရင်းနှီးဆုံးတွေပဲ ဖိတ်တာပါ"

အပေါ်ထပ် ဘုရားခန်းအကျယ်ကြီးရှေ့မှာ ဘုရားကိုးဆူဆရာက ရွတ်ဖတ်ပူဇော်နေသည်။ ဘုရားအဆူဆူတို့ကတော့ ပန်းပေါင်းစုံ၊ အမွှေးတိုင်ရနံ့ပေါင်းစုံ၊ ဆီမီးရောင်စုံတို့ဖြင့် သပ္ပာယ်လှသည်။ သနပ်ခါးက အသင့်ထည့်လာသော ပဝါလေးကို လက်ကိုင်အိတ်ထဲမှ ထုတ်ကာ ပခုံးပေါ် တင်ရင်း ဘုရားရှိခိုးလိုက်ပါသည်။

ဘုရားရှိခိုးစာကို စပြီးရွတ်နေချိန်တွင် ...

"အမေ ... အဖေက မေးခိုင်းလိုက်တယ်၊ သူ့ကားသော့နဲ့ မိုဘိုင်းဖုန်း ဘယ်နားထားလဲတဲ့၊ လိုက်ရှာနေတာ ကြာပြီတဲ့"

ဟူသော အသံသြသြ စကားသံတစ်ခုကို လှသံ၊ စကားပြောသံ၊ ဘုရားကိုးဆူဆရာရဲ့အသံတွေထဲမှ ခွဲထွက်ပြီး ကြားလိုက်ရသည်။ ဘုရားရှိခိုးစာ ရွတ်နေရင်းမှ ကြားလိုက်ရသော အသံပေမဲ့ စိတ်ထဲမှာ ဖျတ်ခနဲလိုလို သိလိုက်သည်မှာ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြောထားတဲ့ ဒေါ်ခင်ခင်မျိုးသားပဲ။ ငါနဲ့ စပ်ဟပ်ပေးမဲ့လူပဲ ဆိုတာမင် ဖြစ်လေသည်။ အံ့သြစရာကောင်းလှသည်မှာ ဒီအသံပိုင်ရှင်ဟာ သူမှသူပါပဲရယ်လို့ ဘာကြောင့်မှား သနပ်ခါး အလိုလို သိသွားပါလိမ့်။ ရေစက်ကြောင့်ပဲ ဖူးစာဖက်မို့ပဲလို့ပင် သနပ်ခါး ထင်ပါသည်။

ဘုရားရှိခိုးအပြီး မျက်စိပြန်ဖွင့်ချိန်တွင် ဒေါ်ခင်ခင်မျိုး နံဘေးမှာ အေးအေးတည်ငြိမ်စွာ ထိုင်နေခဲ့သော ထိုသူ့ကို သနပ်ခါး မြင်ရပါသည်။ သိပ်ထူးထူးခြားခြားကြီး လှတာကာထက်ပိုပြီး ချောမောနေတာမျိုး မဟုတ်ဘဲ သာမန်ရုပ်ရည်သင့်တင့်ပြေပြစ် ကြည့်ကောင်းသော ယောကျာ်းတစ်ယောက်၏ မျက်လုံးအစုံကို ဆုံလိုက်ရချိန်တွင် သနပ်ခါးရင်ထဲ ပေါက်ကွဲတော့မလို ဆူညံသွားခဲ့ပါသည်။

ဖြူစင်ကြည်လင်သောအသားအရေပိုင်ရှင် ယောကျာ်းတစ်ယောက်သည် ရိုးရိုးရှပ်အဖြူလက်ရှည်ကို လက်ခေါက်ဝတ်ထားပြီး အရောင်ပြာမှိုင်းမှိုင်း ဆိပ်ခွန်ပုဆိုးဖြင့်သာ ဝတ်စားထားပေမဲ့ သနပ်ခါး ရင်ထဲမှာတော့ သူ့လောက် တစ်ခါမှ သူ့ကို စိတ်လှုပ်ရှားစေခဲ့သူ မရှိဘူးဟု ထင်မိသည်။

"သားနဲ့မိတ်ဆက်ပေးချင်လို့ သားရဲ့။ ဒါက မေမေ့ငယ်သူငယ်ချင်းပဲ၊ ဟိုတလောက 'အလှူတစ်ခုမှာ ပြန်ဆုံလို့ ဒီပွဲကိုဖိတ်လိုက်တာလေ၊ အန်တီဒေါ်ဝတ်မှုန်တဲ့၊ ဒါက





အန်တီ့အမျိုးသား ဦးထင်ကျော်၊ သူကတော့ သမီးလေး သနပ်ခါးတဲ့၊ ဝတ္ထုစာရေးဆရာမလေးလေ သားရဲ့။ သားတော့ သိချင်မှ သိမယ်"

ထိုသူက တည်ငြိမ်စွာ ပြုံးလေသည်။

"အဟင်း ... ဆောရီးနော်။ ကျွန်တော်က ကိုယ့်အလုပ်နဲ့ကိုယ် မအားတော့ အခုခေတ်ပေါ်ဝတ္ထုတွေ ဘာတွေ သိပ်မဖတ်ဖြစ်တော့ဘူး။ ကျောင်းသားဘဝကတော့ ဖတ်ပါတယ်၊ အခုတော့ ဂျာနယ်လောက်ပဲ ဖတ်တော့တယ်"

"သားက အငယ်ဆုံးပဲလေ။ သမီးကြီးနဲ့ သူ့အမျိုးသားကတော့ ဗန်ကောက်မှာ အခြေကျနေကြတယ်၊ စီးပွားရေးလုပ်ဖို့သွားရင်း ဟိုမှာပဲ အိမ်ဝယ် ဘာဝယ်နဲ့ ပျော်နေကြတယ်၊ ရန်ကုန်နဲ့ ဗန်ကောက်ကလည်း နီးနီးလေးဆိုတော့ နှစ်လတစ်ခါလောက်ကို ပြန်လာဖြစ်ကြပါတယ်။ အခုတော့ မြေးရတော့မယ်လေ၊ သမီးက နောက်သုံးလဆို မွေးတော့မှာ။ သားအလတ်ကတော့ မနှစ်ကမှ အိမ်ထောင်ကျတာ။ သူ့ရည်းစားနဲ့ပဲ ယူကြတော့ မအေရှာပေးစရာ မလိုတော့ဘူး။ ကောင်မလေးနဲ့က တွဲလာတာ ငါးနှစ်ရှိပြီ၊ သားကလည်း ရည်မှန်းချက်ကြီး၊ ကောင်မလေးကလည်း ဘွဲ့တွေတစ်ခုပြီးတစ်ခု ယူလို့ကိုမဆုံးနိုင်အောင် စာတွေဆက်သင်နေကြတာနဲ့ မနှစ်ကမှပဲ ယူဖြစ်ကြတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးကတော့ အိမ်ထောင်ရေးကိစ္စဘက် စကားဦးလှည့်ချင်နေသော ဒေါ်ခင်ခင်မျိုး စကားသံအကြားမှာ သူ့ကို တိတ်တခိုး အကဲခတ်ကြည့်ချင်သည်။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိ မတော်တဆ မျက်လုံးချင်းဆုံမှာကို စိုးရွံ့ရင်ခုန်နေသည်။ ဒါပေမဲ့ ရင်ထဲမှာတော့ သေသေချာချာ သိလိုက်သည်မှာ ...။





## ၄

"ဟမ်း ... ဟမ်း ... ဘာလဲ၊ ပြော ... ပြော ဒီနေရာကို ဆင်ဆာမဖြတ်နဲ့လေ၊ ပြော ... ရင်ထဲမှာ ဘာကိုသေသေချာချာ သိလိုက်တာလဲ"

သူငယ်ချင်းသုံးယောက် ဝိုင်းမေးသံတွေကြားမှာ သနပ်ခါး ရှက်ပြုံးလေး ပြုံးလျက် ...

"သူ့ကို သိပ်ချစ်သွားတာကိုပေါ့"

ဟု ဖြေလျှင် အားလုံး "ဟူး ... ဟူး ... ဟူး"ဆိုသော အသံဖြင့် ပြိုင်တူတုံ့ပြန်လိုက်ကြပါသည်။

"တွေ့ချင်တယ်၊ တွေ့ချင်တယ်၊ တွေ့ဖူးချင်တယ်၊ ခါးခါးပါးစပ်က ဒီလိုစကား ပထမဆုံးပြောပြီး ဝန်ခံရလောက်အောင် အစွမ်းအစရှိတဲ့ ယောက်ျားကို မြင်ဖူးချင်နေပြီ"

"အစွမ်းအစရှိမှာပေါ့ဟဲ့။ နာမည်ကိုက စွမ်းစလေ"



www.burmeseclassic.com

www.burmeseclassic.com



"စွမ်းစ တဲ့ ... တစ်မျိုးကြီးပဲ ခေါ်ရတာ၊ လျှာထောက်တယ်"

"နှင့်ထက် လေးနှစ်ကြီးတာနော်၊ ဒါဆို သုံးဆယ့်ငါးပေါ့၊ သူလည်း လူပျိုကြီးပဲ"

"ဒီအရွယ်ထိ အိမ်ထောင်မပြုသေးဘဲ နေနေတာ အံ့သြစရာပဲ"

"နှင့်ကိုရော သူက ဘယ်လို သဘောထားတယ် ထင်လဲ"

သနပ်ခါးသည် မေးခွန်းတွေကြားမှာ ညပ်နေတော့သည်။ သူငယ်ချင်းတွေ အကျင့်က ဒီအတိုင်းပဲ၊ သိချင်တာရှိရင် ကာယကံရှင်ကို ဖြေခွင့်မပေးဘူး။ သူတို့က အရင်ဦးအောင်မေးခွန်းတွေ တရစပ် ပစ်သွင်းတတ်တာမျိုးလေ။

"ခါးခါး ဖြေလေဟယ်"

နောက်ဆုံးတော့ သနပ်ခါးထံမှ အဖြေမရတော့သော အခါမှသာ သူတို့ရဲ့မေးခွန်းတွေ ရပ်တော့လေသည်။

"ဖြေမှာပေါ့ဟဲ့ ... နင်တို့က ငါမဖြေနိုင်အောင် မေးခွန်းတွေနဲ့ ဖိသတ်နေပြီးတော့"

"ကဲ ... ကဲ ... နင့်အလှည့်ဖြေ"

သနပ်ခါးသည် သူ့ရဲ့အရောင်မပြောင်းခဲ့သော မျက်လုံးတွေကို အမှတ်ရနေပေမဲ့ နောက်တစ်ပတ်အကြာမှာ ဖုန်းဆက်လာသော ဒေါ်ခင်ခင်မျိုးရဲ့ ...





"ဝတ်မှုန်ရဲ့ သားငယ်နဲ့ သမီး သနပ်ခါးတို့ကိစ္စ စီစဉ်ချင်တယ် ရမလားကွယ်၊ ဝတ်မှုန်တို့ဘက်က မီးစိမ်းပြရင် သူကြီးစုရာနဲ့ အရင်လာမြန်းထားချင်တယ်၊ ပြီးမှ ဝတ်မှုန်တို့စိတ်ကြိုက် ပွဲတွေလုပ်ဖို့ စီစဉ်ကြတာပေါ့"

အစီအစဉ်ကို ခကျနပ်နှစ်သိမ့်စွာ မျက်စိမှိတ်လက်ခံချင်ခဲ့သူသာ ဖြစ်ခဲ့လေသည်။

"ဟင် ... ဒါဖြင့် သူကတော့ နင့်ကို သဘောမကျဘူးလို့ ထင်တာလား"

စပယ်ဖြူက မကျေနပ်သံဖြင့် မေးလာသည်။

"ဒါတော့ မဖြစ်နိုင်ပါဘူး။ သနပ်ခါးက ချစ်စရာရုပ်လေးနဲ့ သူ့ကိုဆိုလည်း ကြိုက်တဲ့သူတွေမှ ဝိုင်းနေတာ။ သူကသာ ပြန်မကြိုက်လို့ ရည်းစားမရတာပါ။ အဲဒီ ဦးစွမ်းစလည်း သဘောကျလို့ သူ့အမေ စီစဉ်တာကို လက်ခံလိုက်တာ ဖြစ်မှာပေါ့"

မီကျော်က သူ့အထင်ကို ပြောပြန်သည်။

အေးမြကတော့ ...

"ငါတို့လို အသက်သုံးဆယ်ကျော်အရွယ်တွေရောက်ရင် ဘယ်သူပဲဖြစ်ဖြစ် ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ရင်ထဲမှာ ချစ်တာ မချစ်တာကို သိပ်ဦးစားပေးပြီး အရှင်ဆုံးအနေနဲ့ မစဉ်းစားတော့ဘူးလို့ ထင်တယ်။ ဦးစွမ်းစဟာ သနပ်ခါးကိုမြင်တော့ ဒီလိုအရည်အချင်းရှိပြီး ရုပ်လည်းလှ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းကလေးကို ငါ ဘာကြောင့် လက်မခံနိုင်စရာရှိလဲလို့ အရင်တွေးမှာပဲ။ အချစ်ဆိုတာ အတူတူနေတာကြာမှ သံယောဇဉ်ကတစ်ဆင့် ပေါက်ဖွားလာတဲ့အချစ်မျိုးပဲ ရှိလာနိုင်တော့တယ်လေ"

ဟူ၍ ရှည်ရှည်ဝေးဝေးတွေးပြီး ပြောပါသည်။

"သူ့အမေလည်း သူ့သားကို ဒီလိုပဲ စိုးပ်တော့စပ်နေမှာပဲဟဲ့။ ခါးခါးနဲ့ကျမှ သူ့သား လက်ခံလိုက်တယ်ဆိုတော့ ဒါဟာ သူ့သားကိုယ်တိုင်ပဲ ခါးခါးကို သဘောကျလို့ဖြစ်မှာပါ၊ တချို့လူတွေရှိတယ်လေ၊ ရင်ထဲမှာ ရှိတာကို အပြင်ကို သိပ်ထုတ်မပြတတ်ဘူး။ ငါတို့အုပ်စုလိုမဟုတ်ဘူး၊ ငါတို့ကတော့ ဝုန်းဒိုင်းရှုံးရှဲနဲ့ သွေးပူတတ်တဲ့အုပ်စု ဟား ဟား"

စံပယ်ဖြူ ဟီးဟီးဟားဟားရယ်ရင်း ဒီအကြောင်းအရာရဲ့အဖြေကို သူ့ဘာသာ ရှာဖွေတွေ့သလို ပြောပါလေသည်။

"ဘာပဲဖြစ်ဖြစ် ငါ တကယ်ဝန်ခံပါတယ်၊ သူ့ကိုငါ မြင်မြင်ချင်း ချစ်တယ်ဟာယ်၊ ဒီတော့ ဘာလက်မခံနိုင်စရာရှိလဲ၊ စံပယ်ဖြူ ပြောသလို သူကိုယ်တိုင်ကလည်း ငါ့ကို သဘောကျလို့ သူ့အမေရဲ့ခြေလှမ်းတွေ ရှေ့ကိုရောက်လာတာပေါ့၊ အခုခေတ်မှာတော့ မိဘက သားသမီးသဘောမပါဘဲ အိမ်ထောင်ချပေးတာ မရှိတော့ပါဘူး"





"မေမေ့မှာ နှလုံးရောဂါရှိတယ် သားရယ်၊ စိတ်ညစ်ခံလို့မရဘူးဆိုတဲ့ ဒိုင်ယာလော့(ခ)မျိုး အခုခေတ်မှာ သုံးလို့မရတော့ဘူးလေ"

မိကျော့်ကပါ ထောက်ခံသလို ဝင်ပြောလေသည်။

"ဟုတ်တယ်၊ ငါကိုယ်တိုင်တောင် ဝတ္ထုထဲ ထည့်မရေးတော့ဘူး"

သနပ်ခါးသည် သူ့ရဲ့အရောင်မပြောင်းခဲ့သော မျက်လုံးတွေကိုထပ်ပြီး မမြင်ယောင်မိ့ ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း ရယ်မောပစ်လိုက်ပါသည်။ ဘာဖြစ်လဲ တစ်သက်မှာ ဒီတစ်ခါပဲ ရင်ထဲမှာ မှတ်မှတ်ရရ ချစ်သွားဖူးတဲ့သူကို ဘာကြောင့် မယူရဲစရာရှိလဲ။ နတ်တို့ဖန် ရေစက်အသင့်+ကြာအသင့်လိုပဲ။ မိဘချင်းစကားစပ်ပြီး သားရေးသမီးရေး ပြောကြရင်း၊ စပ်ဟပ်ကြရင်းနဲ့ ဆုံတွေ့ရတဲ့ ယောကျ်ားတစ်ယောက်ကို သနပ်ခါးကိုယ်တိုင်ကလည်း တအားကို ရင်ထဲမှာ နင့်နေအောင် ချစ်သွားခဲ့မိမှတော့ ဘာကိုတွေးပူပြီး ငြင်းနေတော့မလဲလေ။ သူလည်းပဲ သနပ်ခါးကို ချစ်လို့ရခဲ့လို့နေမှာပါ။ ဒါမှမဟုတ် အခုချစ်လို့ မရသေးပေမဲ့ အေးမြပြောသလို၊ အေးမြ သုံးသပ်သလိုပါပဲ။ ဦးနှောက်နဲ့အရင်ဆုံးဖြတ် လက်ခံပြီးမှ သံယောဇဉ်နဲ့ ချစ်လာမှာကို ပိုလိုလားတဲ့ သူမျိုး ဖြစ်တာပဲ နေမှာပါ။

"ပွဲက ဘယ်တော့လဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ဖြူ မေးခွန်းကြောင့် သနပ်ခါးရဲ့အတွေးတွေ ပြန်စုစည်းလို့ ရလာခဲ့ပါသည်။

"ပွဲကဘယ်တော့လဲ မေးမနေနဲ့ဦး၊ အခုလာမဲ့အပတ်ကျမှ သူ့အမေရယ် သူ့ဘက်က အဒေါ် ဦးလေး စုံတွဲလေးတွဲ လောက်ရယ် ရောက်လာပြီး အိမ်မှာလာမြန်းကြမှာလေ။ အဲဒီကျမှ အစီအစဉ်တွေ ပြောကြလိမ့်မယ်"

"ငါတို့ လာမနှောင့်ယှက်သေးပါဘူး၊ ဒါပေမဲ့ တစ်ရက် တော့ သီးသန့်ပေးတွေ့ပြီး ငါတို့နဲ့ မိတ်ဆက်ပေးရမယ် နော် မိခါးခါး"

"စိတ်ချပါဟယ်"

"ဟီး ဟီး ... နင် သူ့ကိုဘယ်လိုခေါ်မှာလဲ"

"ဘယ်လိုခေါ်ရမှာလဲ၊ ငါနဲ့သူ နှစ်ယောက်တည်းတောင် စကားမပြောဖူးသေးဘူး"

"လူကြီးချင်း စကားပြောပြီးရင်တော့ သူနဲ့နင် နှစ်ယောက် တည်းဆုံပြီး သွားရလာရအောင် လူကြီးတွေ ဖန်တီးပေးမှာ ပါ စိတ်ချ"

ပြန်ခါနီး လမ်းခွဲချိန်မှာ သူငယ်ချင်းတွေဝိုင်းပြီး မှတ်ချက်ချတာကတော့ ...

"ဩော် ... ခါးခါး ... ခါးခါး ... သနပ်ခါးမလေး ကိုယ် တိုင်ကတော့ စိတ်ကူးယဉ်ဖန်တီးပြီး ဝတ္ထုတွေထဲမှာ ဇာတ် ကောင်ယောကျ်ားလေးနဲ့ မိန်းကလေးတွေကို romantic





ဆန်ဆန်လေးဆုံပြီး ချစ်ပြခိုင်းပေမဲ့ သူ့ခများမှာတော့ မိဘ ရှာဖွေပေးမှပဲ တကယ်ချစ်ရတဲ့သူကို တွေ့ရှာတယ် ကွယ်"

ဟူသော မှတ်ချက်စကားတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ⊰ ၃ ⊱

လူကြီးချင်း မြန်းကြပြီးသောအခါ သနပ်ခါးထင်သလိုပဲ နှစ်ဖက်မိဘတွေဟာ လူငယ်ချင်း ရင်းနှီးစေရအောင် ဖန်တီးပေးတဲ့အနေနဲ့ သူနဲ့အတူ အပြင်ထွက်ရစေဖို့ အကြောင်းပြချက်တစ်ခုဖြင့် အပြင်လွှတ်သော ရက်တစ်ရက်ကို ရောက်လာပါသည်။

"စေ့စပ်လက်စွပ်နဲ့ လက်ထပ်လက်စွပ်ကို သမီးတို့ စိတ်တိုင်းကျ သွားရွေးပြီး အပ်ကြပါတဲ့။ ခင်မျိုး မောင်စွမ်းစကို သမီးနဲ့ တစ်ရက်အပြင်လွှတ်မယ်လို့ ပြောထားတယ်၊ သမီး ဘယ်လိုစီစဉ်ချင်လဲ"

"သူက သမီးကို ဖုန်းလည်းမဆက်၊ ဘာမှစကားလဲမပြောနဲ့။ သမီးက ဘယ်လိုလုပ် စ,ဆက်သွယ်ရမလဲ မေမေ။ မေမေ့လူက သိပ်တော့ မဟုတ်သေးဘူးနော်၊ ခုထိ သမီးနဲ့သူ စကားငါးခွန်းပြည့်အောင်တောင် မပြောရသေးဘူး"





မေမေမှာ ဟက်ဟက်ပက်ပက် ရယ်ပါသည်။ အမေမို့ သမီးဖြစ်သူစိတ်ထဲက ခံစားချက်ကို ရိပ်မိဟန်တူသည်။ ကမ်းလှမ်းလာဖူးသမျှ လူတိုင်းကို ငြင်းလာပြီးမှ ဒီလူကျမှ လက်ခံခဲ့သော သနပ်ခါးရဲ့ရင်ထဲကို မေမေ မြင်နေပါလိမ့်မည်။

"အေး ... အဲဒါကြောင့်လည်း စကားပြောရအောင် မေမေနဲ့ ခင်မျိုး တိုင်ပင်ပြီး စိန်ဆိုင်ကို လွှတ်ကြတာပေါ့၊ မပူပါနဲ့ ခင်မျိုး ပြောပါတယ်၊ မောင်စွမ်းစ ဖုန်းဆက်လာပါလိမ့်မယ်တဲ့"

ထိုသို့ မေမေ အသိပေးပြီး သိပ်မကြာ။ သူ့ရဲ့ဖုန်းနံပါတ်ဟု သနပ်ခါး သိထားနှင့်ပြီးသော နံပါတ်တစ်ခုဟာ သနပ်ခါးရဲ့ Sony Errison (ဆိုနီအယ်ရစ်ဆန်)ဖုန်းကလေးမှာ ပေါ်လာသည်။ Ring Tone (ရင်းတုန်း)ဟုခေါ်သော ဖုန်းမြည်သံကို Fergie (ဖာဂီ)ရဲ့သီချင်းလေးဖြစ်သည့် "Big girl don't cry" သီချင်းသံထည့်ထားရာ ထိုသီချင်းသံလေး အမြည်မှာ သနပ်ခါးကလည်း ဖုန်းကိုဖွင့်အကြည့်မို့ ရင်ထဲမှာ လှုပ်ရှားသွားရပါသည်။

"ဟဲလို"

"သနပ်ခါးလား"

"ဟုတ်ကဲ့ပါ"

"ကျွန်တော် စွမ်းစပါ"

"ဟုတ်ကဲ့"

"ဘယ်နေ့အားလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အားပါတယ်၊ ခါး အလုပ်က အိမ်မှာပဲနေပြီး စာရေးတဲ့အလုပ်မို့ တကူးတကကြီးအားအောင် လုပ်စရာမလိုပါဘူး"

"ဒါဆို ခဏလာခေါ်လိုက်မယ်လေ၊ အန်တီ ပြောပြီးရောပေါ့၊ လက်စွပ်ပုံစံ သွားကြည့်ပြီး အပ်ကြမယ်ဆိုတာ"

"ဟို ... ကို ... အဲ ... ကိုစွမ်းစ အားလို့လား"

"ကျွန်တော် ဒီနေ့ အားပါတယ်။ သနပ်ခါး ဘယ်အချိန်လောက် အသင့်ဖြစ်မလဲ"

"နောက်တစ်နာရီကျော်လောက်ဆို အသင့်ဖြစ်ပါပြီ"

"အိုခေ ... ဒါဆို ကျွန်တော် လာခေါ်လိုက်မယ်"

သူက ဖျတ်ခနဲ ဖုန်းပြောတာ ရပ်သွားမှ သနပ်ခါးတစ်ယောက် ဘာတွေ အားမရမှန်းမသိဖြစ်ကာ ... ဖုန်းလေးကို ခေါက်ပိတ်လိုက်ရပါသည်။ သူနဲ့အတူသွားရမှာမို့ အလုတွေပိုပြီး ပြင်ချင်မိသဖြင့် သနပ်ခါးတစ်ယောက် မှန်တင်ခုံရှေ့က မခွာတော့။

သနပ်ခါးက မနက်လင်းတာနဲ့ ရေတစ်ခါချိုးပြီးသားမို့ ရေချိုးစရာမလိုတော့။ အိမ်နေရင်း လိမ်းထားသော သနပ်ခါးကိုသာ မျက်နှာဆေးဆပ်ပြာဖြင့် ဖျက်ဆေးပစ်လိုက်သည်။ မျက်နှာလေး ပြောင်ရှင်းသွားမှ အောက်ခံ O'lay ခရင်(မ)ကိုလိမ်းပါသည်။ အသက်က သုံးဆယ်ကျော်လာပြီဖြစ်ရာ ကိုယ့်မျက်နှာအရေပြားကို အထူးတလည် ဂရုစိုက်သည့်အနေနဲ့ SPF (အက်(စ်)ပီအက်(ဖ)) အစွမ်းပါသော ခရင်(မ်)တွေ မိတ်ကပ်တွေသာ သုံးရပါသည်။





ခရင်(မ်)လိမ်းပြီးလျှင် Revlon မိတ်ကပ်ရည်ကို အစက်တွေ ပျော့ချပြီး လိမ်းလိုက်သည်။ အပေါ်က မျက်နှာလိမ်းပေါင်ဒါ Touch & Glow ကို ဘရပ်(ရှ်)ဖြင့် ထပ်လိမ်းပါသည်။ ပန်းရောင်ဖျော့ဖျော့ ပါးနီလေးကို မသိမသာ တင်သည်။ သိပ်အရဲကြီး အသိသာကြီး ပါးနီတင်ရတာကို မကြိုက်သဖြင့် အမြဲခပ်ပြေပြေသာ လိမ်းသည်။ မျက်တောင်ကော့တပ်ရတာကိုတော့ ခုတလောမှာမှ ခေတ်စားနေလို့ပဲလားမသိ။ သနပ်ခါး မျက်စိထဲမှာတော့ သိပ်လှသည်ထင်ကာ အပြင်ထွက်ရင် မတပ်ရမနေနိုင်သလို ဖြစ်နေသဖြင့် အခုလည်း ဝယ်ထားသော မျက်တောင်တုတွေထဲမှ တစ်စုံကို တပ်လိုက်သည်။ အိုင်းရှဲဒိုးကို ခရမ်းရင့်လေး ဆိုးလိုက်သည်။ ပန်းဆီရောင်နှုတ်ခမ်းဆိုးဆေးကို ဆိုးလိုက်ပြီးလျှင် ဇော့(ဖ)ဖော်ထားသော ပန်းကျော်အရှည်ရှိ ဆံပင်ကို ဖြီးလိုက်ပါသည်။

အကျႌအဝတ်အစားကတော့ ဘာဝတ်ရမှန်းပင် မသိအောင် စဉ်းစားမရ ဖြစ်နေသည်။ တံခါးနှစ်ချပ်ပါသော ဗီရိုကြီးကို ဖွင့်လိုက်လျှင် ချိတ်တွေနဲ့ အစီအရီထည့်ထားတာတစ်မျိုး၊ ခေါက်လျက်ထားထားတာတစ်မျိုးဖြင့် များပြားလှသော ဝတ်စုံတွေကိုကြည့်ပြီး သနပ်ခါးမှာ ဆယ်မိနစ်လောက် ငေးနေမိ၏။

နောက်ဆုံးတော့ ခရမ်းရောင်အပွင့်လေးတွေပါသော ...ိုးသားအစဖြင့် ချုပ်ထားသော နာမည်ကြီးဒီဇိုင်နာတစ်ယောက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



မှာတောင် တကူးတက သွားအပ်ထားရသည့် ဂါဝန်ရှည်လေးကို ရွေးလိုက်သည်။ အကျီပုံစံက ရိုးရိုးလေးပေမဲ့ ခါးမှာ ခါးပတ်ကြိုးလေးချည်ရပြီး အောက်မှာ ရေသူမပုံစံ ကားကားလေး ဖြစ်နေသည်။ အရှည်ကတော့ ခြေသလုံးတစ်ဝက်ထိ ရှည်ပါသည်။ ထိုဝတ်စုံလေးကို စိန်လုံးကြီးသိုင်းလေးပါသည့် ဒေါက်မြင့်ဖိနပ်နဲ့ တွဲဝတ်လိုက်သည်။ တံတောင်ဆစ်မှာချိတ်ဖို့ အိတ်အကြီးကြီးတစ်ခုကို ရွေးလိုက်ပြီး အထဲမှာ ပိုက်ဆံသီးသန့်ထည့်သော သားရေအိတ်လေးရယ်၊ နေကာမျက်မှန်ရယ်၊ မိဘိုင်းလ်ဖုန်းရယ်၊ ဘာရပ်(ရှ်)ဘီးတစ်ချောင်းရယ်၊ မှန်ပါသော မိတ်ကပ်ဘူးရယ်၊ နှုတ်ခမ်းဆိုးဆေးတစ်တောင့်ရယ်၊ မျက်နှာသုတ်တစ်ရှူးထုပ်တချို့ရယ် ထည့်လိုက်ပါသည်။

သနပ်ခါး ပြင်ဆင်ပြီးသောအခါ အိမ်အောက်ထပ်ဆင်းလာပြီး အဆင်သင့် ထိုင်စောင့်နေလိုက်သည်။ ခဏလောက်စောင့်လိုက်ပြီးသောအခါ အိမ်ရှေ့ပေါ်တီကိုအောက်မှာ အနက်ရောင် ဟွန်ဒါ CRV ကားကြီးတစ်စီး ရပ်လာတာ တွေ့လိုက်ရသည်။

ဒါ သူ့ကားပဲလို့ သနပ်ခါး သိလိုက်ပါသည်။

ကားတံခါးဖွင့်ပြီး ဆင်းလာသော သူ့ကို သနပ်ခါး အသင့်ကြိုစောင့်နေမိသည်။ သူက နေကာမျက်မှန်ကို ပင့်တင်ရင်း ...

"ဪ ... အဆင်သင့် ဖြစ်နေပြီပဲ၊ သွားကြမလား"





ဟု မေးလိုက်သည်။ သနပ်ခါး မျှော်လင့်ထားတာ သူ့အတွက် သေသေချာချာ ပြင်ထားသော သနပ်ခါးကို သူ ခဏတော့ သဘောတကျ ငေးကြည့်မလား ဆိုတာပင်။ ဒါပေမဲ့ အထင်နဲ့အမြင် လွဲပါသည်။ သူက သနပ်ခါးကို သာမန်ကာလျှံကာအပြင် ပိုမကြည့်ပါ။ ရင်ထဲမှာ တော်တော်တော့ ဘဝင်မကျဖြစ်သွားသည်။

သူ့ဘဝမှာ ငါ့ထက်လှတာ ချောတာတွေပဲ ဆုံခဲ့ဖူးလို့လား။ အသက်သုံးဆယ့်ငါးနှစ်အရွယ် ယောကျာ်းတစ်ယောက်ဟာ တစ်ခါမှ မချစ်တတ်ခဲ့ဘူး။ ရည်းစားမရှိခဲ့ဖူးဘူး ဆိုတာမျိုးတော့ မရှိနိုင်ဘူးထင်တယ်။

"အန်ကယ်လ်နဲ့ အန်တီကို နှုတ်ဆက်လိုက်ဦးမယ်"

"ဖေဖေရော မေမေရော မရှိကြဘူး၊ ဖေဖေက မနက်တည်းက စက်ရုံဘက် သွားနေတယ်။ မေမေကတော့ ကိုကြီးနေလင်း မိန်းမ မယု မနက်တည်းက ခေါင်းမူးနေလို့ ဘာမှမချက်နိုင်ဘူးလို့ ဖုန်းဆက်တာနဲ့ သတင်းမေးရင်း ထမင်းချိုင့်ပါ သွားပို့တယ် ကိုစွမ်းစ"

"ဪ ... ဟုတ်လား"

"ပြန်လာမှ တွေ့မယ်လေ၊ မေမေ့ကိုတော့ ခါးခါး ဖုန်းနဲ့ ကြိုပြောထားပါတယ်။ ကိုစွမ်းစနဲ့ အပြင်ထွက်မယ်ဆိုတာ"

"ဒါဆို သနပ်ခါး ပြောသလိုပဲ၊ ကျွန်တော်တို့ အပြန်ကျမှ အန်တီတို့ကို နှုတ်ဆက်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက တံခါးကို အသင့်ဖွင့်ပေးပြီး သနပ်ခါး အသင့်ဝင်ထိုင်လို့ရအောင် လုပ်ပေးသည်။ သူနဲ့အတူ နှစ်ဦးတည်း ကားတစ်စီးနှင့်အတူ ထွက်လာရသောအခါ သနပ်ခါး ရင်ထဲ ငြိမ့်ငြိမ့်ကလေး ခုန်နေပါသည်။

"ဘယ်အရင်သွားချင်လဲ"

"ဟင်"

"ဘယ်ဆိုင်အရင်သွားချင်လဲလို့ မေးတာပါ"

"ကိုစွမ်းစ ဘယ်ဆိုင်ကို ရွေးထားလဲ"

"ကျွန်တော်တို့က ဆိုင်အစွဲတော့ မရှိပါဘူး၊ နာမည်ရှိတဲ့ဆိုင်တွေကိုပဲ အမေဝယ်ရင် လိုက်ပို့ပေးနေကြပါ။ သနပ်ခါးတို့က ဘယ်ဆိုင်မျိုးမှာ ဝယ်လေ့ရှိသလဲ မသိလို့ မေးကြည့်တာ"

"ခါးခါး မသိဘူး၊ လက်ဝတ်လက်စားဝယ်တဲ့ အလုပ်က ဖေဖေနဲ့ မေမေပဲ တိုင်ပင်ပြီး ဝယ်တာလေ၊ ခါးခါးက ကိုယ်တိုင် တစ်ခါမှ မဝယ်ဖူးဘူး။ ခါးခါးက ဖန်စီကျောက်အလုတွေနဲ့လုပ်တာကို အရမ်း crazy ဖြစ်လို့ အဲဒါတွေပဲ ဝယ်စုတယ်"

သနပ်ခါးကတော့ ကိုယ် ဘာကိုကြိုက်သလဲဆိုတာ သူသိစေချင်၍ စကားထဲ ထည့်ပြောလိုက်မေမဲ့ သူကတော့ လုံးဝဂရုမထားဟန်ဖြစ်၍ ...





"ကျွန်တော် သွားဖူးနေကျဆိုင်ဘက် လမ်းသင့်တယ်၊ အဲဒီ အရင်သွားမယ်နော်"

ဟုသာ သူ့ဆုံးဖြတ်ချက်ကို ပြောပြလိုက်ပါသည်။ သနပ်ခါး ရင်ထဲမှာ သူ့ကို နားမလည်နိုင်မှုတွေ ပိုများလာရသလိုပင်။

နာမည်ကြီးပြီး ကြော်ငြာအားလည်း ကောင်းသော ရတနာဆိုင်ကြီးရှေ့မှာ ကားရပ် အတူတူဆင်းပြီးသောအခါ သူက ထပ်ပြောသည်။

"ကြိုက်တာတွေ့ရင် ပြောနော်၊ ဈေးကြည့်မနေနဲ့၊ အမေက သနပ်ခါးစိတ်ကြိုက် ဝယ်ချင်တာ ဝယ်ပစေလို့ မှာလိုက်တယ်"

ဒါဖြင့် ရှင်ကရော ...။ သနပ်ခါး ရင်ထဲမှာ အော်မေးမိသည်။

လက်စွပ်တွေကို စိတ်မပါစွာ ကြည့်နေရသည်။ အရောင်းဝန်ထမ်းတွေက တစ်ခုပြီးတစ်ခု စိတ်ရှည်လက်ရှည်ထုတ်ပြပေမဲ့ သနပ်ခါး စိတ်ထဲမှာ တွေးစရာတွေ များနေလေရာ ဘာတစ်ခုကိုမှ စိတ်ဝင်တစား ကြည့်လို့ကို မရတော့။

စွမ်းစသည်လည်း သနပ်ခါး၏ အမူအရာကို သတိထားမိသွားသည်။ သွားခေါ်ခါစ,က ရွှင်လန်းတက်ကြွနေသလောက် အခုတော့ သိပ်ပြီးစိတ်ပါတော့ဟန် မတူသည့် အမူအရာ ငြိမ်သက်သက်နဲ့ မိန်းကလေးကို သူ နားမလည်နိုင်သလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးအကြောင်း အားလုံး စုံစမ်းပြီးပြီ၊ အသက်သာ သုံးဆယ့်တစ်နှစ် ရှိနေတာ၊ တစ်ခါမှတောင် ရည်းစား မရှိခဲ့ဖူးဘူးတဲ့၊ သူ့ကိုလိုချင်လို့ လာစပ်သမျှ ယောကျ်ားတွေတိုင်းကိုလည်း ငြင်းပစ်တာချည်းပဲ။ မိဘကလည်း သမီးသဘောမပါရင် ဘာမှမစီစဉ်ဘူးတဲ့။ အခု သားကို လက်ခံလိုက်တာဟာ သူကိုယ်တိုင် စိတ်ထဲမှာ သားကို သဘောကျလို့ပဲပေါ့"

ဟူသော အမေ့စကားကြောင့် သနပ်ခါးဟာ သူ့အပေါ် စိတ်ဝင်စားနေခဲ့ကြောင်း ရိပ်မိခဲ့တာတော့ မဟုတ်ပါ။ ရည်းစားသုံးယောက်လောက် ထားခဲ့ဖူးပြီး လေးငါးယောက်လောက်နဲ့ ရည်းစားမကျ၊ ဘာမကျ အတိအလင်းလည်း ရည်းစားမဖြစ်ခဲ့ဘဲ အီစီကလီအဆင့်နဲ့သာ တွဲခဲ့ဖူးသော အတွေ့အကြုံတွေအရ စွမ်းစသည် မိန်းကလေးတစ်ယောက်၏ အမူအရာကို (အထူးသဖြင့်) သူ့အပေါ် တိမ်းညွတ်သည်၊ မတိမ်းညွတ်သည်တို့ကို အကဲခတ်တတ်နိုင်စွမ်း ရှိပါသည်။

သနပ်ခါးကိုလည်း သူ အကဲခတ်နိုင်ခဲ့ပါသည်။ စတွေ့တွေ့ချင်းမှာကတည်းက သူ့အပေါ် တိမ်းညွတ်သွားခဲ့သော သူမရဲ့မျက်ဝန်းတစ်စုံကို သူ သတိထားမိခဲ့ပြီးသားပါ။ မျက်လုံးလည်းလှရက်နဲ့၊ မျက်တောင်ကော့လေးတွေလည်း ရှိရက်နဲ့ မလိုအပ်ပါဘဲ မျက်တောင်တုတပ်ကာ မျက်ဝန်းကို ရှမ်းစိုအောင် အရောင်ခြယ် ဖန်တီးထားတတ်သဖြင့် ကော်ပတ်ရုပ် မျက်လုံးမျိုး





နဲ့ပင်တူနေသော သနပ်ခါးရဲ့မျက်ဝန်းတွေဟာ သူ့အပေါ် စွဲလမ်းနှစ်ခြိုက်နေကြောင်း ပြသလေသည်။

စွမ်းစဟာ မှန်တာပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ဝေဖန်ရလျှင် အဓော်အတ္တကြီးသူ ဖြစ်ပါသည်။ ကိုယ့်ကိုသာ တစ်ဖက်က ချစ်နေတာခံချင်၊ ကိုယ်ကသာ စိတ်ချမ်းသာမှုရချင်တတ်သော အတ္တမျိုး ရှိလေရာ ကိုယ့်အပေါ် စွဲလမ်းချစ်ခင်သွားသော မိန်းကလေးမျိုးနဲ့ လက်တွဲရလျှင် ဘဝတစ်လျှောက်လုံးမှာ ကိုယ်ကချည်း စိတ်ချမ်းသာ ကျေနပ်ရမည်လို့ကို တထစ်ချ ယုံကြည်သဖြင့် (အမေပြောသလို အရွယ်လည်းမငယ်တော့ပြီ ဖြစ်သဖြင့်) အမေ ဒီတစ်ခါ ရှာတွေ့လာတာကို စိတ်လိုလက်ရ လက်ခံလိုက်တာပါ။

အခုတော့ ကောင်မလေး အမူအရာက တစ်မျိုးဖြစ်နေကြောင်း သတိပြုမိလေရာ ငါ ရွေးမိတာ မှားပြီလားလို့တောင် ပြန်တွေးတောရမလိုပင်။ မိန်းကလေးတစ်ယောက် စိတ်မပါဘဲနဲ့တော့ အိမ်ထောင်တစ်ခုကို မထူထောင်ချင်ပါ။

"ဒါတွေ တစ်ခုမှ မကြိုက်ဘူးလားဟင်"

"ရှင်"

"တစ်ခုမှ မကြိုက်ဘူး ထင်လို့"

"ကိုစွမ်းစ ကြိုက်တာတွေ့ရင်ပဲ ရွေးလိုက်ပါ၊ ခါးခါးမရွေးတတ်ဘူး"

"ဘယ်ဟုတ်မလဲ၊ သနပ်ခါး ကြိုက်မှ ဖြစ်မှာပေါ့"

"ကိုစွမ်းစ ကြိုက်တာကို ခါးခါး လက်ခံနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းစ သနပ်ခါးကို ဖျတ်ခနဲ ကြည့်လိုက်မိ၏။

ရင်ထဲမှာပါလို့ ပြောလိုက်တာပဲလား။

"ဒီဆိုင်တစ်ခုတည်းကြည့်ပြီး ချက်ချင်းမရွေးနဲ့ဦး။ နောက်ထပ်ဆိုင်တွေ အများကြီးရှိပါသေးတယ်။ ထပ်သွားကြည့်ကြတာပေါ့၊ ကတ်တလောက် ယူခဲ့မယ်နော်"

စွမ်းစ ပြောပြောဆိုဆိုပဲ ဆိုင်၏ကတ်တလောက်ကို ကောက်ကိုင်ပြီး ရှေ့မှလျှောက်သွားနှင့်လိုက်သည်။ သနပ်ခါးကိုပင် စောင့်မခေါ်မိတော့။ ကားနားရောက်မှ စောင့်ခေါ်ဖို့အတိရသည်။ ဒါနဲ့လှည့်ကြည့်လိုက်သောအခါ စွမ်းစအပေါ် နားမလည်နိုင်သော မျက်လုံးတွေဖြင့် လှမ်းကြည့်ပြီး ခပ်လေးလေးခြေလှမ်းတွေနဲ့ လျှောက်လာနေသော သနပ်ခါးကို တွေ့ရသည်။

စွမ်းစ သူမအနား ပြန်လျှောက်သွားလိုက်ပြီး ...

"ဆောရီး ... ကျွန်တော် မေ့ပြီးစောင့်မခေါ်မိဘူး၊ စိတ်မရှိနဲ့နော်"

ဟု တောင်းပန်လိုက်မိသည်။

"နောက်တစ်ဆိုင် သွားကြည့်ဦးမယ် မဟုတ်လား"

သနပ်ခါး ခေါင်းကို အသာယမ်းရင်း ...

"ကတ်တလောက်ကို ခါးခါးပဲ ယူသွားပြီး အိမ်မှာအေးအေးဆေးဆေး ကြည့်တော့မယ်၊ အဲဒီထဲကပဲ ရွေးတော့မယ်၊ ထုတ်ပြတာများရင် ဟုန်ပြီး ဘာရွေးရမှန်း မသိတော့လို့ပါ"





ဟူ၍ ဖြေပါသည်။

"ဒါဆို ကောင်းပြီလေ။ အခု ဒီဇိုင်နာဆီ လိုက်ပို့ရမလား"

"ရှင်"

"ဒီဇိုင်နာဆီ သွားချင်မလားလို့ပါ၊ ကျွန်တော် ကြားဖူးတာတော့ အကျႌတို့ ဝတ်စုံတို့ အပ်ချင်ရင် နှစ်လ သုံးလလောက်အချိန်ယူရတယ်ကြားလို့၊ အခု စပြီးအပ်ချင်မလားလို့ပါ"

"အဲဒါကတော့ ခါးခါး သူငယ်ချင်းတွေက သူတို့ပါဝင်ပါပြီး အကြံပေးချင်တယ် မှာထားလို့ ခါးခါး သူတို့နဲ့ချိန်းပြီး သွားမှာပါ"

"အော် ... ဟုတ်လား၊ ဒါဆို ပိုကောင်းတာပေါ့၊ မိန်းကလေးချင်းကျတော့ ပိုသိ ပိုမြင်ပြီး ပိုငွေ့ဘတ်မှာပေါ့"

စေ့စပ်ပွဲက နောက်တစ်လခွဲအကြာမှာ ဟိုတယ်ဒိတ်ရထားပါသည်။ မင်္ဂလာပွဲကတော့ စေ့စပ်ပြီး တစ်လကျော်အကြာရက်တစ်ရက်ကို ရွေးထားပြီးလျှင် သနပ်ခါးမေမေနဲ့ စွမ်းစအဓမတို့က ဗေဒင်ဆရာဆီ သွားမေးပြီး အဲဒီရက်ကောင်း၊ မကောင်းတွက်ဦးမည်ဟု စီစဉ်ထားလေသည်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်နှစ်လခွဲ သုံးလကြာလျှင် သနပ်ခါးနဲ့ စွမ်းစ တကယ်ပဲ လက်ထပ်ရတော့မှာသာဖြစ်သည်။

"ကော်ဖီတို့ အအေးတို့ စားရအောင်နော်"

စွမ်းစ သူ့ဘာသာပဲ ဆုံးဖြတ်ပြီး ဆိုင်တစ်ခုထဲဝင်ချသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပူရော အအေးပါ အစုံရသည့် ဆိုင်ထဲမှာ လူက သိပ်မနည်းလွန်း၊ မများလွန်း။ Kayne West (ကန်ရေးဝက်(စ)) ရဲ့ "I'm coming home again" သီချင်းသံကို မတိုးမကျယ် ဖွင့်ထားပါသည်။

"ဘာသောက်ကြမလဲ"

"ခါးခါး လက်ဖက်ရည်သောက်မယ်၊ Lipton ရရင်မှာလိုက်ပါ"

"Lipton တစ်ခွက်ပဲလား၊ မုန့်ရော"

"မုန့်တော့ ဘာစားရမှန်း စဉ်းစားမရဘူး"

"ကျွန်တော် ကြက်ဥဆင်းဒဝစ်ရှ် မှာလိုက်မယ်၊ တစ်ပွဲဆို မုန့်အများကြီးပါတော့ နှစ်ယောက် ကောင်းကောင်းစားလို့ရတယ်၊ ဘယ်လိုလဲ၊ ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

"ညီလေး.... ကိုယ့်ကိုတော့ Ice Lemon Tea တစ်ခွက် လုပ်ပေးပါ"

ဝိတ်တာကို မှာလိုက်ပြီးလျှင် သူက အေးအေးဆေးဆေး စကားပြောချင်လာဟန်ဖြင့် သူ့လက်ထဲမှာ ကိုင်ရက်ပါလာသောဖုန်းကို အပြီးပိတ်နေတာ တွေ့ရသည်။

သူ့အသက်က သုံးဆယ့်ငါးနှစ်ပေမဲ့ နုပျိုလှသဖြင့် သနပ်ခါးနဲ့ မတိမ်းမယိမ်းဟုပင် ထင်ရစရာဖြစ်သည်။ သူက ရုပ်သိပ်အချောကြီး မဟုတ်ပေမဲ့ ကြည့်ကောင်းပြီး ဆွဲဆောင်မှုလည်း ရှိသော ယောကျ်ားတစ်ယောက်ပုံစံ ဖြစ်သည်။ သူက ဒီနေ့တော့ အစိမ်းရင့်ရောင် ရှပ်လက်တိုကို ခပ်ပွပွကို ဂျင်းပင်နံအပြာရင့်နဲ့ပင်တွဲဝတ်ထားကာ လူငယ်လေးတစ်ယောက်ပုံစံဝင်လျက် ပိုပြီးလန်းဆန်းတက်ကြွနေသလိုပင်။





သူ့မှာ ရည်းစားတွေ အများကြီး ရှိခဲ့ဖူးသလား။ ဘာကြောင့် ဒီအသက်အရွယ်ထိ မိန်းမ မယူဘဲ နေနေသလဲ။ ဘာကြောင့် အမေပေးစားမှ ယူရသလဲ။ သူ့အမေဟာ အရင်တုန်းကလည်း တခြားမိန်းကလေးတွေနဲ့ စပ်တော့ စပ်နေခဲ့ဖူးမှာပါ။ သနပ်ခါးနဲ့ကျမှ သူကပဲ လက်ခံလိုက်သလား။ သူ့အမေကပဲ အတင်းတိုက်တွန်း ဆွဲဆောင်လို့ လက်ခံဖြစ်သွားသလား။

"ကိုယ့်အကြောင်း ဘာသိချင်လဲ"

သတိထားလိုက်မိတာ တစ်ခုက သူ့ကိုယ်သူ ကျွန်တော်လို့ သုံးနေရာမှ "ကိုယ်"လို့ ရုတ်တရက် ပြောင်းသုံးလိုက်တာကိုပင်။

ပိုပြီးရင်းနှီးချင်တဲ့ သဘောလားကွယ်။ ရှင်ဟာ သိပ်အကဲခတ်ရ ခက်နေတယ်။

"ခါးခါး စိတ်ထဲမှာ သိပ်သိချင်နေတဲ့ ဆန္ဒမျိုးလည်း မရှိဘူး။ လုံးဝမသိချင်တဲ့စိတ်လည်း မရှိဘူး၊ ဟို ... ဘယ်လိုပြောရမလဲ၊ ခုလောလောဆယ်မှာတော့ သိသင့်သလောက်နဲ့ပဲ ကျေနပ်ပါတယ်၊ တဖြည်းဖြည်းနဲ့မှ အားလုံးကိုသိလာရရင် ကျေနပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုရမယ်ရ ကိုယ်ပြောပြထားချင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ နှစ်ယောက်အတူနေပြီးမှ သံသယဖြစ်စရာတွေ ဘာတွေ ဝင်လာမှာ စိုးလို့"

သနပ်ခါး သူ့ကို စူးစမ်းသလို မော့ကြည့်လိုက်ပါသည်။

"ကိုယ် အသက်ဆယ့်ရှစ်နှစ်ကနေ အခု သုံးဆယ့်ငါးနှစ် အတွင်းမှာ သေသေချာချာ၊ သတ်သတ်မှတ်မှတ် ထားခဲ့ဖူးတဲ့ ရည်းစားသုံးယောက် ရှိခဲ့ဖူးတယ်။ သူတို့အပြင် ရည်းစားရယ်လို့ သတ်သတ်မှတ်မှတ် လက်ခံပြီး တွဲတာမျိုးမဟုတ်ပေမဲ့ တော်တော်လေး တရင်းတနှီး တွဲသွားတွဲလာ လုပ်ခဲ့ဖူးတဲ့ မိန်းကလေးကတော့ ငါးယောက်လောက်ရှိခဲ့တယ် သနပ်ခါး။ ဒါပေမဲ့ အခုတော့ ကိုယ် သူတို့အားလုံးနဲ့ ကင်းရှင်းပါတယ်၊ အားလုံးနဲ့လည်း အဆက်ဖြတ်ပြီးပါပြီ။ ဘယ်သူနဲ့မှ မတွဲဘဲ တစ်ယောက်တည်း ပြန်နေစ အချိန်မှာမှ အမေက သနပ်ခါးနဲ့ကိစ္စကို စီစဉ်လာတာပါ။ ဒါကြောင့် သနပ်ခါး သိချင်သည်ဖြစ်စေ၊ မသိချင်သည် ဖြစ်စေ ကိုယ် ပြောပြထားတာပါ။ အိမ်ထောင်ရေးမှာ ပြဿနာအသေးအမွှားလေးတွေ ရှိမနေချင်လို့ပါ"

သူ့ကို ဘယ်လိုဝေဖန်ရမလဲ။ သူဟာ ရည်းစားများတဲ့သူ လူရှုပ်လူပွေလား။ ပိုက်ဆံရှာနိုင်ပြီး ရုပ်ရည်ရော အရွယ်ပါ





ရှိတဲ့ ယောကျ်ားတစ်ယောက်မို့ ဒီလိုပုံစံမျိုး နေခဲ့ဖူးတယ်လို့သတ်မှတ်ရမလား။

"သနပ်ခါး အကြောင်းကတော့ အမေ ပြောပြထားသလောက် သိပြီးပါပြီ။ သနပ်ခါးကရော ဘာထပ်ပြောပြချင်သေးလဲ"

သနပ်ခါးလည်း သူငယ်ချင်းတွေကို သတိရသွားပြီး ...

"ခါးခါးမှာ အခင်ဆုံး သူငယ်ချင်းသုံးယောက် ရှိတယ်"

ဟု ပြောပြလိုက်လျှင် သူက အမှတ်ရဟန်ဖြင့် ...

"ဪ ... ခုနပြောတဲ့ ဒီဇိုင်နာဆီသွားရင် သူတို့ကိုခေါ်မယ်ဆိုတာလား"

ဟူ၍ မေးပါသည်။

"ဟုတ်တယ် ... သူတို့ပဲ။ သူတို့က ခါးခါး မင်္ဂလာဆောင်ရင် အစအဆုံး ဝင်ပါချင်လို့ စောင့်နေခဲ့ကြတာလေ"

"သူတို့ကရော အိမ်ထောင်ကျပြီးပြီလား"

"အားလုံး အိမ်ထောင်ကိုယ်စီနဲ့ပါ၊ မိမိကျော့်နဲ့ ကိုရဲသူမှာ ငါးနှစ်အရွယ် သားလေးတစ်ယောက် ရှိတယ်။ သူတို့က ကျောင်းသားဘဝတည်းက ချစ်သူဖြစ်ခဲ့ပြီး ကျောင်းပြီးတော့ လက်ထပ်သွားတာပေါ့။ မိကျော့်လိုပဲ နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် အေးမြကြည်လင်ကလည်း ကျောင်းပြီးပြီးချင်းပဲ သူချစ်တဲ့ ကိုဥက္ကါနဲ့ လက်ထပ်သွားတာလေ။ အိမ်ထောင်သက် ဆယ်နှစ်နီးပါး ရှိတော့မယ်၊ ကလေးအရမ်းလိုချင်နေတာ မရနိုင်လို့ဆိုပြီး အေးမြ တစ်ယောက် တငိုငိုတရယ်ရယ် ဖြစ်နေတုန်း မိဘမဲ့ကလေးဂေဟာတစ်ခုမှာ သူတို့အလှူသွားလုပ်မိကြတယ်၊ အဲဒီထဲက သမီးလေးတစ်ယောက်ကို သူ မြင်မြင်ချင်း အရမ်းချစ်ပြီး မွေးစားချင်သွားတာနဲ့ သမီးလေးကို စာချုပ်စာတမ်းတွေနဲ့ မွေးစားလိုက်တယ်။ အဲဒီသမီးလေးကို မွေးစားခါစက တစ်နှစ်မပြည့်သေးတဲ့ အရွယ်ပေါ့။ အခုတော့ သမီးလေးက သုံးနှစ်တောင်ကျော်ပြီ၊ သမီးလေး နာမည်ကတော့ သူ့မိဘရင်းတွေ ပေးထားတဲ့ နာမည်ပဲ လီလီတဲ့။ ကလေးကတိုင်းရင်းသားပဲ ကချင် ချင်း အစပ်ပေါ့။ နောက်သူငယ်ချင်းတစ်ယောက်ကတော့ စံပယ်ဖြူတဲ့၊ သူကတော့ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကမှ လက်ထပ်သွားတာပါ၊ သူ့အမျိုးသားက သူ့ထက် ငါးနှစ်လောက် ငယ်တယ်၊ ကိုချစ်ဦးမောင်တဲ့၊ (.....)နာမည်နဲ့ တေးသီချင်း ဗီစီဒီ ထုတ်လုပ်ဖြန့်ချိရေးရယ်၊ အသံဖမ်းစတူဒီယိုကြီးရယ် ဖွင့်ထားတယ်လေ။ ခါးခါးမှာ အဲဒီသူငယ်ချင်းသုံးယောက်ကတော့ တကယ့်ကို အနီးစပ်ဆုံး အရင်းနှီးဆုံးတွေပါပဲ”





စွမ်းစသည် သူငယ်ချင်းသုံးယောက်အကြောင်း မိမောမပန်းနိုင်စွာ တောက်လျှောက်ပြောလိုက်သော သနပ်ခါးကိုအနှောင့်အယှက်မပေးဘဲ အသာပင်ပြုံး၍ နားထောင်ပေးပါသည်။ အသက်သုံးဆယ်ကျော်စ, မိန်းမတစ်ယောက်ဟာ ဆယ်ကျော်သက်၊ နှစ်ဆယ်ကျော်သက် အရွယ်တွေလို သူငယ်ချင်းကို သိပ်ပြီးစွဲလမ်းချစ်ခင်ကြမှာ မဟုတ်တော့ဘူးလို့ ထင်ထားခဲ့တာတွေ သနပ်ခါးကိုမြင်မှ မှားပြီထင်တယ်ဟူ၍ မှတ်ချက်ချရမလိုပင်။ သနပ်ခါးပုံစံက သူငယ်ချင်းတွေကို တော်တော်နှစ်သက် ခင်မင်နေပြီး သူတို့နဲ့ ဘာမဆို တိုင်ပင်မဲ့ ပုံစံပင်။ စွမ်းစ ခေါင်းထဲမှာ မိမိကျော်၊ အေးမြကြည်လင်နှင့် စံပယ်ဖြူတို့ကို အသေအချာ မှတ်သားထားလိုက်ပါသည်။

“တစ်ရက်ကျရင် အားလုံး ဆုံကြရအောင်လေ”

စွမ်းစဟာ မိန်းမတစ်ယောက်ရဲ့အရိပ်အကဲကိုလည်း အကဲခတ်တတ်ကာ ပေါင်းသင်းဆက်ဆံရေးဘက်မှာလည်း ပါးနပ်လှသူမို့ သနပ်ခါး ဘာကိုသဘောကျနိုင်မလဲလို့ အကဲခတ်ပြီး ထိုစကားကို ပြောလိုက်ပါသည်။

တကယ်တော့ သူတို့နှစ်ဦးဟာ တစ်ဘဝစာအရင်းနှီးဆုံး လူသားနှစ်ဦးအဖြစ် မကြာခင်မှာ ပတ်သက်ကြရတော့မှာပေမဲ့ အခုလောလောဆယ်မှာတော့ တကယ့်ကို သူစိမ်းဆန်နေကြဆဲ။ ဘယ်လိုမှ ရင်းနှီးအောင် လုပ်လို့မရဘဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သနပ်ခါး ရင်ထဲမှာတော့ ဝေခွဲမရခြင်းတွေ၊ အလိုမကျခြင်းတွေ၊ အတွေးရခက်ခြင်းတွေ ကြီးစိုးနေခဲ့ပါသည်။ သနပ်ခါး မျှော်လင့်ထားတာက …

"သနပ်ခါး ကိုယ့်ကို ဘာကြောင့် လက်ခံခဲ့တာလဲ"

ဆိုတာမျိုးကို မေးမှာဖြစ်ဖြစ်၊ ဒါမှမဟုတ် …

"ကိုယ် သနပ်ခါးကို မြင်မြင်ချင်း ချစ်သွားခဲ့မိလို့ အမေ ပြောလာတော့ လက်ခံလိုက်တာပါ"

ဆိုတဲ့ ရဲရဲဝံ့ဝံ့ ဝန်ခံလာတာမျိုးကိုဖြစ်ဖြစ် စိတ်ကူးယဉ်ဆန်ဆန် မျှော်လင့်ခဲ့တာပါ။

နှစ်ယောက်အတူတူ နေကြတော့မဲ့သူတွေမှာ အချစ်ဟာ အရေးမကြီးဘူးလားလို့ သူ့ကို မေးလိုက်ကြည့်ချင်သည်။ မိန်းကလေးဘက်ကစပြီး မေးလို့လည်း မသင့်တော်တာမို့ မမေးခဲ့ဘဲ ဒီအတိုင်း အိမ်ပြန်လာရပေမဲ့ ရင်ထဲမှာ မတင်မကျ ဖြစ်ခဲ့သည်။ သေသေချာချာ အကဲခတ်လေလေ သူဟာ သနပ်ခါးကို ဘယ်လိုမှ ချစ်မနေခဲ့ပါဘူးဆိုတာ ရိပ်မိသလိုလို ရှိလာလေလေ ဟူသည့် အသိစိတ်ကို တမင်ပဲ ကြိုးစားမေ့ဖျောက်နေခဲ့မိပြန်သည်။



## ၆

အားလုံး သနပ်ခါးရဲ့ကားနဲ့ပဲ တစ်စီးတည်း သွားကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို အတည်ယူထားကြတာမို့ မနက်ဆယ်နာရီလောက် ရောက်သောအခါ …

"ခါးခါးရေ … ငါရောက်ပြီဟေ့"

ဆိုသော အသံပေါင်းစုံတွေ ရှေ့ဆင့်နောက်ဆင့်ပဲ သနပ်ခါး အိမ်ဝမှာ စီညံ စီညံ ကြားရပါသည်။

ယောက်ျားတွေကိုယ်တိုင် ကားဖြင့် လာချပေးသွားကြပြီး သနပ်ခါးအိမ်မှာ စိတ်ချလက်ချ ထားခဲ့ကြသော မိကျော်၊ အေးမြနဲ့ စံပယ်ဖြူတို့၏ ဝက်ဝက်ကွဲ ရယ်သံ၊ စကားပြောသံ၊ ဆမေကို ပိုင်းမေးမြန်း စပ်စုသံတွေမှာ အိမ်ထဲတွင် တိုးမပေါက်အောင် ညံနေပါသည်။

"အံမာ … သရဲမ၊ အခုမှ ပြင်လို့ပြီးတာလား"

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါး ဝတ်စားပြင်ဆင်ပြီး အနားရောက်လာတော့ ပြိုင်တူ ဝိုင်းအော်မေးကြသည်။

"တိုးတိုးပြောပါဟယ်၊ ကြားပါတယ်၊ ငါ အဝေးကြီးမှာ မဟုတ်ပါဘူး"

"အံမယ် ... အံမယ် ... လေသံက"

"အေးမြ သမီးနဲ့ မီကျော့်သား မပါဘူးလား"

"ဟဲ့ ... ဘာလုပ်မှာလဲ၊ ကလေးတွေ ရှုပ်ကရှုပ်နဲ့၊ အခုမှ ဘာထကြောင်ပြီး မေးတာလဲ"

"ညကမှစဉ်းစားမိလို့ ကလေးနှစ်ယောက်ကို flower boy နဲ့ flower girl လုပ်ခိုင်းမလို့။ ဒါကြောင့် သူတို့အတွက် ပါ ဒီဇိုင်နာဆီမှာ ဝတ်စုံအပ်ပေးရမယ်လေ"

"ဒီဇိုင်နာဆီ တကူးတကကြီး အပ်မနေပါနဲ့ဟယ် ကလေးပဲ။ ရိုးရိုးစက်ချုပ်ဆိုင်ပဲအပ်ရင် ရပါတယ်"

"ဘယ်ဟုတ်မလဲ၊ ပုံကောင်းကောင်းလေးဖြစ်အောင် ဝတ်ရမှာပေါ့"

"ဒါဖြင့် နောက်တစ်ရက်ကျမှ ထပ်ခေါ်သွားလိုက်လေ၊ နင်က စောစောကဖြင့် ကြိုမပြောဘဲနဲ့"

"ဖုန်းဆက်မလို့ပါပဲ၊ ခေါင်းထဲထည့်ထားတာကများတော့ မေ့သွားတာ"

"ဟမ်း ... ဘာမှမများနိုင်ပါဘူး၊ ကိုကို့အကြောင်းပဲ ခေါင်းထဲရောက်နေတာဖြစ်မှာ"





သနပ်ခါး ရှက်ရယ် ရယ်ပါသည်။ မေမေက အိမ်ဘာတိုင်း ဒီလိုပဲ တစ်ယောက်တစ်ပေါက် ပြောသော၊ တစ်ယောက်အားကို ကျန်တစ်ယောက် လှပြောသော၊ ငြင်းခုံတတ်သော၊ တစ်ယောက်ကိုတစ်ယောက် ဝေဖန်ဖို့လည်း ဝန်မလေးသော သူငယ်ချင်းအုပ်စုကြီးကို ရိုးနေဟန်ဖြင့် ပြုံးပြုံး ပြုံးပြုံး လုပ်ကာ စားထောင်နေသည်။

"သမီးတို့ ပြန်လာပြီး ထမင်းစားကြဦးနော်၊ အန်တီပိုချက်ထားလိုက်မယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ အန်တီ့လက်ရာ မစားရတာ ကြာပြီ၊ စားမယ်"

"ဟဲ့ ... မီကျော့်ရယ်၊ ခုပဲ ဆယ်နာရီရှိနေပြီ သွားမှာလာမှာနဲ့ ဒီဇိုင်နာဆီမှာ ကြာဦးမှာနဲ့ အိမ်ကိုမနက်စာစားဖို့ ပြန်ရောက်ပါ့မလား"

"အေးလေ ... တော်ကြာ ဗိုက်ဆာလာရင် တွေ့တဲ့ဆိုင် ဝင်စားမဲ့ ရုပ်ကများ"

အေးမြကပါ ဝင်ပြောလိုက်မှ ...

"ဟာ ... ဟုတ်သားပဲ၊ ရုတ်တရက်ဆိုတော့ အန်တီ့လက်ရာမက်သွားပြီး ပြောမိတာ။ တကယ်တော့ အချိန်က ကိုးလိုးကန့်လန့် ဖြစ်နေပြီ"

"ဒါဖြင့်လည်း သမီးတို့ ထမင်းစားပြီးမှ သွားပေါ့"

မေမေက ကျွေးချင်စောဖြင့် ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ မစားတော့ဘူး အန်တီ။ နောက်တစ်ရက်ကျ ကလေးနှစ်ယောက်ကို ထပ်ခေါ်သွားပြီး ဒီဇိုင်နာဆီသွား ရဦးမယ် မဟုတ်လား ခါးခါး။ အဲဒီနေ့ကျမှ ကလေးရော လူကြီးရော ဒီအိမ်မှာ ထမင်းစားပြီး နေ့လယ်မှာ ဒီဇိုင်နာဆီ သွားကြတာပေါ့။ ဘယ်လိုလဲ ခါးခါး"

စံပယ်ဖြူက ဝင်စီစဉ်ပေးလေသည်။

ဒါနဲ့ပဲ အားလုံး သနပ်ခါးအိမ်မှာ ထမင်းလာစား မဲ့အကြောင်း ချိန်းဆိုပြီးလျှင် အိမ်က ထွက်လာကြပါသည်။ သနပ်ခါး မောင်းသော ဆူဇူကီးအာရ်ပလပ်(စ)ကား အနီလေး ထဲလည်း စကားသံတွေ ဆူညံနေသည်မှာ ဖွင့်ထားသော Pink ရဲ့ So what သီချင်းကိုပင် ကျော်ပြီးလွှမ်းနေသည်။

"အခုအရောင်တွေက အစုံခေတ်စားတာနော်"

"နင် ဘာရောင်ရွေးထားလဲ"

"လူကြီးတွေက ဗေဒင်မေးပြီးပြီလား၊ ဘာအရောင်တွေ ရောင်ရမယ်တို့ ဘာတို့"

"အခုက ချိတ်ခွံခေတ် မဟုတ်တော့ဘူးနော်၊ ဖန်စီကျော တွေ၊ စိန်တွေ၊ ပုလဲတွေ၊ ဖန်ချောင်းတွေ၊ စီးကွင်းဘော ကြယ်တွေနဲ့ ထိုင်မသိမ်းဝတ်တဲ့ခေတ်"

"နင့်လူကြီးကရော ဘာဝတ်မှာတဲ့လဲ"

"ထိုင်မသိမ်းဝတ်ရင် ငါတော့ ပုံတော်နဲ့ပဲ လိုက်တယ်ထ တယ်၊ အပေါ်ကတော့ မြန်မာ့ရိုးရာဝတ်စုံကြီး ဝတ်





အောက်ကဖိနပ်ကတော့ လေဒီရှူးတွေ ဒေါက်မြင့်တွေဖြစ် နေရင် ကပြားကြီးလိုပဲ"

သူတို့က ပြောလိုက်၊ သနပ်ခါးကလည်း ကားကို အာရုံစိုက် မောင်းနေရင်းမှ ဝင်ပြောလိုက်ဖြင့် နာမည်ကြီး ဒီဇိုင်နာ၏ဆိုင်သို့ ရောက်လာကြပါသည်။ သတို့သမီးဝတ်စုံချုပ်ဖို့အတွက် ကျမှ ရောက်လာတာ မဟုတ်ဘဲ အရင်တည်းကပဲ ပွဲနေ့ပွဲထိုင် သွားတွေ၊ ပိတ်စတစ်မျိုးမျိုး အဆန်းအပြား ရလာလို့ ပုံကောင်းကောင်းလေး ဝတ်ချင်တာမျိုးတွေ ရှိရင်လည်း ဒီပဲလာအပ်နေကျ၊ ကျောင်းသူဘဝတည်းကလည်း ဒီလေးယောက်အုပ်စုနဲ့ ဆုံဖူးနေကျမို့ ဒီဇိုင်နာက လှိုက်လှိုက်လှဲလှဲ ခေါ်ပါသည်။

အထူးသဖြင့် မယ်ရွေးပွဲဝင်ဖူးသော၊ စီးရီးတစ်ခွေ အရှုံးထပြီး ထွက်ဖူးသော စံပယ်ဖြူနဲ့ကတော့ ပိုပြီးရင်းနှီးပါသည်။ မယ်ရွေးပွဲတုန်းကလည်း ချုပ်လိုက်ရတဲ့ဝတ်စုံတွေ နည်းမှမနည်းပဲ။ စီးရီးထုတ်တော့လည်း ကြော်ငြာဖေါလ်ရှိုထ်၊ ပိုစတာ၊ စီးရီးကာဗာ၊ မဂ္ဂဇင်းမျက်နှာဖုံး၊ ဂျာနယ်မျက်နှာဖုံးထည့်ဖို့ အဝတ်အစားတွေ ချုပ်၊ ဓာတ်ပုံတွေရာနဲ့ချီရိုက်လိုက်ရတာ နည်းမှမနည်းတာမို့ စံပယ်ဖြူနဲ့ကတော့ ဒီဇိုင်နာဟာ ပြောမနာ ဆိုမနာ အရင်းနှီးဆုံး ဆွေပင် ဖြစ်နေသည်။

ဘာမှမရွေးရသေးခင်မှာပင် ဒီဇိုင်နာရဲ့ဝန်ထမ်းတွေ က မုန့်တွေ အအေးတွေ လာချည့်ခံထားလိုက်သေးလေသည်။ စံပယ်ဖြူက တီးတိုးအတင်းအုပ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုခေတ်က ဒီဇိုင်နာတွေ မှိုလိုပေါက်လာပြီး အားလုံး အပြိုင်အဆိုင် သတို့သမီးဝတ်စုံတွေ ထုတ်နေကြတော့ customer တစ်ယောက်လာရင် သူတို့ဆီက လွတ်မသွားအောင် ဝိုင်းဆွဲထားမှ ဖြစ်မှာလေ။ ဒါကြောင့် ငါတို့ကို ပျာပျာသလဲ ခေါ်ခဲ့တာနေမှာ"

"ငါတို့က လေးယောက်ပါတာလေ၊ ခါးခါး ဝတ်စုံတွေ တင်မကဘူး။ ငါတို့ကလည်း ခါးခါးပွဲမှာဝတ်ဖို့ အပ်မယ်ဆိုတော့ သူ့အတွက် မဆိုးပါဘူး။ တွက်ခြေကိုက်မှာပါ"

အေးမြ ထိုသို့ပြောနေစဉ် ဒီဇိုင်နာ ရောက်လာသည်။

"ဒီမှာ ကတ်တလောက် ကြည့်ပါဦး၊ ဒါ တို့မျှားဒီနှစ်အတွက် တီထွင်ထားတဲ့ သတို့သမီးဝတ်စုံတွေပဲ။ မင်းသမီးကို ပေးဝတ်ပြီး ကြော်ငြာဝေါလ်ရှိုထ်လည်း ရိုက်ပြီးပြီ။ ပြက္ခဒိန်လည်း ရိုက်ပြီးပြီ မထွက်သေးတာ။ နောက်လထဲမှာ အားလုံးထွက်မယ်"

လေးယောက်သား လှပဆန်းပြား ကြွားဝင့်လှသော ထိုင်မသိမ်းဝတ်စုံတွေဆီ ခေါင်းချင်း ဆိုင်လိုက်မိကြတော့လေသည်။

"ဟယ် ... ဒါလေး လှလိုက်တာဟယ် ပန်းဆီလေး"

"ဒါလေးက ငွေမင်နဲ့ ရွှေရောင်ပြေးထားတဲ့ ဝတ်စုံ၊ ဆန်းတယ်ဟဲ့"

"ဒါကမှ ဘိုဆန့်တဲ့အရောင် ကရင်(မ)ကာလာလေး"

"အဝါနုလေးလည်း မဆိုးပါဘူး"





"သခွားမွှေးရောင်က လန်းတယ်ဟဲ့၊ အသားလည်း လင်းစေတယ်၊ သနပ်ခါးနဲ့ ပိုလိုက်တယ်"

"အမယ်လေး ... ဝတ်စုံတွေက လှလိုက်တာ၊ မင်္ဂလာဆောင် ပြန်ဆောင်ချင်လာပြီ ... ဟီ ဟီ"

"ငါတို့ဆောင်တုန်းက ဝတ်စုံတွေ အခုလောက်လည်း မကြော်ငြာသေးဘူး၊ ချိတ်ထိုင်မသိမ်းကလွဲရင် ဘာမှမဆန်းပြားကြသေးဘူးနော်"

"အေးဟယ် ... ဟုတ်ပါရဲ့၊ အခုကျမှ ပုလဲလုံးတွေ စိန်တွေ ဖန်ချောင်းတွေ ဖန်လုံးတွေနဲ့ ဆန်းလိုက်တာ"

"အရောင်ကလည်း အဝါ၊ ပန်းရောင်၊ အဖြူရောင်ပဲ အရင်က မင်္ဂလာရောင်ထားတာ၊ အခုကျ အရောင်လေးတွေလည်း ဆန်းပြီး စုံလာပြီနော်"

သနပ်ခါးအပါအဝင်မိန်းမလေးယောက်သား မင်္ဂလာ ဝတ်စုံတွေထဲ ချာချာလည်အောင် ရွေးနေတော့သည်။ ဒီဇိုင်နာမိန်းမလျာကလည်း ဝတ်စုံတစ်စုံကို လက်ညှိုးထောက်လိုက်တိုင်း၊ ဝတ်စုံကို သူပေးထားသော နာမည်အပါအဝင်၊ ဘယ်နေရာလေးကို ဘာထည့်ပြီး ချုပ်ထားတာ၊ ဘာညာနဲ့ သူ့ဝတ်စုံကို ညွှန်းနေပါသည်။

နောက်ဆုံးတော့ သူငယ်ချင်းတွေ သဘောတူညီချက်အရရော၊ သနပ်ခါးလည်း အကြိုက်တွေ့သော ပုလဲရောင်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ရွေးလိုက်ပါသည်။ ပုလဲရောင်မှာ ပန်းရောင်ပါးပါးလေး ဖျော့ဖျော့လေး ပါတယ်ဆိုရုံပါနေသော အရောင်မျိုးဖြစ်သည်။ ဝတ်စုံဖိုးကို တွက်ချက်ပြီး စရန်ပေးရပါသည်။ ဝတ်စုံကို တစ်လ ခွဲချိန်းပါသည်။

လက်မှတ်ထိုးတဲ့နေ့ ဝတ်စုံကတော့ လူကြီးတွေက ချိတ်လုံချည် ဝတ်စေချင်သဖြင့် ထိုချိတ်လုံချည်ကတော့ အသိမိတ်ဆွေဆိုင်မှာ မှာထားပြီးလေပြီ။ ထိုချိတ်လုံချည်နဲ့ တွဲဝတ်ရမဲ့ အပေါ်ဝတ် မြန်မာအင်္ကျီရယ်၊ ဧည့်ခံပွဲအပြီး ဒင်နာဝတ်စုံရယ်ကိုလည်း ဒီ့ဒီဇိုင်နာဆီမှာ ဆက်အပ်လေရာ ထိုဝတ်စုံတွေက တစ်လချိန်းပါသည်။

"သခွားမွှေးရောင်လေးက လက်မှတ်ထိုးရင်ဝတ်မယ်၊ ဒင်နာကိုတော့ အနီရဲရဲအီးဗနင်းဒရက်လ်(စ)လေး ဝတ်မယ်၊ ဟုတ်ပြီ၊ အလှဆုံးဖြစ်အောင် ချုပ်ပေးမယ်"

'ပိတ်စပါ ကိုယ်ကရွေးစရာမလိုဘဲ ဒီဇိုင်နာဆီမှာ အကုန်အပ်လို့ ရတာမို့ သနပ်ခါးကိစ္စက ပြီးသွားပေမဲ့ ကျန်တဲ့ သုံးယောက်တို့ကလည်း သတို့သမီးနဲ့အပြိုင် အပ်ကြတာမို့ ဒီဇိုင်နာခမျာ ဆက်ပြီးအလုပ်ရှုပ်ရသေးသည်။

ဒီဇိုင်နာဆီက ထွက်လာတော့ နေ့လယ် တစ်နာရီတောင် ကျော်သွားပါသည်။ ဒါနဲ့ပဲ သူငယ်ချင်းအုပ်စုကြီး ဂျပန်စာ ဆူရှီစားမယ်လို့ တိုင်ပင်ကာ ဂျပန်ဆိုင် ဝင်ခဲ့ကြပါသည်။





သနပ်ခါးတို့လေးယောက် ဆုံလိုက်ရင် ဒီလိုပဲ ဟားဟားဟားဟား ရယ်လိုရယ်၊ စကားတွေ လုပြောလိုပြောနဲ့ ဆိုင်ထဲဝင်လာကြသောအခါ ဆိုင်ထဲမှာရှိနှင့်နေပြီးသော လူတော်တော်များများ၏ အာရုံစိုက်ကြည့်ရှုခြင်းကို ခံရလေသည်။

အားလုံးကလည်း ရှိရင်းစွဲအသက်ထက်ပင် ငယ်နေပုံပေါက်သဖြင့် ရုတ်တရက် မှန်းဆရရင် နှစ်ဆယ့်ငါးထက် ဘယ်လိုမှပိုပြီး မမှန်းဆနိုင်ပါ။ အေးမြတို့ မိကျော်တို့လို အိမ်ထောင်သက် တော်တော်ရပြီးသူတွေကလည်း အိမ်ထောင်ရှိတယ်လို့ပင် မထင်ရလေအောင် နုပျိုလှန်းဆန်းပြီး တောက်ပနေတာ။

အလှအပ လိုက်စားပြီး ကိုယ့်ကိုယ်ကိုယ် အမြဲဂရုစိုက်တတ်လှသော စံပယ်ဖြူဆိုရင်တော့ ပြောမနေနဲ့။ အခုခေတ် ဘာပေါ်သလဲ၊ ဘာခေတ်စားသလဲ ဆိုတာတွေ သူ့ကိုယ်ပေါ်မှာ ရှာတွေ့နိုင်တာမျိုးလို့ စံပယ်ဖြူ့ကိုဆို နှစ်ဆယ့်ငါးတောင်မပြည့်သေးဘူးဟု ထင်တဲ့သူက ထင်ခံရတာမျိုးပါ။

မြန်မာအမျိုးသမီး အများစုဟာ ရုပ်ရည်လည်းသင့်တင့်ပြေပြစ်မယ်ဆိုရင်၊ ပြင်ပြင်ဆင်ဆင်လည်း နေတတ်မယ်ဆိုရင်တော့ ရှိရင်းစွဲအသက်ထက် လေးငါးနှစ် ဆယ်နှစ် ပိုပြီးနုပျိုသယောင် ထင်ရတဲ့ အရွယ်တင်ခြင်းဆိုတဲ့ ဂုဏ်ပုဒ်ကို တော်တော်များများ ပိုင်ဆိုင်ကြသည်ဟု ထင်ပါသည်။

လေးယောက်သား ဆူညံဆူညံနဲ့ ဝင်လာပြီး မီနူးကြည့် မှာကြတာလည်း အလုအယက်။ အသက်တွေကသာကြီး



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကျောင်းသူဘ၀နဲ့ ဝေးနေတာကြာပေမဲ့ သူတို့လေးယောက်
ဟာ ဆုံလိုက်ရင် ကျောင်းသူစိတ် မကုန်နိုင်ကြဘဲ လွတ်လပ်ပေါ့
ပါးကုန်ကြသည်။

"ပုစွန်တန်ပူရာလေး မှာရအောင်"

"ဟယ် ... ငါ deep fried တွေ မစားဘူး၊ အဆီရှောင်
ရမယ်"

"စံပယ်ဖြူကလည်းဟယ်၊ နင် ဘယ်လောက်မှ မ,ဝတာ
စိတ္တဇဖြစ်နေတာ ကျနေတာပဲ။ ဟိုဟာစားရင် ဝမှာကြောက်
တာနဲ့ ဒီဟာစားရင် ဝမှာကြောက်တာနဲ့"

"ဆဲလ်မွန်ငါးနဲ့ လိပ်ထားတဲ့ ဆူရှီပဲ စားမယ်၊ ငါးကဘာ
အဆီမှ မပါဘူး"

"ကဲပါဟယ်၊ သူ့သဘောပါ၊ သူမှာချင်တာ မှာပါစေ"

"ခါးခါးက ဘာစားမှာလဲ"

"ငါက ဂဏန်းဆူရှီ"

"မီကျော်ကရော"

"ငါလည်း ခါးခါးလို ဂဏန်းပဲစားမယ်"

"တန်ပူရာရော"

"တန်ပူရာ တစ်ပွဲမှာရင် အများကြီးပါ၊ ငါတို့သုံးယော
စားလို့ရပါတယ်"

"ငါကတော့ ငါးနဲ့လုပ်တာ မကြိုက်လို့ ကြက်သား
ထောပတ်သီးထည့်လိပ်ထားတဲ့ ဆူရှီပဲစားမယ်"





အေးမြက အားလုံးအတွက် မှတ်သားပြီးသောအခါ
ဂျပန်လိုဝတ်ပြီး စားပွဲထိုးရသော စားပွဲထိုးဝိတ်တာကို အသေ
အချာ မှာလိုက်ပါသည်။

အေးမြ မှာပြီးမှ သနပ်ခါးလည်း ပတ်ဝန်းကျင်ကို
အနည်းငယ် ဝေ့ဝဲကြည့်မိသည်။ အဲဒီမှာ ရင်ထဲတွင် ဒိန်းခနဲမြည်
သွားအောင်ပင် ဖြစ်သွားရတဲ့အထိ ခံစားလိုက်ရတော့သည်။

သနပ်ခါးဘက်ကို မျက်နှာချင်းဆိုင် ထိုင်နေသော
သူ့ကို တွေ့လိုက်ရ၍ပင်။ သူ့စားပွဲမှာ သူနဲ့အတူ ချောချောလှလှ
မိန်းကလေးတစ်ယောက် ရှိနေခဲ့သည်။ သူတို့ နေ့လယ်စာအတူ
စားနေကြတာလည်းဖြစ်သည်။ သူဟာ သနပ်ခါးတို့ ဝင်လာတာကို
မမြင်ဘဲ နေမှာမဟုတ်။ မသိဘဲ နေမှာမဟုတ်။ သူ မြင်ကိုမြင်
မှာ၊ သိမှာ၊ တွေ့မှာပါ။ ဒါပေမဲ့ သူ ဘာကြောင့် ထလာပြီးနှုတ်
မဆက်သလဲ။ အပြင်မှာ မတော်တဆ ဆုံကြတဲ့အခါ ဘာကြောင့်
သူစိမ်းဆန်ဆန် နေပြရသလဲ။ သူနဲ့တရင်းတနှီးရှိလှတဲ့ အမျိုးသမီး
ဟာ ဘယ်သူလဲ။

သနပ်ခါးသည် ရင်ထဲနာကျင်လာလွန်းလှသဖြင့်
ဟန်တောင်မဆောင်နိုင်တော့သလို ဖြစ်လာသည်။ မျက်နှာအပျက်
ကြီးပျက်ကာ ငြိမ်သက်သွားသော သနပ်ခါးကို သူငယ်ချင်းတွေ
သတိထားမိသွားပါသည်။

"ဟယ် ... ခါးခါး၊ ဘာဖြစ်နေတာလဲ"

"မျက်နှာလည်း မကောင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးစက်ပြီး ငြိမ်သွားလိုက်တာ"

သူတို့သုံးယောက် စကားမဆုံးခင်မှာပင် သူတို့အနား ကို လာရပ်လိုက်သော လူရိပ်တစ်ရိပ်ကြောင့် သုံးယောက်သား မော့ကြည့်လိုက်သည်။ သူတို့ ဘယ်သူမှန်း မသိရသေးခင်မှာ ...

"ဟဲလို ... လေဒီ(စ)"

ဟူသော တရင်းတနှီး နှုတ်ဆက်လိုက်သံ။

"ကျွန်တော် စွမ်းစပါ။ သနပ်ခါးရဲ့ faince (ဖီယွန်းဆေး) ဆိုပါတော့"

ဆိုသော သူ့ကိုယ်သူ မိတ်ဆက်သံတွေဟာ တစ်ဆက်တည်း ထိုသူ့ဆီမှ ကြားလိုက်ရပါသည်။

သူငယ်ချင်းသုံးယောက်စလုံးရဲ့ မျက်လုံးတွေဟာ စွမ်းစကို ကြည့်လိုက်၊ သနပ်ခါးကို လှည့်ကြည့်လိုက်။

"ဝင်လာကတည်းက တွေ့ပါတယ်၊ မိတ်ဆွေတစ်ယောက်နဲ့ ဆွေးနွေးလက်စ စကားမပြတ်သေးတာနဲ့ ချက်ချင်းလာနှုတ်မဆက်တာ"

"ဩော် ... ဩော် ... အင်း ... ဟုတ်ကဲ့၊ မီကျော်တို့ကတော့ ကိုစွမ်းစကို နာမည်ပဲ ကြားဖူးပြီး မတွေ့ဖူးသေးလို့"

အသံတိတ်လှသော သနပ်ခါးကိုတော့ သူငယ်ချင်းတွေရော၊ စွမ်းစပါ အကဲခတ်မိပုံဖြင့် တစ်ချက်ကြည့်လိုက်သည်။ အေးမြကတော့ ဘယ်တော့မဆိုဘဲ သနပ်ခါးဘက်တော်သား၊ သနပ်ခါး အကောင်းပဲလုပ်လုပ်၊ အဆိုးပဲလုပ်လုပ် သနပ်ခါးဘက်





ကသာ ဝင်ပါတတ်သူ၊ သနပ်ခါးရဲ့ လူစစ်စစ်ဖြစ်လေရာ သနပ်ခါးဟာ အလကားနေရင်း မျက်နှာကြီးပုပ်ပြီး ငြိမ်နေစရာ အကြောင်း မရှိဘူး။ ဒါဟာ အကြောင်းရှိလို့ ငြိမ်နေတာပဲလို့ သဘောပေါက်ပေးနိုင်ပါသည်။

"မီကျော့်နာမည်က မီမီကျော်ပါ"

"ကျွန်မက စံပယ်ဖြူပါ"

"ကျွန်မကတော့ အေးမြကြည်လင်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဟဲ့ ... ခါးခါး၊ ကိုစွမ်းစပါ ငါတို့နဲ့စားဖို့ ခေါ်လိုက်လေ"

စံပယ်ဖြူက အားနာသလို သတိပေးသည်။ စွမ်းစတစ်ယောက်တည်း မတ်တတ်ကြီးရပ် စကားပြောနေရတာဖြစ်သဖြင့် အားနာလာသည်။ စွမ်းစက သနပ်ခါးကို နားမလည်သလိုတော့ဖြစ်ပြီး ခဏ ခဏပဲ အကဲခတ်ပြီး ကြည့်ပြပါသည်။

"သူ မစားချင်ပါဘူး၊ သူ့မှာ အဖော်ပါတယ်၊ ငါတွေ့ပြီးပါပြီ။ သူတို့ အတူတူစားပြီးနေပြီ၊ ဒါကြောင့် မခေါ်တာ။ ဟုတ်တယ် မဟုတ်လား ကိုစွမ်းစ၊ ကိုစွမ်းစ အဖော်က သူ့တစ်ယောက်တည်း၊ ပစ်ထားရင် ဘယ်ကြိုက်ပါ့မလဲ။ လာစာနှုန်းကတော့ သူနဲ့အတူလာပြီး ဒီဘက်ဝိုင်း ဝင်ထိုင်ရင် ဘယ်ကြိုက်မလဲ"

သနပ်ခါးက အဲဒီဘက်ဝိုင်းဆီပါ မေးငေါ့ပြရင်း ဘမင်ပြောလျှင် (သူငယ်ချင်းတွေ တွေ့စေချင်၍) ဟိုသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ဝါ စွမ်းစ ဘယ်ဝိုင်းမှာ ထိုင်သလဲ၊ ဘယ်သူနဲ့ လာသလဲဆိုတာ အခုမှ သိကုန်ကြပြီး အံ့သြကုန်ကြသည်။ တစ်ဖက်ဝိုင်းတွင်ကျန်ခဲ့သော (မသိရင် ရုပ်ရှင်မင်းသမီးလား ထင်ရစေသည့်) ချောချောလှလှ အမျိုးသမီးငယ်လေးကတော့ စားပွဲကို မေးလေးထောက်ရင်း တောင့်တောင့်မတ်မတ်လေး ထိုင်နေပါသည်။ ခေတ်စားနေသော နေကာမျက်မှန်အကြီးကြီးကို နဖူးပေါ် ပင့်တင်ထားသော၊ နားကွင်းဝိုင်းဝိုင်းပြောင်ပြောင်ကြီး တလက်လက်မှာ သူမမျက်နှာနဲ့လိုက်ဖက်လှသော၊ သူမလို ချောမောသော မိန်းကလေးတွေ အများကြီး မြင်ဖူးပေမဲ့ သူမကတော့ ဘယ်နေရာမှာ ဘယ်လိုဆွဲဆောင်မှု ရှိနေမှန်းမသိဖြစ်လျက် ကြည့်ပြီးရင်း အခါခါကြည့်ချင်တဲ့ ရုပ်လေးမျိုး ဖြစ်နေသော အမျိုးသမီးငယ်မှာ အရွယ်အားဖြင့် နှစ်ဆယ်ကျော်လား၊ သုံးဆယ်နားနီးပြီလား ဆိုတာတော့ ခန့်မှန်းရခက်ပါသည်။

သူမကလည်း သနပ်ခါးတို့အုပ်စု ကြည့်နေမှန်း သိပေမဲ့ ပြုံးလည်းမပြ၊ နှုတ်ပင်မဆက်ဘဲ ခပ်တည်တည်ကြီး လုပ်ပြနေသည်။

"ဩော် ... ယော် ... သူက ကိုယ်တို့ကုမ္ပဏီနဲ့ မိတ်ဖက်၊ ရှယ်ယာဝင်ဖက်ကုမ္ပဏီက M.D ဒေါ်ကုမုဒြာပါ၊ သနပ်ခါးတို့နဲ့ ရွယ်တူလောက်ပဲ ရှိမယ်ထင်တယ်။ သူ သနပ်ခါးကို သိပါတယ်။ ကိုယ်တို့ အလုပ်ကိစ္စ စကားပြောရင်း သူက ဂျပန်စာကြိုက်တတ်လို့ ဒီခေါ်လာတာလေ"





စွမ်းစ ပုံစံနဲ့ မျက်နှာအနေအထား၊ စကားပြောဟန်တွေဟာ သူ ဘာမှအမှားမလုပ်ဘူး၊ သူလုပ်နေတာ မှန်တယ်၊ ဘယ်သူ့ကိုမှ ဖုံးကွယ်စရာ မလိုဘူး၊ ကြောက်စရာမလိုဘူးဆိုသော ဟန်ပန်အပြည့်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ ဖြစ်ပါသည်။

"မိတ်ဆက်ပေးရဦးမယ်"

"အို ... အို ... နေပါစေ၊ မိတ်ဆက်မပေးပါနဲ့၊ ရပါတယ်၊ သနပ်ခါး ခုချိန်မှာ သူငယ်ချင်းတွေနဲ့ကလွဲရင် ဘယ်သူ စိမ်းနဲ့မှ စကားပြောချင်စိတ် မရှိဘူး"

သနပ်ခါးသည် အားမနာ ပါးမနာ ဖြုန်းခနဲ ပြောချလိုက်ပါသည်။ ကျန်တဲ့သုံးယောက်မှာ အားတွေနာပြီး စွမ်းစကိုပင် မကြည့်ရဲသလို ဖြစ်နေသည်။ စံပယ်ဖြူကတော့ သနပ်ခါးခြေထောက်ကို မမြင်ရပေမဲ့ စားပွဲခုံအောက်မှ မှန်းပြီး တစ်ချက်ကန်လိုက်သေးလေသည်။ အေးမြက မျက်နှာရိပ် မျက်နှာကဲတွေ ပြလို့နေသည်။ မီကျော်ကတော့ အားနာသလိုဖြင့် ခေါင်းကြီးငုံ့နေတော့၏။

စွမ်းစသည်လည်း ရုတ်တရက်ကြီး ဒီလိုပြောချလိုက်လျှင် မျက်နှာမှာ စပ်ဖျဉ်းဖျဉ်း ခံစားချက်လိုမျိုး ခံစားလိုက်ရပေမဲ့ ချက်ချင်းပင် အမူအရာ ပြင်လိုက်နိုင်ကာ ...

"အိုခေ ... ဒါဆို ကိုယ်တို့ စားပြီးနေပြီမို့ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်မပါးနှစ်ဖက်ပါ ဖြန့်သလို အမှုအရာမှာ ကောင်းပြီ၊ မင်းသဘောပဲ ဆိုတဲ့ပုံစံ ပေါက်နေသည်။

သနပ်ခါး မကျေနပ်မှန်း သိပေမဲ့၊ မယုံသင်္ကာဖြစ်မှန်း သိပေမဲ့ သူ့ပုံစံက ဒါကို အထူးတလည် ဖြေရှင်းနေချင်တဲ့ပုံစံ မပေါ်။ ဒါဟာ အရေးလုပ်စရာ မဟုတ်ဘူး၊ ဖြေရှင်းဖို့မလိုဘူးလို့များ ထင်သလား ရှင်ရယ်။

"ကဲ ... အားလုံးပဲ နှုတ်ဆက်တယ်နော်၊ နောက်မှဆုံကြရအောင်လေ"

"ဪ ... အင်း ... အင်း ... ရပါတယ်"

တွေ ဘာတွေ ကမန်းကတန်း ဗလုံးဗထွေးတွေပြောပြီး အတတ်နိုင်ဆုံး ဖန်တီးပြုံးတွေနဲ့ နှုတ်ဆက်ရသူမှာကား သနပ်ခါး၏ သူငယ်ချင်းသုံးယောက်တည်း။

***

## ၇

"သူ ဘယ်လိုလူစားလဲဟယ်၊ နင်တို့ ဝိုင်းစဉ်းစားကြည့်ပေးကြပါဦး"

ဆိုင်ကအပြန်၊ အိမ်ပြန်ရောက်တဲ့အထိရော၊ သူငယ်ချင်းတွေ နှုတ်ဆက်ပြီး ပြန်သွားတဲ့အထိရော စကားတစ်ခွန်းမှ မပြောခဲ့သော သနပ်ခါးတစ်ယောက် မနက်အစောကြီး ခြောက်နာရီလောက်မှ အေးမြဆီ ဖုန်းဆက်ပြီး ထိုစကားကို စပြောပါသည်။ အေးမြသည် အိပ်ချင်မူးတူးဖြင့် ဖုန်းထကိုင်ပြီးလျှင် ရုတ်တရက် အိပ်ရာက ကောင်းကောင်းမနိုးသေးသလိုဖြစ်ကာ ...

"အင်း ... အဲ ... အား ... ဝါး"ဖြင့် အဖြေပေးလို့ မရနိုင်ဘဲ ဖြစ်နေပါသည်။ ကိုဥက္ကါကတော့ ဒီမိန်းမနဲ့ပေါင်းလာတာ ကြာလှပြီ။ ဒီမိန်းမရဲ့သူငယ်ချင်းတွေရဲ့ တစ်ယောက်စရိုက်တစ်မျိုးစီကိုလည်း အကုန်သိထားပြီးပြီဖြစ်ရာ တစ်ချက်ထလေး

www.burmeseclassic.com

ကြည့်၊ ခေါင်းကုတ်၊ အိမ်သာထဲဝင် ရှူးရှူးပေါက်ပြီးလျှင် အိပ်ရာထဲ ပြန်တိုးဝင် အိပ်နေလိုက်တော့သည်။

"အေးမြရယ် ... ပြောပါဦး၊ ငါ ဒီမှာ ခေါင်းတွေပူနေပြီ။ ဘာမှ အခြေအနေတွေ မလွန်ခင် ရပ်လိုက်ရရင် ကောင်းမလားဆိုတဲ့ မေးခွန်းကိုလည်း ခဏခဏ မေးရလွန်းလို့ လူက အူထူနေပြီ"

"အမှန်အတိုင်းပြောမယ်ဟယ်၊ ငါလည်း ဘယ်လိုလုပ်အကဲခတ်တတ်ပါ့မလဲ။ မနေ့ကမှ မိနစ်ပိုင်းလောက်တွေ့တာ"

"မိန်းမတစ်ယောက်နဲ့ ကြည်ကြည်နူးနူး ရယ်မောပြီး နေ့လယ်စာ အတူစားနေတယ်။ ငါ ဝင်လာတာကို သူ အရင်မြင်ပြီးသားပဲ။ ဒါကို ချက်ချင်းလာမနှုတ်ဆက်သေးဘဲ သူတို့ရဲ့စားပွဲကို ပြီးအောင်စားတယ်၊ ပြီးမှ အေးအေးဆေးဆေး ထလာပြီး စကားလာပြောတယ်၊ ပြောပုံဆိုပုံက သာမန်မိတ်ဆွေတစ်ယောက်ကို တွေ့လို့ လာနှုတ်ဆက်ပုံနဲ့။ လုံးဝခံစားချက်မပါတဲ့ရုပ်နဲ့။ ငါဟာ ဟိုမိန်းမထက်စာရင် ဘာမှအရေးမပါတဲ့ နေရာမှာရှိတဲ့ နေနေရတဲ့ပုံစံနဲ့ ငါ အဲဒီလိုပဲ ခံစားရတယ်"

"ခါးခါး ... ငါက ဒီတစ်အုပ်စုလုံးမှာ အအေးဆုံး။ အတုံးဆုံး။ နင့်ဘက်လည်း အလိုက်ဆုံးနော်၊ နင် ဘာပြောပြော ငါက နင့်ဘက်ပါမှာပဲ။ ထောက်ခံမှာပဲ။ ဒီတော့ ငါဘာမှ





ထင်မြင်ချက် မပေးချင်ဘူး။ ဖြစ်နိုင်ရင် မီကျော်နဲ့ စံပယ်ဖြူကိုပါ ဆုံပြီးမေးရင် ကောင်းမယ်"

"ဒါဆို ဒီနေ့ ဆုံမယ်"

"အေးပါဟယ်"

သနပ်ခါးမှာ ကိုယ့်ကိစ္စကိုယ် ဦးစားပေးမိသလိုဖြစ်နေသဖြင့် ရုတ်တရက် သတိရသွားပြီးလျှင် ...

"ဟယ် ... နေဦး၊ နင်တို့အားရဲ့လားဟယ်"

ဟု ကမန်းကတန်း ပြန်မေးမိသည်။

"လီလီ့ကို ဒိုရေမီ သွားပို့ပြီးရင် ကိုဥက္ကါအမေက ငါ့လက်ရာ ကြက်သားကာလသားချက် စားချင်တယ်ဆိုလို့ ဟင်းချိုင့်သွားပို့ရမယ်၊ အဲဒါပြီးရင် ငါ အားပါ့တယ်၊ လီလီ့ကို သွားပြန်မကြိုတော့ဘူး ကိုအဂ္ဂါကိုပဲ ကြိုခိုင်းလိုက်မယ်"

"ဆောရီးပါဟယ်၊ ငါက ငါ့ပြဿနာပဲ ပြောပြီး နင်တို့ကို လျစ်လျူရှုသလို ဖြစ်နေပြီ"

"ရတယ် ... ရတယ်၊ ငါတို့ နင့်ကို ချစ်တာပဲ၊ ဒီလောက်တော့ အချိန်ပေးနိုင်ပါတယ်၊ စံပယ်ဖြူကလည်း အားမှာပါ၊ သူ့မအားတာဆိုလို့ Treadmill ပေါ်မှာ ပြေးနေရလို့၊ Gym မှာ သွားကစားနေရလို့၊ အလှပြင်ဆိုင် ရောက်နေလို့ပဲ ရှိမှာပါ"

"မီကျော်ကရော"



www.burmeseclassic.com

www.burmeseclassic.com

"မီကျော်သားက သူငယ်တုန်း တစ်နေကုန်ကျောင်းလေ၊ ကလေးကျောင်းပို့ပြီးရင် မီကျော် အားပါတယ်၊ သူက Internet သမား internet ဖွဲ့နေတာ၊ အားရင် internet cafe ရောက်ပြီး online ဝင်၊ ဖတ်ချင်ရာဖတ်နေတတ်တဲ့သူ၊ အထူးသဖြင့် ဒီနေ့လိုမျိုး နင်ကတွေ့ချင်တယ်၊ ဆုံချင်တယ် ဆိုရင် သူတို့က ပိုပြီး အားတောင် အားပြကြဦးမှာပါ"

သနပ်ခါးသည် သူငယ်ချင်းတွေနဲ့ အချိန်းအချက် လုပ်ပြီးသောအခါ လောကကြီးမှာ သူငယ်ချင်းတွေလောက် ငါ ယုံရတာ မရှိဘူး၊ သူငယ်ချင်းတွေလောက် ငါ့အပေါ်ကောင်းတဲ့ သူ မရှိဘူး ဆိုပြီး ဘာတွေဝမ်းနည်းမှန်းမသိဖြစ်လျက် မျက်ရည်ဝဲ နေမိသေးလေသည်။

စွမ်းစဆီကတော့ ဖုန်းလည်းမလာ၊ လူပင်ရောက် မလာ။ လုံးဝလည်းဂရုမစိုက်သော ဆက်ဆံမှုကို ရနေသဖြင့် သနပ်ခါး တစ်ယောက် အခုမှ အသည်းကွဲသလို ခံစားရမလား၊ နာကြည်းပြီး မုန်းရမလားပင် မဝေခွဲတတ်တော့။ သူနဲ့ သနပ်ခါး ဆိုတာက လူကြီးချင်း သဘောတူကြလို့ (သနပ်ခါးဘက်ကတော့ သူ့ကိုကျမှ ရင်ခုန်ပြီး ချစ်မိသွားလို့) လက်ထပ်ကြရန် စတင်စီစဉ် နေကြသူတွေအဖြစ်သာ ပတ်သက်စပြုလာတာပါ။ တကယ့်အာကယ် မှာတော့ တစ်ယောက်အကြောင်းတစ်ယောက် ဘာမှမသိ၊ တစ် ယောက်ရဲ့စိတ်နေသဘောထား၊ အကျင့်စရိုက်တို့ကိုလည်း ဘာမှ





မသိရသေးသလို လူချင်းဆုံဖူးတာဖြင့် သုံးခါထက်မပိုသေးသော အခြေအနေမျိုးမှာ ...။

သူ့အပေါ် သနပ်ခါးက ပိုင်စိုးပိုင်နင်း သဝန်တိုရ မလား၊ တားမြစ်ခွင့်ရှိသလား၊ စိတ်ကောက်လို့ရပြီလား။ သံသယ နဲ့ မေးမြန်းစစ်ဆေးခွင့်ရော ရှိသလား ဆိုတာပင် သနပ်ခါးကိုယ် တိုင် ဇဝေဇဝါနဲ့ မသေချာခဲ့သေးပါ။

မနက်ရှစ်နာရီလောက်ရောက်တော့ အေးမြ ချိန်းဆို ထားမှုကြောင့် မီကျော်နဲ့ စံပယ်ဖြူ့ဆီကဖုန်းတွေ ဆက်တိုက်လာ ပြီးလျှင် ...

"ဟဲ့ ... သမီး ဘယ်လဲ"

ဟု မေမေ မေးရအောင်ပင် ထမင်းစားသောက်ပြီး ဘာနဲ့ ဝတ်စားပြင်ဆင်ကာ အပြင်ထွက်ဖို့ သနပ်ခါး အဆင်သင့် ဖြစ်နေတော့သည်။

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ မေမေ"

"ဝတ်စုံကိုစွမဲလား"

"အဲဒါတော့ မဟုတ်ဘူး၊ တခြားကိစ္စပါ"

"မောင်စွမ်းစနဲ့ စကားပြောဖြစ်သေးလား"

"ဘာကိုပြောရမှာလဲ"

"ဩော် ... ဒီလိုပဲပေါ့၊ သမီးတို့ချင်း ရင်းနှီးမှုပိုရှိဖို့လိုတယ် လေ၊ ဖုန်းအဆက်အသွယ် ရှိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးဟာ စိတ်နာနေသော အသံနဲ့ပဲ ...

"သူက စ,ဆက်ရမှာပေါ့၊ ကိုယ့်ဘက်ကတော့ အောက်ကျ နောက်ကျခံပြီး မဆက်နိုင်ပါဘူး"

"ဟဲ့ ... ဘယ်လိုဖြစ်ရပြန်တာလဲ"

မေမေ့မေးသံကို အလျင်အမြန် ရှောင်ထွက်လာကာ ကားကို ခပ်မြန်မြန် မောင်းထွက်လာမိသည်။ မသေချာသေးဘဲနဲ့တော့ တစ်ဖက်ကို စွပ်စွဲချက်တွေနဲ့ အပြစ်မတင်ချင်သေးပါ။ သူဟာ ကွယ်ရာမှာ ရှုပ်တတ်တဲ့လူလား၊ မိန်းမတွေနဲ့ဆို အရောတဝင် သိပ်နေချင်သူလား၊ ဒါမှမဟုတ် အလုပ်ကိစ္စနဲ့မို့ ရောရော ဝင်ဝင် ဆက်ဆံနေသလား၊ ဒါတွေသိဖို့တော့ ကြိုးစားရဦးမည်။

စကားပြောဖို့ အကောင်းဆုံးနေရာကို ကြိုတင်ချိန်းထားပြီးဖြစ်ရာ ထိုဆိုင်ကိုပဲ တန်း၍မောင်းသွားလိုက်ပါသည်။ ကားပါကင်မှာ ကြည့်လိုက်တော့ မီကျော့်ကားလုံးလေး အရင်ရောက်နေသည်။ မီကျော်သည် အပျိုဘဝတည်းက ကားပုပုလုံးလုံး အဆန်းလေးတွေကို ရွေးရှာမောင်းတတ်သူဖြစ်သည်။ အခုလည်း ကားလုံးလုံးတစ်ခုကို မောင်းနေဆဲဖြစ်သည်။

ဆိုင်ထဲဝင်လိုက်တော့ မီကျော်တစ်ယောက် ရှည်လမျောခွက်လေးထဲမှာ ထည့်ထားသော လီမွန်ရောင်ပေါက်နေသည့် ရေခဲပါသော ဖျော်ရည်ကို ပိုက်မှတစ်ဆင့် စုပ်သောက်နေတာတွေ့ရသည်။

"မီကျော် အရင်ဆုံး ရောက်နေပါ့လား"





"အေးဟယ် ... ငါလည်း နင်တို့ကို ပြောပြချင်စရာ ရှိနေတာနဲ့ အတော်ပဲ၊ နင် ချိန်းတော့ ဝမ်းသာစွာနဲ့ ခပ်စောစောပဲ ထွက်လာမိတာ"

"သားသားရော"

"သားသားကို့ အမေ့အိမ် ပို့ခဲ့တယ်၊ အမေတို့ပဲ သူ့ဒိုရေမီကျောင်း သွားရမဲ့အချိန် လိုက်ပို့ပေးလိမ့်မယ်"

ထိုအချိန်မှာ အေးမြ ရောက်လာသည်။

"ကိုဥက္ကါက စပ်စုနေလို့ မနည်းလိမ်ပြီး ထွက်လာရတယ်"

ဟု ရောက်ရောက်ချင်း ပြောသည်။

"ဘာစပ်စုလို့လဲ"

"မနေ့က ဝတ်စုံသွားပြီးပြီ မဟုတ်လား၊ မနက်ကလည်း သနပ်ခါး အစောကြီး ဖုန်းဆက်တယ်၊ နေ့လယ်ကျ အိမ်မှာရှိတဲ့ အရေးကြီးတဲ့ အလုပ်တွေတောင် ပစ်ပြီးသွားတယ်တဲ့၊ ဘာတွေဖြစ်နေကြတာလဲတဲ့"

အေးမြ ရှင်းပြတော့ မီကျော်ဟာ ဘာကိုစိတ်နာမှန်းမသိ စိတ်နာနေသော အသံနဲ့ ...

"ကိုဥက္ကါကမှ မိန်းမကို စိတ်ဝင်စားဖော် ရသေးတယ်၊ ကိုရဲသူကတော့ မိန်းမကို လုံးဝစိတ်ကိုမဝင်စားတာ၊ သူ့စိတ်ထဲမှာ ပိုက်ဆံအပြည့် ရှာပေးထားနိုင်ရင် တာဝန်ကျေပြီ ထင်နေတာ"

"မီကျော် ... နင် ဘာဖြစ်လာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သနပ်ခါးရဲ့ပြဿနာကို ဝိုင်းစဉ်းစားပြီးရင် ပြောပြမယ်"

"ဟော ... စံပယ်ဖြူ လာပြီ"

စံပယ်ဖြူသည် ဆိုင်ထဲကို ဖုန်းပြောရင်း ဝင်လာတာဖြစ်ပြီး သူငယ်ချင်းတွေနားရောက်မှ ...

"အိုခေ မောင်ရေ၊ မ,တော့ သူငယ်ချင်းတွေဆီ ခုပဲရောက်ပြီနော်၊ ဖုန်းပြောတာ ရပ်လိုက်တော့မယ်၊ မောင်သာ ညကို စောစောပြန်ခဲ့ ... အဲဒီလို ညစာခဏခဏလွတ်နေရင် ကြာရင် အစာအိမ်ရောဂါ ပြန်ဖြစ်လာလိမ့်မယ်၊ တာ့တာ မောင် ... ဘိုင်"

စသဖြင့် ချစ်ခြင်းအပြည့်နဲ့ နှုတ်ဆက်သံတွေပြီးမှ ဖုန်းကို ခေါက်ပိတ်ကာ ဝင်ထိုင်ပါသည်။

"ချစ်ဦးမောင်ကလေ အစာအိမ်ရောဂါ အရင်ကဖြစ်ဖူးတော့ သူ့အတွက် အစာစားချိန်ကို ဂရုစိုက်ပေးနေရတယ်၊ ခုတလော အစားမမှန် အအိပ်မမှန်နဲ့ ရိကောဒင်းတွေဆက်နေတော့ ဗိုက်နည်းနည်း ပြန်အောင့်တာ စ,နေပြီလေ။ ဒါကြောင့် သူ့အတွက် ထည့်ပေးလိုက်တဲ့ အဆာပြေစားတဲ့ ကြက်ဥပူတင်း စားဖြစ်ရဲ့လား ဖုန်းနဲ့သတိပေးရတာ"

"အေးပါ ... အေးပါ၊ ချစ်ကြောင်း သိပ်ပြောမနေပါနဲ့၊ ဒီမှာ အချစ်ရေး အဆင်မပြေတဲ့သူ နှစ်ယောက်တောင်ရှိနေပြီနော်"





မိကျော့် ရုတ်တရက် ခပ်ငေါ့ငေါ့လေး ပြောလိုက်မှ ...

"ဟယ် ... မိကျော့်ကရော ဘာဖြစ်လို့လဲ"

"သနပ်ခါး ပြောချင်တာ အရင်ပြောပါစေ၊ သူပြောချင်တာပြောပြီး ငါတို့လည်း တိုင်ပင်ကြပြီးမှ ငါ့အကြောင်းအသိပေးမယ်လေ"

စံပယ်ဖြူကစပြီး သနပ်ခါးကို အသေအချာကြည့်ကာ ...

"အေးဟယ် ... ခါးခါးရယ်၊ နင့်ဘဝမှာ အခုမှ တကယ်ချစ်လိုက်ဖို့ စဉ်းစားတဲ့သူက စကတည်းက ယဉ်သကိုဖြစ်နေပြီ၊ ငါတော့ ဘယ်လိုမှ မစဉ်းစားတတ်အောင်ပဲ"

ဟု စိတ်ဓာတ်ကျစဖွယ် စကားကို စပြောပါသည်။

"ဒီလိုလည်း အမြင်နဲ့ ဆုံးဖြတ်ပြီး ချက်ချင်း အထင်လွဲဖို့ မဖြစ်သင့်ဘူး ထင်တယ်။ သူ ရိုးရိုးသားသားမို့လို့ ခါးခါးကိုတောင် လာနှုတ်ဆက်ရဲတာပေါ့"

အေးမြကတော့ သနပ်ခါး မျက်နှာလေး ငယ်နေတာကို ရိပ်မိပြီး ဖေးဖေးမမ ပြောပေးသည်။

"ငါတော့ သူနဲ့တွဲထိုင်နေတဲ့ မိန်းမမျက်နှာထားကို မကြိုက်ဘူး"

သနပ်ခါး ထိုသို့ပြောလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အေးဟဲ့ ... မျက်နှာပေးက ခါးခါးကို စိန်ခေါ်သလိုလ်
ဘာလိုလိုနဲ့ဟဲ့။ နင် ကြိုက်သလောက် ကိုစွမ်းစကို ငါ့ဆီက
ခွာနိုင်အောင် ကြိုးစားစမ်း၊ နင် ဘယ်တော့မှ ငါ့ကိုမနိုင်
စေရဘူးဆိုတဲ့ ပုံစံမျိုးလို့ ငါထင်တယ်"

မိကျော့်ကလည်း ထိုသို့ပြောပါသည်။

"အဓိက,ကတော့ ကိုစွမ်း;စပါဟယ်၊ သူ နင့်ကို ချစ်နေရင်
ဘယ်သူ့မှ နင် ကြောက်စရာမလိုဘူး"

"သူက ငါ့ကို ဝန်ခံတော့ ဝန်ခံပါတယ်၊ သူ့မှာ ရည်းစား
တွေရော၊ ရည်းစားမဖြစ်တဖြစ်တွေရော တွဲခဲ့ဖူးတာတွေ
တော်တော်များတယ်တဲ့ စံပယ်ဖြူရယ်"

"ဟယ် ... ချစ်ဦးမောင်လည်း ဘာထူးလို့လဲ၊ ငါနဲ့မတွေ့
ခင်က တွဲလိုက်သမျှ မင်းသမီးပေါက်စတွေ၊ စူပါမော်ဒယ်
တွေ၊ ဒိတ်ဒိတ်ကြဲ အလှပဂေးတွေနဲ့ချည်းပဲ၊ ငါလည်းသိ
နေတာပဲ။ ဒါပေမဲ့ ငါနဲ့ယူပြီးတော့လည်း ငြိမ်လိုက်သ
အေးခဲသွားသလိုပဲ တစ်နေ့ တစ်နေ့ အလုပ်၊ အလုပ်
အလုပ်ကလွဲရင် ဘာမှကို ခေါင်းထဲမထည့်တော့လို့တော
တစ်ခါတလေ သူ့မှာမိန်းမရှိနေတာ သတိရသေးရဲ့လားလို့
မေးယူရတယ်"

သနပ်ခါးသည် စွမ်းစနဲ့သူမ အတူတူ ဆုံခဲ့ရစဉ်က
စွမ်းစရဲ့ အမူအရာတွေကို မြင်ယောင်ရင်း ရင်လေးစွာပြောမိသည်





"ချစ်ဦးမောင်ကို နင်နဲ့ရည်းစားဖြစ်ကတည်းက ငါတို့လေ့
လာမိပါတယ်။ နင့်ကို သိပ်ချစ်တာလေ တုန်နေအောင်
ချစ်တာ။ မမ ... မမနဲ့ ပါးစပ်ဖျားကတောင် မချဘူး။ မမ
မောင်လေး ဇာတ်လမ်းပေမဲ့ သူ့ပုံစံကြည့်လိုက်တာနဲ့ သိ
တယ်။ သူဟာ ဘယ်အချိန် ဘယ်ကာလပဲရောက်ရောက်
မမကလွဲရင် ဘယ်သူ့ကိုမှ အစားထိုး မချစ်နိုင်တော့ဘူးဆို
တဲ့စိတ်ဓာတ်နဲ့ နှလုံးသားပိုင်ရှင်မျိုး"

"ဒါဖြင့် ကိုစွမ်းစကိုရော"

သနပ်ခါးသည် အစကတော့ သူငယ်ချင်းတွေကို
မပြောသေးဘူးလို့ စိတ်ကူးထားခဲ့ဖူးပေမဲ့ အခုတော့ စိတ်ထဲမှာ
ကိုယ်နဲ့အရင်းနှီးဆုံးသူတွေကို ရင်ဖွင့်လိုလှပြီမို့ ...

"ခုလောလောဆယ်မှာတော့ ငါသိနေသေးတယ်။ ကိုစွမ်းစ
ဟာ ငါ့ကို မချစ်ဘူး"

"ဟယ် ... မဟုတ်တာ"

"ငါနဲ့ ပတ်သက်ရင် သူ့မှာ ဘာခံစားချက်မှ မရှိသေး
ဘူး"

"ဒါဖြင့် နင့်ကို လက်ထပ်မယ်လို့ သူ ဆုံးဖြတ်တာကျတော့
ရော"

"ငါ ဘယ်လိုလုပ် အဖြေရှာတတ်မှာလဲ"

"သူ့ပတ်ဝန်းကျင်မှာလည်း နင့်လိုပဲ အရည်အချင်းရှိပြီး
ရုပ်ရည်လှပတဲ့ မိန်းကလေးတွေ ရှိမှာပါဟယ်၊ နင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ တစ်စုံတစ်ခုပိုလို့ သူ ရွေးချယ်တာ ဖြစ်မှာပါ။ သူ့အသက် သုံးဆယ့်ငါးနှစ်တောင် ရှိနေပြီ၊ ဒီအသက်အရွယ်ထိ နေလာပြီးမှ နင့်ကိုကျမှ ရွေးတာဟာ၊ ခံစားချက်တစ်ခုတော့ ရှိမှာပေါ့”

“သူ့အမေကြောင့်ရော မဖြစ်နိုင်ဘူးလား”

“မီကျော်ရယ် ... ခုခေတ်မှာ မိဘသဘောကျလို့ လက်ထပ်လိုက်ရပါတယ် ဆိုတာမျိုး ရှားနေပြီ”

“ဘာပဲဖြစ်ဖြစ် မနေ့က မြင်ကွင်းကတော့ တစ်မျိုးကြီးပါပဲ၊ ဒီလိုမဖြစ်သင့်ဘူး၊ အလုပ်ကိစ္စနဲ့ အပြင်ထွက်စားတယ် ထားဦး၊ သနပ်ခါးကို မြင်မြင်ချင်း သူ ထ,လာပြီးတွေ့ရမှာ။ သူပြောတဲ့စကားကိုက ဟိုမိန်းမနဲ့ ပြောဆိုဆွေးနွေးနေတဲ့စကား မပြီးသေးလို့၊ ဟိုမိန်းမနဲ့ Lunch အတူစားနေတာ မပြီးသေးလို့ ချက်ချင်းထမလာဘူးဆိုတဲ့ ပုံစံကို ဝင်နေတာ၊ သိပ်တော့ မဟုတ်ဘူး”

“လုပ်မနေနဲ့ ခါးခါး။ နင် သူ့ကိုချစ်သွားတယ် မဟုတ်လား၊ ဒီတော့ ကိုယ့်လက်ထဲပါအောင်သာလုပ်၊ အိမ်ထောင်ကျပြီးရင် ယောကျာ်းအများစုဟာ မိန်းမဘက်ပဲ ပိုပါလာကြတာ များတယ်”

သနပ်ခါးလည်း ဘာကို ဝေခွဲဆုံးဖြတ်ရမှန်းမသိ ချာချာလည်လျက် ဟိုလူပြောတာ နားထောင်လိုက်၊ ဒီလူပြောတာ နားထောင်လိုက် ဖြစ်နေသည်။





“ရှေ့ဆက်မတိုးခင် အကျိုးအကြောင်းပြောပြီး ရပ်လိုက်ရင် ကောင်းမလားလို့လည်း စဉ်းစားမိတယ်”

“မိန်းမတစ်ယောက်နဲ့ တွဲတွေ့လိုက်တာလေးနဲ့ ဒီလိုအလောသုံးဆယ် မဆုံးဖြတ်သင့်ပါဘူး၊ နင် သူနဲ့တွေ့တွေ့ဆိုင်ဆိုင် စကားပြောသင့်တယ်၊ မေးသင့်တယ်”

“ငါဘက်က စမေးရမှာ အောက်တယ်လို့ ထင်တယ်”

“ဟယ် ... အဲဒီလို ကြည့်မနေနဲ့၊ ဒါ အောက်တယ်၊ ခယရတယ်လည်း မဟုတ်ဘူး၊ ကိုယ့်ဘက်က သူနဲ့နည်းနည်းသက်ဆိုင်နေပြီဆိုတဲ့ သဘောပဲ။ ဒါ မေးသင့်ပါတယ်။ နင်တို့က လူသိရှင်ကြား ပွဲလုပ်ပြီး စေ့စပ်မှာတွေ ဘာတွေရှိလို့သာ ဆိုင်သလိုလို မဆိုင်သလိုလို တွေးရခက်နေတာပါ။ တကယ်တော့ တို့မြန်မာထုံးစံအရဆို လူကြီးမိဘအသိပေး စကားပြောပြီး စေ့စပ်ရင် ဒါ စေ့စပ်ထားရာမြောက်ပါတယ်”

“ကဲ ... ကဲ ... ငါတို့လည်း ဒါပဲ၊ ပတ်ချာလည်ပြီး ဆွေးနွေးနေရတာ အဖြေကလည်း ထူးမခြားနားတွေပဲ ထွက်နေပြီ၊ ရပ်လိုက်ရအောင်။ မီကျော့် ပြဿနာကို နားထောင်ပေးကြရအောင်”

သနပ်ခါးသည် မီကျော့်မျက်နှာဟာ အရင်ကလောက် မရွှင်ပျလှတာကို သတိပြုမိသည်ဖြစ်ရာ အားလုံးရဲ့အာရုံကို မီကျော့်ထံ လွှဲပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးမှာ စားထားသော Vanilla အရသာ အိုက်(စ)ကရင်(မ)လည်း တစ်ဇွန်းသာ ခပ်စားပြီး ဆက်မစားဖြစ်ပဲ မွှေနေခဲ့မိသည်ဖြစ်ရာ ခဏော လုံးလုံးအရည်ပျော်သွားပြီမို့ ဘေးကိုဖယ်လိုက်ကာ ရေသန့်ဘူးထဲမှ ရေတစ်ဖန်ခွက်သာ ငှဲ့သောက်နေတော့သည်။ ရင်ထဲမှာ ပူလောင်၊ ရှုပ်ထွေး၊ နာကျင်ကြေကွဲ၊ နွမ်းလျ စသဖြင့် ဝေဒနာမျိုးစုံ စုပြုံပြီး ခံစားနေရသလိုပင်။ အချစ်ကို တစ်ခါမှ ဒီလောက်ထိ နင့်နင့်နဲနဲ မခံစားဖူးခဲ့ရသမျှ သူနဲ့ကျမှပဲ အချစ်နဲ့ပတ်သက်တာကို ဒီလောက်ကြီး ပြင်းထန်တဲ့ ခံစားကြေကွဲမှုနဲ့ ရင်ဆိုင်မိတ်ဆက်ရသတဲ့လား။

"ကဲ ... မီကျော် ပြောပါဦး၊ ဘာဖြစ်လာလဲ"





၁၀

သားသားက အဖေကို ပြေးဖက်ကြိုလျှင် မီမီကျော်ကတော့ ကိုသူ့လက်ထဲမှ အလုပ်သွားရင် လွယ်လေ့ရှိတဲ့ သားရေအိတ်ကြီးကို ဆွဲယူလိုက်ပါသည်။

"အား ... သားက လေးလိုက်တာကွာ၊ မှန်း ... ဘယ်နှပေါင်ရှိပြီလဲ။ ဟား ဟား ... ဒီကောင် ခုတလော အတော်လေးလာတယ်၊ လာစမ်း ... လာစမ်း၊ လေးတဲ့ကောင်ကို ကလီထိုးရမယ်"

အလုပ်က ပြန်ရောက်ရောက်ချင်း အိမ်ရှေ့မှာ သားအဖနှစ်ယောက် နပန်းလုံးနေသည်ကို ကြည်နူးစွာငေးရင်း မီမီကျော်သည် ကိုသူ့အိတ်ကို အခန်းထဲက ကွန်ပျူတာထားရာ စားပွဲပေါ်သွားတင်ထားပေးလိုက်ပါသည်။ အလုပ်က အိမ်မှာလုပ်ဖို့တွေဘာတွေ ပါလာရင် အသင့်လုပ်လို့ရအောင် ကွန်ပျူတာစားပွဲပေါ်သွားတင်ထားတာ ပိုကောင်းသည်ဟု ထင်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



သွားရေအိတ်ကို သွားတင်စဉ်မှာ အိတ်ထဲတွင် ထည့်ထားသော Nokia ဖုန်းမှ တင် ... တင်၊ တင် ... တင်ဟု အသံအချက်ပေးတာကို ကြားလိုက်ရသည်။ ဒါဟာ ဖုန်းထဲ Message တစ်ခု ဝင်လာတဲ့အသံပဲဆိုတာ မီမီကျော် သိလိုက်ပါသည်။ အမှတ်မထင်ဘဲ ဖုန်းကို အိတ်ထဲမှ နှိုက်ယူလိုက်ပြီး Message ကို ဖတ်ကြည့်ချင်စိတ် ပေါ်လာသောကြောင့် ဖွင့်ဖတ်လိုက်လျှင် ...

"ကိုကို ...

ကလေးနဲ့ မနက်ဖြန် အိုးရှင်းရှုပါစင်တာသွား

မှာနော်။ နေ့လယ်တစ်နာရီနော် မမေ့နဲ့နော် ...

ကလေး"

ဆိုသော စာကြောင်းကို ဖတ်ခွင့်ရလိုက်သည်။ မြန်မာလို SMS message ပို့သောစနစ် ဒီနိုင်ငံမှာ ရှိနေပြီဖြစ်ရာ အခု message ကိုလည်း မြန်မာလိုသာ ရေးပို့ထားလေရာ စာကြောင်းဆုံးတိုင်း တစ်နော်နော်နဲ့ ချွဲပျစ်နေမှန်း သိသာလှသည်။ ဖတ်ရတဲ့သူလည်း ပိုပြီးဟာ့တ်ထိစေလေသည်။

အခုလောလောဆယ်မှာ ကိုသူတော့ ဟာ့တ်ထိ,မထိ မသိ။ မီမီကျော့် ရင်ထဲတော့ ပြင်းပြင်းထန်ထန် ထိသွားကာ လူက ဝုန်းဒိုင်းကြဲပစ်ချင်စိတ်ပင် ပေါက်လာသည်။ ထိုအချိန်မှာ ကိုသူကလည်း အပြင်ဝတ်သော အဝတ်အစားတွေလဲရန် အိပ်ခန်းထဲ ဝင်လာတာနဲ့ ကြုံသွားလျှင် ...





"ရော့ ... ရှင့်ဟာမဆီက အချိန်းအချက်စာလေး ဖတ်လိုက်ပါဦး"

ဟု အော်ပြောလိုက်ကာ ဖုန်းကို ကိုသူ့ရင်ဘတ်ဆီ တည့်တည့်ထိအောင် ပစ်ပေါက်လိုက်မိသည်။

"ဟာ ... ဘာလဲ၊ မီ ကိုယ့်ကို ဘာစွပ်စွဲတာလဲ"

"ဘာ ... ဘာစွပ်စွဲရမလဲ၊ ဒီလောက်သေချာနေတဲ့ စာကြောင်းတွေကို မဖတ်တတ်ရအောင် မျက်စိကန်းတဲ့၊ စာမတတ်တဲ့မိန်းမ မဟုတ်ဘူး"

"ကျစ် ... ဟာကွာ၊ ပြဿနာပဲ"

ကိုရဲသူသည် မျက်နှာအမူအရာ အပျက်ကြီးပျက်လျက် ခေါင်းတခါခါ ဖြစ်နေသည်။ မီမီကျော်သည် ဘာမပြောညာမပြောနဲ့ ယောက်ျားဖြစ်သူကို ပြေး၍ဖက်လုံးတော့သည်။ လက်လှမ်းမီရာ မြင်မြင်ကရာ ဆံပင်ရဆံပင်၊ နားရွက်ရနားရွက်၊ လက်ဖျံကိုရလည်း လက်ဖျံ၊ အမိအရ ကုတ်ဆွဲ ကိုက်ဆွဲ ထုရိုက်ကာ အရူးတစ်ယောက်လိုပဲ နပန်းလုံး သတ်ဖြတ်နေတော့သည်။ ကိုရဲသူလည်း ယောကျ်ားအားနဲ့ မိန်းမကို ရသလောက် ပြန်တွန်းထုတ်၊ ချုပ်ကိုင်ကာ ရှောင်ပေမဲ့ တစ်ဖက်က ဒေါသဖြင့်တိုက်ခိုက်တဲ့ပုံစံဖြစ်ပြီး သူမကိုယ်သူမ အသားနာမှာ၊ ထိမှာ ပွန်းပဲ့မှာပင် ဂရုမစိုက်တော့ဟန် ပေါက်နေရာ နောက်ဆုံးတော့ ကိုရဲသူသည် မီမီကျော့်ကို အားကုန်ဆောင့်တွန်းပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အားထည့်ပြီး တွန်းပစ်လိုက်မှပဲ မိမိကျော် တစ်ယောက် အခန်းကြမ်းပြင် ပြောင်ပြောင်ပေါ် ခြေပစ်လက်ပစ်လဲကျသွားသည်။

"နင် ... နင် ... ကြည့်စမ်း၊ ငါ့ကွယ်ရာမှာ ဖောက်လည်း ဖောက်ပြန်သေးတယ်၊ ငါ့ကိုလည်း အနိုင်ကျင့်တွန်းထုတ်သေးတယ်"

ကိုရဲသူနဲ့က တစ်နှစ်လောက်သာ အသက်ချင်းကွာခြားသဖြင့် ဒေါသဖြစ်နေသော မိမိကျော်မှာ နင်တွေ ငါတွေထည့်ပြောရဲလေသည်။

"မိကျော် ... မင်း ငါ့ကို မတရားမစွပ်စွဲနဲ့"

"အံမာ ... အံမာ ... ကိုကိုတွေ ကလေးတွေ ရေးထားတဲ့ အရေးအသားကိုပဲ ရိုးသားပါတယ်၊ အစ်ကိုလို ညီမလေးလို ခင်တာ ချစ်တာပါလို့ ယုံပေးရမယ့် သဘောလား"

"ကျွတ် ... မင်းလုပ်ပုံက မဟုတ်သေးဘူး။ ဘာကြောင့် ငါ့ဖုန်းကို ဖွင့်ရလဲ။ ဘာလို့ ငါ့ message ကို ဖတ်ရလဲ။ ငါ့ကိုယ်ပိုင်ကိစ္စတွေကို မင်း ဘာမှစွက်ဖက်ခွင့် မရှိဘူး"

"အိုး ... လင်နဲ့မယားပဲ ဘာစွက်ဖက်ပိုင်ခွင့် မရှိရမှာလဲ၊ ငါ့ e-mail တွေတောင် နင် အမြဲဖွင့်ဖတ်သေးတာ။ နင့် e-mail လည်း ငါ အမြဲဖတ်နေတာပဲ၊ ဒါကျခွင့်ပြုပြီး ဖုန်းကျမှ မကိုင်နဲ့၊ မပြနဲ့တားလို့ ရမလား။ လက်စသတ်တော့ ဖုန်းနဲ့ဆက်သွယ်နေတဲ့ အမြှောင်မက ရှိနေတာကိုး။ ကြည့်စမ်း ... ကြည့်စမ်း ... ငါကလည်း အ,တာပါ၊ ယောကျ်ားကို ယုံကြည်လွန်းတာပါ။ သားကို သိပ်ချစ်ပြတယ်၊ အိမ်ကို အချိန်မှန် ပြန်လာတယ် ဆိုတာကိုပဲ အဟုတ်ကြီးထင်နေတာ။ အခုမှ နောက်မီးလင်းဓာတ်ကို သိတော့တယ်"

"ငါ ဘာမှမလုပ်ဘူး၊ မလုပ်ဘူးကွ"

ကိုရဲသူမှာ ငြင်း၍ရစရာ၊ ဖုံးကွယ်၍ရစရာ အကြောင်းလည်းမရှိလေရာ အနိုင်ပိုင်းပြီးတော့သာ အော်ပစ်နေသည်။ မိမိကျော်သည် နောက်တစ်ကြိမ်ထပ်ပြီ နပန်းလုံးမလို့ ဟန်ပြင်စဉ် ...

"မေကြီး ... မေကြီး ... အီး ဟီး ဟီး ... သားသားကြောက်ပါတယ်၊ ရန်မဖြစ်ပါနဲ့"

ဟူသော သားသား၏ ငိုသံနှင့်အတူ အခန်းဝမှာ လာရပ်လိုက်သော အရိပ်လေးကြောင့် ကိုယ်ရှိန်သတ်လိုက်ရပါသည်။

● မိမိကျော်သည် သားသားကို ပြေးချီရင်း ကိုရဲသူဘက် မကျေမချမ်း လှည့်ကြည့်ကာ ...

"နင်နဲ့ငါ ကွာရှင်းကြဖို့သာ အသင့်ပြင်ထား"

လို့ အခဲမကျေစွာ အော်ပြောလိုက်မိသည်။

မိမိကျော် စကားဆုံးသောအခါ ကိုရဲသူကလည်း ...

"လုံးဝကွာရှင်းစရာ အကြောင်းမရှိဘူး မိ။ မင်းကို ငါချစ်လို့ ယူထားတာ၊ ကွာမပေးနိုင်ဘူး၊ သားကိုလည်း ငါ့အသက်ထက်တောင် ချစ်တယ်၊ ဘယ်တော့မှ မခွဲနိုင်ဘူး။ ယောကျ်ား


www.burmeseclassic.com

www.burmeseclassic.com



ပဲကွ၊ တစ်ခါတလေတော့ အမှားကျူးလွန်မိတာပဲ၊ ငါလို ယောက်ျားမျိုးက တော်သေးတယ်။ တချို့ယောက်ျားတွေဆို နိုးကြောင်နိုးဝှက်လုပ်တာ မဟုတ်ဘူး ပေါ်တင်ကို ထပ်ယူပြတာကွ”





## ၆

မိမိကျော်သည် အဖြစ်အပျက်ကို လုံးဝ မျက်ရည်[illegible]စက်မကျဘဲ ပြောပြနေတာလည်း ဖြစ်ပါသည်။ သူငယ်ချင်း[illegible]လုံးထံမှာလည်း ပြန်ပြောစရာ၊ ပြန်နှစ်သိမ့်ပေးစရာ စကား[illegible]တော့သလိုဖြစ်လျက် မိမိကျော်ကိုသာ အသာငေးကြည့်နေကြ[illegible]သည်။

“ညက သတ်တားရအောင် မနက်ကျ စိတ်မကြည်ဘူးလေ။ သူနဲ့လည်း ဆက်မျက်နှာချင်းမဆိုင်ချင်ဘူး။ မနက်အစောကြီး သူ မနိုးခင် အိမ်ကထွက်လာမလို့ပဲ။ မထွက်ခင် အေးမြဆီက ဖုန်းလာတာနဲ့ အမိဖြစ်သွားတာ။ ငါနဲ့သားသား အိတ်တစ်လုံးနဲ့ အမေ့အိမ် ထွက်သွားတာ ခုထိ သူသိဦးမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးသည် စိတ်မကောင်းစွာနဲ့ ...

"ဆောရီးပါ မီကျော်ရယ်၊ ဒီလိုမှန်းသိရင် နင့်ကိုမခေါ်ပ
ဘူး။ ငါကတော့ မနေ့က ပြဿနာကို ငါတို့အားလုံးတွေ
လိုက်ရတာမို့ နင့်ကိုပါ ဆွေးနွေးစေချင်လို့ပါ"

ဟု ခပ်ညည်းညည်း ပြောမိသည်။

"ကိစ္စမရှိပါဘူး ... ရပါတယ်၊ ငါလည်း နင်တို့ကို
အကြောင်း ပြောချင်တယ်၊ တွေ့ချင်တယ်လေ၊ အတော်
ဖြစ်သွားတာပေါ့။ ငါ့စိတ်ထဲမှာ ခုတော့ ဘာမှမရှိဘူ
ဗလာပဲ။ ငါ သိပ်ချစ်ခဲ့တဲ့ လူတစ်ယောက်က ငါ့တစ်ယော
တည်းကို အမြဲမချစ်ဘဲ တခြားမိန်းကလေးတစ်ယောက်
ပါ ချစ်နိုင်သွားတာကို ရင်နာပြီး သူ့အနားမှာ မနေချ
တော့တာပဲ ရှိတယ်"

စံပယ်ဖြူက ...

"နင်တို့ဆီက ကြားရတာနဲ့ ကိုယ့်ယောကျ်ားကိုယ်တော
မယုံရဲတော့ဘူး ကြောက်လာပြီ"

"အေး ... ဟုတ်တယ်၊ ယောကျ်ားတွေက မယုံရတာတော
အမှန်ပဲ။ သူတို့မှာ မကောင်းမှုတစ်ခုခုကို ကျူးလွန်ချင်တ
စိတ်ဓာတ်မျိုး အမြဲရှိတယ်။ အထူးသဖြင့် ဒီမိန်းမတစ်
ယောက်တည်း ပေါင်းရတာ ကြာလာရင် ရိုးလာပြီ။ ဖော
ပြန်ချင်လာပြီ။ ပိုက်ဆံတတ်နိုင်တဲ့ ယောကျ်ားတစ်ယော





အတွက်ကျတော့ ဖောက်ပြန်ဖို့ ပိုလွယ်တာပေါ့ဟယ်။
မိန်းမနဲ့ ကလေးကို ချစ်တာက သတ်သတ်၊ တစ်ဖက်မှာ
အပျော်ရှာတာက သတ်သတ်လို့ သူတို့စိတ်ထဲ ယူဆထား
တတ်ကြတာဟ"

အေးမြမှာတော့ သူ့ယောကျ်ား ကိုဥက္ကါဟာ အင်မ
တန်မှ အေးပြီး အရက်လည်းကြိုက်လှတာ မိန်းကလေးတွေကို
စိတ်ဝင်စားတတ်သူလည်း မဟုတ်လေရာ ပြောစရာစကားမရှိသလို
ဖြစ်နေသည်။ တစ်ခုပဲရှိတယ်။ ကိုဥက္ကါက အရက်မသောက်၊
လောင်းကစားမလုပ်၊ မိန်းမမပွေပေမဲ့ အလွန်တရာမှ စိတ်တိုဒေါသ
ကြီးတတ်နေတာပါ။ ထစ်ခနဲရှိ စိတ်တို၊ ထစ်ခနဲရှိ ဒေါသကြီးနဲ့။
ဒါဒီစိတ်ဓာတ်ဟာ မိန်းမအပေါ်မှာတင် မဟုတ်ဘူး။ လမ်းသွား
လည်း ဖြစ်တတ်တာမို့ ဘယ်တော့ ပေါက်ပြဲပြန်လာမလဲပဲ စိုးရိမ်
ရတာ။

အေးမြမှာ လူတိုင်းက ယောကျ်ားမကောင်းကြောင်း
ပြောနေသဖြင့် အသံတိတ်နေရမှာ အနေခက်လာတာကြောင့် ...

"ယောကျ်ားတွေဟာ မကောင်းမှုတစ်ခုခုကိုမှ မကျူးလွန်
ရင်တော့ နည်းနည်းနဲ့များများ weired (ဝီးရာ့ထ်)ဖြစ်နေ
ပြီး ဒေါသကြီးရင်လည်း စွတ်ကြီး၊ မကြီးရင်လည်း အပေါင်း
အသင်းမဆန့်တဲ့လူကြီး ဖြစ်နေမှာပေါ့နော်"

ဟူ၍ ထင်ရာမြင်ရာကို ဝင်ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေစုံပြီး ယောက်ျားတွေ အတင်းပြေ ရှာဖွေ ဝ,တော့မှ အိမ်ပြန်ဖို့ သတိရကြသည်။ သနပ်ခါးအတွက် တော့ သူတို့ကပဲ အကောင်းဆုံး အကြံဉာဏ်ပေးလိုက်သည်မှာ

"ဒီလို မြို့စေ့စေ့ လုပ်နေလို့ မဖြစ်တော့ဘူး။ နင်နဲ့ သူ ရင်ဆိုင်ပြီး အသေအချာ မေးမြန်းဖြေရှင်းဖို့တော့ လိုနေပြီ"

ဟူ၍တည်း။





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

စွမ်းစသည် စေ့စပ်လက်စွပ်လေးကို ဘယ်လက်သူကြွယ်တွင် အသာဝတ်ရင်း ထောင်ကြည့်နေသော သနပ်ခါး၏ လက်ချောင်းလေးတွေကို ငေးကြည့်သွားမိသည်။ လက်ချောင်းလေးတွေက သွယ်လျနေလျက် လက်သည်းအရှည်တော့ မထားပါ။ သို့သော် လက်သည်းလေးတွေက သဘာဝအရောင်ကိုပဲ ပိုလှအောင် အဆီတင်ပြီး သေသေချာချာ ပြုပြင်ထားမှန်း သိသာလှစွာ ပြောင်ပြီး ကြွေသားရောင် တောက်နေသည်။ လက်ချောင်းတွေက သွယ်လျပေမဲ့ ဖောင်းပြည့်ကာ သိပ်ကို ပြစ်မျိုးမဲ့မတင့်လှနေတာမျိုးတော့ မဟုတ်ပေမဲ့ လက်ချောင်းထိပ် ချွန်ချွန်လေးတွေက အဖျားမှာ ကော့ကော့လေး ဖြစ်နေပုံမှာ တစ်မျိုးကြည့်ကောင်းသည်ဟု ထင်မိသည်။

မိတ်ဆွေသူငယ်ချင်းတွေက ...





"မင်းနဲ့ စေ့စပ်မယ့် စာရေးဆရာမ သနပ်ခါးကို ဓာတ်ပုံမြင်ဖူးတယ်ကွ၊ မဆိုးဘူး မိုက်တယ်၊ မင်း ကံကောင်းပါတယ်။ ရုပ်ချောပြီး သူများနဲ့မတူတဲ့ အရည်အချင်းတစ်မျိုးနဲ့ ထူးချွန်တဲ့ မိန်းမမျိုးကို ရတာ့ယ်"

ဟူ၍ ချီးကျူးကြရသော မိန်းကလေးအပေါ် သူ့စိတ်ဟာ ထူးထူးခြားခြား ခံစားပြီး လက်ခံမိတာလည်း မရှိ။

အမေက တစ်နေ့မှာ ပြောလာတယ်။

"သားနဲ့သင့်တော်တဲ့ မိန်းကလေးကို အမေတွေ့ထားတယ်၊ ဒီတစ်ခါတော့ သား မငြင်းပါနဲ့တော့။ ဟိုဘက်က လက်ခံတယ်ဆိုရင် အမေ့စိတ်တိုင်းကျ စီစဉ်ချင်တယ်"

ထိုအချိန်ကတော့ စွမ်းစ လက်မခံလိုခဲ့ပါ။

"အမေ လက်မခံနိုင်တဲ့ မိန်းကလေးနဲ့ ဒီတစ်သက် မယူပါဘူးလို့ သား ကတိပေးပြီးပြီပဲ အမေရယ်။ တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ကိုတော့ မစီစဉ်ပါနဲ့တော့လား"

"အမယ်လေး ... မောင်စွမ်းစရယ်၊ အဲဒီမိန်းကလေးကပဲ လက်ခံပါစေဦး။ မင်းက ကြိုပြီးများ ငြင်းရသေးသလား။ ဟိုကလည်း တကယ့်နာမည်ကြီး ထိတ်ထိတ်ကြဲနော်။ ကြားထားတဲ့သတင်းတွေကတော့ သူဟာ ဘယ်သူ့ကိုမှ လက်မခံခဲ့ဖူးဘူး။ သူကိုယ်တိုင်လည်း ရည်းစားမထားဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဒါနဲ့များ အချစ်ဝတ္ထု စာရေးဆရာမ ဖြစ်နေရသေးတယ်၊ အချစ်ကို ဘယ်လိုများ ခံစားပြီးရေးလို့လဲ"

အားလုံးကို ငြင်းပယ်ခဲ့ပြီး အသက်သုံးဆယ့်တစ်နှစ်အထိ တစ်ယောက်တည်း နေခဲ့သူက စွမ်းစကိုလည်း ငြင်းမှာပါပဲရယ်လို့ ထင်ထားခဲ့ပြီး ခပ်ပေါ့ပေါ့ နေခဲ့မိပေမဲ့ မထင်မှတ်သော တစ်ရက်မှာ ...

"ဟယ် ... ဝမ်းသာစရာသတင်းပဲကွယ်၊ ဝတ်မှုန်တို့ဘက်က အကြောင်းပြန်သံ မကြားလို့ အမေ ဖုန်းဆက်ပြီး တီးခေါက်မေးမြန်းကြည့်တော့ သူတို့ဘက်က မီးစိမ်းပြချင်တဲ့သဘော ပြောလာတယ်။ သမီးကတော့တဲ့ မိဘစီစဉ်တာကို မငြင်းချင်တဲ့သဘောမှာ ရှိနေပါတယ်တဲ့၊ ဒါနဲ့ အမေလည်းချက်ချင်းပဲ ပါးစပ်နဲ့ အစီအစဉ်တွေပြောပြီး စေ့စပ်လက်ထပ်ရေးကို ပြောလိုက်ပြီ"

ဆိုတဲ့ သတင်းကို ကြားသိရသည်။ စွမ်းစမှာ လုံးဝမျှော်လင့်ထားခဲ့တာ မဟုတ်လို့ အငိုက်မိသလိုတောင် ဖြစ်သွားပါသည်။ တကယ်တော့ အမေ စိတ်ချမ်းသာစေချင်လို့ သူချစ်နေတဲ့ မိန်းကလေးကို အမေ့သဘောကျ (သူကိုယ်တိုင်လည်း ချစ်သူ၏ စိတ်နေသဘောထားကို သဘောမကျတာလည်းပါသည်။ သို့သော် ချစ်တာကတော့ ချစ်နေဆဲ၊ လက်ထပ်ယူဖို့အထိသာ ရှေ့မတိုးလိုတာ)လမ်းခွဲပစ်ခဲ့ပေမဲ့ အခုထိ သူကလွဲရင် ဘယ်သူ့ကိုမှ သူ့





ဘဝထဲ မခေါ်လိုတာမို့ နောက်ထပ်မိန်းမတစ်ယောက်ကို လက်ခံချင်စိတ် မရှိသေးချေ။

အခုတော့ အမေစိတ်ကြိုက် စီစဉ်လိုက်ပြီးသမျှကို ဘယ်လိုမှ ငြင်းလို့မရနိုင်တော့။ နောက်ဆုတ်လို့ မရနိုင်တော့သည်ဖြစ်ရာ သနပ်ခါးနဲ့သူ့စေ့စပ်ရပါတော့မည်။ သိပ်မကြာသော တစ်ရက်မှာ လက်ထပ်ကြရပါတော့မည်။

"အဲဒီလက်စွပ်လေးနဲ့ အစ်မ လက်ချောင်းလေးနဲ့ သိပ်လိုက်တာပဲ ၊ယူလိုက်မလား အစ်မ"

ရတနာဆိုင်ကြီးမှ စိန်လက်စွပ်တွေ တာဝန်ယူထုတ်ပြရသော မိန်းကလေးက အကြံပေးသလို ပြောလိုက်လျှင် သနပ်ခါးသည် ဆားမှာ တစ်ချိန်လုံး ငြိမ်ထိုင်နေသည့် စွမ်းစကို မျက်ခနဲ လှည့်ကြည့်လာသည်။ ရှင် တစ်ခုခုတော့ ပြောကိုပြောလိုက်မှ။ မပြောရင် ရှင်နဲ့ကျွန်မ ဒီနေ့အပြတ်ပဲ။ ဘယ့်နှယ် စေ့စပ်မဲ့ သတို့သမီးလောင်းအပေါ် ဘယ်လိုမှ စိတ်ဝင်စားမှု မရှိတာကို အခံရခက်ဆုံးပဲ။

"ဈေးက များသလားလို့"

"ဟာ ... မများပါဘူး အစ်မရယ်၊ ဒီလောက်ရတီနဲ့ကတော့ ဒီဈေး သင့်ပါတယ်။ အစ်မတို့လို ပွဲကြီးလုပ်မဲ့သူတွေအနေနဲ့ ဒီလောက် တန်ဖိုးတော့ ဝတ်သင့်တယ်လို့ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဈေးစကားပြောသံ ကြားသဖြင့် စွမ်းစလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး ...

"သနပ်ခါးကြိုက်ရင် အဲဒါလေးပဲ ယူလိုက်ပါ၊ ဈေးကြည့်မနေပါနဲ့၊ ကိုယ်လည်း အဲဒီလက်စွပ်လေးကို သဘောကျပါတယ်"

ကြော် ... သနပ်ခါးနဲ့ လိုက်တယ်လို့ရော ထည့်မပြောချင်ဘူးလားရှင်။ သနပ်ခါးသည် သူနဲ့ အနီးကပ်ဆက်ဆံစကားပြောရလေလေ သူ့အမူအရာကို မှန်းကာ အားမရလေလေဖြစ်ရပေါင်းလည်း မနည်းတော့။

"အစ်မနဲ့ လိုက်ပါတယ် ဦးရဲ့"

"အင်း ... အင်း ... ဟုတ်တယ်၊ သူနဲ့လည်း လိုက်တယ်"

အရောင်းဝန်ထမ်း မိန်းကလေးက ခပ်သွက်သွက်ဝင်ပင့်တော့မှပဲ စွမ်းစဆီမှ အဲဒီတစ်ခွန်း ထွက်လာသည်။

"ဒီပုံစံလေးကိုပဲ စေ့စပ်လက်စွပ်တစ်မျိုး၊ လက်ထပ်လက်စွပ်တစ်မျိုး ရွေးလိုက်မယ်၊ ပုံစံနည်းနည်းပဲ ကွဲမှာပေါ့။ စေ့စပ်လက်စွပ်မှာ စေ့စပ်တဲ့ရက်ကို ထွင်းပေးသလို လက်ထပ်လက်စွပ်မှာလည်း ထွင်းပေးပါ၊ တစ်ခါတည်းရေးပြီး အပ်ခဲ့မယ်၊ ဟုတ်ပြီလား"

စွမ်းစကတော့ သိပ်လည်း ထူးထူးခြားခြားကြီး ရွေးစရာမရှိလေရာ ပြီးပြီးရောပဲ မြန်မြန်ရွေးပြီးလျှင် စာလုံးထွင်းဖို့ဆိုင်မှာ ပြန်အပ်ထားခဲ့သည်။





လက်စွပ်ဝယ်တဲ့ ကိစ္စပြီးတော့ ပရိဘောဂဆိုင်ကို သွားဖို့ဆိုကာ ကားကို နာမည်ကြီး ပရိဘောဂဆိုင်ကြီးဆီ ဦးတည်လိုက်ပါသည်။ လက်ထပ်ပြီးလျှင် သီးသန့်ခွဲနေဖို့ FMI ဘက်မှာ အိမ်နဲ့ခြံရှိသည်။ စွမ်းစ ဝယ်ထားခဲ့တာကြာပြီ။ ဝယ်ပြီးပစ်ထားတာမို့ ခုမှ ဆေးအသစ်ပြန်သုတ်၊ အလှမွေးမြက်ခင်းနဲ့ ဥယျာဉ်လေးကို ပြန်ပြုပြင် လုပ်နေပါသည်။

ပရိဘောဂလည်း ဘာမှ များများစားစားမရှိ။ စွမ်းစတစ်ယောက်တည်း သွားနေတဲ့အခါ ထိုင်ဖို့ Recliner ဟုခေါ်သည့် နှိမ့်လို့မြှင့်လို့ရသည့် ခြေထောက်ပါ တင်ထားနိုင်သော ဆိုဖာအကောင်းစားတစ်လုံးရယ်၊ Plasma TV ၊ DVD နဲ့ Home Theatre ဟုခေါ်သော အသံစနစ်ရယ်သာ ဆင်ထားသည့် အခန်းသီးသန့်တစ်ခန်း၊ တစ်ယောက်အိပ်သော အိပ်ရာနှင့် အဝတ်ဗီရိုတစ်လုံးထားသော အခန်းတစ်ခန်း၊ ရေခဲသေတ္တာအသေးတစ်လုံး Microwave မီးဖိုတစ်လုံး စသဖြင့် မီးဖိုချောင်သုံး ပစ္စည်းအချို့ရှိသည့် မီးဖိုခန်းရယ်တွေသာ ရှိပါသည်။

သနပ်ခါး လိုက်နေမည်ဆိုလျှင် လိုအပ်တာတွေရှိလာနိုင်သေးတာမို့ (ဘာလိုမလဲဆိုတာ စွမ်းစလည်း မသိတာမို့) ဒီနေ့တော့ ပရိဘောဂဆိုင်ပါ တစ်ခါတည်းဝင်ပြီး တိုင်ပင်ပြီး ဝယ်သင့်တာ ကြိုဝယ်ထားမည်ဟု စိတ်ကူးလိုက်ပါသည်။

"ဘယ်သွားမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖန်နစ်ချာ (furnicture)တချို့ ဝင်ကြည့်ရအောင်လေ"

"ဘာအတွက်လဲ"

"ကိုယ်တို့အိမ်မှာ ဘာမှမရှိဘူး၊ လိုတာတွေရှိတယ်၊ အများကြီးပဲ။ သနပ်ခါးနဲ့ တိုင်ပင်ပြီး ဝယ်လိုက်မလို့"

သနပ်ခါး သူ့ကို တစ်ချက်လှည့်ကြည့်ပါသည်။ ဘာသဘောနဲ့ကြည့်မှန်း မသိပေမဲ့ စွမ်းစ စိတ်ထဲမှာတော့ သနပ်ခါးထံမှ မေးစရာ၊ ပြောစရာတွေ ရှိနေမယ်လို့ ထင်နေမိသည်။

လွှန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်က ကုမ္ပဏီနဲ့ သူ့ကို တွဲရက်ဆုံလိုက်ရစဉ်မှာ ဖြစ်ပေါ်ခဲ့တဲ့ သနပ်ခါးရဲ့မျက်နှာအမူအရာနဲ့ လေသံကို စွမ်းစ အခုထိ အမှတ်ရနေသည်။ သူ့ကိုမေးလာခဲ့ရင် ဖြေရှင်းလောက်စရာ အကြောင်းတော့ မရှိပေမဲ့ အဖြစ်မှန်တစ်ခု ရှိခဲ့ဖူးတာကိုတော့ ကြိုပြောထားချင်မိသည်။

"အိမ်ပုံစံကို မသိသေးဘဲနဲ့ လျှောက်ဝယ်လို့ မဖြစ်ဘူးထင်တယ်"

"ကိုယ့်အိမ်က ကျယ်ပါတယ်၊ အိပ်ခန်းလေးခန်းမှာ အကြီးဆုံး အိပ်ခန်းက တစ်ခန်း၊ ကျန်တာက တစ်ယောက်အိပ်သုံးခန်း၊ အဝတ်လျှော် မီးပူတိုက်ဖို့ အခန်းလေးတစ်ခန်း ကန့်ထားသေးတယ်၊ ရေချိုးခန်း အိမ်သာ တွဲရက်က အခန်းကြီးထဲမှာ တွဲထည့်ထားတာ။ ကျန်တဲ့ ရေချိုးခန်း သတ်သတ် အသေးတစ်ခန်းရယ် အိမ်သာရယ်လည်း အပြင်မှာ သီးသန့်ပါသေးတယ်၊ လိုတာတွေကတော့ အများကြီး





ပဲ၊ အဝတ်လျှော်စက်တို့၊ ရေခဲသေတ္တာတို့လည်း ဝယ်ဖို့ လိုကိုလိုမယ်၊ သနပ်ခါးအတွက် မှန်တင်ခုံလည်း လိုလိမ့်မယ်၊ ဧည့်ခန်းသုံးစားပွဲတို့ ဆက်တီတို့၊ ထမင်းစား စားပွဲအပြည့်အစုံတို့ အဲဒါတွေလည်း ဝယ်ရမှာရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဝယ်ပြီးပစ်ထားတာလေ။ မိဘနဲ့ပဲနေတော့ တစ်ခါတလေ သွားတဲ့အခါမှာ သုံးရအောင် အနည်းအကျဉ်းလောက်ပဲ ဖြည့်ထားတာမို့ပါ။ အိမ်ကကျယ်ပါတယ်၊ သနပ်ခါးကြိုက်တဲ့ ပရိဘောဂသာဝယ်၊ ဆန့်ပါတယ်"

အဲဒီလို ပြောနေရင်းမှ သတိရသွားပြီး ...

"သြော် ... အိမ်ကို လိုက်ကြည့်ရင် ကြည့်ပါလား၊ ပြောပဲပြောပြနေတော့ မျက်စိထဲ မမြင်ဘူး ဖြစ်နေမယ်"

"နောက်ရက်တွေမှပဲ သွားတော့မယ်"

"သွားရင် သိပ်မကြာပါဘူး။ အခု စောသေးတယ်လေ၊ အိမ်ပြန်ရင် မိုးမချုပ်ဘူး မီပါတယ်"

"အိမ်ပြန် မိုးချုပ်မှာစိုးလို့ မဟုတ်ဘူး၊ သနပ်ခါး ညနေဘက် ခဏပြန်အိပ်ရဦးမှာမို့ပါ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ညကျ ထပြီး စာရေးတယ်လေ"

ရတ်တရက်တော့ စွမ်းစမှာ သနပ်ခါး ဘာကိုပြော သိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာစာရေးတာလဲ"

"သနပ်ခါးက စာရေးဆရာမပါ ကိုစွမ်းစ၊ စာရေးဆရာမကို ဘာစာရေးတာလဲလို့ ဘာကြောင့် မေးတာလဲ၊ ကိုစွမ်းစ မေ့နေပါလား၊ သနပ်ခါးက ဝတ္ထုရေး ဆရာမလေ"

သနပ်ခါးသည် ရင်ထဲမှာ ဝမ်းနည်းလာကာ သူ ငါ့အပေါ် နည်းနည်းမှတောင် စိတ်ဝင်စားမှု မရှိလို့ ငါ ဘာအလုပ်လုပ်သလဲ ဆိုတာကိုတောင် မေ့သွားတာပါလားလို့ တွေးကာ ရင်နာလာသည်။ ကိုယ်နဲ့မကြာခင် စေ့စပ်လက်ထပ်တော့မယ့် ဇနီးလောင်းရဲ့ လက်ရှိအလုပ်အကိုင်ကိုတောင် မေ့နေရလောက်အောင်၊ သနပ်ခါး အကြောင်းတွေကို ခေါင်းထဲမထည့်ထားနိုင်လောက်အောင် သူ့မှာ ဘယ်သူ့အကြောင်းတွေ ခေါင်းထဲအပြည့် ထားရလို့လဲ။

စွမ်းစလည်း ဒီတော့မှ သတိရသွားသလိုနဲ့ ...

"ဪ ... ဆောရီး၊ ကိုယ် မေ့သွားလို့"

ဟု တောင်းပန်သံသည် သနပ်ခါးကို များစွာစိတ်ထိခိုက်ရစေပြန်သည်။

"ညကျမှ စာရေးတာလား"

"ဟုတ်တယ်"

"ဒါဆို အိပ်ရေးပျက်မှာပေါ့"

"အကျင့်ဖြစ်နေလို့ ညမှပဲ ရေးလို့ရတယ်"





"ကြားဖူးတာတော့ စာရေးဆရာတွေက ဟိုတယ်မှာ အခန်းငှားပြီး ရေးကြတယ် ဆိုလို့ပါ၊ သနပ်ခါးကတော့ အိမ်မှာပဲ ရေးတာလား"

"အိမ်မှာပဲ ရေးလို့ရတယ်၊ ဘယ်မှာမှ သွားမရေးတတ်ဘူး"

"ခုရက်ပိုင်းအတွင်းတော့ နားထားသင့်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ မင်္ဂလာကိစ္စအတွက် သွားရလာရ ဝယ်ရခြမ်းရတွေ ရှိနေတာလေ"

"စိတ်ပါနေတဲ့ အချိန်မှာ ရေးချင်တာမို့ပါ၊ အလုပ်ကိုမပြီးဘဲ တစ်ပိုင်းတစ်စ ရပ်မထားချင်ဘူး"

"အိမ်ပြန်သွားရင် ဘယ်အချိန် အိပ်မှာလဲ"

"ပြန်ရောက်ပြီးတာနဲ့ ရေချိုးပြီးရင် အိပ်ချင်လာတတ်တယ်။ အိပ်ချင်လာတဲ့အချိန် အိပ်လိုက်တယ်၊ နိုးမှထပြီး ဆာရင် စားလိုက်တယ်၊ ပြီးတာနဲ့ တောက်လျှောက်စာရေးတော့တာပဲ။ တစ်ခါတလေ မနက်သုံးနာရီမှ အိပ်တယ်၊ တစ်ခါတလေလည်း မနက်ခြောက်နာရီမှ အိပ်ရင်အိပ်တတ်တာ"

"အအိပ်မမှန်၊ အစားမမှန် ဖြစ်နေပြီ၊ ကျန်းမာရေး မထိခိုက်ဘူးလား"

"အဲဒီလိုလုပ်လာတာ ဆယ်နှစ်လောက်ရှိပြီ"

စွမ်းစ အနေနဲ့ သနပ်ခါး၏ အလုပ်အကိုင်ကို စိတ်မဝင်စားလှသော်လည်း သူ တစ်ချက်စကားများခဲ့သည့်အတွက် ပြေရာပြေကြောင်းဖြစ်အောင် ဟိုမေးဒီမေး လုပ်နေမိတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ သီချင်းဆိုခြင်း၊ သီချင်းနားထောင်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ စာဖတ်ခြင်းတို့ကို စိတ်ဝင်စားသော်လည်း ရုပ်ရှင်ဆိုရင်လည်း အက်ရှင်ကားလောက်၊ စွန့်စားခန်းပါသော ကားလောက်သာ ကြည့်လေ့ရှိပြီး အချစ်ကား ဒရာမာကားတွေကို မကြည့်ဖြစ်ခဲ့ပါ။ ထို့အတူ စာဖတ်ရင်လည်း မဂ္ဂဇင်း ဂျာနယ်တို့၊ ဝတ္ထုတို့ဖတ်တော့ဖတ်ပေမဲ့ အချစ်ဝတ္ထုဆိုလျှင် ဘယ်လိုမှ ခံစားမရတတ်တာမို့ ဂန္ထဝင်အချစ်ဝတ္ထုပဲ ဖြစ်ပါစေဦး ဖတ်ပင်မဖတ်ကြည့်ဖူးခဲ့သူသာ ဖြစ်သည်။ သီချင်းကတော့ ထားပါ။ ဘာသီချင်းပဲဖြစ်ဖြစ် နားထောင်ဖြစ်ပါသည်။ အဲဒီလိုလူမျိုးကျမှပဲ အချစ်ဝတ္ထုစာရေးဆရာမနဲ့ လာဆုံစည်းနေရသည်မှာ အတော့်ကို အဆင်မပြေသော ဆုံစည်းမှုပင် ဖြစ်လေသည်။

နာမည်ကြီးပရိဘောဂဆိုင်ကြီးထဲ ဝင်လာသောအခါ သွားနေကျ ပုံစံအတိုင်း စွမ်းစက ရှေ့နှစ်လှမ်း ကြိုရောက်နေပြီး သနပ်ခါးကတော့ သူ့နောက်မှာ ကပ်ပါလာရသည်။ ဒီနေ့တော့ စွမ်းစဟာ လက်တိုအဖြူပြောင်ပေါ် ရွှေရောင်အစင်းမှုန်တွေ ခေါင်လိုက်စင်းပါသောရုပ်ကို ဝတ်ထားပြီး နက်မှောင်မှောင်ပုဆိုးနှင့်ဖြစ်သည်။ သူ့ခြေဖဝါးတွေ ခြေဖမိုးတွေဟာ သနပ်ခါးရေးဖွဲ့သော ဝတ္ထုတွေထဲက စာတ်လိုက်လို သိပ်ပြီး ပန်းရောင်တောက်လျှက်လုပနေတာမျိုး မရှိပါ။ ယောက်ျားဆန်သော ခြေချောင်း လက်ချောင်း ပုံစံတွေနှင့် ကြေးညှော်ကင်းစင်ပြီး သန့်ရှင်းစင်ကြယ်နေတာမျိုးပဲ ရှိပါသည်။ သနပ်ခါး ရေးဖွဲ့လေ့ရှိသလို ခြေချောင်း၊





က်ချောင်းတွေကအစ သွယ်လျပြီး ကဗျာဆန်နေသော ယောက်ျား းတော့ မဟုတ်ချေ။

သူ ဗ သိပ်စိတ်ကူးယဉ်မဆန်၊ ကဗျာမဆန်ဘဲ က်တွေ့ဆန်လှသူတစ်ဦးမှပဲ ဖြစ်မှာပါ။ လက်တွေ့ဆန်လှတဲ့ တွက် သူဟာ သနပ်ခါးကို စိတ်ကူးယဉ်ပြီး မချစ်ခဲ့ဘူး။ လက် ့ကျကျပဲ ယူသင့်ယူထိုက်တဲ့ မိန်းကလေးလို့ ဆုံးဖြတ်ပြီး ချယ်ခဲ့တာပဲ ဖြစ်မှာပါ။ ဆေးလှူအမြင်မှာ သူဟာ ဘာမှအပြစ် ာစရာ မရှိသော ယောက်ျားတစ်ယောက်၊ သူနဲ့လက်ထပ်မဲ့ း ကလေးအတွက် ဘာတွေလိုနေမလဲ။ ဘာတွေဖြည့်ဆည်းပေး ိုမလဲဆိုတာ အလိုက်ဟသိဆောင်ရွက်ပေးတတ်သော ယောက်ျား စ်ယောက်အဖြစ် မြင်ကြမှာ။

"သနပ်ခါးရယ် ... ညည်း ကံကောင်းပါတယ်"လို့ န်ခံရမှာပါ။

ဒါပေမဲ့ ... ဒါပေမဲ့တော့ ...။

"မိန်းကလေးဆိုတော့ မှန်တင်ခုံက အဓိက လိုမှာပေါ့ ... လား။ မှန်တင်ခုံတွေ အရင်ကြည့်ကြရအောင်၊ ကြိုက်တာ တွေ့ရင် တစ်ခါတည်း ယူလိုက်မယ်"

သူက အမှတ်မထင် သနပ်ခါး၏ပခုံးတစ်ဖက်ကို ခေါ်လိုက်လျှင် သနပ်ခါး ရင်ထဲမှာ နွေးသွားပါသည်။ ာ တယုတယ လုပ်ပြခြင်းလား၊ ရင်းနှီးလိုတဲ့ အမူအရာလား၊ းပေးခြင်းလား ဆိုတာတော့ သနပ်ခါး မဝေခွဲတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စတွေ့ကြတဲ့ အချိန်တည်းက အခုထိ သူ့ဆီက တစ်ခါမှ တရင်းတနှီး အမူအရာမျိုးကို မရခဲ့သည်ဖြစ်ရာ သနပ်ခါး ရင်ထဲမှာတော့ တော်တော်ကြည်နူးမိပါသည်။

ဘဲဥပုံ မှန်အပိုင်းပါသော မယော်ဂနီရောင်တောက်နေသည့် မှန်တင်ခုံတစ်လုံးရယ်၊ အဝတ်ဗီရိုတစ်လုံးရယ်ကိုသာ သနပ်ခါး ရွေးပေမဲ့ စွမ်းစ အတင်းတိုက်တွန်းနေသဖြင့် ထမင်းစား စားပွဲပါရွေးဖို့ တိုင်ပင်ရပြန်သည်။

"တစ်ခါတည်း တော်တော်များများ ဝယ်ဖြစ်သွားအောင် ဝယ်မယ့်ဝယ် ထမင်းစား စားပွဲပါ ဝယ်လိုက်ပါ၊ ပြီးတော့ ခပ်သေးသေး မရွေးနဲ့ လူရှစ်ယောက် ဆယ်ယောက်စာလောက် ပုံစံမျိုး ရွေးလိုက်မယ်၊ မိတ်ဆွေတွေ ဆွေမျိုးညီသည်တွေ လာရင်လည်း ကျယ်ကျယ်ဝန်းဝန်း ကျွေးမွေးလို့ ရတာပေါ့"

အရောင်းဝန်ထမ်း ကောင်လေးကတော့ မှာထားသမျှတွေ စာရင်းစာအုပ်ဖြင့် ရေးမှတ်ပေးပါသည်။

အားလုံးရွေးပြီးတော့ ညနေလေးနာရီပင် ရှိနေပြီ။ သနပ်ခါးမှာ အတော်ပင်ပန်းနွမ်းနယ်နေသည်။ ဘာကြောင့်လဲဆိုတော့ မနက်က မနက်လေးနာရီမှ အိပ်ရာဝင်ကာ မနက်ဆယ်နာရီ ပြန်အိပ်ရာထရပြီး သူနဲ့အတူသွားဖို့ ပြင်ဆင်ရသည်။ သနပ်ခါးအတွက် အိပ်ချိန်က သိပ်မရလိုက်။ သနပ်ခါးက အိပ်ချိန်ရှစ်နာရီလောက်ရမှ အိပ်ရေးဝတတ်သူဖြစ်သည်။ အခုတော့





တစ်နေကုန်လည်း သွားလာဝယ်ခြမ်းနေရရာ လမ်းပေါ်မှာ အချိန်ကုန်သလို ဖြစ်နေသည်။ ကားမမောင်းရပေမဲ့လည်း လူကပင်ပန်းပြီး နုံးနေသည်။ ရေတစ်ဝချိုးပြီး အိပ်လိုက်ရရင်တော့ တော်တော့်ကို အပန်းပြေပြီး ကြည်လင်လန်းဆန်းသွားမလား မသိ။

"နေ့လယ်စာ မုန့်နဲ့ အရည်တစ်မျိုး စားရအောင်နော်။ ဟင် ... ဘာဖြစ်လို့လဲ သနပ်ခါး"

သနပ်ခါးသည် ကားကူရှင်မှာ ခေါင်းကိုမှေးတင်ကာ မျက်စိကိုပါ မှိတ်ထားတာကို သူ လှည့်၍မေးစဉ်မှာ တွေ့လိုက်သဖြင့် စိုးရိမ်စွာ မေးလိုက်ပါသည်။

"ဘာမှမဖြစ်ပါဘူး ပင်ပန်းသွားလို့ပါ"

"ဩော် ... ဒါဆိုလည်း စောစောက ပြောပါလား၊ ဆိုင်မှာ အချိန်ကြာကြာမဖြုန်းဘဲ ပြန်ကြမှာပေါ့၊ ဆောရီးကွာ ဆောရီး၊ ကိုယ် မင်းကို ဂရုမစိုက်ဘဲ ကိုယ်လုပ်ချင်ရာ လုပ်သလို ဖြစ်သွားပြီ"

"ရပါတယ်"

ဟုတ်တယ် ... တကယ်လည်း ရပါတယ် ရှင်ရယ်။ ရှင်နဲ့ အခုလို အတူရှိနေရတာကို သနပ်ခါး ကျေနပ်ပါတယ်။ စိတ်ချမ်းမြေ့ပါတယ်။ ကိုယ့်ကို သူ မချစ်ဘူးဆိုတာ အလိုလိုခံစားပြီး သိနေပေမဲ့လည်း သူ အနားမှာရှိနေရတာ၊ ကိုယ်ရဲ့ပတ်သက်သူအဖြစ် ရှိနေသေးတာကိုပဲ ရင်ထဲမှာ ပီတိဖြစ်ရတယ်။ နောက်ဆိုလည်း နေ့စဉ်အတူတူ တွေ့နေ၊ မြင်နေရမှာပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သည်းတယ်ပဲပြောပြော သနပ်ခါးကတော့ သူနဲ့စက္ကန့်တိုင်း
မှာ အခုကတည်းက အတူတူ ရှိနေချင်တဲ့သူပါ။

အချစ်ဦးမို့ အရှုးအမူး ချစ်မိပါတယ်ဆိုတဲ့ စကား
လုံးကို အခုမှပဲ သနပ်ခါး တစ်ယောက် အသေအချာ သုံးတတ်
လာပြီ ထင်ပါရဲ့။





## ၁၁

အိမ်ရဲ့ဝရန်တာဟာ ဂ,ငယ်ပုံလေး ထုတ်ထားလျက် ပွတ်လုံးတိုင် အကာတွေနဲ့ဖြစ်သည်။ ဆောက်ထားတဲ့ နှစ်ထပ်တိုက်က သိပ်အကျယ်ကြီး၊ အကြီးကြီးလည်း မဟုတ်ပေမဲ့ သနပ်ခါး ရင်ထဲမှာတော့ ဒါဟာ ငါနဲ့သက်ဆိုင်တော့မဲ့ အိမ်လေးပဲရယ်လို့ စိတ်ထဲမှာ ခံစားပြီး နှစ်ခြိုက်သွားပါသည်။

သနပ်ခါး အခု ဖေဖေ၊ မေမေတို့နဲ့ အတူတူနေတဲ့ အိမ်ဟာ ဒီအိမ်ထက် နှစ်ဆလောက် ပိုကြီးပြီး ပိုလည်းကြီးမားခဲ့ထည်သလို ခြံဝင်းကျယ်ကြီးလည်း ရှိပါသေးသည်။ ငယ်ငယ်တည်းက နေလာခဲ့သော မိဘအိမ်ကိုလည်း သံယောဇဉ်ရှိလှပြီး ဘယ်အိမ်နဲ့မှ မလဲနိုင်အောင် သဘောကျလှခဲ့သူ သနပ်ခါးဟာ အခုချက်ချင်းပဲ မြင်မြင်ချင်း ဒီအိမ်လေးကို ချစ်မိသွားပြန်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အရင်က အပြင်ကအရောင်ကို မီးခိုးရောင်ရင့်ရင့်သုံးထား မိတယ်၊ သနပ်ခါး မကြိုက်ရင် ဆေးပြောင်းသုတ်လို့ရတယ် နော်"

ဝရန်တာမှာရပ်လျက် ငေးနေသော သနပ်ခါး သူ ရောက်လာပြီး ပြောပါသည်။

"ခါး မီးခိုးရောင်အိမ်လေးကို ကြိုက်ပါတယ်"

"ဒါဖြင့် အထဲက အရောင်ရော"

အထဲက အရောင်တွေမှာ ညှိခန်းကိုတော့ အဝ ဖျော့ရောင်လွှင်လွှင်၊ အိပ်ခန်းတွေအားလုံး အပြာရောင်လွှင်လွှင် မီးဖိုချောင်နဲ့ လောင်ဒရီခန်းကတော့ အစိမ်းပုပ်ရင့်ရင့်တွေ သုံး ထားကာ ဘုရားခန်းကိုတော့ အဖြူဆွတ်ဆွတ် ဆေးသုတ်ထားပါ သည်။

"အရောင်တွေအားလုံး အဆင်ပြေပါတယ်"

"သနပ်ခါးက ဘယ်အရောင် crazy လဲ"

"crazy ဖြစ်တဲ့ အရောင်တော့ မရှိပါဘူး။ အကုန်လုံး ကြိုက်တယ်၊ ခါးက ဘယ်အရာမှ သိပ်ပြီးစွဲစွဲမြဲမြဲ မရှိတတ် ဘူး။ serious မဖြစ်တတ်ဘူး"

"အယူရော သီးတတ်လား"

"ဟင့်အင်း ... အယူမသီးတတ်ပါဘူး၊ ဒါပေမဲ့ တစ်ခါ တလေတော့ ကိုယ် သိပ်ဖြစ်ချင်တဲ့ကိစ္စတစ်ခု မအောင်မြင် မှာစိုးရင်တော့ အယူသီးရင် သီးတတ်တယ်"



"မိန်းကလေးတွေက ဒီလိုပါပဲ"

မနေ့ကရော ဒီနေ့မှာပါ သူနဲ့သနပ်ခါး ဆက်တိုက် ဆုံရသည် ဖြစ်နေလေရာ နှစ်ဦးသားကြားမှာ ရင်းနှီးမှုက ပိုလာ တာတော့ အမှန်ပင်။ သူကိုယ်တိုင်လည်း သနပ်ခါးကို သေသေ ချာချာ ဂရုတစိုက် ငေးကြည့်မိတတ်တာ မကြာခဏ ဖြစ်လာသလို သေသေချာချာ ကြည့်လေလေ အကြည့်ခံလျက် ယောကျ်ားတစ် ယောက်ရဲ့နှလုံးသားထဲက အချစ်တွေကို ဖြားယောင်းနိုင်လေလေ ပဲဟု သူ ခံစားမိသည်။

ဒီမိန်းကလေးကို ငါ ပိုင်ဆိုင်ရမှာပါလွှား။ လက် ထပ်ရမှာပါလား။ သူနဲ့အတူ တစ်သက်လုံး ငါနေရတော့မှာပါ လား။ မနက်မိုးလင်းလို့ အိပ်ရာထရင် ငါ့နံဘေးမှာ ရှိနေမဲ့သူဟာ ဒီမိန်းကလေးပါလားလို့ မကြာခဏ အတွေးဝင်လာလျှင် ရင်ထဲ မှာ ကျေနပ်နှစ်သိမ့်တာက တစ်ဝက်၊ နှလုံးသားရဲ့ဘယ်အခြမ်း ကမှန်း မသေချာတဲ့ နာကျင်ကွဲအက်ခြင်းက တစ်ဝက်လို ခံစား ရသည်။

"ဆက်တီတစ်စုံတော့ ဝယ်ရဦးမယ်နော်"

"ကိုယ်က သနပ်ခါး ပင်ပန်းသွားမှာစိုးလို့ ဝယ်တဲ့အလုပ် ကို ခဏရပ်ထားတာ။ အမှန်တော့ ဝယ်ထားလိုက်ပြီး နေ ရာချထားချင်ပြီလေ၊ ပွဲတွေက နီးလာရင် ဒီဘက်လှည့်လာ ပြီး ပြင်ဖို့ ဆင်ဖို့ကို အချိန်ပေးနိုင်တော့မှာ မဟုတ်ဘူး၊ ဒီကြားထဲ ကိုယ်က ခရီးထွက်စရာရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ် ဗန်ကောက်၊ စင်ကာပူ၊ မလေးရှား သုံးနိုင်ငံ သွားရမယ်၊ အလုပ်ကိစ္စအတွက် ကိုယ် ဒီလိုဖဲ ထွက်နေကျလေ၊ အခုတစ်ခေါက်က စောစောကြိုသွားလိုက်တာ၊ လက်ထပ်ပြီးကြရင် ကိုယ် ခြောက်လလောက်က ဘယ်မှထပ်မသွားဘဲ မင်းအနားမှာ နေသင့်တယ်လေ။ ပုံမှန်ကတော့ ကိုယ် နှစ်လတစ်ခါ သုံးလတစ်ခါလောက် သွားရတယ်၊ သွားရင်လည်း သိပ်တော့မကြာပါဘူး ဆယ်ရက် အလွန်ဆုံးပါပဲ"

သနပ်ခါး နားထောင်နေစဉ် ခြံရှေ့မှာ စက်ဘီးစုတ်လေးတစ်စီး လာရပ်လိုက်တာကို တွေ့ရလျှင် ...

"ဟော ... မောင်နိုင် လာပြီ"

ဟု စွမ်းစ နှုတ်ဖျားမှ ရေရွတ်ရင်း ...

"ဒီနေ့ ကိုယ် ဒီဘက်ရောက်မှာမို့ ကိုယ့်အလုပ်ရုံမှာ အလုပ်လုပ်တဲ့ ဦးလေးကြီးကို မှာလိုက်တယ်၊ သူ့သားကို အိမ်မှာ မြက်ရိတ်ဖို့ ပေါင်းပင်ရှင်းဖို့ လွှတ်လိုက်ပါလို့လေ။ သူတို့က ဒီနားတစ်ဝိုက်မှာပဲ နေကြတာ၊ သူ့သားက အိမ်တွေမှာလိုက်ပြီး အပင်ခုတ်၊ မြက်ရိတ်၊ ပေါင်းပင်ရှင်းပေါ့၊ လက်တိုလက်တောင်းခိုင်းတဲ့ အလုပ်လုပ်တယ်ဆိုတာ သိထားလို့ ကိုယ် ဒီဘက်ရောက်မဲ့အခါတိုင်း သူ့သားကို လွှတ်ပေးဖို့ မှာထားတာလေ"





ဟူ၍လည်း တစ်ဆက်တည်း ရှင်းပြကာ ခြံတံခါးကို ရီမုဒ်ဖြင့် ဖွင့်ပေးပြီး သူပါအောက်ထပ်ဆင်းသွားပါသည်။ သနပ်ခါး ဝရန်တာမှာ မေးထောက်ပြီး ဟိုငေး ဒီငေး လုပ်နေတုန်း ဖုန်းမြည်သံတစ်ခုကြောင့် ကြည့်မိလျှင် စွမ်းစ၏ဖုန်းမှာ ဝရန်တာတွင်ချထားသော စားပွဲပေါ်တင်ရက် ကျန်ခဲ့တာကို တွေ့ရသည်။ ဝရန်တာမှာတော့ ကြိမ်ခုံဝိုင်း လေးခုံနှင့် ကြိမ်ခွေခံထားသော မှန်စားပွဲဝိုင်းလေး ရှိလေသည်။

ဖုန်းမှာ သူများတကာတွေလိုအဆန်းထွင်ပြီး သီချင်းသံတွေ ဘာတွေ download လုပ်ကာ ထည့်ထားတာမျိုးမရှိဘဲ Nokia ဖုန်း၏ ring tone ကိုသာ သုံးထားသဖြင့် ဖုန်းသံက ရိုးရိုးဖြစ်နေပါသည်။ ဖုန်းမြည်သံကြောင့် သနပ်ခါးလည်း အမှတ်မထင် ဖုန်းထဲမှာပေါ်နေသည့် နံပါတ်ကို ကြည့်လိုက်ရာ "မုဒြာ" ဆိုသော နာမည်နဲ့ ဖုန်းနံပါတ် ပေါ်နေတာ တွေ့ရသည်။

မုဒြာ ... မုဒြာ ... မုဒြာ ဆိုတာ ကုမုဒြာလား၊ ဘာကြောင့် ကုမုဒြာလို့ နာမည်အပြည့်အစုံ မရေးထည့်ထားဘဲ မုဒြာလို့ပဲ ရေးထားရသလဲ။ ဘာကြောင့်လဲ။ သူတို့ ဘယ်လောက်ထိ ရင်းနှီးမှုရှိလဲ။ ဘယ်လောက်ထိ ပတ်သက်နေကြသလဲ။ သနပ်ခါး ရင်ထဲမှာ ခုနက ပျော်ရွှင်ချမ်းမြေ့နေသမျှပင် ရုတ်ခြည်း ပျောက်ကွယ်သွားသလို ခံစားရစေသော အတွေးစကြောင့် စိတ်ကဘယ်လိုကဘယ်လို စေ့ဆော်လိုက်သည်မသိ ဖုန်းကိုကောက်ကိုင်ပြီး လက်ခံနားထောင်မိလိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစွမ်း ... အံမယ်လေး ဖုန်းခေါ်လိုက်ရတာနော်။ ချက်ချင်းမကိုင်ဘဲ ဘယ်ရောက်နေရပြန်တာလဲ"

ဖုန်းကို လက်ခံလိုက်ပြီး နားနဲ့ကပ်လိုက်လျှင်ပဲ တစ်ဖက်မှ တရင်းတနှီး ပြောလိုက်သံကို ကြားရသည်။ ကြည့်ရတာ စွမ်းစရဲ့ဖုန်းကို စွမ်းစကလွဲရင် ဘယ်သူမှ ကိုင်မယ်မထင်ထားလို့ ဒီလိုချက်ချင်း စကားတွေ ပြောလိုက်တာဖြစ်မည်။

"ကိုစွမ်းစ မဟုတ်ပါဘူး"

သနပ်ခါး၏ ခပ်ဆတ်ဆတ်အသံကို ကြားလိုက်ရတော့ တစ်ဖက်မှ ခဏတိတ်သွားပါသည်။

"ကိုစွမ်းစ ဖုန်းကို ဘယ်သူမှ ကိုင်ခွင့်မရှိဘူးလို့ သိထားတယ်။ အခု ဘယ်သူကိုင်တာလဲ"

သူမအသံက ဘာကိုမှ အကြောက်အရွံ့မရှိ၊ ဘာကိုမှ ဂရုမစိုက်ဟန်ဖြင့် အပေါ်စီးကနေ ပြန်မေးလိုက်သောကြောင့် သနပ်ခါး တော်တော်ဒေါသထွက်သွားပါသည်။

"အရင်က ဘယ်သူမှ ကိုင်ခွင့်မရှိပေမဲ့ အခုတော့ ကိုင်ခွင့်ရှိတဲ့သူ ရှိလာပြီလေ၊ ဒါကြောင့် တို့ ကိုင်လိုက်တာပဲ"

"အို ... ကျွတ် ... ကျွတ် ... သူ သိရင် သိပ်စိတ်ဆိုးလိမ့်မှာနော်"

"သူ့အကြောင်း သိလှချည်လား"

"ဒါနဲ့ နေပါဦး၊ ရှင်က ဘယ်သူလဲ"





"ဖုန်းခေါ်ကတည်းက ဖုန်းနံပါတ်နဲ့အတူ နာမည်ပါ ပေါ်နေမှာပဲ၊ သိပြီးမှာပါ"

"ကုမုဒြာလား"

"ဟုတ်တယ်လေ၊ သူက ဖုန်းထဲမှာ ဘယ်လိုနာမည်နဲ့ ထည့်ထားလို့လဲ"

"မုဒြာတဲ့"

"ဒါ သူခေါ်နေကျ နာမည်ပဲလေ၊ ဒါနဲ့ ရှင်က ဘယ်သူလဲ"

"သနပ်ခါး"

"ဪ ... သနပ်ခါးလား"

သူမအသံက သိနှင့်နေပြီးသား လေသံမျိုး ဖြစ်နေသည်။ သနပ်ခါး စိတ်ထဲမှာ ထိုသို့ပြောခွင့်ရလိုက်သည့်အတွက် အနိုင်တစ်ခု ရလိုက်သလို ခံစားရလေသည်။

"ကိုစွမ်းကို ခေါ်ပေးပါ၊ သူနဲ့ပဲ စကားပြောချင်တယ်"

"သူ အခု ဒီနားမှာ မရှိဘူး၊ အောက်ထပ်ရောက်နေတယ်၊ မြက်ရိတ်ပေးမဲ့ ကောင်လေး ရောက်လာလို့ လိုက်ပြပေးနေတယ်"

"မြတ်ရိတ်ပေးမဲ့သူ ဟုတ်လား၊ အခု ဘယ်ရောက်နေလို့လဲ"

"FMI က သူ့အိမ်မှာပေါ့၊ တို့တွေ လက်ထပ်ပြီးကြရင် ဒီမှာနေမှာမို့ အခု လာပြင်ဆင်နေတာ"

သနပ်ခါးသည် တစ်ဖက်ကို အလိုလိုနေရင်း မနာလိုခြင်းတွေဖြစ်ကာ မလိုအပ်တဲ့ အကြောင်းအရာတွေပါ တမင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြောလိုက်မိသည်။ စိတ်ထဲမှာ အလိုလို သိလည်းသိနေသည်။ ကုမုဒြာဟာ စွမ်းစအပေါ် တစ်စုံတစ်ခုတော့ လွှမ်းမိုးမှု၊ ပတ်သက်မှု ရှိနေသည်ဟု၍ပင်။

ထိုအချိန်မှာပဲ အပေါ်ထပ်သို့ ပြန်တက်လာသော စွမ်းစကို မြင်လိုက်ရသည်။

သနပ်ခါးက ဖုန်းကို အပြောမပျက်ဘဲ ခပ်အေးအေး ဟန်ပန်ဖြင့် ...

"အတော်ပါပဲ၊ သူ အခု အပေါ်ပြန်တက်လာပြီ၊ ရှင်နဲ့စကားပြောလို့ ရပါပြီ ကုမုဒြာ"

ဟု စွမ်းစကိုလည်း ဘယ်သူဖြစ်ကြောင်း အသိပေးသလို တစ်ဖက်ကိုလည်း ပြောလိုက်နိုင်သည့် စကားသံနှင့် တုံ့ပြန်လိုက်သည်။

စွမ်းစ မျက်နှာမှာ စိတ်လှုပ်ရှားခြင်းတွေ ဖြတ်ပြေးသွားကြောင်း သနပ်ခါး အကဲခတ်လိုက်နိုင်ခဲ့သည်။ ဖုန်းကိုအသာ လှမ်းပေးရင်း ...

"ကုမုဒြာ ဖုန်းဆက်တယ်"

"ဘာလို့ ကိုယ့်ဖုန်းကို ကိုင်လိုက်လဲ"

ထိုသို့ သူ့ထံမှ ခပ်ဆတ်ဆတ်ပြောသံကြောင့် သနပ်ခါးမှာ ထောင်းခနဲ ဒေါသဖြစ်သွားပါသည်။ ဒေါသဖြင့် သူ့ကို ရန်တွေ့မလို့ပေမဲ့ သူဟာ ဖုန်းကို အလျင်စလိုပဲ သနပ်ခါးထံမှ ယူသွားပြီး ချက်ချင်း အောက်ဆင်းကာ စကားပြောလေသည်။



သူတို့ပြောတာတွေ မကြားစေချင်ဟန် တွေ့ရသော အနေအထားက သနပ်ခါး လုံးဝသည်းမခံနိုင်ခဲ့ပါ။ သူ့ကိုမြင်နိုင်မဲ့ နေရာလောက်က မရမက လိုက်ကြည့်လျှင် ဘာတွေအကြီးအကျယ် ဖြေရှင်းနေမှန်းမသိ၊ အစိုးရိမ်ကြီးစွာ ပြောနေမှန်း မသိသော တုန်လှုပ်လွန်းသည့် သူ့အမူအရာတွေကို သနပ်ခါး လှမ်းတွေ့နေရလေသည်။ ဟိုဘက်က ကုမုဒြာဟာ သူ့အပေါ် ဘယ်လိုနည်းနဲ့များ လွှမ်းမိုးထားနိုင်ခဲ့သလဲ။ ဘယ်လောက်ထိ သူ့ကိုချုပ်ကိုင်ထားနိုင်နေပြီလဲ။

မိနစ်နှစ်ဆယ်ကျော်ကြာအောင် ဖြေရှင်းပြောဆိုပြီးသောအခါ သူဟာ ဖုန်းကိုပိတ်ရင်း တွေတွေငေးငေး ဖြစ်နေခဲ့ပြန်သည်။ အဝေးတစ်နေရာကို အကြာကြီး ငေးနေသော သူဟာ လောကကြီးမှာ တခြားသူတွေ ရှိနေသေးတယ်ဆိုတာကိုတောင် မေ့နေဟန်ဖြင့် ငေးနေတာမျိုး ဖြစ်နေသည်။

သနပ်ခါးလည်း ဒါကို ဆက်အောင့်အည်း သည်းခံနေလိုစိတ် မရှိတော့။ ဆက်ပြီးစောင့်ကြည့်နေလိုစိတ် မရှိတော့။ ဒါနဲ့ပဲ အောက်ထပ်ကိုဆင်းလာလိုက်ပါသည်။ သူ့အနား တမင်ပဲ သွားရပ်လိုက်ပါသည်။

သူက ခပ်မှုန်မှုန် မျက်နှာဖြင့် လှည့်ကြည့်ကာ ...

"ပြန်ကြမလား"

လို့ စမေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါ ဘာသဘောလဲ။ ဘာကြောင့် ဖုန်းဆက်ပြီး အချေအတင် စကားပြောရတဲ့ သူနဲ့ ကုမုဒြာဟာ ဘယ်လိုပတ်သက်ပါတယ်လို့ ပြောမပြနိုင်ရတာလဲ။ ဒီလောက် သိုသိပ်လွန်းရင် မချောင်းတော့ဘူး။

သနပ်ခါးဘက်ကလည်း မာနတွေနဲ့ တင်းခံပြီး မမေးဘဲ မဖြေရှင်းဘဲ နေရင် မကောင်းတော့ဘူး။ လက်မထပ်ခင်မှာ အရာအားလုံးဟာ ဖြေရှင်း၊ ရှင်းလင်းပြီးသားဖြစ်ဖို့ လိုအပ်တယ်။

"မပြန်ခင်မှာ ခါး ကိုစွမ်းစကို မေးစရာရှိတယ်"

"... ... ..."

"ကုမုဒြာနဲ့ ကိုစွမ်းစ ဘယ်လိုပတ်သက်နေတာလဲ"

"... ... ..."

"ခါးဟာ ကိုစွမ်းစရဲ့ ဇနီးလောင်းတစ်ယောက်အနေနဲ့ သိခွင့်ရှိတယ်လို့ ကိုစွမ်းစ စိတ်ထဲမှာ ဘာကြောင့် နေရာမပေးနိုင်ရတာလဲ။ ဘာကြောင့် မပြောပြတာလဲ၊ အရင်တစ်ခါတည်းက ခါး သူနဲ့ ကိုစွမ်းစကို တွဲရက်တွေ့တာကို သံသယ ရှိခဲ့တယ်။ လူနှစ်ယောက်ဟာ နေ့လယ်စာအတူ ထွက်စားတယ်၊ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် အတူတွဲကြတယ်ဆိုတာ ရိုးရိုးသာမန်မိတ်ဆွေပုံစံလား၊ တစ်စုံတစ်ရာ ထူးထူးခြားခြား ပတ်သက်တဲ့ ပုံစံလားဆိုတာ ကြည့်လိုက်ရုံနဲ့ ခွဲခြားလို့ ရပါတယ်"



"ဟုတ်တယ်၊ ကိုယ်တို့ ပတ်သက်မှု ရှိတယ်"

သနပ်ခါးသည် အစပိုင်းမှာတော့ သူ့ဘက်က ငြိမ်နေခဲ့ပြီး သနပ်ခါးဘက်က ဆက်တိုက်ပြောလာမှ သူ ပြုန်းခနဲ ဝန်ခံလိုက်သလို အသံဖြင့် သနပ်ခါး၏စကားလုံးတွေပင် မဆုံးသေးခင်မှာ ပြောချလိုက်ပါသည်။

"သူဟာ ..."

"ရှင့်ရဲ့ချစ်သူလား ကိုစွမ်းစ"

သနပ်ခါး တမင်ပဲ မေးပစ်လိုက်သည်။ ရင်ထဲမှာနာပြီး စူးမြက်နေတော့သည်။

"ကိုယ် သူ့ကို သိပ်ချစ်ခဲ့တယ်၊ ဒါပေမဲ့ ကိုယ်တို့ ချစ်သူတွေ မဖြစ်ခဲ့ဘူး"

"ဘာကြောင့်လဲ၊ သူက ရှင့်ကို ငြင်းလို့လား"

"မုဒြာဟာ သိပ်မာနကြီးပြီး အတေးအမှတ်လည်း သိပ်ထားတတ်တယ်။ ဒါကြောင့် သူ ကိုယ့်ကို ဘယ်တော့မှ ချစ်သူအဖြစ် လက်ခံမှာ မဟုတ်ဘူး"

ရှင် သနပ်ခါးကို မချစ်ဘူးလို့ ပြောနေတာနဲ့အတူတူပဲ ကိုစွမ်းစရယ်။

ဘာကြောင့် ဒီလိုစကားတွေကို ရှင် ပြောထွက်ရဲတာလဲ။ နည်းနည်းလေးမှ မုသားသုံးပြီးတော့တောင် ကြားကောင်းအောင် မပြောတော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

"မေမေက မုဒြာတို့မိဘတွေရဲ့ပုံစံကို မကြိုက်ဘူး၊ မိဘတွေက သားသမီးကို အုပ်ချုပ်တဲ့ပုံစံကို လုံးဝသဘောမကျဘူး။ မုဒြာတို့မောင်နှမတစ်တွေ နေပုံထိုင်ပုံကို သိပ်အနောက်တိုင်းဆန်လွန်းတယ်၊ ကလက်တယ်၊ တန်ဖိုးမဲ့တယ်လို့ မြင်တယ်၊ ဒါကြောင့် ကိုယ် မုဒြာကို ချစ်နေမှန်း သိကတည်းက မေမေ ကိုယ့်ကိုလည်း တားတယ်။ မုဒြာကိုလည်း ကိုယ့်ရှေ့မှာတင် ရှုတ်ချသလိုစကားတွေ ပြောခဲ့တယ်၊ ဥပမာကွာ ... မြန်မာမိန်းကလေးတစ်ယောက်ဟာ ဘယ်လိုနေရမယ် ထိုင်ရမယ်၊ လက်မထပ်ခင်မှာ ယောကျ်ားတစ်ယောက်နဲ့ သိပ်ပြီး လက်ပွန်းတတီး မနေရဘူး၊ ရည်းစားတောင် အတိအလင်း မဖြစ်သေးတဲ့ ယောကျ်ားတစ်ယောက်ကို လက်မောင်းကိုင်လား၊ ကျောကိုထုလား ဘာလား မလုပ်ရဘူး၊ ဒါမျိုးတွေက မိန်းမတစ်ယောက်ရဲ့အဆင့်အတန်းကို ပြနေတယ်၊ ဣန္ဒြေသိက္ခာမရှိဘူး၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားဘူး စသဖြင့်ပေါ့၊ တကယ့်ကို မုဒြာတို့ နေထိုင်ပြုမူနေတဲ့ ပုံစံတွေကို ထောက်ပြပြီး ဝေဖန်ခဲ့တာ။ မုဒြာကလည်း အဲဒါကို အေးအေးသက်သာ နားမထောင်ခဲ့ဘူး။ မေမေ့ကို ပြန်စိန်ခေါ်သလိုလို ရန်တွေ့ချင်သလိုလို စကားတွေနဲ့ တုံ့ပြန်ခဲ့တယ်၊ ဒါတွေကြောင့် သူတို့နှစ်ယောက်ကြားမှာ လုံးဝညှိမရတဲ့ အခြေအနေတစ်ခုရှိသွားခဲ့တယ်လေ။ ကိုယ်ဟာ အမေ့ဘက် သိပ်လိုက်တဲ့





မေမေ့သားတစ်ယောက်တော့ မဟုတ်ခဲ့ပေမဲ့ မေမေ စိတ်မချမ်းသာနိုင်မဲ့ကိစ္စကိုတော့ ရှောင်ထွက်ပေးခဲ့ပါတယ်။ ကိုယ့်နှလုံးသားကို အမှောင်ချပစ်ခဲ့တယ်လို့ ပြောရင်ရတယ်"

သနပ်ခါးဟာ စွမ်းစ စိတ်လိုလက်ရ ပြောပြလိုက်သော ကုမုဒြာ ဆိုသည့် မိန်းမတစ်ယောက်အကြောင်းကို ရင်ထဲမှာ နာရင်း ကျင်ရင်း ကြေကွဲရင်းကပဲ လိုက်ပါနားထောင်နေမိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မိတ်ဆွေကုမ္ပဏီ ဒါရိုက်တာ၏ မင်္ဂလာနှစ်ပတ်လည် တစ်ခုတွင် ကုမုဒြာနဲ့ စွမ်းစ စတင်ဆုံစည်းရလေသည်။ ငါးနှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ကို ကြယ်ငါးပွင့်အဆင့်မီ ဟိုတယ်ကြီးမှာ ပြုလုပ်ပြီး အနောက်တိုင်းစတိုင်လ် ညစာစားပွဲပုံစံမို့ ကုမုဒြာလည်း ညနေခင်းဝတ်စုံ evening dress နဲ့ အလှကြီးလှနေခဲ့၏။

ပခုံးသားတွေ ရှင်းနေသော ကြက်သွေးရောင်တောက်တောက် ညနေခင်းဝတ်စုံသည် ကုမုဒြာ၏ကိုယ်မှာ ချပ်ရပ်စွာ ဆင်မြန်းထားလျက် လှိုင်းတွန့်ကြီးကြီးတွေ ကောက်ထားသော ဆံပင်တို့ကိုတော့ လည်တိုင်မှာ ရှင်းနေစေရန် ထုံးဖွဲ့ထားပါသည်။ ထိုရှင်းနေသော လည်တိုင်မှာ ဘာဆွဲကြိုးမှမရှိ။ သို့သော် ပလက်တီနမ်ရောင် လက်လက်ထနေသော ပုံဆန်းနားဆွဲ အကြီးကြီးကတော့ ခေါင်းမလှုပ်ဘဲ နေရင်တောင် တလက်လက် တလှုပ်လှုပ်





လှပကြွားရွားနေသည်။ လက်တစ်ဖက်မှာ ဆုပ်ကိုင်လာသော အဖြူရောင်ရွှေမှုန်လေးတွေ ကြဲထားသည့် ပိုက်ဆံအိတ်လေးရယ်၊ ချွန်မြနေသော ဖန်သားဒေါက်မြင့်ဖိနပ်ရယ်မှာ တကယ့်ကိုဖက်ရှင်ကျပြီး လိုက်ဖက်နေသည်။

"ဟယ် ... ကုမုဒြာ လှလိုက်တာဟယ်၊ သူ့ကိုကြည့်လိုက်ရင် ဝတ်တာ စားတာက အမြဲဖက်ရှင်ကျနေတာပဲနော်"

မိန်းကလေးချင်းချင်းပင် (သူမလို လှပသော မိန်းကလေးတွေတောင်မှ)အားကျစွာ ငေးမောအတုယူခံရသော ကုမုဒြာကို စွမ်းစလည်း မြင်ခဲ့ပါသည်။ မြင်မြင်ချင်း ရင်ထဲမှာ ဗုံးတစ်လုံး ရုတ်ခြည်းထပေါက်သလိုပဲ ရင်ခုန်သွားရစေသော မိန်းကလေးမျိုးကို သူ့ဘဝမှာ မဆုံခဲ့ဖူးသေးပါ။

ရည်းစားထားခဲ့ဖူးသူ၊ မိန်းကလေးတချို့နဲ့ တွဲခဲ့ဖူးသူ စွမ်းစအနေနဲ့ ဒီလိုခံစားချက်မျိုးကို မြင်မြင်ချင်း ပေးစွမ်းနိုင်သော မိန်းကလေးကား ကုမုဒြာတည်း။ အဲဒီအချိန်မှာ သူ့ရင်ထဲမှာ ဖြစ်လာတဲ့ ဆန္ဒကတော့ သူမမှာ ချစ်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါကိုဂရုမစိုက်ဘဲ ဇွတ်တရွတ်ကို ချစ်နေခဲ့ချင်သော စိတ်ဆန္ဒပင်။

"ကျွန်တော် သူနဲ့မိတ်ဆွေဖြစ်ချင်တယ်၊ မိတ်ဆက်ပေးဗျာ"

လို့ပင် ဟန်ဆောင်မနေနိုင်ဘဲ ကုမုဒြာနဲ့ သိကျွမ်းပြီးသား မိတ်ဆွေတစ်ယောက်လို ချက်ချင်း ချဉ်းကပ်ပြီး ဝန်ခံမိတော့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... ဘယ်လိုလဲ ကြွေသွားပြီလား"

"Heart ထိသွားလို့ဗျာ"

"အဆိပ်တော့ ပြင်းတယ်လို့ သတင်းကြီးတယ်"

"ဂရုမစိုက်ချင်ဘူးဗျာ၊ အဆိပ်မိခံလိုက်တော့မယ်လို့ ဆုံးဖြ
လိုက်တာ သူ့ကို စမြင်လိုက်ကတည်းကပဲ"

ဒီလိုနဲ့ သူတို့ ထိုညမှာ မိတ်ဆွေဖြစ်ခွင့် ရပါသည်
ကုမုဒြာအတွက်ကတော့ ဒီလို တစ်ဆင့်မိတ်ဆက်လာကြသူ
ဒုန့်ဒေးမို့ ဒါဟာ သိပ်တော့မဆန်းလှပေ။ (နောက်ကျမှ မှ
ဝန်ခံခဲ့တာကတော့ သူမကလည်း စွမ်းစကို အားလုံးထဲမှာမှ
ထူးခြားခြား သတိထားမိခဲ့ပါသည်တဲ့)။

ကုမုဒြာ ဆိုသော မိန်းကလေးကို စိတ်ဝင်စာ
သောအခါ သူမနဲ့ ပတ်သက်သမျှတွေကို အစ္စုးတစ်ယောက်လို
လိုက်စုံစမ်းနေမိခဲ့တော့သည်။

"စီးပွားရေးလောကရဲ့ အထင်ကရကြီး ဦးနေပိုင်နဲ့ ဒေါ်န
ကြာညိုတို့ သမီးအငယ်ဆုံးပေါ့။ သူ့မှာလည်း ကိုယ်ပို
ကုမ္ပဏီလေးတစ်ခုထောင်ပြီး သွင်းကုန်ထုတ်ကုန်လုပ်င
လုပ်နေတာ"

စွမ်းစထက် အသက်ငါးနှစ်လောက်တောင် ငယ်
လေးရဲ့ အရည်အချင်းကို စသိရသည်။ မိဘမျိုးရိုးကို ကြားသိ
တော့ စီးပွားရေးလုပ်ငန်းရှင်တိုင်း ကြားဖူးနေတဲ့ အထင်ကရ
တွေမို့ ကျေနပ်လောက်စရာ။





"အမေရိကားမှာ ရှစ်တန်းလောက်တည်းက ကျောင်းသွား
နေပြီး ဟိုက ဘွဲ့ရမှ ပြန်လာတာ၊ မောင်နှမလေးယောက်
ရှိတယ်၊ အစ်ကိုနှစ်ယောက် အစ်မတစ်ယောက်ပေါ့၊ အားလုံး
သူ့လိုပဲ အမေရိကားမှာ ကျောင်းနေခဲ့ကြတာ၊ အဖြူနိုင်ငံ
မှာ အထက်တန်းကျောင်း ထိ,နေပြီး ဘွဲ့ရလာကြတာဆို
တော့ နေပုံထိုင်ပုံက သိပ်ဘိုဆန်ကြတယ်၊ အဖေအမေက
လည်း သူ့သားတွေ ရည်းစားနဲ့ ခရီးအတူထွက်သွားလည်း
မပြောသလို သမီးတွေ ယောကျ်ားလေးတွေနဲ့ ရောနှောပြီး
ညအိပ်ညနေ ဟိုသွားဒီသွားရှိလည်း မတားဘူး။ သားသမီး
ကို လုံးဝအပြည့်အဝ လွတ်လပ်ခွင့် ပေးထားတယ်လို့
ပြောကြတယ်"

ထိုသို့သတင်းမျိုးကြားရတော့ စွမ်းစ စိတ်ထဲမှာ
ထင့်ခနဲ စိုးရိမ်သွားသည်။ စိုးရိမ်သွားတာက မေမေ့ကိုပါ။ စွမ်းစ
ကတော့ ကိုယ် တကယ်ချစ်နေပြီဆိုရင် အရင်က ဘာဖြစ်ခဲ့ပါ
စေ၊ ဘာလုပ်ခဲ့ပါစေ သိပ်ဂရုမစိုက်တတ်တဲ့ စိတ်ဓာတ်မျိုးရှိပေမဲ့
မေမေကတော့ ဒီနေရာမှာ သိပ်မြန်မာဆန်တာ။ ရှေးရိုးဆန်သေး
တာ။ အရင်က အယူအဆအတိုင်း ရှိသေးတာမို့ပါ။ မေမေ့စကား
တွေကို လူပျိုပေါက်ဘဝတည်းက ကြားလာရသည်မို့ ကုမုဒြာတို့
ကို မေမေ ဘယ်လိုမှ လက်ခံချင်မှာ မဟုတ်ဘူးဆိုတာ ကြိုမြင်
သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း နောင်ဖြစ်လာမှာကို တွေးပူပြီး ရှေ့ဆက်မတိုးဘဲလည်း မနေနိုင်ခဲ့တာကြောင့် ကုမုဒြာနဲ့ ဆုံစည်းဖို့၊ နီးစပ်ဖို့၊ ပိုပြီး ရင်နီးလာဖို့၊ အခွင့်အလမ်းတွေကိုပဲ ရှာကြံလာမိသည်ဖြစ်ရာ အချိန်တိုအတွင်းမှာပင် စွမ်းစနဲ့ ကုမုဒြာတို့ ရင်းနှီးသွားကြပါသည်။

ကုမုဒြာ သွားသော နေရာတိုင်း စွမ်းစ သားကပါတတ်သလို၊ စွမ်းစ သွားရမဲ့ နေရာတိုင်းလည်း ကုမုဒြာ ပါကိုပါလိမ့်မယ်ဆိုတဲ့ သူတို့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ အသိအမှတ်ပြုခံရတဲ့အထိ သူတို့ တတွဲတွဲ ရှိလာခဲ့သည်။

စွမ်းစ တစ်ရက်မှာ ကုမုဒြာကို ဖွင့်ပြောခဲ့တော့သည်။ ထိုအခါ သူ မမျှော်လင့်ထားခဲ့သော မေးခွန်းနဲ့ ပြန်မေးတာကို ကြုံရသည်။

အဲဒါကတော့ ...

“မုဒြာကို ချစ်တယ်ဆိုတာ ဘယ်လောက်ထိ သဘောထားကြီးပြီး ချစ်နိုင်တာလဲ၊ မုဒြာကို ဘယ်လောက်ထိတောင် ချစ်ထားနိုင်လဲ”

ဟူသော မေးခွန်းပင်။

“ဘာကြောင့် အဲဒီလို မေးတာလဲ”

“မုဒြာ အချစ်ဆိုတာကို သိပ်လည်းနားမလည်ဘူး၊ ယုံလည်း မယုံဘူးလေ။ ကိုစွမ်း ပြောလာမှ အချစ်ကိုကြားဖူးလာတာ။ ဒါကြောင့် သိချင်တယ်၊ တကယ်ချစ်ရင် တစ်ဖက်လူကို





ဘယ်လောက်ထိ ခွင့်လွှတ်သည်းခံမှု၊ အနစ်နာခံမှုတွေပေးလဲလို့ သိချင်တယ်”

“ကိုယ် အဲဒါတွေတော့ သေသေချာချာ မရှင်းပြတတ်ဘူး၊ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာရှိတဲ့အတိုင်း ပြောရရင်တော့ ကိုယ် အခုလက်ရှိ ဆုံရတဲ့ ကုမုဒြာ ဆိုတဲ့ မိန်းကလေးကိုချစ်တယ်၊ အရင်က ကုမုဒြာနဲ့ အခု ကုမုဒြာနဲ့ ဘာမှမဆိုင်ဘူးလို့ ယူဆတယ်၊ အရင်က ကုမုဒြာ ဘဝမှာ ဖြစ်ခဲ့ပျက်ခဲ့တာတွေကို ကိုယ်နဲ့မဆိုင်ဘူးလို့ ယူဆတယ်၊ အခု ကိုယ်နဲ့ဆုံရတဲ့ ကုမုဒြာဟာ ကိုယ့်တစ်ယောက်တည်းအပေါ်မှာပဲ သစ္စာရှိရှိ ချစ်မယ်ဆိုရင် ကျေနပ်တယ်”

“တကယ်လား၊ မုဒြာရဲ့အတိတ်က အကြောင်းတွေကို ခွင့်လွှတ်နိုင်တဲ့ သဘောလား”

“ခွင့်လွှတ်နိုင်တယ်၊ ဒါပေမဲ့ ကိုယ်နဲ့ပတ်သက်ခဲ့ပြီးရင်တော့ မုဒြာဟာ ကိုယ့်တစ်ဦးတည်းရဲ့ချစ်သူ၊ ကိုယ်တစ်ယောက်တည်းရဲ့ချစ်သူ ဖြစ်ရမယ်”

“မုဒြာအပေါ် အမြဲတမ်း အဲဒီလိုစိတ်မျိုး ထားနိုင်ပါ့မလား”

“ထားနိုင်တာပေါ့”

“မုဒြာ အဖြေတော့ ချက်ချင်းမပေးသေးဘူး၊ စဉ်းစားဦးမယ်နော်၊ မုဒြာလည်း အချိန်ယူ စဉ်းစားသင့်တယ်လို့ထင်လို့ပါ၊ ဘာကြောင့်လဲဆိုတော့ ကိုစွမ်းက မုဒြာဘဝမှာ ဘယ်သူနဲ့မှမတူတဲ့ ယောကျ်ားတစ်ယောက်လို့ မုဒြာအား



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ကိုစွမ်း ပြောတဲ့ အချစ်ဆိုတာကို မုဒြာ တကယ်လည်း ခံစားကြည့်လို့ရတယ်၊ ဒါပေမဲ့ ရင်ထဲမှာ အပေါ်ယံ ခံစားရတာနဲ့ အဖြေကို ချက်ချင်းမပေးပစ်လိုက်ချင်ဘူး။ မုဒြာလည်း လေးလေးနက်နက် စဉ်းစားရဦးမှာမို့ပါ”

သူတို့နှစ်ဦးကြားမှာ တစ်ဖက်က ချစ်တယ်ပြောထားပြီး ကျန်တစ်ဖက်က ခေါင်းညိတ်အဖြေပေးဖို့သာ လိုနေတဲ့ နားလည်မှုနဲ့အတူ နှစ်ဦးသား ရင်ခုန်ရတဲ့နေ့ရက်တွေကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့မိကြသည်။ နှစ်ဦးတည်းရှိရတဲ့ အချိန်တွေဆိုရင် လောကကြီးကိုပင် မေ့နေတတ်ကြပြီး သူတို့ရဲ့ကမ္ဘာကို တည်ဆောက်ကြရခြင်းကို ဘယ်အရာနဲ့မှ မလဲနိုင်သလို ခံစားရသည်။

ဒါပေမဲ့ ... မထင်မှတ်သော တစ်ရက်မှာ မေမေက စွမ်းစကို ပြောလာသောအခါ ...

“မိန်းကလေးတစ်ယောက်နဲ့ တွဲနေတယ်၊ တော်တော်ကြီး သံယောဇဉ်ရှိနေပုံရတယ်ဆိုလို့ မေမေ မေးရတော့မယ်။ ပြောပါဦး ဒီတစ်ခါတွဲတဲ့ မိန်းကလေးကို လက်ထပ်ဖို့ထိ ရည်ရွယ်ထားပြီလား”

စမေးစဉ်က မေမေဟာ စွမ်းစရဲ့မိန်းကလေး ဘယ်သူဘယ်ဝါရယ်လို့ သိပုံမရ။ သတင်းတွေ တော်တော်ထွက်နေသဖြင့် မေးလာပုံရသည်။

“သူ့ကိုတော့ သား တကယ်ချစ်မိတယ် မေမေ၊ လက်ထပ်ဖို့ထိလည်း စဉ်းစားထားပါတယ်”





“ဒါဆို အိမ်ခေါ်ခဲ့ရောပေါ့”

“မေမေ့ဆီ ခေါ်လာရင် မေမေ ချက်ချင်းသဘောတူမှာလား”

“ဟော့ ... ဟော့ ... အဲဒီလို ချည်ပြီး တုပ်ပြီး သဘောမျိုးတော့ မပြောနဲ့လေကွယ်၊ မိန်းကလေး ဘယ်သူဘယ်ဝါတို့၊ မိဘမျိုးရိုးတို့ အဆင့်အတန်းတို့ကို မေမေ ကြည့်ဦးမှာပေါ့”

စွမ်းစဟာ သူ ရင်မဆိုင်လိုသော ရက်တစ်ရက်ကို ရောက်လာပြီဖြစ်ကြောင်း ခံစားရသည်။ မေမေ့ကို လိမ်ညာပြီးတော့လည်း မပြောချင်။ ဖုံးကွယ်ထားလည်း မကြာခင် သိကိုသိမှာပဲမို့ သက်ပြင်းအသာချရင်း မိဘဘယ်သူဘယ်ဝါဆိုတာ အသိပေးလိုက်ရပါသည်။

“သူ့နာမည်က ကုမုဒြာတဲ့ မေမေ။ မေမေ ကြားဖူးမှာပါ၊ ဦးနေပိုင် ဒေါ်နန်းကြာညို ဆိုတဲ့ တကယ့်သူဌေးကြီးတွေရဲ့ သမီးလေ။ သူ့မိဘတွေကတော့ နိုင်ငံခြားနဲ့ တွင်းထွက် သယံဇာတတွေ ကုန်သွယ်တဲ့အလုပ် လုပ်ပေမဲ့ သူကတော့ တခြားသွင်းကုန်ထုတ်ကုန် ကုမ္ပဏီသီးသန့်တစ်ခု လုပ်နေတယ်၊ ခုလောလောဆယ် သားရဲ့ကုမ္ပဏီနဲ့ စပ်တူဝင်ပူးပေါင်းပြီး ဈေးကွက်ယူနေတယ်”

မိဘနာမည် သိလိုက်တာနဲ့ မေမေဟာ ရက်ပိုင်းအတွင်း စုံစမ်းတော့မယ် ဆိုတာကိုလည်း စွမ်းစ သိပါသည်။ စွမ်းစဟာ ဘာပဲဖြစ်ဖြစ် မေမေ့ကို ရအောင်ပြောယူပြီး ချစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



မေမေလက်ခံလာဖို့ ကြိုးစားမည်ဟု စိတ်ကူးခဲ့လေသည်။ မေမေ လက်ခံဖို့၊ လက်မခံဖို့ဆိုတာဟာ 50-50 အနေအထားမှာ ရှိနိုင်တယ်ရယ်လို့ ထင်မိသည်။

မေမေဟာ စွမ်းစကို ကုမုဒြာအကြောင်း ဘာမှတိုင်ပင် ဆွေးနွေးလာခြင်း မရှိခဲ့ဘဲ ...

"ဘယ်လိုလဲ၊ သားကောင်မလေးကို မေမေ့ဆီ ဘယ်တော့ ခေါ်လာမလဲ။ မေမေ သူနဲ့စကားပြောကြည့်ချင်တယ်"

ဟူ၍ အသိပေးလာသည်။

"မေမေ သူ့ကို လက်ခံနိုင်လား"

စွမ်းစ မယုံရဲသလို မေးမိ၏။

"မေမေ လက်ခံနိုင်မယ်၊ လက်မခံနိုင်ဘူး ဆိုတာကို မင်း ဘာကြောင့် စိုးရိမ်ကြောင့်ကြနေရသလဲ။ စိုးရိမ်ကြောင့်ကြရလောက်အောင် ကုမုဒြာမှာ ဘယ်လိုပြစ်ချက်တွေ ရှိလို့လဲ၊ မေမေ သိထားတာထက်များ ပိုဆိုးတဲ့ ပြစ်ချက်တွေရှိသေးလို့လား"

"မေမေ ဘာတွေ သိထားလဲ"

"သိထားသင့်တာ မှန်သမျှ သိပြီးပါပြီ"

"တစ်ခါတလေကျတော့ လူတွေက မနာလိုတာရော၊ အထင်နဲ့ ရမ်းပြောတာရော၊ လိုတိုးပိုလျှော့ ပြောတတ်ကြတာတွေ ရှိတယ် မေမေ။ ဒီတော့ မေမေ အကုန်တော့ မယုံစေချင်ဘူး"





"ဒါက ငါ့အလုပ်ပါ မောင်စွမ်းစရယ်၊ ကုမုဒြာကိုသာ ခေါ်လာပါ၊ မေမေ သူ့ကို စကားပြောချင်တယ်။ မေမေ ကိုယ်တိုင် မေးကြည့်ချင်တာလေးတွေ ရှိတယ်"

စွမ်းစ မျက်နှာအမူအရာကလည်း သိပ်အစိုးရိမ်ကြီးနေတဲ့ပုံ ပေါက်နေမိလေရာ ...

"အံမယ်လေး ... စွမ်းစရယ်၊ ငါ အဲဒီလောက်လည်း မရိုင်းပါဘူး။ ကိုယ့်အိမ် ဖိတ်ခေါ်လာလုပ်တဲ့ မိန်းကလေးတစ်ယောက်ကို နှစ်နှစ်နာနာကြီး ပြောဆိုပြီး ဆက်ဆံပါ့မလား။ မင်းပုံစံက မဟုတ်သေးဘူးနော်။ မယူရသေးခင်ကတည်းက အလျှော့ပေးလွန်းပြီး သူ့ဘက်ကိုပဲ အရေးပေး ဆက်ဆံတဲ့ပုံ ပေါက်နေပြီ"

ဘာပဲဖြစ်ဖြစ် မေမေက တွေ့ချင်တယ် ပြောထားတော့လည်း ခေါ်လာရမှာဖြစ်သလို ကုမုဒြာ ကိုယ်တိုင်ကလည်း ဘာကြောင့်ရယ်မသိ။ မေမေ မပြောခင်ကပင် ...

"လက်ထပ်ကြမယ်၊ နှစ်ယောက် ချစ်သူဖြစ်ကြမယ် ဆိုတာ ပြောတော့ လွယ်တယ်။ နှစ်ဖက်မိဘက ကြည်ကြည်ဖြူဖြူ လက်ခံတာကိုလည်း မုဒြာ လိုချင်တယ်။ မုဒြာ ကိုစွမ်းကို အဖြေမပေးရသေးပေမဲ့ ကိုစွမ်း အိမ်ကိုတော့ လိုက်လည်ကြည့်ချင်တယ်။ ကိုစွမ်းဘက်က ဘယ်လိုဆက်ဆံမလဲဆိုတာကိုလည်း မုဒြာ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ စွမ်းစဘက်က သဘောကို အကဲစမ်းသလိုလို စကားအစ်ကြည့်သလိုလို တစ်ခါတော့ ပြောထားဖူးတာကို မှတ်မိပါသည်။

ဒါကြောင့် မုဒြာကလည်း လိုက်လည်ချင်စိတ်ရှိထားဖူးမှန်း သိလေရာ မမေက ခေါ်လာခဲ့ပါ တောင်းဆိုတော့လည်း စွမ်းစ ခေါ်သွားပေးဖို့သာ ဆုံးဖြတ်လိုက်မိသည်။ ခေါ်သွားပေးမယ်၊ ခေါ်လာခဲ့မယ်ရယ်လို့ ကတိပေး ချိန်းဆိုပြီးသောအခါမှာ စိတ်အရှုပ်ရဆုံး လူသားမှာ စွမ်းစပဲ ဖြစ်နေသည်။ ထိုချိန်းဆိုထားသောရက်ကို ရောက်လည်းရောက်ချင်၊ ရောက်မှာလည်းကြောက်။ မေမေ့မျက်နှာ အမူအရာက တည်ငြိမ်လွန်းသဖြင့် မေမေ ဘာသဘောနဲ့ ကုမုဒြာကို ခေါ်စကားပြောကြည့်ချင်သလဲ ဆိုတာ မှန်းဆရခက်နေသည်။ ဒါပေမဲ့ စွမ်းစ မုဒြာကို ခေါ်သွားပေးမဲ့ရက် တစ်ရက်ကတော့ တကယ်ပဲ ရောက်လာခဲ့သည်။ အဲဒီနေ့က မုဒြာဟာ စွမ်းစ သွားခေါ်တော့ အသင့်ပြင်ဆင်စောင့်နေခဲ့သည်။

လည်ကုပ်နောက်မှာ ဖဲပြားကြိုး ပြန်ချည်ရပြီး ကျောပြင်တစ်ဝက်လောက်နီးပါး ပြောင်ရှင်းနေသော အနက်ရောင်လက်ပြတ်ဂါဝန်မှာ ကိုယ်လုံးနဲ့အတိ ဖြစ်နေလျက် ဒူးဖုံးရုံလေးသာရှည်သော ဝတ်စုံ။ ခြေသလုံးအထက်မှာ ကြိုးတွေအများကြီး ကြက်ခြေခတ်သိုင်းပြီး ဝင်ရသော ဒေါက်မြင့်နှင့် ခေတ်ဆန်စွာ ဝတ်ဆင်ထားသော မုဒြာကို မြင်တော့ စွမ်းစ ရင်ထဲမှာ မေမေဒီပုံကို မကြိုက်မှာ စိုးရိမ်သွားသည်။ စွမ်းစကတော့ မုဒြာ ဘာပဲဝတ်ဝတ်၊





ဘယ်လိုပဲနေနေ အပြစ်ကို မြင်လို့မရဘဲ အချစ်ကြီးချစ်သူမို့ မုဒြာရဲ့ဝတ်စားဆင်ယင်ပုံ ဟောရမ်းတာကို ဘယ်လိုမှ သဘောမကျတာမရှိ။

တားလည်း မတားချင်။ တားချင်စိတ်ပင်မပေါ်။

"မုဒြာတွဲခဲ့ဖူးတဲ့ တချို့ boy friend တွေကလေ သိပ်သဝန်တိုတာ သိလား။ မုဒြာကို ဟိုလိုမဝတ်နဲ့ ဟိုလိုမနေနဲ့။ ဒီကိုမသွားနဲ့ဆိုပြီး သိပ်လွှမ်းမိုးတတ်တာ သိလား။ ကိုစွမ်းကရော အဲဒီလို သဝန်တိုတတ်တဲ့စိတ် ရှိလား"

မုဒြာ တစ်ခါက မေးဖူးပါသည်။

"ကိုယ့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖြေရရင် ကိုယ် လုံးဝသဝန်မတိုတတ်ဘူး။ သဝန်မတိုတာဟာ မချစ်လို့လည်း မဟုတ်ဘူး။ မုဒြာ သဘောကျတဲ့ပုံစံကို ဝတ်တယ်၊ မုဒြာနဲ့လိုက်လည်း လိုက်ဖက်နေတယ်လေ။ တချို့မိန်းကလေးတွေရှိတယ် ကိုယ့်ပုံစံနဲ့ လိုက်မှန်း မလိုက်မှန်းမသိ စွတ်ဝတ်စားထားတာ၊ အမြင်မတော် ဆင်တော်နဲ့ခလောက်ဆိုတဲ့ စကားပုံလိုမျိုး ဖြစ်နေတာ။ မုဒြာကျတော့ အဲဒီလိုမဟုတ်ဘူး၊ ဘာပဲဝတ်ဝတ် မုဒြာနဲ့ လိုက်နေပြီး ဖက်ရှင်လည်းကျတယ်၊ မုဒြာရဲ့အလှကိုလည်း ပိုပြီးပေါ်စေတယ်။ ဒီတော့ ဆန့်ကျင်ဘက် ယောကျ်ားသားတွေက ကြည့်ချင်ကြမယ်လေ။ ကြည့်တာ ဘာဖြစ်လဲ ပဲ့ပါသွားတာမှတ်လို့၊ သူတို့ ကြည့်လို့ရမယ် ဝေဖန်လို့ရမယ် ဒါပဲရှိတာ။ မုဒြာကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိလက်ရောက် လာကိုင်လို့မှ မရတာ၊ ရုပ်ရှင်မင်းသမီးတို့၊ အဆိုတော်တို့၊ မော်ဒယ်လ်တို့ဆို ဘယ်လိုလုပ်မလဲ။ သူတို့ကိုလည်း ကြည့်ကြတာ ကျိတ်ကြိုက်နေကြတာတွေ ရှိတာပဲ။ အဲဒါကို သိလည်းသိနေတဲ့ သူတို့ရဲ့ယောကျ်ားတို့၊ ချစ်သူတို့တွေဟာ သဝန်မှ မတိုတာ။ ကိုယ့်စိတ်ကလည်း အဲဒီအတိုင်းပဲ"

စွမ်းစ ရှည်ရှည်ဝေးဝေးပင် ပြန်ရှင်းပြခဲ့ဖူး၏။ တကယ်လည်း သူ့စိတ်ထဲမှာ အဲဒီအတိုင်း ရှိနေခဲ့၍ မုဒြာဘယ်လိုလေးဝတ်တာ လှတယ်။ ဘယ်အင်္ကျီလေးကဖြင့် မုဒြာရဲ့ပခုံးအလှ၊ လက်မောင်းအလှကို ပေါ်စေတယ် စသဖြင့်တောင် အမှတ်ပေးတာတွေရော ရှိခဲ့ဖူးပါသည်။

ဒီနေ့ကျမှ မုဒြာကို အဲဒီဝတ်စုံမျိုး မဝတ်ပါနဲ့လား။ တခြားလုံလုံခြုံခြုံရှိတဲ့ ဝတ်စုံမျိုး ပြန်လဲပါလားလို့ ပြောချင်စိတ်ဖြစ်လာသည်။ ဘာကြောင့်လဲဆိုတော့ မေမေ့ကို စိုးရိမ်မိလို့ပါ။ မေမေ့အယူအဆက ...

"မေမေလည်း ခေတ်နောက်မကျပါဘူး၊ နှစ်ဆယ့်တစ်ရာစုရဲ့ အဘွားကြီးပဲ၊ ခေတ်မီမီဝတ်တာစားတာကို ကြိုက်တယ်။ သဘောလည်းကျတယ်၊ ဝတ်တတ် စားတတ်ပြီး စတိုင်လ်ကျတဲ့ မိန်းကလေး မြင်ရင်တောင် ဟယ် ... ဒီမိန်းကလေး ကြည့်ကောင်းလိုက်တာ၊ လှလိုက်တာကွယ်ဆိုပြီး ချီးကျူးမိတာပါကွယ်၊ အေး ... ဒါပေမဲ့ ကိုယ့်မှာရှိတဲ့ လှမြင်





အပ်တဲ့ ကိုယ်ခန္ဓာစိတ်အပိုင်းတွေကို သိပ်ဖော်ပြလွန်းတဲ့ ပုံစံမျိုး ဝတ်ထားရင်တော့ မကြိုက်ဘူးကွယ်၊ ဒီလိုဝတ်တာဟာ ခေတ်မီတာ မဟုတ်တော့ဘူး၊ ခေတ်ကို တအားဆန်တတ်လွန်းနေတာမျိုး၊ ဖော်ချင် ချွတ်ချင်တာမျိုး ဖြစ်နေပြီ။ အဲဒီမိန်းကလေးမျိုးဆို ဣန္ဒြေမဲ့တယ်ဆိုပြီး မေမေကတော့ ဘယ်လိုမှကို သဘောမကျပါဘူး"

ဟု၍ မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး ဝေဖန်အသိပေးဖူးလေရာ အခုလိုမျိုး မုဒြာ ဝတ်ထားသလို လက်မောင်းသား၊ ရင်ဘတ်ကအသား တချို့တစ်ဝက်နဲ့ ကျောပြင်ရဲ့အသား တော်တော်များများကို ဖော်ထားတာမျိုးဆိုရင်တော့ မေမေ ဘယ်လိုမှ ကြိုက်နိုင်မှာမဟုတ်။ စွမ်းစ ဖြစ်စေချင်တာက မေမေ ဘာသတင်းတွေကြားထားထား မုဒြာရဲ့ဝတ်စားဆင်ယင်ပုံ သေသေသပ်သပ်၊ မေမေ့အကြိုက် ခေတ်မီမီ လှလှပပပုံလေးနဲ့ ဆုံလိုက်ရင် စိတ်ထဲ နည်းနည်းများ ဘဝင်ကျသွားမလားလို့ပါ။

first impression က အရေးကြီးတယ် မဟုတ်လား။ အရင်ဆုံး စအတွေ့မှာ မေမေ့အတွေးထဲမှာ ...

"သြော် ... မဆိုးပါဘူး၊ ဣန္ဒြေရရလေး ဝတ်ထားတာပဲ"

ဆိုတာမျိုး တွေးလိုက်ရင် နောက်ဆက်တွဲစကားတွေ ပြောတဲ့အခါ ပိုများအဆင်ပြေလေမလား။

အခုတော့ စတွေ့တွေ့ချင်းကို မေမေ မနှစ်မြို့လေ့ရှိတဲ့ ဝတ်စားပုံကြောင့် စွမ်းစ အခက်တွေ့နေသည်။ မုဒြာကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောပြီး လဲခိုင်းရင် ကောင်းမလား။ ဒါဆို မုဒြာကလည်း လက်ခံမှာကိုမဟုတ်။ အရင်နေ့တွေကတော့ ဘာဝတ်ဝတ် ဘာ မပြောတဲ့ စွမ်းစက ဒီနေ့ကျမှ စိတ်ပြောင်းတယ်ဆိုရင် မရိပ်မိဘဲ နေမှာမဟုတ်။ မုဒြာကလည်း အရမ်းကို ပါးလှပ်နေတဲ့ မိန်းကလေး

"ကိုစွမ်း ဘာဖြစ်နေတာလဲ၊ ငူငူကြီး ငြိမ်ထိုင်နေတယ်"

"ဩော် ... အင်း ... ဘာမှမဖြစ်ပါဘူး"

"မုဒြာကို သေသေချာချာ ကြည့်နေလို့၊ ဘာလဲ မလှလို့လား ကိုစွမ်း မကြိုက်ဘူးလား"

"လှပါတယ်၊ ကိုယ် ကြိုက်ပါတယ်၊ ဒါပေမဲ့ အနက်ရောင် ဆိုတော့ မင်္ဂလာမရှိမှာစိုးလို့"

"ဟား ဟား ... ကိုစွမ်းကလည်း အယူသီးနေပြန်ပြီ"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ အနက်ရောင်ဆိုတာ ဖ ရှင်ကျပြီး လှပေမဲ့ လူ့စိတ်ကို ညှိုးမှိုင်းစေတယ်လေ၊ ပျော် ရွှင်တောက်ပတဲ့ အရောင်လေးနဲ့ဆို ကောင်းမလားလို့ပါ"

အမှန်တော့ တခြားအဝတ် လဲခိုင်းလည်း ဒီလိုပဲ နဲ့ဆင်ဆင် ဟိုနားဖော်၊ ဒီနားဖော် အင်္ကျီမျိုးတွေသာ မုဒြာ အများကြီးရှိကြောင်း စွမ်းစ မှတ်မိပါသည်။ တချို့အင်္ကျီဆို ပေါ်၊ ချက်ပေါ်၊ ပခုံးသားတွေ အကုန်ဖော်တဲ့ ရင်ရှားပုံစံတွေ မီနီစကတ်တွေနဲ့ ဟင်း ... မဖြစ်သေးပါဘူး။ ဒီပုံကမှ နည်းနည်း မိုဟုတ်ဦးမယ်။ မလဲခိုင်းတော့ပါဘူး။ လဲခိုင်းမှ ပိုဆိုးတဲ့ပုံစံ နေရင် အခက်ပဲ။





"အနက်ရောင်က ဣန္ဒြေရတဲ့ အရောင်ထဲမှာ ပါပါတယ် ကိုစွမ်းရဲ့။ ခုတလော မုဒြာ weight တွေတက်နေလို့ ဝတ်တဲ့အဝတ်အစားမှန်သမျှဟာ အနက်တို့၊ ခရမ်းရင့်တို့ပဲ ရွေးဝတ်မိနေတယ်။ အဲဒီအရောင်တွေက လူကိုပိန်တယ် ထင်ရစေတယ်လေ"

"မုဒြာ မဝ,ပါဘူးကွာ"

"ဝတော့ မဝလာဘူးပေါ့၊ ဒါပေမဲ့ မုဒြာက ကိုယ့်ကိုယ်ကိုယ် ထိန်းထားချင်တယ်။ နိုင်ငံခြားက မော်ဒယ်လ်တွေလို ပိန်ချုံးပြီး anorexic (အေနိုရက်ဇစ်)ဖြစ်နေတဲ့ ပုံစံမျိုးလည်း မဖြစ်စေရဘူး။ တရားလွန် ပေါင်တွေပိုနေတဲ့ over weight ကြီးလည်း မဖြစ်ချင်ဘူး။ ကိုယ့်အရုပ်အမောင်းနဲ့ ဒီကိုယ်လုံးလေးနဲ့ကို အနေတော် ဖြစ်နေချင်တာ"

"လှပါတယ်ဆိုမှ ပိုလှချင်တာလား မမဖုရားလေးရယ်"

ဒီလိုနဲ့ပဲ စွမ်းစ တစ်ယောက် စိတ်ထင့်လျက်ကပဲ မုဒြာကို မေမေနဲ့ ပေးတွေ့ဖို့ ခေါ်လာခဲ့ပါသည်။

မုဒြာပုံစံကတော့ အနည်းငယ် စိတ်လှုပ်ရှားနေတာကလွဲရင် ယောကျာ်းလေးရှင်ဘက်ကို လိုက်ဆုံတွေ့ရလို့ ကားထူးခြားခြားကြီး စိုးရိမ်ကြောင့်ကြနေသော ပုံစံပင်ဖြစ်မနေခဲ့လောက်အောင် ငြိမ်သက်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

စွမ်းစ စိုးရိမ်စွာ ကြောင့်ကြနေသလိုမျိုးတော့ မေမေ့အမူအရာက မပြ။ မုဒြာ ဝတ်စားထားပုံဟာ မေမေ ဘယ်လိုမှ သဘောမကျနိုင်သော ကိုယ်ပေါ်က အသားတချို့ကို ဖော်ထားသည့် အကျီပုံစံပေမဲ့ မမေမေက အထူးတလည် အကဲခတ်ကြည့်တာပင် မရှိ။ မေမေ့ပုံစံမှာ တည်ငြိမ်လွန်းနေသည်။ နောက်မှ ပြန်သိရတာကတော့ မေမေဟာ စွမ်းစနဲ့ ပတ်သက်နေသော မိန်းကလေးကို သူမနည်း သူမဟန်ဖြင့် အပြင်မှာ မြင်ဖူးအောင် လိုက်စောင့်ကြည့်ဖူးသည် ဆိုတာပင်။ ဒါကြောင့် မုဒြာ ဘယ်လိုဝတ်တယ် စားတယ်ဆိုတာဟာ မေမေ့အတွက် သိပ်တော့ ထူးဆန်းမနေတာ ဖြစ်သည်။

"အန်တီတို့စားဖို့ အသီးအနှံဆိုင်ဝင်ပြီး ဝယ်လာတယ် အန်တီ။ လူကြီးတွေဆိုတော့ အသီးအနှံလေးတွေ ပိုကြိုက်ကြမယ်ထင်လို့"





စွမ်းစနဲ့ အတူလာသော လမ်းမှာရှိသည့် သစ်သီးသစ်နှံတွေချည်း သီးသန့်ရောင်းချသော မိနီမာ့တ်လေးမှာ ဝင်ဝယ်လာသည့် ပန်းသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ ထောပတ်သီး၊ မျှစ်သီး စသဖြင့်ကို လှပစွာ ကြိမ်ခြင်းဖြင့် ထုပ်ပိုးထားသော သစ်သီးခြင်းကြီးကို စားပွဲပေါ် တင်ရင်း မုဒြာက ပြောလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ ကဲ ... အေးအေးဆေးဆေး ထိုင်ပါဦး၊ နေ့လယ်စာ ဒီမှာပဲ စားလိုက်ပေါ့။ သားတို့လာမယ်ဆိုလို့ အိမ်ကကောင်မလေးတွေကို သေသေချာချာ ဖွယ်ဖွယ်ရာရာလေးဖြစ်အောင် ချက်ခိုင်းထားပါတယ်"

ဧည့်ခန်းမှာ ထိုင်လိုက်ကြပြီးနောက် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်သလို စကားတွေစ၍ ပြောဖြစ်ကြပါသည်။

"ကုမုဒြာက သားထက်ငယ်တယ်လို့ သိထားတယ်၊ မောင်နှမတွေရော ရှိကြလား"

"ရှိပါတယ် အန်တီ၊ လေးယောက်တောင်ပါ။ မုဒြာက အငယ်ဆုံး၊ အားလုံး နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေပါပဲ"

"တစ်ယောက်မှ အိမ်ထောင်မကျသေးဘူးပေါ့"

"ဟုတ်ကဲ့"

"အန်တီ သိထားတာ ဦးနေပိုင်ရဲ့မြေး ဆိုတာလေးတွေတောင် တွေ့ဖူးသလားလို့ပါ၊ ဦးနေပိုင်ရဲ့သမီးအကြီးက



www.burmeseclassic.com

www.burmeseclassic.com



မွေးတာဆိုပဲ၊ သမီးမှ အကြီးရော အငယ်ရော အိမ်ထောင်ကိုယ်စီနဲ့ ကလေးနှစ်ယောက်စီနဲ့ဆိုတော့ မြေးလေးယောက်တောင် ရထားပြီးပြီ။ အန်တီ လူမှားတာတော့ မဟုတ်ဘူးထင်တယ်၊ တွင်းထွက်သယံဇာတတင်ပို့တဲ့ ကုမ္ပဏီပိုင်ရှင် ဦးနေပိုင်ရဲ့မြေးတွေလို့ကို အသေအချာ သိထားတာ"

စွမ်းစပင် မေမေ ပြောလိုက်သော စကားကို အံ့သြသွားပါသည်။ မေမေ ဘယ်က ဘာတွေ ကြားလာပါလိမ့်လို့ စဉ်းစားမရ ဖြစ်သွားပါသည်။

ကုမုဒြာမှာ ထိုသို့ ရုတ်တရက် ကြားလိုက်ရလျှင် မျက်နှာတစ်ချက် ပျက်သွားလေသည်။ သို့သော် ချက်ချင်းပဲ မျက်နှာအမူအရာကို ပြင်လိုက်နိုင်ကာ ပြုံးပြုံးကလေး ပြန်နေပြနိုင်လေသည်။

"အန်တီ သိထားတာ မမှားပါဘူး။ အဲဒါ မုဒြာတို့ရဲ့ဖအေတူ မအေကွဲ ညီအစ်မနှစ်ယောက်ပါ၊ သူတို့နှစ်ယောက်လုံး မုဒြာတို့အားလုံးထက် အသက်ကြီးတယ် အန်တီ"

"ဩော် ... ဒါဖြင့် ဦးနေပိုင်က အိမ်ထောင်နှစ်ဆက်ရှိတာလား"

စွမ်းစ ရင်ထဲလန့်သွားပါသည်။ ဒါ မေမေ လုံးဝ ကြိုက်လည်းမကြိုက်၊ လက်လည်းမခံတဲ့ အချက်တစ်ချက်ဖြစ်နေခဲ့၍ပင်။





"ဒက်ဒီမှာ အိမ်ထောင်နှစ်ဆက်ရှိတာ မှန်ပါတယ် အန်တီ၊ ပထမအိမ်ထောင်နဲ့က ပြတ်ပြတ်သားသား ကွာရှင်းပြီးသားပါ"

"ဩော် ... ဩော် ... ဒါဆို ကုမုဒြာတို့အမေက ဒုတိယအိမ်ထောင်ပေါ့"

မေမေက အလိုက်သင့် ပြန်ပြောရင်း စွမ်းစကို တစ်ချက် မျက်လုံးလှန်ကြည့်လေသည်။ ကိုယ့်အမေမို့ ဘာသဘောနဲ့ကြည့်သလဲဆိုတာ စွမ်းစ သိလိုက်သည်။ ဘာကြောင့်ပဲ ဒုတိယအိမ်ထောင်ထူထူ၊ ဘာကြောင့်ပဲ ပထမအိမ်ထောင်နဲ့ကွဲကွဲ မေမေ့အတွက် ဒါဟာ အိမ်ထောင်ရေး ဖောက်ပြန်မှုရှိလို့ ဇနီးမယားအပေါ် ယောက်ျားဘက်က သည်းမခံလို့၊ ယောက်ျားက သစ္စာမရှိဘဲ စပြီးဖောက်ပြန်လို့ ဟူ၍သာ ယူဆပုံရသည်။

"အဲဒီ အစ်မနှစ်ယောက်နဲ့ အဆက်အသွယ် မရှိဘူးလား"

"မရှိပါဘူး အန်တီ၊ ကလေးတွေတောင် မမြင်ဖူးဘူး၊ အန်တီပြောမှ သိတယ်"

"ဦးနေပိုင်ကရော အထောက်အပံ့တွေ ဘာတွေ ပေးလား"

"မုဒြာ သိသလောက်ကတော့ ဒက်ဒီနဲ့လည်း ကင်းကင်းရှင်းရှင်းပါပဲ၊ ကွာရှင်းကြကတည်းက ပစ္စည်းခန်းပါ ခွဲလိုက်ကြတာနေမှာပေါ့၊ မုဒြာ သိလည်းမသိလိုက်ဘူးလေ။ ဒီအဖြစ်အပျက်တွေက မုဒြာတို့ မမွေးခင် ဖြစ်ခဲ့တာဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကုမုဒြာ မျက်နှာအမူအရာကလည်း သိပ်တော့ ရွှင်ရွှင်ပျပျ မရှိနေမှန်း သိသာလာသည်။ ဘာကြောင့် ဖခင်ရဲ့ ပထမအိမ်ထောင်အကြောင်းကို နှင်းပြီးမေးနေရသလဲ။ သိချင်နေရသလဲလို့ တွေးပြီး မကျေမနပ် ဖြစ်လာပုံရသည်။

"ကုမုဒြာက ဘာဘွဲ့နဲ့ ကျောင်းပြီးတာလဲ"

"မုဒြာတို့ မောင်နှမတွေ ငယ်ငယ်တည်းက အမေရိကားမှာနေတဲ့ မာမီ့အစ်မဆီမှာ သွားနေပြီး အလယ်တန်း၊ အထက်တန်း နေခဲ့ကြတာပါ၊ ဟိုက်စကူးပြီးတော့ မုဒြာက Trade နဲ့ဆိုင်တဲ့ ဒီပလိုမာ ယူလိုက်တယ်။ Uni တော့ ဆက်မတက်တော့ဘူး။ ဒီပလိုမာ သုံးနှစ်တက်တယ် အန်တီ၊ ဒီပလိုမာပြီးတော့ ဒီကို မပြန်ချင်သေးတာနဲ့ တစ်နှစ်လောက် အလုပ်ဝင်လုပ်ပြီး အမေရိကားမှာ ပျော်လိုက်သေးတယ်၊ နောက်မှ အစ်ကို အစ်မတွေကပါ ပြန်ကြမယ်ဆိုပြီး တိုင်ပင်တော့ မုဒြာလည်း ပြန်ချင်နေတဲ့အချိန် အံကိုက်ဖြစ်သွားလို့ ပြန်လိုက်လာတာ။ နောက်မို့ ပြန်လာဖို့ ရည်ရွယ်ချက်မရှိဘူး။ဒီရောက်တော့လည်း ပျော်ပြီး အမေရိကားကို ပြန်တောင်မသွားဖြစ်တော့ပါဘူး"

ကုမုဒြာကတော့ ဒီအကြောင်းအရာတွေကို မထူးဆန်းသလို ပြောပြနေနိုင်ပေမဲ့ (စွမ်းစလည်း ဒါတွေသိပြီးသားဖြစ်နေ၍) မေမေ့အနေနဲ့ ဒါကိုကြားကြားချင်း မျက်နှာသိသိသာသာကြီး ပျက်သွားပါသည်။





ကုမုဒြာကလည်း သာမန်အညတရ မိန်းကလေးလည်းမဟုတ်။ မာနကလည်း ခေါင်ခိုက်နေလေရာ မေမေ ဒီလိုပြောတော့ ခေါင်းငုံ့ခံနေမယ့်သူ မဟုတ်သဖြင့် ဆတ်ဆတ်ထိမခံဟန်ဖြစ်လာကာ ...

"အန်တီ ပြောတာတွေက Antique (အန်တိခ်)တွေ ဖြစ်နေပြီ၊ အခုခေတ်မှာပြောရင် ဘာတွေလာပြောပါလိမ့်ဆိုပြီး ပြန်မေးခံရလိမ့်မယ် ထင်တယ်။ အန်တီ့သဘောက ဘာကိုပြောချင်တာပါလဲ။ မုဒြာကို အိမ်ထောင်ကျဖူးပြီးအိမ်ထောင်နဲ့ ကွဲဖူးပြီးတဲ့ တစ်ခုလပ်လို့ စွပ်စွဲချင်တဲ့သဘောလားဟင်"

ဟူ၍ တိုက်ရိုက်ပဲ မေးချလိုက်လေသည်။

စွမ်းစမှာ ရင်မ,နေတော့သည်။ မေမေနဲ့ မုဒြာတော့ ကားနိုင်တွေ လုကုန်ကြပြီ။ တိုက်ရိုက် ပြောကုန်ကြပြီ။ ဘယ်လိုဖြစ်နဲ့ အဆုံးသတ်မလဲ။

"မြန်မာမိန်းကလေးဆိုတာဟာ အိမ်ထောင်မပြုခင်အထိ အပျိုဂုဏ်ကို ထိန်းရတယ်၊ ကိုယ့်ယောကျ်ားဖြစ်မယ့်သူနဲ့ လက်ထပ်မှပဲ အပျိုဂုဏ်ကို အဆုံးရှုံးခံကြတယ်ဆိုတာမျိုးတွေ ကုမုဒြာ ကြားဖူးသလား"

မေမေကလည်း ကုမုဒြာ မေးတဲ့ မေးခွန်းကိုမဖြေဘဲ ပြောလိုရာကိုသာ ဆွဲပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုမုဒြာလည်း ဉာဏ်ရည်ထက်ပြီး 'အတွေးအခေါ်ရှိတဲ့ မိန်းကလေးပဲလေ။ ပြီးတော့ သိပ်ကိုတိုးတက်လှပါတယ်ဆိုတဲ့ နိုင်ငံကြီးမှာတောင် ပညာတွေ အကြာကြီး သင်လာတာပဲလေ။ အတိတ်ဆိုတာဟာ ရှိခဲ့ဖူးရင် လူတစ်ယောက်နဲ့ တစ်ယောက်ကြားမှာ အခန့်မသင့်တဲ့အခါ အဲဒီအတိတ်မည်းဟာ ပြဿနာရဲ့အစတစ်စလည်း ဖြစ်လာနိုင်တယ်"

"အို ... မုဒြာကတော့ ဂရုမစိုက်ပါဘူး၊ စိတ်သဘောထားချင်း ညှိမရလာရင် လမ်းခွဲကြဖို့ ဝန်မလေးဘူး၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ အချစ်ဆုံးလေ။ ကိုယ်စိတ်ဆင်းရဲလာရမယ်ဆိုရင် စိတ်ချမ်းသာတာကိုပဲ ရှာဖွေရမှာပဲ၊ လူ့ဘဝသက်တမ်း တိုတိုလေးမှာ ဖြစ်သမျှအကြောင်း အကောင်းပါပဲလို့ စိတ်ခုံးခုံးချပြီး နေလိုက်တဲ့လူတွေထဲမှာ မုဒြာ မပါဘူး။ မုဒြာကတော့ ကိုယ့်ရဲ့စိတ်ချမ်းသာ ပျော်ရွှင်မှုကိုပဲ ရှာဖွေမယ်"

စွမ်းစသည် တဖြည်းဖြည်းနဲ့ တင်းမာသယောင်ရှိလာသော မေမေနဲ့ မုဒြာတို့၏ စကားဝိုင်းကို ခွဲပစ်ချင်ဟန်ဖြင့် ...

"ကောင်မလေးတွေ အသင့်ဖြစ်ပြီလား မသိဘူး မေမေ ထမင်းစားလိုက်ကြရအောင်။ သားလည်း ဆာနေပြီ"

ဟု စကားဖြတ်ပြောလိုက်ရတော့သည်။

ထမင်းဝိုင်းမှာတော့ ခုနက အကြိတ်အနယ် ပြောခဲ့သော အကြောင်းအရာကို တမင်ပဲ ဖျောက်ဖျက်ပစ်လိုက်ကြပြီး





မေမေရော ကုမုဒြာပါ တခြားသော အကြောင်းအရာတွေကို ခေါင်းစဉ်ပြောင်း ပြောကြတာတော့ရှိသည်။ သို့သော် သူတို့နှစ်ဦးရဲ့စိတ်ထဲမှာ တစ်ဦးနဲ့တစ်ဦး ဘယ်လိုမှ မကြည်ဖြူ၊ မနှစ်မြို့၊ မကျေနပ်နိုင်ကြတော့မှန်း သားလူဖြစ်သော စွမ်းစ အလိုလိုရိပ်မိကာ ထမင်းတောင် မြိုမကျသလို ဖြစ်နေခဲ့သည်။

ထင်တဲ့အတိုင်း အပြန်လမ်းမှာ မုဒြာရဲ့ မာနကြီးပြီး ခက်ထန်သော စကားတို့ကို ကြားရပါသည်။

"မုဒြာကတော့ ကိုယ်နေချင်သလို နေမယ်၊ ပျော်တဲ့နေရာသွားမယ်၊ စိတ်ချမ်းသာရင် ဘာမဆို လျှောက်လုပ်ပစ်မယ်။ ချုပ်ချယ်တာ၊ ဝေဖန်တာ၊ ကဲ့ရဲ့တာတွေ ကြိုက်လည်းမကြိုက်ဘူး။ နားလည်းမဝင်ဘူး၊ နားလည်းမထောင်ဘူး၊ ဂရုလည်းမစိုက်ဘူး၊ မုဒြာ မိဘတွေကလည်း သားသမီးကို ချုပ်ချယ်ပြီး ဟိုလိုနေ၊ ဒီလိုနေ လိုက်စောင့်ကြည့်ပြောနေတဲ့ မိဘမျိုး မဟုတ်ဘူး၊ မိဘတောင်မှ ဆုံးမစရာမလိုဘူးထင်လို့ လွတ်လပ်ခွင့် ပေးထားတာပါ ကိုစွမ်း။ ကိုစွမ်းမေမေက မုဒြာကို မနှစ်မြို့သလိုလိုတွေ ပြောတာဆိုတာတော့ မုဒြာ မကြိုက်ဘူး"

စွမ်းစလည်း ကိုယ့်ဘက်က လွန်သလို ဖြစ်နေ၍ ...

"ဆောရီးပါ မုဒြာ၊ ကိုယ် မုဒြာကို တမင်အိမ်ခေါ်သွားပြီး မေမေ့သဘောထားကို နားထောင်ခိုင်းတာ မဟုတ်ပါဘူး။ ကိုယ် မုဒြာနဲ့ မေမေ့ကို အဆင်ပြေစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖျောင်းဖျပြောဆိုလိုက်သည်။

"ကိုစွမ်းမေမေဟာ နှစ်ဆယ့်တစ်ရာစုရဲ့ ဘွားတော်ကြီးပါ၊ ဘာကြောင့် ဘိုးတော်ဘုရားခေတ်က အတွေးအခေါ်မျိုးတွေ ရှိနေတာလဲ"

မေမေက ခေတ်နောက်မကျပါဘူး။ ခေတ်ရှေ့ပြေးလွန်းတာ၊ မိန်းကလေးတွေ အခုခေတ်မှာ အပျိုဂုဏ်ဆိုတာကို သိပ်မထိန်းတော့ဘဲ နေချင်သလိုနေတာတွေကို သဘောမကျနိုင်တာပါ။ စွမ်းစ ဒါကိုတော့ မုဒြာသိအောင် ရှင်းပြမနေချင်တော့၍ နှုတ်ပိတ်နေလိုက်သည်။

"ရှေးခေတ်ကလို အလိမ္မာအိမ်ပါချွေးမ ရာချင်ရင်တော့ တခြားလှူပဲရှာ၊ မုဒြာကတော့ ဘယ်တော့မှ သူများလွှမ်းမိုးတာလည်း မခံဘူး။ ကိုယ့်ကို မကြိုဆိုတဲ့၊ မလိုလားတဲ့ မိသားစုထဲလည်း မဝင်ဘူး ကိုစွမ်း၊ အဲဒါ ကိုစွမ်းကိုပေးမဲ့ မုဒြာရဲ့အဖြေပဲ"

စွမ်းစ ဒီလိုချက်ချင်း အငြင်းခံလိုက်ရတော့ ရင်ထဲမှာ ကြေကွဲသွားသည်။

"ကိုယ့်ကို မုဒြာ မချစ်ဘူးလား"

ကုမုဒြာ မဖြေပါ။ နှုတ်ခမ်းကို တင်းနေအောင် စေ့ထားလေသည်။ မာနကြီးသော မိန်းမတစ်ယောက်ရဲ့ရင်ထဲက ခံစားချက်ကို နှုတ်ခမ်းဖျားမှာမြင်နိုင်သည်။ မျက်လုံးထဲက အရိပ်တွေထဲမှာ မြင်ရသည်။ မုဒြာ စွမ်းစကို ချစ်ပါသည်။ သို့သော် ...။





"အချစ်ဆိုတာကို ကိုယ်ကတော့ ယုံယုံကြည်ကြည်နဲ့ မျှော်လင့်ထားတာ။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြရင် ဘာကြောင့် ညှိမရစရာတွေကို မညှိဘဲ နေမလဲ။ ကြိုးစားပြီး ညှိကြရအောင်၊ အချိန်တစ်ချိန်ကို စောင့်ကြရအောင်လား မုဒြာရယ်"

"ဘာလဲ ... ဘယ်အချိန်လဲ၊ ကိုစွမ်းအမေ မရှိတော့တဲ့ အချိန်လား"

"ဘယ်လိုပြောလိုက်တာလဲ မုဒြာ"

ကုမုဒြာလည်း သူမစကား မှားသွားမှန်းသိ၍ ရှစ်(ထ်) ဟု သူမဘာသာ ရေရွတ်လိုက်ကာ အတန်ကြာမှ "ဆောရီး"တစ်ခွန်း ပြောလိုက်ခြင်းဖြင့် သူတို့ရဲ့ဆွေးနွေးခြင်း ပြီးဆုံးလေသည်။

အိမ်ပြန်ရောက်သောအခါမှာလည်း မေမေနဲ့ စွမ်းစ ထပ်ပြီး ရင်ဆိုင်ဆွေးနွေးရပြန်သည်။ အဲဒီမှာ စွမ်းစ သိမထားသော မုဒြာတို့မိဘတွေရဲ့ နောက်ကြောင်းရာဇဝင်တချို့ကိုပါ သိရသည်။

"သားက ပြောလိုက်တဲ့ ဦးနေပိုင် ဒေါ်နန်းကြာညို နာမည်ကို ကြားဖူးပြီး ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် မိတ်ဆွေတစ်ယောက်ကြောင့် ဦးနေပိုင်ရဲ့ ပထမဇနီး မိသားစုအကြောင်းကို သိလိုက်ရတာပဲ။ မေမေ တမင်တကူးတကလိုက်စုံစမ်းတာ မဟုတ်ဘဲ တိုက်တိုက်ဆိုင်ဆိုင် သိလိုက်ရတာပါ။ ပထမဇနီးနဲ့က ငယ်လင်ငယ်မယားပဲ၊ သူတို့ချင်း ချစ်ကြိုက်ပြီး ယူခဲ့ကြတာပဲ။ ဦးနေပိုင်ဘက်က စပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်တာတဲ့၊ ဒုတိယသမီး ကိုယ်ဝန်ကြီးနဲ့မှာ အဲဒီ နန်းကြာညိုနဲ့တွေ့ပြီး ဖောက်ပြန်တယ်၊ ပထမဇနီးကို ကိုယ်ဝန်ကြီးနဲ့ ပစ်ထားခဲ့ပြီး နန်းကြာညိုကို လူသိရှင်ကြား လက်ထပ်တဲ့အထိ ရက်စက်ခဲ့တာတဲ့။ ပထမဇနီးနာမည် က မာလာဦးတဲ့။ မာလာဦးတို့ကလည်း ချမ်းသာတော့ သားသမီးထောက်ပံ့ကြေး ဘာမှမယူဘဲ ကွာရှင်းပေးလိုက် တယ်ပေါ့။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ မာလာဦးတို့ စီးပွားရေး တော်တော်ကျပြီး အရင်တ တိုက်နဲ့ ခြံနဲ့ နေ နိုင်နေရာကနေ အခုတော့ သာမန်တိုက်ခန်းလေးလောက် ပဲ နေသွားနိုင်သတဲ့။ ဦးနေပိုင်က သူ့သမီးတွေ အိမ်ထောင် ကျ ရှန်းကန်နေရပြီး ကလေးကိုယ်စီနဲ့ သာမန်ဘဝမှာ ရှင်သန်နေရတာကို သိမှာပါ၊ လုံးဝကို လှည့်မကြည့်ဘူး။ မြေးလေးတွေရယ်လို့ ချစ်စိတ်နဲ့တောင် တစ်ပြားတစ်ချပ် မကျဘူးတဲ့။ နန်းကြာညိုနဲ့လည်း သူက ခြေမငြိမ်ပါဘူး။ တရားဝင် ထပ်မယူတာပဲရှိတယ်၊ မိန်းမတွေမှ မှိုလိုပေါက် နေတာ၊ အကုန်လုံးကို တိုက်ခန်းနဲ့ ကားနဲ့ အပြည့်ထား ပေးထားတာလေ။ နန်းကြာညိုဘက်က လုံးဝကွာရှင်းမခံဘဲ ဆွဲဆောင်ထားနိုင်လို့သာ ကုမုဒြာတို့ မောင်နှမတစ်တွေ အဖေအမေစုံနဲ့ နေနိုင်နေတာ"

စွမ်းစထံ၌ ဘာမှ ပြောစရာမရှိတော့သည့်အလား ငြိမ်နေ၍သာ နားထောင်နေခဲ့ရသည်။





"မိဘကလည်း ခြေရှုပ်တတ်တဲ့ လူတွေ၊ အိမ်ထောင်ရေး အရှုပ်အရှင်းတွေနဲ့ ကြီးပြင်းလာရတဲ့ အဲဒီမိန်းကလေးမှာ သူ့အဖေစိတ် အမေစိတ်တွေတော့ ပါမှာပဲ။ ပြီးတော့ မေမေ မကြိုက်ဘာက သူဟာ အပျိုလုံးဝမဟုတ်တာကိုပဲ။ အနောက်နိုင်ငံက အမြူမတွေလိုမျိုး လိုက်ကျင့်သုံးချင်လို့ ဘယ်ရပါ့မလဲ၊ မေမေတော့ ဒါကို လုံးဝလက်မခံဘူး။ သား သူ့ကိုယူရင် ယူပါ၊ ဒါပေမဲ့ အရှင်းဆုံးပြောမယ်၊ မေမေ့အိမ်ရိပ်ကိုတော့ မင်း ဘယ်တော့မှမနင်းပါနဲ့၊ သူ့ ကိုလည်း လက်ဆွဲပြီး ခေါ်မလာပါနဲ့။ မေမေ သေရင်တောင် နာရေးကြော်ငြာမှာ သားသမီးစာရင်းထဲမှာ စွမ်းစ ဆိုတဲ့ နာမည်ကို မထည့်ပါနဲ့လို့ ကျန်တဲ့သားသမီးတွေကို မှာခဲ့ မယ်၊ မင်းလည်း မေမေ့ အသုဘမှာ လာကန်တော့စရာ မလိုဘူး၊ ကဲ ... မေမေ အားလုံး ပြောပြီးပြီ၊ မင်းဘာသာ ကြိုက်ရာလမ်းကို ရွေးနိုင်ပါပြီ။ မင်းလည်း အသက်သုံး ဆယ်ကျော်နေပြီပဲ"

ထိုနေ့ကစပြီး စွမ်းစဟာ မိခင်ဆိုသောဘက်နှင့် ချစ်ရသူဟူသောဘက်။ ဘက်နှစ်ဘက်ကြား စိတ်လွန်ဆွဲရခြင်းများ ဖြင့် စိတ်ညစ်ညျူး ရှုပ်ထွေးနေခဲ့ရသူ ဖြစ်ခဲ့ရသည်တည်း။

မုဒြာနဲ့လည်း တွဲသွားတွဲလာမပျက်၊ အခင်မင်မပျက်၊ မုဒြာလိုအပ်တဲ့အကူအညီတွေဆိုလည်း အပေးမပျက်ဘဲ နေလာခဲ့ကြ ရာက တစ်ရက်မှာ မေမေ့ထံမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သနပ်ခါးဆိုတဲ့မိန်းကလေးကို မေမေ သားအတွက် ရွေးထားမိတယ်"

ဆိုသော စကားတစ်ခွန်းဖြင့် စွမ်းစ၏စိတ်ကိုပို၍ဆုံးဖြတ်ရခက်စေသော အခြေအနေသို့ တွန်းပို့ခဲ့တော့တာလည်း ဖြစ်ပါသည်။





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ဟာယီ ... အဲဒီတော့ နင် ဘယ်လိုဆုံးဖြတ်ဖို့ စဉ်းစားထား လဲ"

အေးမြမှာ သနပ်ခါးပြောပြနေသော အကြောင်းအရာ ဆုံးသွားသောအခါ စိတ်လှုပ်ရှားစွာဖြင့် ချက်ချင်းမေးချလိုက်တော့ လေသည်။

သနပ်ခါးဟာ Lipton Tea ကို တစ်ငုံယူသောက် လိုက်ရင်း ...

"လက်ထပ်ဖို့ကို အလျင်စလို မစီစဉ်ချင်တော့ ခဏလောက် ရက်ကို ရွှေ့ကြရင်ကောင်းမယ်လို့ သူ့ကို တိုက်ရိုက်ပဲပြော လိုက်တယ်"

"အဲဒီတော့ ... ?"

မီမီကျော်က မေးခွန်းကို အပြည့်အစုံဆက်မမေးဘဲ လမ်းတစ်ဝက်တင် ရပ်လိုက်ပါသည်။ မီကျော့်မှာလည်း အိမ်ထောင်





ရေးဖောက်ပြန်သောယောကျ်ားနဲ့ ဆက်ပေါင်းရမလား၊ ကွဲပစ်ရ မလားဆိုတဲ့ ပြဿနာကြီးက ရှင်းလို့မရသေးလေရာ သူငယ်ချင်း ကို ကိုယ့်လိုတော့ မဖြစ်စေချင်။ ယူပြီးမှ ကွဲဖို့ကွာဖို့ဆိုတာဟာ တော်တော့ကို စဉ်းစားဆုံးဖြတ်ရခက်တာမို့ သနပ်ခါးအနေနဲ့ ဘာမှ မလွန်သေးခင် ရပ်ပစ်လိုက်ဖို့သင့်သည်ဟု ထင်မိသည်။ မယူခင်ကတည်းကကို ရည်းစားဟောင်းကိုစွဲလမ်းနေဆဲပါ။ သိပ်ချစ် ရပါသည်။ သိပ်တမ်းတနေရပါသည် ဟူ၍ ဝန်ခံထားသော စွမ်းစဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ဘာကြောင့် အမိုက်ခံပြီး ယူနေတော့မလဲ။

ကိုယ့်ကိုမချစ်ဘဲ ကိုယ်နဲ့တစ်အိပ်ရာတည်း အိပ်နေ ရင်း တခြားမိန်းမကို တမ်းတနေမယ့်ယောကျ်ားကို ရှောင်လိုက် သင့်တယ်။

"သူ့ မျက်နှာတော့ ပျက်နေတယ်၊ ဒါပေမဲ့ ငါ ပြောတာကို လက်ခံတဲ့သဘောပဲထင်တယ်၊ ဘာမှတော့ ပြေရှင်းခြင်း တောင်းပန်ခြင်း မရှိပါဘူး"

"ဘယ်ရှိမလဲ သူက အမေ့ကြောင့် နင့်ကို ယူရမို့ဆုံးဖြတ် တာလေ၊ သူ့ရင်ထဲမှာ ကျိတ်ပြီးတော့တောင် ဝမ်းသာနေဦး မယ်"

"ဟယ် ... မီကျော်ရယ် ခါးခါးကို သနားပါဦး၊ တအား ဝေဖန်မနေပါနဲ့"

အေးမြက မနေနိုင်တော့ဘဲ ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက သူငယ်ချင်းကောင်းပီသပြီး ခါးခါးကို အချိန်တွေမလွန်ခင် ကြိုတင်နောက်ဆုတ်လို့ရအောင် စေတနာနဲ့ပြောတာဟဲ့။ ငါ့အဖြစ်ကိုပဲကြည့် နှစ်ကိုယ်တူချစ်ပြီး ယူခဲ့ကြတာလေ။ အခုကျတော့ ငယ်ရည်းစား ဇနီးမယားကိုတောင်မချစ်နိုင်တော့ဘဲ ကလေး ကလေးနဲ့ ပါးစပ်ဖျားကမချနိုင်လောက်အောင်ဖြစ်နေရတဲ့ ကောင်မလေးငယ်ငယ်နောက်ကောက်ကောက်ပါနေတာ။ အသက်သုံးဆယ်မိန်းမဟာ အသက်နှစ်ဆယ်မိန်းကလေးရဲ့ နုပျိုလှပမှုကိုဆော့ မမီတော့တာနဲ့ အချစ်လျော့တတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့အချစ်ဆိုတာကို ငါ မယုံနိုင်တော့ဘူး၊ သားလေးမျက်နှာကြောင့် စိတ်လိုလက်ရ မဆုံးဖြတ်ရသေးတာနဲ့ ငြိမ်ကြည့်နေတာ၊ စိတ်ထဲမှာတော့ သူ့ကို အခါတစ်ရာလောက် ကွာရှင်းပြီးနေပြီ"

မီကျော်လည်း သူငယ်ချင်းတွေနဲ့တွေ့မှပဲ စိတ်ထဲမှာတင်းထားရတာတွေ လွှတ်ပေးရသည်ဖြစ်ရာ ဘာရိတ်မအုပ်နိုင်တော့သလိုဖြစ်နေသည်။ သနပ်ခါးရဲ့ပြဿနာကို နောက်ပို့ထားပြီး ကိုယ့်ပြဿနာကို ရှေ့တန်းတင်လိုက်သလိုလည်း ဖြစ်သွားပါသည်။ သို့သော် ဒီလူ ဒီလူတွေဟာ တစ်ယောက်အပေါ်တစ်ယောက်နားလည်ပြီး တစ်ယောက်ခံစားချက်ကို တစ်ယောက်က ကူးယူခံစားပေးနိုင်ကြသည်ဖြစ်ရာ မီကျော်ကို နားလည်သလို ငေးကြည့်နေကြသည်။





စံပယ်ဖြူကတော့ ဒီနေ့အရောက်မလာနိုင်ပါ။ သူတို့ရုံတွဲ ပေလီဘက် ရောက်နေကြသတဲ့။ ကိစ္စကတော့ ချစ်ဦးမောင်စီစဉ်ထုတ်လုပ်မဲ့ MTV ရိုက်ကူးရေးအတွက်ပါတဲ့။

"ခိုးကူးခွေ သောင်းကျန်းနေတဲ့ကြားက မောင်ကတော့လုပ်ချလိုက်ပြန်ပြီဟယ်၊ သူ သိပ်ကြိုက်တဲ့အဆိုတော်ပေါင်းစုံရဲ့သီချင်းပေါင်းစုံကို MTV တစ်ခွေစာရိုက်ပြီးထုတ်ချင်သတဲ့။ တကယ့်ကို DVD နဲ့ထုတ်မှာ။ သီချင်းဆယ့်နှစ်ပုဒ်။ အဆိုတော်ဆယ့်နှစ်ယောက်ရဲ့သီချင်းတစ်ပုဒ်စီကို သုံးထားတာလေ။ ပေလီရော၊ ပြင်ဦးလွင်ရော၊ ကလောရော၊ မန္တလေးမှာရော လျှောက်ရိုက်မှာတဲ့။ သူ လုပ်ချင်နေတာကို မတားတော့ပါဘူး။ ဘဏ်ထုပ်ငွေတွေ အထပ်လိုက်၊ အထပ်လိုက်ယူယူသွားတာကို ရင်မ,ပြီးကြည့်နေရတယ်"

ဒါနဲ့ပဲ စံပယ်ဖြူတစ်ယောက် ချစ်ဦးမောင်နောက်ကို လိုက်ချင်လို့ပဲလား၊ ငွေတွေအများကြီး မကုန်သင့်တာမကုန်ရအောင် လိုက်ကြီးကြပ်ချင်လို့ပဲလား၊ ပေလီကိုလိုက်လည်ချင်လို့လား၊ ဒါမှမဟုတ် မော်ဒယ်လ်လှလှလေးတွေနဲ့ 'မောင်'ကိုစိတ်ချလက်ချ မလွှတ်လိုက်ရဲလို့ပဲလားတော့မသိ။ ယောကျ်ားနောက်ကိုပါသွားခဲ့ပါသည်။

"ငါ တကယ်ဆုတောင်းပါတယ်ဟယ်၊ ငါပြန်လာတဲ့နေ့ကျရင် သူငယ်ချင်းအားလုံး အဆင်ပြေတဲ့သတင်းကို ကြားရပါစေလို့"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှာသာ ပြောပြလိုက်ရသော သန္တပ်ခါးရဲ့အခြေအနေနဲ့ မိကျော့်ပြဿနာတွေကို သိသွားရလေရာ စံပယ်ဖြူတစ်ယောက် ဒီမှာလည်းပါချင်၊ ဟိုမှာလည်းပါချင်ဖြစ်သောစိတ်နဲ့ ပေလီကို ထွက်သွားခဲ့ပါသည်။

"ငါ မေမေ့ကို ပြန်ပြောလိုက်တယ်၊ မေမေလည်း တော်တော့် စိတ်အနှောင့်အယှက်ဖြစ်သွားပုံပဲ။ သူတို့ထင်တာက ကိုစွမ်းစကလည်း ငါ့ကိုသဘောကျလို့ ဒီလိုကမ်းလှမ်းတာတွေ ဘာတွေ ဖြစ်လာတယ်ပဲပေါ့။ ဒါပေမဲ့ အဖြစ်မှန်ကို သိလိုက်ရတော့ မေမေလည်း မကျေနပ်ဘူးတဲ့။ တော်သေးတယ်တဲ့ လူသိရှင်ကြား မဆေ့စပ်ကြခင်မှာ သိရလို့တဲ့"

"ဟိုဘက်က အဘွားကြီးဆီကရော ဘာသံကြားလဲ"

"အာသံမှုမကြားသေးဘူး၊ သူ့သား ပြန်မပြောရဲတာလား၊ သူတို့ဖုံးထားတဲ့ပြဿနာတစ်ခုကို ငါတို့ဘက်ကသိသွားလို့ အားနာပြီး ခဏငြိမ်သွားတာလား မသိဘူး"

"ဖိတ်စာတို့ဘာတို့ အပ်ထားတာရော"

"အားလုံး ဆိုင်းထားတယ်၊ ဟိုတယ်ရက်လည်း ရွှေ့ပြီးပြီ။ စရန်ဆုံးလည်း ကိစ္စမရှိဘူးတဲ့၊ သူတို့ဘက်က အကုန်ခံထားရပေမယ့် မေမေတို့က တရားမျှတမှုရှိချင်လို့ အကယ်၍ စရန်တွေဆုံးခဲ့ရင် တစ်ဝက်လျော်ပေးလိုက်မယ်လို့ တိုင်ပင်နေကြတယ်"





စွမ်းစရော သန္တပ်ခါးရော ဝင်ငွေကောင်းလှသလို နှစ်ဖက်မိဘတွေကလည်း တင့်တောင့်တင့်တယ် လုပ်ငန်းရှင်သူဌေးတွေဖြစ်လေရာ ငွေကြေးဆုံးရှုံးရတာလောက်ကိုတော့ စကားထဲ ထည့်ပြောနေမည်လည်း မဟုတ်ပါ။

"ဟိုမိန်းမကြားရင်တော့ ဝမ်းသာမှာပဲနော်"

"အေးလေ ဝမ်းသာမှာပေါ့ မိကျော်ရယ်။ သူချစ်တဲ့ယောကျ်ားဟာ တခြားမိန်းမတစ်ယောက်ကို လက်မထပ်ဖြစ်တော့ဘူး ဆိုတဲ့သတင်း ကြားရတာပဲ"

"အဲဒီလိုတွေးမိတော့လည်း ငါ မခံချင်ဘူးဟဲ့"

အေးမြသည် မိကျော့်ကို ဖတ်ခနဲ တစ်ချက်ရိုက်လိုက်ပြီး ...

"ဟယ် ... မိကျော် နင်ရူးနေတာလား။ ခုနကတော့တစ်မျိုး၊ ခုတစ်မျိုးနဲ့"

"မဟုတ်ဘူးလေ ကုမုဒြာရဲ့စိတ်ထဲမှာ ကိုစွမ်းစနဲ့ ခါးခါး မယူဖြစ်စေချင်တဲ့ဆန္ဒ ရှိကိုရှိမှာပဲ၊ အခုတော့ သူ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်သွားတော့ သူ နိုင်သွားတဲ့သဘောပေါ့။ ခါးခါးဟာ သူနဲ့ မယှဉ်ရဲတဲ့သဘော ဖြစ်သွားတာပေါ့။ စောစောစီးစီး နောက်ဆုတ်ပေးလိုက်ရတာလေ"

"ဒါဖြင့် နင်ကရော ကိုရဲသူရဲ့ကလေးနဲ့ ယှဉ်ရင် နင့်ဘက်က နောက်ဆုတ်ပေးမဲ့သဘော ပါနေတာလေ၊ ကွာရှင်းမယ် ကွာရှင်းမယ် တကဲကဲဖြစ်နေတာ။ နင် ကွာရှင်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဟိုဘက်က ကလေးအကြိုက် ဖြစ်သွားမှာပေါ့။ ကိုရဲသူ သူ့ကိုယူအောင် ပိုပြီးဆွဲဆောင်လို့ကောင်းသွားပြီပေါ့။ အဲဒီလိုဖြစ်သွားနိုင်တယ်"

အေးမြနဲ့ မီကျော်တို့ စကားနိုင်လုပြီးပြောသလိုဖြစ်နေသော စကားဝိုင်းကို သနပ်ခါး အသာစောင့်ကြည့်နေမိပါသည်။ သနပ်ခါးရင်ထဲမှာလည်း ဝမ်းနည်းကြေကွဲခြင်းတွေရော။ မခံချင်စိတ်တွေရော ရှုပ်ထွေးကာ စိတ်က ပျော်ကိုမပျော်ပါ။

စွမ်းစကို တကယ်လည်း ချစ်မိသွားပါသည်။ သူ့ကိုယ့်ကို ပြန်မချစ်နိုင်ခဲ့သည်ဆိုဦး။ နှစ်ယောက်အတူ လက်ထပ်ပြီးကြရင်တော့ ကုမုဒြာနဲ့ ပြတ်ပြတ်သားသား ဖြစ်နိုင်ကောင်းရဲ့လို့ မျှော်လင့်ကြည့်ချင်သား။ ဒါပေမဲ့ သူ့ပုံစံကြည့်ရတာ ကုမုဒြာနဲ့ သနပ်ခါးယှဉ်လာရင် ကုမုဒြာဘက်ကိုသာ အလေးသာမဲ့ပုံ။ အခုတောင်ကြည့် ကိုယ်နဲ့လက်ထပ်ရမဲ့ဇနီးလောင်းနဲ့ အတူရှိနေခဲ့တာတောင် ကုမုဒြာက အကြောင်းတစ်ခုခုကြောင့် ဖုန်းဆက်ရင် ချက်ချင်းပဲ ကုမုဒြာဆီ အရောက်သွားနေတတ်တာ။ သူတို့နှစ်ယောက်ရဲ့ တွယ်တာမှုဟာ တော်ရုံတန်ရုံတော့ မဟုတ်နိုင်။

သနပ်ခါးမှာသာ ကိုယ် ပထမဦးဆုံး ချစ်မိသွားတဲ့သူဆီက အချစ်ကိုမရသောအခါ အသည်းကွဲသလိုလို ဘာလိုလိုဖြစ်လျက် ဆွေးမြည့်နေမိပါသည်။

"ရောက်နေတာလည်း ကြာပြီဟယ်၊ ပြန်ကြရအောင်၊ ငါ ဆေးခန်းသွားပြဖို့ရှိတယ်"





အေးမြက နာရီကြည့်ရင်း ပြောလျှင် ...

"ဟယ် ... ဘာဖြစ်လို့လဲ"

သူငယ်ချင်းတွေ စိုးရိမ်တကြီး ပြိုင်တူမေးမိကြ၏။

"မသိပါဘူးဟယ်၊ ခုတလော Period မလာတာ နှစ်ပတ်ကျော်နေပြီ၊ ဘာများဖြစ်သလဲ မသိပါဘူး"

"ဟီးဟီး ... ဒါ ရှိနေပြီထင်တယ်"

မီကျော်က ဗိုက်ရှေ့ကို လက်နှစ်ဖက်ဖြင့် ဝိုင်းပြရင်း ပြောလိုက်ပါသည်။ အေးမြက ခေါင်းတခါခါဖြင့် ...

"ဟယ် ... မရှိနိုင်ပါဘူးဟယ်၊ ဟိုးနှစ်တွေတုန်းကတောင် ကလေးကိုသေမလောက်လိုချင်တာ ရမှမရခဲ့ဘဲ။ မရလို့တောင် သမီးလီလီလေးကို မွေးစားမိတဲ့အထိ ကလေးရှူးရှူးခဲ့ရတာ၊ အိမ်ထောင်သက်လည်း ရှစ်နှစ်ကျော်နေပြီ၊ နှစ်ယောက်စလုံးလည်း ဘာမှချွတ်ယွင်းချက်မရှိဘဲနဲ့ ကလေးရှိတဲ့အရိပ်အယောင်တောင် မပြခဲ့ဖူးတော့ ကလေးများရှိနေမလားဆိုပြီး စိတ်မလှုပ်ရှားချင်တော့ပါဘူးဟယ်။ စိတ်လှုပ်ရှား ရင်ခုန်ပြီးမှ မရပြန်ရင် ကိုယ်ပဲခံစားရတာ။ တော်ပါပြီ အဲဒီလိုခံစားရတာကို တော်တော်ကြောက်သွားပါပြီ"

သနပ်ခါးနဲ့ မီကျော်တို့ အေးမြရင်ထဲကို မြင်နေရသဖြင့် နားလည်ပေးနိုင်ခဲ့ပါသည်။ အေးမြဟာ ကလေးလိုချင်လွန်းလို့ တငိုငိုတရယ်ရယ် ဖြစ်ခဲ့ဖူးတဲ့အထိ စိတ်ခံစားချက်ပြင်းထန်ခဲ့ဖူးတာ။ ကလေးမရတော့ စိတ်တွေမကြည်မလင်ဖြစ်ပြီး ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းရန်လုပ် အဖေအမေနဲ့လည်း စကားပြောအဆင်မပြေ၊ သူငယ်ချင်းတွေနဲ့လည်း သူ့ဘာသာ မဆက်သွယ်တော့ဘဲ တစ်ယောက်တည်း စိတ်ကျရောဂါ ဖြစ်သလိုလိုတောင် ခံစားခဲ့ရဖူးတာပါ။

နောက်ဆုံးတော့ အိမ်ထောင်ကျပြီး လေးနှစ်မြောက်မှာ သမီးလေးလီလီကို ရင်ခွင်ပိုက်အရွယ်လေးတည်းကစပြီး မွေးစားဖို့ ကိုဥက္ကါ အကြံပေးပြီးစီစဉ်ပေးလိုက်မှပဲ အေးမြရဲ့ကလေးရှူးရှူးတဲ့ ဝေဒနာဟာ တော်တော်သက်သာသွားတာပါ။ လီလီကိုဆိုလသားအရွယ်လေးတည်းက မွေးစားလာခဲ့တာမို့ အေးမြဟာ တကယ့်သမီးရင်းလိုပဲ ချစ်နေခဲ့ပါပြီ။ ဒါ့အပြင် သနပ်ခါးတို့တွေတောင် တစ်ခါတလေကျ မေ့နေပြီး လီလီဟာ အေးမြသမီးလေးပါပဲလို့ ထင်နေတော့သည်။ လီလီကလည်း ထူးဆန်းစွာပဲ အေးမြနဲ့တောင် ရုပ်ရည်ချင်း အလိုလိုဆင်တူနေလေရာ တကယ့်သမီးရင်းလို့ပြောရင် ယုံနိုင်စရာ ဖြစ်နေတော့သည်။

"ဘိလ်ယူလာခဲ့ မောင်လေး၊ ပိုက်ဆံရှင်းတော့မယ်နော်"

"အစ်မတို့ဝိုင်းကို ရှင်းပြီးနေပြီ"

"ဟင် ... ဟုတ်လား၊ ဘယ်သူရှင်းသွားတာလဲ"

"ဟိုနားမှာထိုင်နေတဲ့ အစ်ကိုကြီး"

သုံးယောက်သား စိတ်တာညွှန်ပြရာစားပွဲဆီ ကြည့်လိုက်ကြလျှင် ...

"အံမာ ... သူကများ"



မီကျော့အသံဟာ ကျေနပ်ခြင်းတစ်ဝက် မကျေနပ်ခြင်းတစ်ဝက် ဖြစ်နေပါသည်။ သနပ်ခါးနဲ့ အေးမြတို့ တစ်ယောက်နဲ့တစ်ယောက် လက်တို့လိုက်ကြပြီး ပြုံးစိစိတွေဖြစ်ကုန်သည်။

ဘယ်သူဖြစ်နေလဲ ဆိုတော့ ကိုရဲသူဖြစ်နေတာကိုး။ ကိုရဲသူတစ်ယောက် မိန်းမကို ပြန်ပြီးပိုးပန်းချဉ်းကပ်ရတဲ့အဖြစ်ရောက်နေရှာပြီထင်ပါရဲ့။ တော်တော်တော့ ရယ်စရာကောင်းတဲ့ ဇာတ်လမ်းပဲလေ။

မီကျော်ဟာ အံကြိတ်ကြိတ်ပြီး မျက်မှောင်ကြီး ကြုတ်ကာ ကိုရဲသူကို စိုက်ကြည့်နေစဉ် ကိုရဲသူသည် သူထိုင်နေရာစားပွဲမှ ထလာတော့လေသည်။ သနပ်ခါးကတော့ အေးမြကိုပြောသလိုလိုနှင့် ...

"အေးမြရေ ... ငါတို့ ပြန်နှင့်မှ ဖြစ်မယ်ထင်တယ်နော်၊ မီကျော်ကို ထားခဲ့ကြရအောင်"

လို့ စပြောလျှင် ...

"အံမာ ... ဘာလို့ ငါက ကျန်ခဲ့ရမှာလဲ၊ နင်တို့နဲ့အတူတူလာတာ၊ အတူတူပြန်မှာပေါ့၊ သူနဲ့ငါ ချိန်းပြီး စကားပြောစရာလား"

ကိုရဲ အနားရောက်လာလာချင်း ...

"မီကျော့အမေကို ဖုန်းဆက်မေးတော့ သနပ်ခါးနဲ့တွေ့ဖို့ထွက်သွားတယ်ဆိုလို့ စိတ်ခတ်ကျပြီး ကားဖြတ်မောင်းလာတုန်း ကံကောင်းပြီး မီကျော့ကား ဒီဆိုင်ရှေ့မှာရပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာတွေ့လိုက်တာနဲ့ ဝင်လိုက်လာတာ၊ ဘယ်လိုလဲ ပြန်ကြတော့မလား"

မီကျော်က မျက်နှာကြီးပုပ်ပြီး တစ်ဖက်လှည့်နေသည်။ ကြားလူဖြစ်သော သနပ်ခါးတို့ကပဲ ...

"ပြန်ကြတော့မှာပါ ကိုရဲသူ။ ဒီနေ့ကျွေးလိုက်တာ ကျေးဇူးပဲနော်"

ဟု ပြန်ပြောပေးလိုက်ရပါသည်။

"မီကျော်နဲ့ စကားပြောချင်လို့ အဲဒါ ..."

"ဪ ... ရပါတယ် ပြောပါ၊ ကျွန်မတို့ပြန်တော့မှာပါ၊ ကိုရဲသူတို့ ဆက်နေရင်နေကြလေ"

"အံမာ ... ဘာလို့ ပြောရမှာလဲ"

"ဟာ ... မီကျော်ရာ အဲဒီလို မလုပ်နဲ့လေကွာ၊ ဒီလိုကြီး ဟိုရှောင်ဒီရှောင်လုပ်ပြီး မတွေ့တော့ရော ပြဿနာက ပြီးသွားမှာတဲ့လား။ ကိုယ် ပြောပြချင်တာလည်း မီကျော် စိတ်ရှည်လက်ရှည်လုပ်ပြီး ခဏနားထောင်ပေး။ ကိုယ်လည်း မီကျော် ပြောတာတွေ စွပ်စွဲတာတွေ ရန်တွေ့တာတွေကို နားထောင်ပါ့မယ်"

မီကျော် ဝေခွဲရခက်နေဟန်ဖြင့် မျက်မှောင်ကြီးကြုတ်ကာ ကိုရဲသူကို သေသေချာချာ မျက်လုံးချင်းဆိုင်မကြည့်ဘဲ ဘေးကို မျက်နှာလွှဲနေလေသည်။ တကယ်တော့ မီကျော်မှာ ယောက်ျားဖြစ်သူ ကိုရဲသူဘက်က မကြာခဏ ဒီလိုပဲ ခဲယဉ်း





တောင်းပန်၊ စကားပြောခွင့်ရဖို့ကြိုးစား၊ ပြန်ညှိနှိုင်းဖို့အကြံပေးတာတွေကိုကြုံရတော့ အသည်းနှလုံးက ပြန်ပြီးပျော့ချင်နေပြီလေ။ ဒီကြားထဲ မီကျော့်မိဘတွေကလည်း ...

"တစ်ခါတလေ မှားဖူးတာလေးနဲ့ အကြီးအကျယ်ပြဿနာလုပ်ပြီး ကွဲမယ် ကွာမယ်တွေထိ မဆုံးဖြတ်ပါနဲ့ဦး သမီးရယ်။ သူ့ဘက်က တောင်းပန်နေတာလည်း ကိုယ်သိနေသားပဲ။ ခွင့်လွှတ်ပြီးပြန်ပေါင်းလို့ရရင် ပေါင်းလိုက်ပါ။ ဒီတစ်ခါတော့ ကိုယ့်ဘက်က အထက်စီးနဲ့ပြောထားလို့ ရပြီလေ။ နောက်တစ်ခါမှားရင်တော့ ခွင့်မလွှတ်တော့ဘူးလို့ အနိုင်နဲ့ဆက်ဆံလို့ရပြီ"

ဟူ၍စဉ်းစားချင့်ချိန်ဖို့ နားချလေရာ မီကျော် တွေဝေစတော့ပြုနေပြီ။ တက္ကသိုလ်ကျောင်းသူကတည်းက ချစ်သူဖြစ်ခဲ့ရတဲ့ ကိုရဲသူကို ချစ်ခဲ့ရတဲ့အချစ်ဟာ တော်ရုံတန်ရုံလည်း မဟုတ်တာမို့ သူ့အပြစ်ကိုမေ့လိုက်ပြီး ခွင့်လွှတ်ရရင်ပဲ ကောင်းမလား။

အေးမြသည် မီကျော့်အမူအရာကို အကဲခတ်ရင်း ...

"မီကျော်ရေ ငါလေးနာရီမှာ ဆေးခန်းပြရတော့မှာမို့ သွားတော့မယ်ဟယ်။ ကိုရဲသူကို ခဏတော့စကားပြောလိုက်ပါ၊ ငါတို့ သွားမှဖြစ်တော့မှာမို့ပါ"

ဟူ၍ နှုတ်ဆက်ပြီး အရင်ဆုံးထွက်သွားပါသည်။ သနပ်ခါးကိုလည်း လက်ဆွဲခေါ်သွားသည်ဖြစ်ရာ သနပ်ခါးလည်း လက်တပြပြလုပ်ပြီး ပါသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကိုယ့်ကားပေါ်ကိုယ်မတက်ခင်လေးမှာ အေးမြက ...

"နင် ဘယ်လိုထင်လဲ ခါးခါး"

ဟု မေးလိုက်ပါသည်။ သနပ်ခါးကလည်း အေးမြစကားဟာ အဆက်အစပ်မရှိပေမဲ့ ဘယ်အကြောင်းအရာကို မေးလိုက်သလဲဆိုတာ သိနေသောအသံဖြင့် ...

"သူတို့ အဆင်ပြေတော့မှာပါ"

လို့ ပြန်ဖြေလိုက်သည်။

"အေးဟယ် ... ငါလည်း နင့်ကို အဆင်ပြေစေချင်လိုက်တာ ခါးခါးရယ်။ နင် ကိုစွမ်းစကို တကယ်ချစ်သွားတယ်ဆိုတာ ငါ သိပါတယ်"

"ငါ့အဖြစ်က မတူဘူးလေ၊ ကိုရဲသူနဲ့ မီကျော်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အကြာကြီးခွဲပြီး မနေနိုင်ဘူးပေါ့။ ပြီးတော့ တစ်ယောက်ရဲ့အမှားကို နောက်တစ်ယောက်က ကြိုးစားဖြေဖျောက်ပြီး ခွင့်လွှတ်ပေးနိုင်တာပေါ့။ ငါ့အဖြစ်ကတော့ တစ်ဖက်သတ်ကြီး ဖြစ်နေတာ။ အဲဒီလို တစ်ဖက်သတ်ချစ်ရတဲ့သူဖြစ်နေရတဲ့ ကိုယ်ဘာသာလည်း ဒီအဖြစ်ကို မုန်းတယ်။ ဒီလိုမျိုး ဖြစ်ကိုမဖြစ်ချင်ခဲ့ဘူးလေ"

"စောင့်ကြည့်လိုက်ပါဦး ခါးခါးရယ်၊ ဘာတွေဖြစ်လာမလဲဆိုတာ"





အေးမြနဲ့ လမ်းခွဲလာတော့ သနပ်ခါးတစ်ယောက် Fergie ရဲ့ သီချင်းလေးအတိုင်း ညည်းရင်း မျက်ရည်ဝဲနေမိခဲ့သည်။ သီချင်းလေးကတော့ ...

"Big girl don't cry" ... တဲ့။

မငိုပါနဲ့ပြောမှ ငိုချင်လာတဲ့စိတ်ကို ကြိုးစားပြီး ဖယ်ရှားပစ်နေရပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဒီဘက်အဖေအမေ၊ ဟိုဘက်အဖေအမေတို့ကြားမှာ သနပ်ခါးတစ်ယောက် ငြိမ်ပြီးတော့သာ နားထောင်နေသူဖြစ်ခဲ့သည် မင်္ဂလာပွဲရက် ရွှေ့ဆိုင်းတယ်တွေ ဘာတွေဖြစ်လာပြီး တစ်ပတ် အကြာမှာ ဒေါ်ခင်ခင်မျိုး အိမ်ကိုဖုန်းလှမ်းဆက်ပြီး ရောက်ချလာ တာဖြစ်သည်။

"ဝတ်မှုန်ရယ် တို့ တကယ်တောင်းပန်ပါတယ်၊ တို့ဘက်က အခြေအနေကို အသိမပေးဘဲ စီစဉ်ကြသလို ဖြစ်ခဲ့တာပါ တကယ်တော့ သားကို အဲဒီမိန်းကလေးနဲ့ ပိုနီးစပ်သွားမှာ စိုးလို့ သနပ်ခါးလေးနဲ့ မြန်မြန်စီစဉ်ချင်လိုက်တာပါကွယ် ဝတ်မှုန်တို့၊ သမီးသနပ်ခါးတို့တစ်တွေ စိတ်ဆင်းရဲအရှက် ရအောင်လုပ်ဖို့ မရည်ရွယ်ခဲ့ပါဘူး"

သနပ်ခါးရဲ့ဖေဖေကတော့ ...



"ရပါတယ်၊ အခြေအနေတွေက လွန်မှမလွန်ရသေးတာ၊ ဘယ်သူမှမသိခင် ရပ်လိုက်နိုင်ပြီပဲ"

လို့ ချက်ချင်းပြောလျှင် တစ်ဖက်မှာ လှုပ်လှုပ်ရှားရှား တွေဖြစ်ကုန်တော့သည်။

"ဘယ်တော့လောက် မင်္ဂလာပွဲကို ပြန်စီစဉ်ဖို့စိတ်ကူးထားပါ သလဲ"

စကားနည်းပြီး ခပ်အေးအေးလည်း နေတတ်ပုံရသော ကိုစွမ်းစံရဲ့ဖခင်ထံမှ ဒီစကားတစ်ခွန်းတော့ ထွက်လာခဲ့ပါသည်။

"ဒါက သမီးအပေါ်မှာ မူတည်ပါတယ်လေ၊ ကျွန်တော် တို့ကတော့ သမီးစိတ်မပါရင် ဘာမှကိုစီစဉ်ကြမဲ့သူတွေ မဟုတ်ပါဘူး၊ အားလုံးသမီးသဘောပါ။ သူလည်း ဒီအသက် အရွယ်ရောက်နေပြီပဲ စဉ်းစားဆင်ခြင်နိုင်ပြီမို့ သူ့အိမ်ထောင် ရေးကိစ္စ သူပဲ ဆုံးဖြတ်တာကောင်းမယ်"

"ဟုတ်တယ်၊ ဝတ်မှုန်တို့က သမီးအပေါ် အဲဒီ သဘောပါပဲ လေ၊ သူ့ဘာသာ တစ်ယောက်တည်း အပျိုကြီးပဲလုပ်နေရင် ကောင်းသား၊ မိဘကစီစဉ်ပေးလိုက်လို့ အခုတော့ စိတ် ဆင်းရဲစရာ တွေကြုံလိုက်ရတော့ သမီးကို တော်တော်သနား သွားမိတယ်၊ ဒါကြောင့် နောက်ဆို သမီးကို ဘာမှအတင်း မတိုက်တွန်းချင်တော့ဘူး"

ကိုစွမ်းစံ အဖေ မျက်နှာပျက်တာထက် ဒေါ်ခင်ခင် မျိုး အကြီးအကျယ် မျက်နှာပျက်ကာ ကြံရာမရ ဖြစ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်လေ၊ ခင်မျိုး နားလည်ပါတယ်၊ ကိုယ့်ဘက် က မှားခဲ့တာကို။ ကဲ … သမီးရေ အကယ်၍များပေါ့လေ သားက စကားပြောပါရစေ၊ ဆွေးနွေးပါရစေဆိုတာမျိုးမျ ကမ်းလှမ်းလာခဲ့ရင် သမီး စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့ နော်။ သူ ဘာတွေလာပြောမလဲ ဆိုတာကို ကျေးဇူးပြုပြီ လက်ခံနားထောင်ပေးပါကွယ်။ အန်တီ Request လုပ်တာ ပါ၊ သမီးတို့ကြားကို ဝင်ပါတာ မဟုတ်ပါဘူး"

ဒေါ်ခင်ခင်မျိုးက ပြန်ခါနီး ထိုသို့ပြောဖြစ်အောင် ပြောသွားပါသေးသည်။ ဖေဖေကတော့ …

"အတွက်ကြီးတယ်၊ သူ့သားမှသူ့သားဖြစ်နေတဲ့စိတ်ဓာတ်မျိုး သူ့မှာအပြည့်ရှိတယ်"

ဟူ၍ ဝေဖန်ပါသည်။ မေမေကတော့ သနပ်ခါး မျက်နှာမကောင်းလှတာကို နားလည်သလို ပခုံးလေးအသာလာ ပွေ့ရင်း …

"သေချာတယ်၊ သမီးသာ သူ့သားကို ပြန်လက်ခံရင် ခင်မျိုးကတော့ သမီးကို ဖူးဖူးမှုတ်ထားမှာသိလား၊ သူ့သား အပြစ်ကိုသိရက်နဲ့ လက်ခံလို့ သမီးကို သိပ်ကျေးဇူးတင်နေ တော့မယ်။ ဒါပေမဲ့ သမီး စဉ်းစားပါလေ။ မေမေ နား လည်ပါတယ်။ စွမ်းစံကို ဘာကြောင့် သမီးရွေးသလဲဆို တာကို မေမေ ရိပ်မိပါတယ်။ ခက်တာက ကိုယ့်ကိုမချစ်ဘဲ





တခြားမိန်းမကိုပဲချစ်ပြီး တမ်းတနေမဲ့ယောကျ်ားမျိုးကို ဘယ် သူက ခေါင်းထဲထည့်ရဲမလဲနော်"

တခြားမိန်းမ …။ ကုမုဒြာ …။ စွမ်းစံရဲ့ အချစ်ရဆုံး ချစ်သူ စသဖြင့်သော ဝိသေသတွေကိုကြားတိုင်း သနပ်ခါးရင်ထဲ နာကျင်ရလေသည်။ ဒီရက်ပိုင်းအတွင်း အဆက်အသွယ် လုံးဝ ပြတ်သွားသော ကိုစွမ်းစံဟာ အခုဆို ကုမုဒြာနဲ့ ထင်ထင်ပေါ်ပေါ် ပြန်ဆက်သွယ်နေပြီလား။ ကုမုဒြာကို အချိန်တွေ ပိုပေးသွားနိုင် ပြီလား။

ဒီချစ်သူကို ထာဝရလက်တွဲလို့ မရမှန်းသိပေမဲ့ကောင် ချစ်နေနိုင်တာဟာ နည်းတဲ့အချစ်တော့ ဟုတ်မယ်မထင်ဘူး။

စိတ်လေပြီး အိမ်ထဲကအိမ်ပြင်လည်းမထွက်၊ ရေး စရာလက်ကျန်ရှိနေသော လုံးချင်းကိုလည်း အစမသတ်ဘဲ တစ်နေ တစ်နေ့ DVD တွေကြည့်လိုက်၊ သီချင်းနားထောင်လိုက် လုပ်နေမိ သော သနပ်ခါးဆီကို တစ်ရက်မှာတော့ အနှောင့်အယှက်ပေးမဲ့ လူတွေ ရောက်လာကြသည်။

သူတို့ကတော့ ဘယ်သူရှိမလဲ။ အေးမြရယ်၊ မိကျော် ရယ်၊ စံပယ်ဖြူရယ်ပဲပေါ့။ ရောက်လာပုံကလည်းကြည့်ဦး။ ဖုန်း မဆက်၊ ဘာမဆက်နဲ့ သုံးယောက်သား ကလေးနှစ်ကောင် (မိကျော့်သားရယ်၊ အေးမြသမီးရယ်)ပါ ခေါ်ချလာပြီး အော်ကျယ် အော်ကျယ်တွေနဲ့ ရောက်ချလာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... လာကြ ... လာကြ၊ ဝမ်းသာလိုက်တာကွယ်၊ သမီးတို့ကို အန်တီမျှော်နေတာ"

မေမေ့အသံကြားရပြီးနောက်မှာ ဆက်တိုက်လိုပဲ ...

"လာချင်နေတာ အန်တီရေ၊ သုံးယောက်ဆုံပြီးမှ လာချင်တာကို စောင့်နေရလို့"

ဆိုသော စံပယ်ဖြူအသံ။

"ဒီနေ့လည်း ကလေး ခဏကြည့်ထားပေးပါ ပြောတာ မကြည့်ဘဲ ကိုဥက္ကါလေ သူက အရင်ဦးအောင် အိမ်ကထွက်သွားလို့ လီလီ ပါလာတာပေါ့"

ဟူသည့် အေးမြအသံနဲ့ ...

"ဟဲလို ... ဘွားဘွားမှုန်"

ဆိုတဲ့ လီလီ့ရဲ့ ချစ်စဖွယ် နှုတ်ဆက်သံ။

"လီလီ ပါလာမယ်ဆိုတာ သိတော့ သားနဲ့ကစားလို့ရတာ ပဲလို့ တွေးမိတာနဲ့ မီကျော့်သားပါ ပါလာတယ် အန်တီရေ"

ဟု ပြောလာသော မီကျော့်အသံတွေကို ကြားရလျှင် သနပ်ခါးတစ်ယောက် ပေတော့ပြီး အခန်းထဲက ထွက်မလာဘဲ ခေါင်းမြီးခြုံနေမိသည်။ အသည်းကွဲနေတဲ့ရုပ်ကို သူတို့မြင်တော့မှာလေ။ ဒါကြောင့် စောစောမမြင်စေချင်ဘူး။ အပြင်ထွက်ပြမနေတော့ဘူး။ အခန်းထဲဝင်ကိုဝင်လာမှာပဲ။ ဝင်လာမှသာတွေ့ပါစေတော့။





"သမီးတို့ သူငယ်ချင်းရှိတယ် သွား ... သွား၊ သူ့အခန်း ဆီတက်သွားကြ။ အန်တီနဲ့ကလေးတွေထားခဲ့။ ဒီအိမ်မှာ ကစားစရာ အရုပ်တော့မရှိဘူး၊ ခါးခါး စိတ်ကူးပေါက်ရင် ဝယ်ထားတဲ့ မွေးပွအရုပ်တွေပဲရှိတယ်၊ အဲဒါတွေနဲ့ပဲကစား ပေါ့"

ထိုသို့ အသံကြားရပြီး သိပ်မကြာ။ ကျွက်စီညံအောင် စကားတွေ ရေပက်မဝင်ပြောလာသောအသံတွေ အခန်းနားတဖြည်း ဖြည်းနီးလာသည်။ သနပ်ခါးက အခန်းတံခါးကို စေ့ရုံစေ့ထားလေရာ သုံးချက်လောက်အချက်ပေးသလို ခေါက်လိုက်ပြီးမှ ဝင်လာကြပါသည်။

"ဟဲ့ ... စောင်ကြီးခေါင်းမြီးခြုံလို့"

"ဘာဖြစ်နေတာလဲ"

"စောင်ခြုံထဲ ကျိတ်ပြီးငိုမနေနဲ့၊ ပေါ်တင်ပဲငိုပါ၊ ငါတို့ နားလည်ပြီးသားပါ"

သနပ်ခါး မအောင့်နိုင်တော့ဘဲ တဟီးဟီးရယ်ကာ စောင်ထဲ့ချ၍ထလိုက်သည်။ မျက်လုံးသုံးစုံတို့ကို ရင်ဆိုင်ရပါသည်။

"ဟယ်တော့ ... ရယ်နေတယ်"

"ရယ်နေတာပေါ့ဟဲ့၊ နင်တို့အသံကြားတာနဲ့ ငါပျော်ပြီး ရယ်ချင်နေတာ။ ကဲ ... ပြောပါဦး၊ ဘယ်လိုဖြစ်လို့ လူစုံတက်စုံ လုပ်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းသတင်းနဲ့ မကောင်းသတင်းပါတယ်၊ ဘယ်ဟာ အရင်နားထောင်မလဲ"

စံပယ်ဖြူက လက်ညှိုးတစ်ချောင်းချင်းထောင်ရင်း အမိပွာယ်တစ်ခုစီဖြင့် ပြောပါသည်။

သနပ်ခါးသည် ခဏစဉ်းစားလိုက်ရင်း ...

"ခုတလော ကံမကောင်းဘူး၊ မကောင်းတာကြုံရတာများ နေတယ်။ ဒီတော့ မကောင်းသတင်းကို နောက်မှပဲနား ထောင်တော့မယ်။ ကောင်းသတင်းကို အရင်ကြားချင်တယ်"

အေးမြဟာ သနပ်ခါးကို ငဲ့ညှာကရုဏာသက်သလို ဖြစ်လျက် သနပ်ခါးနား တိုးကပ်ထိုင်လိုက်ပြီး ဆံပင်တွေကို သပ်ပေးလေသည်။

"ငါ့သူငယ်ချင်းလေး သနားလိုက်တာ၊ နင် ဒီလိုခံစားရတာ မြင်လေလေ ဟိုလူ့ကို သတ်ချင်လေလေပဲ"

"ရပါတယ်ဟယ်၊ နင်တို့ ဗိုင်းမှန်းဖို့မလိုပါဘူး။ တကယ် တော့ လူဆိုတာ ကိုယ့်စိတ်ကိုယ် ညှဉ်းဆဲနေကြတာပါ။ မရနိုင်မှန်း သိတဲ့အရာကို တမ်းတပြီး ငိုကြွေးနေတာဟာ ကိုယ့်ကိုယ်ကိုယ် ပြန်ညှဉ်းဆဲတာနဲ့ မတူဘူးလား"

"ဘယ်သူပြောလဲ၊ နင်ဟာ မရနိုင်တာကို တမ်းတနေတယ် လို့။ ကိုစွမ်းစဟာ ဘာကြောင့် နင့်ကို ချစ်မလာစရာရှိလဲ။ နင်က ကမ္ဘာ့ဒြာရဲ့အလှတိုမမီဘူး၊ သူ့လောက်ဆွဲဆောင်မှု





မရှိဘူးဆိုပေမဲ့ နှင့်မျက်နှာလေးက အေးချမ်းပြီး ဖြူစင် တယ်။ Sexy ဖြစ်တဲ့ရုပ်မျိုးနဲ့ ဆွဲဆောင်မှုရှိတာမဟုတ်ဘဲ တစိမ့်စိမ့်ကြည့်ရင်း ဖွဲ့လမ်းလာရစေတဲ့ရုပ်ရည်မျိုး။ ကိုစွမ်းစ ဟာ ဒါကိုမှမမြင်တတ်ရင် ဒီလူ တော်တော်ညံ့သေးတာပဲလို့ ဝေဖန်မယ်"

မီကျော် အဲဒီလိုပြောစဉ် စံပယ်ဖြူကတော့ သူ့ရဲ့ MP.4 ထဲမှာသွင်းထည့်ထားတဲ့ ဖိုးကာရဲ့ "တစိမ့်စိမ့်ကြည့်" သီချင်း လေးကို ဖွင့်ပြပါသည်။

"တစ်နေကုန်ထိုင်ပြီး ... တစိမ့်စိမ့်ကြည့် ... နဖူးကခြေဖျား ထိအောင် ချစ်တယ် ..."

သီချင်းစာသားကိုပါ ကျန်တဲ့သုံးယောက် လိုက်ဆို ညည်းလျှင် သနပ်ခါးပါ မနေနိုင်တော့ဘဲ လိုက်ဆိုကာ ဟီးဟီး ဟားဟားတွေ အသံထွက် ရယ်မောမိတော့၏။ ပြီးမှ အရယ်ရပ်ပြီး ...

"ဟယ် ... ကြည့်စမ်း ထူးဆန်းလိုက်တာ"

သနပ်ခါး ရုတ်တရက် ရေရွတ်လိုက်လျှင် ...

"ဘာလဲ ..."

ဆိုသော ပြိုင်တူမေးသံတွေ ကြားရ၏။

"ငါ အဲဒီလို ဟီးဟီးဟားဟား မရယ်မိတာကြာပြီ၊ ဒီရက် ပိုင်းမှာ ရယ်နေ၊ ပြုံးနေမိပေမဲ့ ရင်ထဲကမပါဘူး။ ဟန် ဆောင်သလိုကြီး ဖြစ်နေခဲ့တာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဖြစ်ရလေ သူငယ်ချင်းရယ်"

သုံးယောက်သား သနပ်ခါးကို ဝိုင်းဖက်ပြီးနှစ်သိမ့်လိုက်မိကြပါသည်။

"ကဲ ... ကဲ ... ပြောပါဦး ကောင်းသတင်း"

သနပ်ခါး မေးတော့မှ ...

"ကောင်းသတင်းက နှစ်ခုတောင်"

စံပယ်ဖြူက ဖြေရင်း အေးမြကို အရင်မေးထိုးပြသည်။

"အေးမြဆီက ဘာကောင်းသတင်းကြားရမှာလဲ ပြောပါဦး"

အေးမြသည် ပြုံးစေ့စေ့နဲ့ ကြည်ကြည်နူးနူး မျက်လုံးလေးတွေနဲ့ အရောင်လက်လျက် ...

"လွန်ခဲ့တဲ့ သုံးပတ်လောက်က ငါတို့သုံးယောက်ဆုံတုန်းကလေ၊ ငါရဲ့ပုံမှန် Period(ပီးရီးရက်ထ်) လာနေကျမလာတော့ဘဲ နှစ်ပတ်နောက်ကျနေလို့ O.G နဲ့သွားပြမယ်လို့ ပြောဖူးတာ မှတ်မိလား ခါးခါး"

"အင်း ... အင်း ... ငါမှတ်မိပါတယ်၊ အဲဒါ ဘာလဲဟင်၊ ဘာလဲ ကိုမ်ပ်ဝန်ရှိတာတဲ့လား"

"ဟုတ်တယ်တဲ့ ရှိနေတာ"

"ဟယ် ... ဝမ်းသာလိုက်တာ အေးမြရယ်၊ ကွန်ကရက်ကျူးလေးရှင်းပါ၊ ငါ နင့်အတွက် တကယ်ဝမ်းသာပါတယ်"





"လုံးဝမမျှော်လင့်ထားတော့တဲ့ အချိန်ကျမှ ရတာဟယ်၊ သမီးလီလီလည်းရှိနေပြီ၊ ကလေးလိုချင်တဲ့ဆန္ဒလည်း ပြည့်သလိုဖြစ်နေပြီမို့ အဲဒီကလေးကိစ္စကို မေ့ကိုမေ့ထားလိုက်တာ။ Periodနောက်ကျနေတော့လည်း ဒီလိုပဲ တစ်ခါတလေနောက်ကျတာပဲထင်ပြီး အမှုမဲ့အမှတ်မဲ့နေမိတာ။ သိပ်နောက်ကျနေရင် ကျန်းမာရေး ထိခိုက်မှာစိုးလို့သာ O.Gက ဆီးကိုစမ်းကြည့်တော့မှ Positive ပြနေတာသိရပြီး လူက Shockရသလို လန့်ပြီး သတိတောင် မေ့သလိုလို ဖြစ်သွားတယ်။ ဝမ်းသာလုံးဆို့တယ်ဆိုတဲ့စကားကို ကြားပဲကြားဖူးတာ။ အခု ကိုယ် တကယ်ဝမ်းသာလုံးကြီး ရင်ဝမှာဆို့တော့မှ ဒါ တကယ်မှန်ပါလားလို့ ခံစားရတယ်"

"ကိုဥက္ကါလည်း ဝမ်းသာမှာပေါ့"

"အားလုံးဝမ်းသာတာပေါ့၊ ငါ ကလေးရူး ရူးနေခဲ့တာကို သိထားကြတဲ့လူတိုင်း ဒီသတင်းကြားတော့ ငါ့အတွက် ဝမ်းသာကြတဲ့သူတွေချည်းပဲ။ ဒီကလေးရလာလို့ သမီးလီလီ့ကို အချစ်လျော့သွားတာလည်း မရှိပါဘူးဟယ်၊ ပိုတောင်သနားပြီး ချစ်လာတယ်။ ငါတို့က သမီးကို အဖြစ်မှန်အသိမပေးဘဲမနေဘူး။ သူ သိတတ်နားလည်ပြီး ဆုံးဖြတ်နိုင်တဲ့အရွယ်ကျရင် အဖြစ်မှန်ကို ပြောပြကြမယ်လို့ တိုင်ပင်ထားတော့ သမီးကို အဲဒီလိုဖွင့်ပြောမဲ့နေ့ကျရင် သူ့ရင်ထဲ ဗောက်ဗောက်များ ကြေကွဲသွားမလားဆိုပြီး ကြိုသနားနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



သားသမီးရင်း မရှိခဲ့ရင်တော့ တစ်မျိုးပေါ့။ သားသမီးရင်းရှိနေမှ လီလီ့ကို မွေးစားထားပါတယ်လို့ပြောရမှာမို့ သနားပြီး အချစ်တောင် ပိုပါသေးတယ်"

"လီလီ နားလည်မှာပါ၊ နင်တို့ သူ့ကို သိပ်ချစ်တာကို သူ ခံစားတတ်မှာပါ"

သနပ်ခါးဟာ သူမ ဖေးဖရိုတ်အဖြစ်ဆုံး သူငယ်ချင်း အေးမြရဲ့ဝမ်းသာစရာသတင်းကြောင့် လိုက်ပါခံစားဝမ်းသာကာ အေးမြနဲ့အတူ စိတ်လှုပ်ရှားမိနေလေသည်။

"အခု ဘယ်လောက်ရှိပြီတဲ့လဲ"

"နှစ်လကျော်ပြီ"

"နုသေးတယ် သတိထားဦး၊ လတ်လျားလတ်လျား လျှောက်သွားမနေနဲ့တော့။ အိမ်မှာ အနားယူတော့"

"အေးပါ ... အေးပါ၊ တကယ်ပဲ အမေ့လေသံမျိုးကို ပုံတူကူးချထားတဲ့အတိုင်းပဲ"

"ကဲ ... နောက်ကောင်းသတင်း တစ်ခုကရော"

"မီကျော့်သတင်းပေါ့"

မီကျော် အသားအယားပြုံးရင်း ...

"အေးမြ သတင်းလောက်တော့ ထူးဆန်းမယ် မထင်ပါဘူးဟယ်။ ငါနဲ့ ကိုရဲသူ နားလည်မှုရပြီး ပြန်ပေါင်းကြတော့မဲ့သတင်းပါပဲ"

ဟု ပြောလိုက်ပါသည်။



"ဟယ် ... ဒါလည်း ဝမ်းသာစရာပဲပေါ့၊ ငါက နင်တို့ကို တစ်ယောက်နဲ့တစ်ယောက် မုန်းပြီး မခွဲခွာရစေချင်ပါဘူး"

"ကိုရဲသူကလည်း သူ့အပြစ်တွေကို ဝန်ခံတယ် တောင်းပန်တယ်။ သူ့ရဲ့ကလေးဆိုသော တစ်ယောက်သောသူနဲ့လည်း လုံးဝ ကင်းကင်းရှင်းရှင်း ဖြတ်လိုက်ပါပြီဆိုတာ နှစ်ဖက်မိဘ ရှေ့မှာရော၊ မီကျော့်ရှေ့မှာပါ ဖွင့်ပြောပြီးဝန်ခံတယ်ပေါ့၊ ဒါကြောင့် မီကျော် ကျေနပ်ပြီး ပြန်လက်ခံလိုက်တာတဲ့"

စံပယ်ဖြူက မီကျော့်အစား ဝင်ပြောပြပါသည်။ ဒီနေ့ရဲ့ကောင်းသတင်းကတော့ တကယ့်ကို ကောင်းသတင်းစစ်စစ်တွေသာဖြစ်ပါသည်။

"ကောင်းသတင်းတွေပဲ ကြားလိုက်ရတော့ ငါ့စိတ်ထဲမှာ ပျော်ပြီး လန်းဆန်းသွားတာပဲ။ ရေမိုးချိုး အလှပြင်ပြီးရင် ကလေးတွေပါခေါ်ပြီး ..."

သနပ်ခါးစကားမဆုံးခင် သုံးယောက်သား ...

"Shopping (ရှော့ပင်း) ..."

ဆိုသော အသံရှည်ကြီးအော်ချလိုက်လျှင် သနပ်ခါး တဟားဟား ရယ်မိတော့၏။

"ဒါပဲရှိတာလေ၊ မိန်းမတွေရဲ့စိတ်အပန်းဖြေစရာဟာ ရှော့ပင်းလုပ်တာပဲ ရှိတယ်။ ယောကျ်ားတွေလို ကာရာအိုကေဆိုင်မသွားချင်ဘူး။ ဘီယာဆိုင်လည်း သွားလို့မရဘူး။ အရက်ဝိုင်းလည်း လုပ်လို့မရဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒါနဲ့ နေပါဦး၊ မကောင်းသတင်းကကော ဘာလဲ"

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် မျက်နှာတွေ အပြန်အလှန်ကြည့်လိုက်ကြလျှင် သူပြော၊ ငါပြောလုပ်နေဟန်ကို တွေ့လိုက်ရသည်။

"မကောင်းသတင်းဆိုကတည်းက မကောင်းနိုင်ဘူးဆိုတာ ငါ သိပြီးသားပါ။ အားနာမနေနဲ့ ပြောသာပြော"

သနပ်ခါး စကားလမ်းကြောင်းစ,ပေးလိုက်ပြီးလျှင် ...

"ကိုစွမ်းစအကြောင်းမှ ဟုတ်ရဲ့လား"

လို့လည်း ကြိုမေးထားလိုက်ပါသည်။

စံပယ်ဖြူသည် ဒီတော့မှပဲ ...

"ငါ သူတို့ကို လေဆိပ်မှာတွေ့ခဲ့တယ်"

"ကုမုဒြာနဲ့ သူ့ကိုလား"

"ဟုတ်တယ်၊ ငါနဲ့မောင်က မိတ်ဆွေတစ်ယောက် နယူးဇီလန်သွားတာကို လိုက်ပို့ပြီးနှုတ်ဆက်တာပါ။ ကိုစွမ်းစကတော့ ကုမုဒြာကို လိုက်ပို့တာလို့ ထင်တယ်"

"ဪ ... သူတို့ အတူမသွားကြဘူးပေါ့"

"ကိုစွမ်းစ မသွားပါဘူး။ ကုမုဒြာပဲသွားတာ၊ ဘယ်သွားလဲတော့ မသိဘူးပေါ့။ စီးမဲ့လေယာဉ်ကတော့ ငါတို့မိတ်ဆွေစီးမဲ့ စင်ကာပူအဲလိုင်းနဲ့ပဲသွားတာ။ စင်ကာပူပဲဖြစ်ရင်ဖြစ်မယ်၊ ဒါမှမဟုတ် Transitလုပ်တာဖြစ်ရင်လည်း ဖြစ်မယ်ထင်တယ်"





"ကိုစွမ်းစ ပုံစံကို ငါတို့ကို ပြောပြတဲ့အတိုင်း ပြောပြလိုက်ဦးလေဟယ်"

မီးကျော်က ဝင်ထောက်ပေးပါသည်။

"သူ ဘာဖြစ်နေလို့လဲ"

"တကယ့်ကို ကုမုဒြာကို မခွဲနိုင် မခွာနိုင် ဖြစ်နေတဲ့ပုံစံပဲ။ မှန်ချပ်တွေခြားထားတော့ စကားမကြားရပေမဲ့ တစ်ယောက်ကိုတစ်ယောက် မြင်နေရတာလေ။ ကုမုဒြာက အဲဒီလောက်မဟုတ်ဘူး။ သူကတော့ ကုမုဒြာ သူ့ဆီပြန်မလာမှာကို စိုးရိမ်တဲ့ပုံစံနဲ့ မျက်နှာကို ပျက်နေတာပဲတဲ့"

"ခဏသွားတာဆို ပြန်လာမှာပေါ့၊ ဘာကြောင့် အစိုးရိမ်ကြီးနေစရာလဲလေ"

"ဒီသတင်းဟာ နှင့်ကိုမပြောရင်လည်း ရတယ်၊ ပြောရင်လည်းရတယ်၊ ဒါပေမဲ့ ငါက မြင်လာတာကို မပြောဘဲမနေနိုင်တော့ ပြောမိတယ်၊ နှင် သူ့အကြောင်းကြားရင် ဘာပဲဖြစ်ဖြစ် သတိရပြီး ပိုခံစားရမှန်း ငါ သိပေမဲ့ နှင်သိထားရင်လည်း ပိုကောင်းမယ် ထင်တယ်လေ"

"ရပါတယ်၊ ငါ ဂရုမစိုက်ပါဘူး။ သူချစ်ရတဲ့မိန်းမနဲ့ လွတ်လွတ်လပ်လပ် ချစ်ခွင့်ရဖို့၊ နီးစပ်ရဖို့ ငါ ရှောင်ပေးတာ အကောင်းဆုံးပါပဲ၊ ပြီးတော့ ကိုယ့်ကို ချစ်မလာတဲ့ယောကျ်ားတစ်ယောက်ကို မျှော်လင့်မနေချင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



မီကျော်က အခြေအနေကို ပြောင်းလဲလိုက်ချင်ဟန် ဖြင့် ချက်ချင်း ခုန်ထရပ်ပြီး ...

"ကြာတယ်ဟေ့ ပြောစရာရှိတာတွေလည်း ပြောပြီးနေပြီ ရှောပင်းသွားကြရအောင်လား"

လို့ ကြေညာလိုက်လျှင် အားလုံး လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွတွေ ဖြစ်သွားကြတော့လေသည်။





၁၆

ဘယ်လိုမှ ညှိနှိုင်းချင်စိတ် မရှိခဲ့သောကြောင့် ရက် ရွှေ့လိုက်ပြီဖြစ်သော စေ့စပ်ပွဲ၊ မင်္ဂလာပွဲများသည် အများသူငါ မေ့ပျောက်သွားရလောက်အောင်ထိပင် ရက်တွေ အကန့်အသတ် မရှိ ရွှေ့လာခဲ့တဲ့အဖြစ်ထိပင် ဖြစ်လာခဲ့ပါသည်။

"သူ့ဘက်ကတောင် တစ်ခွန်းမှလာမတိုင်ပင်ဘဲ နေနိုင်သေး တာ၊ ဒီဘက်ကလည်း ဘာမှ အောက်ကျခံပြီး လက်ခံနေ စရာမလိုဘူး"

ဟုပင် သနပ်ခါးရဲ့မိဘတွေဟာ စွမ်းစ၏ ဥပေက္ခာ ပြုမှုကို မျက်ဝါးထင်ထင် မြင်လိုက်ကြရကာ သနပ်ခါး စိတ်မပါဘဲ နဲ့တော့ စွမ်းစနဲ့ ဘယ်သောအခါမှ ထပ်မံစီစဉ်တော့မည်မဟုတ်ပါ ဆိုသည့် အကြောင်းပြချက်ဖြင့် ဒေါ်ခင်ခင်မျိုးတို့ဘက်ကို ကြေညာ ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးဟာ မိန်းမကောင်း၊ မိဘအုပ်ထိန်းမှုအောက်မှာ ဣန္ဒြေသိက္ခာရှိရှိ နေထိုင်နေတဲ့သူ။ ဒီလိုလူနဲ့ယှဉ်ပြီး ဈေး တာတောင် တစ်ဖက်ကို ပိုဦးစားပေးတဲ့ စွမ်းစရဲ့စိတ်ဓာတ် ကိုမကြိုက်ဘူး၊ သူ့အရွယ်ဟာ အချစ်ကိုဦးစားပေးရမဲ့အရွယ် လည်း မဟုတ်ဘူး။ ချစ်နေရုံနဲ့ အရာရာကို ဖြေရှင်းနိုင်မယ် များ ထင်နေလား မသိဘူးနော်"

မေမေက တစ်ဖက်မိန်းကလေးရဲ့ ဂုဏ်ပုဒ်တွေကို သိလာသောအခါ မခံချင်စိတ်ဖြင့် ပြောဆိုပါသည်။

သနပ်ခါးကတော့ အိပ်မက်ထဲမှာ ဆုံလိုက်ရသလို ဖျတ်ခနဲဆုံခဲ့ပြီး သူမရဲ့ပတ်ဝန်းကျင်မှ ပြန်လည်ပျောက်ကွယ်သွား ခဲ့သော စွမ်းစဆိုသည့် လူတစ်ယောက်အကြောင်းကို တိုက်ဆိုင် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဖျတ်ခနဲလိုလိုတော့ သတိရနေတတ် ပါသည်။ သတိရတိုင်းလည်း ဘယ်ဘက်ရင်အုံအတွင်းဘက်မှာရှိတဲ့ နှလုံးသားဟာ တစစ်စစ်နဲ့ နာကျင်ဆွေးမြည့်လာတတ်သည်။ ဒဏ်ရာရခဲ့ဖူးသော ထိုအနာဟောင်းဟာ ဘယ်တော့မှ ကျက် မကျက်နိုင်တော့ဘူးလားမသိ။

အထူးသဖြင့် ဒီဇိုင်နာတွေဆီမှာ သွားအပ်ထားမိသော ဝတ်စုံတွေကို မယူတော့ပါဘူး၊ မချုပ်ဖြစ်တော့ပါဘူး ပြန်သွား အသိပေးရပြီး မချုပ်ဖြစ်တော့သဖြင့် လျော်ကြေးတချို့လည်းပေး လိုက်ရပါသေးသည်။ ငွေကြေးဆုံးရှုံးရတာကို ဂရုမစိုက်ပေမဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတချို့မှာတော့ ...





"စာရေးဆရာမလေး သနပ်ခါးတစ်ယောက် စေ့စပ်လက် ထပ်တော့မလို့ စီစဉ်ပြီးမှ ပွဲပျက်သွားတယ်"

ဆိုသော သတင်းသဲ့သဲ့ ထွက်ခဲ့ရတာ။

"ဩော် ... ဖြစ်ရလေ သနားစရာပဲ သူ သိပ်ရှက်သွားမှာပဲ"

ဆိုတဲ့ ဝေဖန်သံ၊ ကရုဏာသံတွေ ကြားရတာ။

အဲဒါတွေကတော့ သနပ်ခါး တစ်သက်လုံးပိုင်ဆိုင် ခဲ့တဲ့ နာမည်ကောင်းလေးတစ်လုံးကို ထိခိုက်ခဲ့သလိုပင် ခံစားရစေ ပါသည်။

"ကိုယ် နာမည်ပျက်မခံချင်လို့ သူ့ကို သည်းခံပြီး လက်ထပ် ဖို့လည်း မစဉ်းစားရဲဘူး။ ကိုယ့်ရှေ့မှာတင် တခြားမိန်းမ တစ်ယောက်ကို ဘယ်လောက်ထိအောင် ချစ်ပါတယ်ပြောနေ တဲ့ယောကျ်ားတစ်ယောက်ကို အမိုက်ခံပြီး လက်မထပ်ရဲဘူး"

လို့လည်း သနပ်ခါးကိုယ်တိုင်က ဒီလိုကြေညာမြီး ဆုံးဖြတ်ရဲခဲ့တာဖြစ်သည်။

အဲဒီလိုနဲ့ပဲ အချိန်တွေဟာ တစ်ရက်ပြီးတစ်ရက် ကုန်သွားလိုက်တာ။ အေးမြတောင် ကိုယ်ဝန်ကြီးကိုးလလောက်နဲ့ မီးပုံးပျံကြီးလောက်ဖြစ်လာတဲ့ အချိန်ရောက်လာသလို ကျန်သူငယ် ချင်းနှစ်ယောက်ဖြစ်သော မီကျော်နဲ့ စံပယ်ဖြူတို့လည်း ဗိုက်ပူ လေးကိုယ်စီနဲ့ အခြေအနေတွေ ပြောင်းကုန်ကြတဲ့ ကာလတစ်ခုကို ပင် ရောက်မှန်းမသိ ရောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မီကျော်ကတော့ ...

"နောက်တစ်ယောက်လည်း သားပဲတဲ့၊ ယောက်ျားလေးနှစ်ယောက်တောင်။ ဒေါင်းတောက်အောင်ဆော့လိုက်မဲ့ဖြစ်ခြင်းနော်။ အေးမြလို သမီးလေးတစ်ယောက် ထပ်ရချင်တာ"

အေးမြဗိုက်က USG ရိုက်ပြီးသားမို့ နောက်မွေးမဲ့ကလေးဟာ သမီးလေးလို့ ကြိုသိပြီးသလို မီကျော့်ဗိုက်ကလည်း USGရိုက်လို့ရတဲ့အချိန်ရောက်တော့ ရိုက်ကြည့်လျှင် သားလေးပဲဖြစ်နေပါသည်။

ဗိုက်သုံးဗိုက်ထဲမှာ စံပယ်ဖြူဗိုက်ကတော့ အနုဆုံး၊ အခုမှ သုံးလလား ရှိသေးသည်။ စံပယ်ဖြူက ကိုယ့်ကိုယ်ကိုယ်လည်း လှအောင်နေ၊ အဆီမတိုးဖို့၊ ဗိုက်မပူဖို့ အားကစားတွေလည်း လိုက်စားထားသူ ဖြစ်လေရာ ဗိုက်လေးကသုံးလဆိုပေမဲ့ သိပ်မသိသာသေး။ သိပ်ထွက်မလာသေး။ ချစ်ဦးမောင်ကတော့ အဖြစ်သည်းကာ ...

"သုံးလပဲ ရှိနေပြီ ဗိုက်က သိပ်ထွက်မလာသေးဘူးဗျာ။ ဟုတ်ရောဟုတ်သေးရဲ့လား မ,ရာ၊ သူငယ်ချင်းတွေကို မေးကြည့်ပါဦး"

လို့ တပြောပြောနဲ့ စိတ်တွေပူ။ အေးမြဆီ သူကိုယ်တိုင်ဖုန်းဆက်မေးလိုက်၊ မီကျော့်ဆီက အကြံဉာဏ်ရယူလိုက်ဖြင့် ဗျာများနေရှာသည်။





စံပယ်ဖြူကတော့ ချစ်ဦးမောင်လိုမဟုတ်။ ကိုယ်ဝန်ကြောင့် တိုးလာမဲ့အဆီတွေကို ဘယ်လိုနည်းနဲ့ ပြန်ချပစ်ရမယ်ဆိုတာ တဖွဖွပြောနေသည်။

"Jessica Albaက မွေးပြီးခြောက်ပတ်အတွင်းပဲ နဂိုမူစံလေးပြန်ဖြစ်သွားသတဲ့၊ Angelina Jolieလည်း အမြွှာသာမွေးလိုက်တယ် ပုံမှန် Bodyပြန်ဖြစ်သွားတာ တော်တော်မြန်တာပဲ။ အဓိကကတော့ ကလေးကို အမေနို့တိုက်လို့တဲ့။ ဟုတ်တယ် Weightမြန်မြန်ပြန်ကျအောင် အမေနို့တိုက်ရမယ်။ Breast feeding လုပ်ရမယ်"

နဲ့ ဟောလီးဝုဒ်က နာမည်ကျော်တွေရဲ့ Dietပြန်နည်းတွေ အရှုံးအမှုးရှာဖွေကာ ကလေးဖြင့် မမွေးရသေး။ လေးမွေးပြီးရင် Weightပြန်ချဖို့က စိတ်မောနေတော့သည်တဲ့။

ဒီနေ့မနက်တော့ အေးမြဟာ အိမ်ထဲမှာနေနေပြီးအချိန်ဗိုက်နာမလဲ ထိုင်စောင့်ရတာကို ငြီးငွေ့လှသည်ဖြစ်လေချာပင်းသွားချင်စိတ် ဖြစ်လာသည်။ အရင်ဆုံး သနပ်ခါးဆီဆက်ကြည့်မိသည်။

"ခါးခါးမရှိဘူး သမီး၊ သူ့အမေနဲ့ အပြင်ထွက်သွားလေရဲ့။ ဘာဝယ်ကြမလဲတော့ မသိဘူး။ ထွက်သွားတာပဲ"

ဟူသော သနပ်ခါးအဖေ၏ ပြန်ဖြေသံကြောင့်ခါးကို အဖော်ခေါ်မည့်အကြံလည်း ရပ်သွားပါသည်။ ဒါဖြင့် ... ?။



www.burmeseclassic.com

www.burmeseclassic.com



"မိကျော်နဲ့ မောင်ရဲ့သူတို့ ဝ.G ရက်ချိန်းယူထားလို့ ဒီနေ့ သွားပြကြတယ် သမီး။ မိကျော်က ဒီကိုယ်ဝန်ကျမှ ကိုယ်ဝန်ဆိပ်တက်ချင်သလို ဖြစ်နေတော့ သူတို့ ခဏခဏပဲ ဝ.G ဆီ သွားပြနေကြရတယ်"

ဆိုသည့် မိကျော့်မိခင်၏ ပြန်ဖြေသံကြောင့် အေးမြ လက်လျှော့ရပြန်သည်။ စံဝယ်ဖြူကိုတော့ မဆက်နေတော့ပါ။ ဘာလို့လဲဆိုတော့ ချစ်ဦးမောင်က အခုမှ တော်တော့်ကို အကဲပိုနေကာ ...

"သူငယ်ချင်းတွေလာခေါ်တိုင်း ကဒီး ... ကဒီးထသွားမနေနဲ့၊ ကိုယ်ဝန်ကနုသေးတယ်။ ပျက်ကျသွားရင် သူ ရင်ကွဲမယ်တဲ့၊ မောင်က တော်တော့်ကို အဖြစ်သည်းနေတာဟယ်။ သူ ကလေးလိုချင်မှန်း အခုမှသိတယ်။ ပြောလည်းမပြောတော့ ငါက ကလေးမယူသေးဘဲ နေနေတာပါ။ အခု အမှတ်မထင်ရသွားတော့လည်း မထူးပါဘူး ယူလိုက်မယ် ဆိုပြီး ကိုယ်ဝန်ယူလိုက်တာလေ"

ဟု စံပယ်ဖြူ ပြန်ပြောထားတာကို သိရစဉ် အေးမြ တို့တစ်တွေပင် စံပယ်ဖြူကို ခဏခဏ အပြင်ခေါ်ထုတ်ဖို့ ရွံ့သွားမိပါသည်။

ဒါနဲ့ပဲ အေးမြတစ်ယောက်တည်း သမီးလီလီကို ဒိုရေမီပို့။ ကိုဥက္ကါလည်း အလုပ်ထွက်သွားလျှင် ရှော့ပင်းလုပ်ဖို့ ထွက်လာမိပါသည်။ အသစ်ဖွင့်သော ရှော့ပင်းမောလ်တစ်ခုဆီ





ကားတော့မောင်းမသွားတော့။ ဗိုက်က မီးပုံးပျံလောက်ဖြစ်နေလေရာ ကားမောင်းလို့မဖြစ်ချေ။ ဒါနဲ့ပဲ ကားကတက္ကစီတစ်စီး,စီးပြီး ထွက်လာတာ။

ရှော့ပင်းမောလ်ထဲရောက်တော့ ငေးလိုက်မောလိုက် ဝယ်ချင်တာတွေ့ရင် ဝယ်လိုက်ဖြင့် အချိန်တောင် ကုန်မှန်းမသိ ကုန်သွားပါသည်။ အံမယ်လေး ... ရှော့ပင်းမထွက်ရတာကြာလို့ ထင်တယ်။ ရှော့ပင်းလုပ်ရတာ ကောင်းလိုက်တာ။

"ဟာ ... ဆောရီး"

အေးမြ ဝယ်ခြမ်းထားသောပစ္စည်းထည့်သည့် လက်ဆွဲအိတ်ကိုဆွဲပြီးလှည့်အထွက် လူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ဝင်တိုးမိလေရာ ထိုသူကပင် အရင်တောင်းပန်လိုက်သံကိုကြားရ၏။

"ဟင် ... ရှင် ... ရှင် ..."

အေးမြသည် ထိုသူ့မျက်နှာကို ကြည့်လိုက်မိလျှင် အံ့သြပြီး အာမေဋိတ်သံပဲ ပြုနိုင်သည်။ နာမည်ကို မှတ်မိပေမဲ့ ရုတ်တရက် ထုတ်ဖော်ခေါ်လိုက်ဖို့ ကြောင်တောင်တောင်ဖြစ်သွားသလို ဖြစ်နေသည်။ ထိုသူကလည်း အေးမြမျက်နှာကို အသေအချာ စိုက်ကြည့်လိုက်၊ ဗိုက်ကိုလည်းကြည့်လိုက် လုပ်ရင်း ...

"ဪ ... ဟို ... မအေးမြ၊ အဲ ... မအေးမြကြည်လင်နော်။ ဟုတ်ပါတယ်နော်။ ကျွန်တော် ဒီသုံးယောက်ကို မှတ်မိပေမဲ့ တစ်ခါတလေကျ ရုတ်တရက်ဆိုတော့ လူနဲ့နာမည် မှန်မမှန် တွဲမရဘူး ဖြစ်နေတတ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အေးမြသည် ထိုသူ့မျက်နှာကို ခပ်တည်တည်ပြ
ပြန်စိုက်ကြည့်နေမိလေရာ ထိုသူလည်း ရှက်ကိုးရှက်ကန်းလို
ပြုံးရင်း ...

"ကျွန်တော် စွမ်းစလေ၊ မမှတ်မိဘူး ထင်တယ်"

လို့ အရှက်ပြေပြောပါသည်။ ပြောစရာစကား မရှိ
သာ ပြောလိုက်တဲ့ပုံစံမျိုး ဖြစ်နေတာပါ။ တကယ်တော့ သူ့
အေးမြ မှတ်မိကြောင်း သူလည်း သိပါလိမ့်မည်။

"မှတ်မိပါတယ် ... မှတ်မိပါတယ်၊ မှတ်မိတာပေါ့
ဒီလိုလူတစ်ယောက်ကို ဘာကြောင့် မမှတ်မိစရာရှိလဲ"

အေးမြအသံက ခပ်ရွှဲ့ရွှဲ့အသံမျိုးလို ဖြစ်နေပါသည်
စွမ်းစလည်း သနပ်ခါး၏အချစ်ဆုံးသူငယ်ချင်းသုံးယောက်ဆိုသေ
မိန်းမတွေကို သုံးလေးခါလား အဆေအချာဆုံဖူးပေမဲ့ (ပထမတ
ခါ သူငယ်ချင်းတွေနဲ့ သီးသန့်မိတ်ဆက်ပေးမယ်ဆိုပြီး စားသော
ဆိုင်တစ်ခုမှာဆုံတာ၊ ဒုတိယတစ်ခါကတော့ မကြီးမငယ်နဲ့ သူ
အုပ်စု သိပ်ကြည့်ချင်လှတဲ့ I.Cအဖွဲ့ရဲ့ ရှိုးပွဲလက်မှတ်ကို သွားဝယ်
လို့ဝယ်ပေးပြီး သနပ်ခါးအိမ်မှာ လာပေးတော့ ဆုံတာတစ်
တတိယတစ်ခါကတော့ စံပယ်ဖြူဆိုတဲ့ ခပ်ကဲကဲ ခပ်ဈာဈာမိန်း
အိမ်မှာ သူ့လက်ရာဆိုပြီး ထိုင်းစာတွေ ချက်ကျွေးပြချင်တာ
သနပ်ခါးခေါ်လို့ လိုက်စားပေးရဘာတစ်ခါရယ်၊ နောက်ဆုံးတ
ခါကတော့ ဗိုလ်ချုပ်ဈေးထဲမှာ မင်္ဂလာပွဲဝတ်ဖို့ ပုံတော်ဖိနပ်သွ
မှာတုန်း ခဏတစ်ဖြုတ် ဆုံလိုက်တာ) စွမ်းစရဲ့စိတ်ထဲမှာ အလို



သိနေသည်။ ဒီမိန်းမသုံးယောက်တို့ဟာ သူငယ်ချင်းတစ်ယောက်နဲ့
တစ်ယောက် အလွန်ခင်လျက် သံယောဇဉ်ကြီးကြကြောင်း၊ တစ်
ယောက်ရဲ့ပြဿနာကို တစ်ယောက်ဝင်ပါဖို့လည်း ဝန်မလေး
ကြောင်း စွမ်းစ အကဲခတ်လို့ရပါသည်။

အခုလည်း အေးမြရဲ့မျက်လုံးတွေထဲမှာ စွမ်းစကို
သနပ်ခါးကြောင့် အမုန်းကြီးမုန်းနေကြောင်း တွေ့နေရပါသည်။

"ကိုယ်ဝန်ကြီးနဲ့ပါလား၊ ဘယ်လိုလဲ မွေးခါနီးပြီလား"

"သိပ်မလိုတော့ပါဘူး"

"တစ်ယောက်တည်း လျှောက်မသွားပါနဲ့လား၊ မတော်
တဆ"

"ဒီမှာ ... ရှင် လူကိုလာအရောဝင်သလိုလို၊ လူကြီးလူကောင်း
ပီသ,သလိုလို လုပ်ပြမနေပါနဲ့။ ရှင်နဲ့ ကျွန်မတို့သူငယ်ချင်း
တွေကြားမှာ လမ်းတွေ့ရင်တောင် နှုတ်ဆက်စကားပြောဖို့
အနေအထားမျိုးမရှိဘူး။ ရှင့်ကို အားလုံးမုန်းနေတာ ရှင်
သိပါတယ်၊ ဟန်ဆောင်ပြီးရယ်ပြမနေပါနဲ့။ အာလာပသလ္လာ
ပတွေ ပြောမနေပါနဲ့"

"ဪ ... အဲဒီလောက်တောင် ကျွန်တော့်ကိုမုန်းကြတာ
လား၊ ဆောရီး ... ဆောရီး ... ကျွန်တော် ဒီလိုဆိုလည်း
စကားဆက်ပြောမနေတော့ပါဘူးလေ၊ မအေးမြကြည့်လင်
တစ်ယောက်တည်း အထုပ်အပိုးတွေနဲ့ဖြစ်နေလို့ ကူညီပေး
ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို စွမ်းစလည်း လှည့်ထွက်သွားတော့မလို့ ခြေလှမ်းပြင်လိုက်ရင်ပဲ အေးမြကြည်လင်ထံမှ ...

"အံ့မယ်လေး"

ဟူသော အလန့်တကြား ရေရွတ်သံတိုးတိုးကြောင့် ဖျတ်ခနဲ ပြန်လှည့်ကြည့်မိလာပါသည်။

"အိုး ... ကျွတ် ... ကျွတ်"

အေးမြ တစ်ယောက် မျက်စိမျက်နှာတွေ ပျက်ပြီး လက်ထဲမှာကိုင်ထားသည့် တန်ဖိုးကြီးကြီးပေးဝယ်ထားရတဲ့ ပစ္စည်းပစ္စယထုပ်တွေကိုပင် ပြုန်းဆိုလွှတ်ချလိုက်တော့၏။ ဗိုက်ဖုံးအကျီ ပန်းရောင်ဂါဝန်ရှည်ပုံစံလှလှလေးနဲ့ အလှကြီးလှနေသော အေးမြရဲ့ခြေသလုံးတစ်ဝိုက်မှာ အရည်တချို့စီးကျလာသဖြင့် အေးမြမှာ အားကိုးရာမဲ့သလို ဖြစ်သွားလျက် ...

"ဒုက္ခပါပဲ ... ဒုက္ခပါပဲ ... ရေမြွှာရတ်တရက်ပေါက်သွားပြီ ဘုရား ... ဘုရား"

ဟူ၍ ရေရွတ်ညည်းညူလိုက်ပါသည်။ စွမ်းစလည်း ဒီတိုင်း ပစ်မထားခဲ့နိုင်တော့ဘဲ ...

"မအေးမြကြည်လင် လာ ... လာ ... ကျွန်တော် လိုက်ပို့ပေးမယ်၊ ဆေးရုံသွားမှ ဖြစ်တော့မှာပေါ့"

အေးမြကြည်လင် ပစ်ချထားသော အထုပ်တွေကို ကောက်ကိုင်ပေးရင်း ပြောလိုက်ပါသည်။





"အို ... မသွားနိုင်ပါဘူး၊ ရှင့်အကူအညီကိုယူပြီး မသွားချင်ပါဘူး"

"ဟာ ... ဒီလိုလည်း ဘယ်ဟုတ်မလဲ။ အခုလိုအချိန်မှာ ဒေါသတွေ အာဃာတတွေ ခဏဘေးချိတ်ထားလိုက်ပါ၊ ကျွန်တော့်ကို မုန်းတာလည်း မုန်းကြပါ။ ဒါပေမဲ့ ကျွန်တော်ပေးတဲ့အကူအညီကိုတော့ ယူသင့်ပါတယ်၊ အချိန်သိပ်ကြာသွားရင် မကောင်းဘူး၊ ဗိုက်ထဲက ကလေးကို ဒုက္ခရောက်သွားစေနိုင်တယ်၊ လာပါ လိုက်ခဲ့ပါ။ ကျွန်တော် လိုက်ပို့ပေးမယ်"

စွမ်းစ ပြောလိုက်သော ဗိုက်ထဲက ကလေးကိုဆိုသော စကားသည် အေးမြကို များစွာတုန်လှုပ်သွားရစေပါသည်။ ကလေးမရနိုင်လွန်းလို့ လက်လျှော့ထားခဲ့ပြီးမှ ထူးထူးဆန်းဆန်းရလာခဲ့ရတဲ့ ကလေးလေးမို့ အရှုံးအမှုံးပင် လိုချင်နေပါသည်။

အေးမြ ဒီတော့မှ စွမ်းစ စကားကို လက်ခံလိုက်ကာ ခြေလှမ်း လှမ်းပါသည်။ ဗိုက်ထဲကလည်း အခုမှပင် ထိုးနာလာသည်မှာ ခြေလှမ်းတွေပင် မလှမ်းနိုင်တော့လောက်အောင် နာကျင်လှပါသည်။

"မြန်မြန်လျှောက်လို့ မရဘူးလား"

ရှေ့ကနေ အထုပ်တွေကိုင်ပေးကာ ကြိုသွားနေသော စွမ်းစသည် နောက်ကပါလာသော အေးမြကို ခဏခဏ ရပ်စောင့်လှည့်ကြည့်ရသဖြင့် ထိုသို့မေးလိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ... မရဘူးရှင်၊ မရလို့ ဖြည်းဖြည်းလျှောက်နေတာပေါ့။ ဘယ်သူကတော့ မိုက်နာရက်ကြီးနဲ့ ဖြည်းဖြည်းအရသာခံပြီး လျှောက်ပါ့မလဲ"

အေးမြ ရန်တွေ့လိုက်သည်ကို စိတ်မဆိုးအားဘဲ စွမ်းစ အသာပြုံးမိ၏။

"အားတင်းပြီး မြန်မြန်လေးလျှောက်လိုက်ပါ။ ဆေးရုံရောက်သွားမှစိတ်ချရမှာလေ"

"ကျွန်မ ကားမပါဘူး"

"ကျွန်တော်က မအေးမြကြည်လင်ကားပါလည်း ဒီလိုပုံကြီးနဲ့ ပေးမမောင်းပါဘူး၊ ဘယ်လိုလုပ်မောင်းလို့ဖြစ်မလဲ"

"ကျွန်မ S.S.C မှာ မွေးဖို့ပြောထားပြီးသား"

"စိတ်ချ ... စိတ်ချ၊ အဲဒီကိုပို့ပေးမယ်၊ ဘယ်ဖုန်းဆက်ပေးရဦးမလဲ"

"ဒီမှာ ကျွန်မ ဖုန်း။ ဖုန်းထဲက Memory ထဲမှာ နံပါတ်တွေအကုန်ရှိတယ်၊ ကျွန်မယောက်ျား ကိုဥက္ကါကို အရင်ဆက်ပေးပါ။ ပြီးမှ သူငယ်ချင်းတွေကို ဆက်ပေး"

ဟု အေးမြ ပြောလိုက်မိပြီးမှ သတိရသွားသလိုဖြင့် ...

"သနပ်ခါးဆီတော့ ရှင် ဆက်မနေပါနဲ့လေ၊ မီကျော်ကတင်ဆင့်ပြောခိုင်းလိုက်ပါ"

လို့လည်း မှာနေသေးသည်။





ဒီလိုနဲ့ပဲ အေးမြတစ်ယောက်ဟာ သူမ လုံးဝမျှော်လင့်မထားသောလူတစ်ယောက်ထံမှ အကူအညီကို ရယူလိုက်ရပြီး ဆေးရုံကိုရောက်ရတဲ့အဖြစ်ကို ကြုံလိုက်ရလေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"ဟေး ... ဝင်လာရမလားဟော့"

သမီးလေးမျက်နှာကို စိုက်ကြည့်ပြီး ပီတိဖြာဝေနေသော ကိုဥက္ကါရယ်၊ အေးမြရယ်၊ ညီမအသစ်စက်စက်လေးကို အံ့သြသလို တကြည့်ကြည့်လုပ်နေသော လီလီတို့ဟာ တံခါးအပြင်ဘက်မှ အသာခေါက်ရင်း မေးလိုက်သောအသံကြောင့် လှုပ်ရှားအသက်ဝင်လာပါသည်။ အစကတော့ အခန်းဟာ ပီတိတွေနဲ့ တိတ်ဆိတ်နေခဲ့တာပါ။

"ဝင်လာ ... ဝင်လာ တံခါးလော့(ခ)လုပ်မထားဘူး လှည့်ဝင်လာရုံပဲ"

အေးမြ ဝမ်းသာအားရ လှမ်းအော်ပြောပါသည်။ တံခါးပွင့်လာသောအခါ ...

"ဟေး ... အန်တီခါးခါး"





ဟု သမီးလီလီလေးက အပြေးသွားကာ သနပ်ခါး၏ခါးကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်ပါသည်။

သနပ်ခါးက လီလီ့ကို ကောက်ချီလိုက်သည်။

"ညီမလေး ရပြီ ဟုတ်လား"

"ဟုတ်တယ် ညလေးရပြီ"

"ပျော်လား"

"ပျော်တယ်၊ မေမေလည်းပျော်တယ်၊ လီလည်းပျော်တယ်၊ ညလေးလည်း ပျော်တယ်"

"ဟား ဟား ... လီလီက သူ့ညီမကို သူကိုယ်တိုင်နာမည်ပေးလိုက်ပြီပဲ၊ ညလေးတဲ့"

ကိုဥက္ကါက ရယ်မောရင်း ...

"ဟုတ်တယ်၊ ညီမလေးသင်တာ မရဘူး။ ညလေးခေါ်လို့ရနေတယ်၊ ကျွန်တော်ကတောင် လီလီခေါ်သလိုပဲ ညလေးညချမ်းလေးလို့ နာမည်ပေးချင်တာ၊ သူ့အမေက နာမည်နဲ့မကိုက်ဘူးတဲ့။ သမီးလေးက ညနေသုံးနာရီမှာမွေးတာ၊ ညမွေးတာ မဟုတ်ဘူးတဲ့လေ"

"ဘာဖြစ်လဲ နီကိုးလ်ကစ်မင်းတောင် သူ့သမီးကို တနင်္လာနေ့ Monday (မန်းဒေး)မှာမွေးတာကို နာမည်ကျတော့ Sunday Rose (ဆန်းဒေးရို့(စ်))လို့ ပေးတာပဲ"

"ဟုတ်ပါ့ရှင်၊ နာမည်ကတော့ မစဉ်းစားရသေးပါဘူး။ ရှင်က နာမည်လှလှစာတ်ကောင်တွေရှာပြီး ဝတ္ထုရေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမပဲ။ ရှင့်ကိုပဲ နာမည်ရွေးခိုင်းရမယ်။ ဘယ်လိုလဲ နေ့နံနဲ့ကိုက်ပြီး လှတဲ့နာမည်လေး လက်ဆောင်ပေးမလား”

“လူကြီးတွေကို ဗေဒင်တွက်ခိုင်းပါဦး။ ဘာနေ့နဲ့ ဘာနေ့နဲ့ တွဲဆိုတာ သိရရင် နာမည်ရှာရတာလွယ်တယ်”

သနပ်ခါးသည် လက်ထဲမှာပါလာသော ပန်းစည်းလှလှကြီးရယ်၊ ကလေးအတွက်လက်ဆောင်အင်္ကျီ၊ ဖိနပ်၊ ဦးထုပ်တစ်စုံ ဝမ်းဆက်ကို ထုပ်ပိုးထားတဲ့လက်ဆောင်ထုပ်ရယ်ကို အေးမြခုတင်ဘေးစားပွဲပေါ်တင်ရင်း ယူလာသော “It's a girl” ဆိုတဲ့စာသားရယ်၊ ကလေးပုံလှလှလေးရယ်ပါတဲ့ Card ကိုတော့ ထောင်ထားပေးလိုက်ပါသည်။ လီလီ့အတွက်တော့ Bratz တံဆိပ်ထဲက အရုပ်မလေးတစ်ရုပ် ဝယ်လာပေးသဖြင့် လီလီ့ကိုပါ လက်ဆောင်ပေးလိုက်ပါသည်။

“မီကျော်တို့ စံပယ်ဖြူတို့လည်း ဒီသမီးအတွက် လက်ဆောင်တင်မကဘူး၊ လီလီ့အတွက်ပါ ပါတော့ လီလီလည်း ထောနေပြီ ... ဟား ဟား။ ကဲ ကဲ ... စကားပြောကြဦး။ ကျွန်တော် အလုပ်ကိုဖုန်းဆက်မှာစရာလေးရှိလို့ ဆေးရုံအပြင်ခဏ ထွက်လိုက်ဦးမယ်ဗျာ”

ကိုဥက္ကါ ပြောပြောဆိုဆို ဖုန်းကိုင်ပြီး အပြင်ထွက်သွားပါသည်။ အခန်းထဲမှာ သနပ်ခါးရယ်၊ အေးမြရယ်၊ ကလေးနှစ်ယောက်ရယ်သာ ကျန်ရစ်ခဲ့တော့သည်။ အမှန်တော့ ကိုဥက္ကါက





အေးမြတို့ ကောင်းကောင်းလွတ်လွတ်လပ်လပ် စကားပြောလို့ရအောင် ရှောင်ပေးလိုက်တဲ့သဘောပါ။ ဘာကြောင့်လဲဆိုတော့ သနပ်ခါး မသိသေးတာကိုပြောဖို့ အေးမြက စိတ်အားထက်သန်နေတာ။

“အရမ်းအံ့ဩစရာကောင်းတာပဲ သိလား”

အေးမြ အဆက်အစပ်မရှိ ပြောချလိုက်သောစကား သနပ်ခါးကတော့ တစ်မျိုးအဓိပ္ပာယ်ကောက်ကာ ...

“အေးနော်၊ နင် မွေးမဲ့ Due date ထက် နှစ်ပတ်စောမွေးတာ။ ဒါပေမဲ့ သမီးလေးက ဖွံ့လိုက်တာဟယ်၊ ခုနှစ်ပေါင်တောင်ရှိတာနော်”

“ဟဲ့ ... ငါက အဲဒါကို ပြောချင်တာမဟုတ်ဘူး”

“ဒါဖြင့် ဘာကိုပြောချင်တာလဲ”

“ငါ ရှော့ပင်းထွက်ရင်း ရေမြွှာပေါက်သွားပြီး ဗိုက်နာသွားလို့ ဆေးရုံတန်းရောက်လာတာ နင်သိတယ် မဟုတ်လား”

“အေး သိတယ်လေ”

“ငါ့ကို ဘယ်သူ လိုက်ပို့တယ်ထင်လဲ”

“မသိဘူးလေ၊ နင် တက္ကစီနဲ့ တစ်ယောက်တည်း ဆေးရုံရောက်လာတာ မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ ငါ့ကို ကိုစွမ်းစ လိုက်ပို့တာ”

“ဟယ် ... ဘယ်လို ...”



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးမှာ ဆက်မေးစရာစကားလုံးပင် ပျောက်ကွယ်သွားသလိုဖြစ်ပြီး နှုတ်ဆွံ့အ,ထစ်ငေါ့သွားပါသည်။ မေ့ထားလိုက်ပြီဖြစ်သော နာမည်တစ်ခုကို ရုတ်တရက် ပြန်ပြီးကြားလိုက်ခါစမှာ ရင်ဘတ်ထဲရှိ ထောင့်တစ်နေရာရာတွင် နာကျင်သလိုလို၊ နွေးထွေးသွားသလိုလို ခံစားချက်အစုံ ခံစားလိုက်ရသည်။

ဒီတစ်ယောက်ကိုပဲ ချစ်ဖူးခဲ့ပေမဲ့ ထိုသူ့ဆီမှာ ကိုယ့်အတွက် အချစ်မရှိသောနှလုံးသား ရှိနေခဲ့သဖြင့် မမျှော်လင့်ချင်တော့ပြီ။ မေ့ထားလိုက်ချင်တော့လေပြီ။

အေးမြသည် ဘာစကားမှမဆိုနိုင်ဘဲ ငေးကြောင်တိတ်ဆိတ်သွားသော သနပ်ခါးကို နားလည်သလို လက်အသာဆုပ်ကိုင်လိုက်ရင်း ...

"ငါက သူ့ကိုတွေ့တွေ့ချင်း ဒေါသတွေဖြစ်ပြီး ရန်လိုနေမိတာလေ။ သူကတော့ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်လိုပဲ ကောင်းကောင်းမွန်မွန် ငါ့ကို ခေါ်ပြောဆက်ဆံတာပါ။ ငါ့မှာ ရန်တွေ့လို့ကောင်း ဒေါသထွက်လို့ကောင်းနေတုန်း ရှေ့မြွာတွေပေါက်ကျလာတာဟယ် အံ့သြစရာလည်းကောင်းတယ်။ ငါတို့ ဝိုင်းမုန်းနေကြတဲ့သူဆီက အကူအညီကို မဖြစ်မနေယူရဖို့အဖြစ်က ကြုံဖန်လာတာလေ"

ဟု အဖြစ်အပျက်ကို တစ်လုံးမကျန် အားလုံးပြောပြလိုက်ပါသည်။





"ဝိုင်းမုန်းပေးဖို့ မလိုပါဘူးဟေ့။ လူတစ်ယောက်ဆီမှာ သူသိပ်ချစ်ရတဲ့ချစ်သူ ရှိနေပြီးသားမို့ နောက်ထပ်မိန်းမတစ်ယောက်ဖြစ်တဲ့ ငါ့ကို မချစ်နိုင်တာ သူ့ဘဝထဲမခေါ်သွင်းနိုင်တာကို မုန်းဖို့မလိုပါဘူး။ သူ့ရဲ့ချစ်ခြင်းမေတ္တာကိုတောင် လေးစားရမယ်"

စွမ်းစသည် ဖေ့ထားသဖြင့် လက်တစ်လုံးလောက်လေးဟ,နေသောတံခါးကို တွန်းမဖွင့်ရဲ၊ မခေါက်ရဲသလို ဖြစ်သွားပါသည်။ အခန်းထဲမှာ စကားပြောသံတွေကြားရသလို ထိုစကားသံတွေထဲက တစ်သံဟာ သနပ်ခါးဖြစ်နေခြင်း၊ ပြောနေကြတဲ့အကြောင်းအရာကလည်း သူနဲ့ တိုက်ရိုက်ပတ်သက်နေခြင်းတို့ကြောင့် ချီတုံချတုံ တွေဝေနေရပါသည်။

အမှန်တော့ ဒီမိန်းကလေးအုပ်စုဟာ သနပ်ခါးကို သူ ထားရစ်ခဲ့သလို ဖန်တီးစေခဲ့တဲ့ ဖြစ်ရပ်ကြောင့် သူ့ကိုမုန်းနေကြမှန်း သူ သိပါသည်။ ဒါပေမဲ့ မနေ့က ဆေးရုံလိုက်ပို့ပေးပြီးနောက်မှာ ဒီနေ့တော့ သတင်းလာမေးသင့်သည်ဟု ထင်မိသည်။ မိတ်ဆွေတစ်ယောက်အနေနဲ့ ပန်းတစ်စည်း၊ ကတ်ဒ်လေးတစ်ခုနဲ့ လာသင့်သည်။ ဆေးရုံပို့ပေးပြီးရင် ပြီးရောလို့ သဘောမထားသင့်ဘူးလို့ ထင်သည်။ ဒါကြောင့် သူ ထပ်ရောက်လာမိတာ။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ ... ဩော်"

နောက်ကျောဆီမှ အသံတစ်သံကြားလိုက်ရပြီးလျှင် စွမ်းစ ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ထိုသူဟာ စွမ်းစကို



www.burmeseclassic.com

www.burmeseclassic.com



သိသလိုဖြင့် "သြော် ..." လို့ အသိအမှတ်ပြုဟန်ဖြင့် ပြုံးပြသည်။ ထိုသူ ဘယ်သူမှန်း စွမ်းစ စဉ်းစားမရဖြစ်နေစဉ် ...

"ကိုစွမ်းစ ကျွန်တော်က အေးမြအမျိုးသား ဥက္ကါပါခင်ဗျ"

"ဟာ ... ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်"

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်လိုက်ကြပါသည်။ စွမ်းစ စိတ်ထဲမှာတော့ ဒီလူ ငါ့ကို ဘယ်လိုလုပ်သိနေပါလိမ့်လို့ စဉ်းစားနေမိသည်။

"ကျွန်တော် ကိုစွမ်းစကို အပြင်မှာ သုံးလေးခါလှမ်းမြင်ဖူးလို့ ကိုစွမ်းစမှန်း သိနေတာပါ။ ဘယ်သူမှတော့ မိတ်ဆက်မပေးဖူးဘူး၊ ကျွန်တော့်ဘက်က သိနေတာပါ"

ကိုဥက္ကါက စွမ်းစ၏အတွေးကို သိလိုက်ဟန်ဖြင့် ရှင်းပြပါသည်။

"မအေးမြကြည်လင် ဘာလေးမွေးမှန်းတောင် မသိလိုက်ဘူး။ မနေ့က သူ့ကို ဆေးရုံပို့ပေးပြီးတော့ ကျွန်တော်လည်း စိတ်ချရပြီဆိုပြီး ထားခဲ့မိတယ်"

"ကျေးဇူးအထူးတင်ပါတယ်ဗျာ၊ အားလုံးအဆင်ပြေပါတယ်။ သူ သမီးလေးပဲ မွေးပါတယ်၊ ကလေးရော အမေပါ ကျန်းမာပါတယ်၊ ကိုစွမ်းစ တွေ့ချင်လို့လာတာမဟုတ်လား။ လာ ဝင်လိုက်ကြရအောင်လေ"

ကိုဥက္ကါဟာ သနပ်ခါးနဲ့ စွမ်းစ ဆုံကြရတော့မည့်အရေးကို မဆီမဆိုင် သူကပါ ရင်ခုန်သလိုလို ဘာလိုလို ခံစား





လိုက်ရသဖြင့် သူ့ဘာသာပင်ရယ်ချင်သွားသည်။ ဓါလည်း မိန်းမသားကနေ ခဏခဏပြောပြနေလို့ စွမ်းစ၊ သနပ်ခါး၊ ကုမုဒြာဆိုတဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းမှာ ပါဝင်စီးမျောနေမိပြီ ထင်ပါရဲ့။

"အထဲမှာ ညှော်သည်ရှိနေတယ် ထင်တယ်"

စွမ်းစ ဝင်လိုက်ရမှာ မျက်နှာပူသလိုလို ဖြစ်မိတာကြောင့် မဝံ့မရဲဖြစ်နေသည်။ ဒါပေမဲ့ စိတ်ထဲမှာလည်း သနပ်ခါးကို ဆုံလည်းဆုံချင်။ ဆုံရမှာလည်း မဝံ့မရဲ။ ဒီမိန်းကလေးရဲ့မျက်ဝန်းတွေထဲမှာ သူ့အပေါ် ချစ်ခင်တွယ်တာနေတဲ့ အရိပ်အယောင်တွေကို မြင်ခဲ့ရသလိုလိုဖြစ်ပေမဲ့ သူ့နှလုံးသားမှာ နေရာမပေးနိုင်ခဲ့မိပါ။

"သနပ်ခါး ရောက်နေတာ"

"ဟာ ... ဒါဆို နေပါစေ၊ ကျွန်တော် မဝင်တော့ပါဘူး"

ကိုဥက္ကါမှာ ဒီကိစ္စကိုဖြေရှင်းပေးရခက်သလိုဖြင့် ငြိမ်ပြီးစဉ်းစားနေမိသည်။

ထိုအချိန်မှာပင် ...

"အစ်ကိုရေ အခန်းဝမှာ ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဟူသော အေးမြ၏အခန်းထဲမှ လှမ်းခေါ်လိုက်သော အသံသည် ကိုဥက္ကါ၏ ချီတုံချတုံ ဆုံးဖြတ်ရခက်နေမှုကို ဖြေရှင်းပေးလိုက်သလို ဖြစ်သွားပါသည်။

"အေးကွာ ... ဒီမှာ ညှော်သည်တစ်ယောက် ရောက်နေလို့၊ ကိုယ်တို့ ဝင်လာခဲ့မယ် ရလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ရတယ် ဝင်လာခဲ့ပါ။ အေးမြက ခါးခါးကို ကော်ဖီတိုက်ချင်လို့ လာဖျော်ပေးပါပြောမလို့"

"ဟာ ... အေးမြကလည်း မဟုတ်တာ၊ ကော်ဖီမတိုက်ပါနဲ့ ရပါတယ်"

သနပ်ခါး စကားသံဆုံးသလား၊ မဆုံးသလား မသိလိုက်ပါ။ ကိုဥက္ကါနောက်မှပါလာသောသူကို မြင်လိုက်ရစဉ် တဒင်္ဂမှာ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သလိုလို ဖြစ်သွားပါသည်။

ပြုံးပြရမလား၊ တည်နေရမလား၊ ထပဲရပ်ရမလား၊ ဆက်ထိုင်နေရမလား၊ မျက်နှာချင်းဆိုင် မျက်လုံးချင်းဆိုင်ကြည့်ရမလား၊ မျက်နှာလွှဲထားရမလား။ သနပ်ခါးသည် အနေရခက်စွာ ဇဝေဇဝါ ဖြစ်နေပါသည်။

ထို့အတူ စွမ်းစသည်လည်း ဘယ်လိုမျက်နှာအမူအရာမျိုးနဲ့ သနပ်ခါးကို ကြည့်ရမလဲ။ ဘယ်လိုနှုတ်ဆက်ရမလဲ ဝေခွဲမရ ဖြစ်နေမိသည်။ မလာမိရင်ကောင်းသားလို့ ခဏခဏတွေးကာ နောင်တရနေမိသလိုလို။

ကိုဥက္ကါရော အေးမြပါ တစ်ယောက်မျက်နှာတစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြရင်း အနေရခက်နေသော အခြေအနေကို ဖြေရှင်းဖို့ အေးမြပဲ စကားစလိုက်ရပါသည်။

"ဪ ... ကိုစွမ်းစ ရောက်နေတာကိုး။ အစ်ကိုရေ ခုံပေးလိုက်ပါ"

"ဟာ ... ရတယ် ... ရတယ်၊ ကျွန်တော် ရပ်နေလို့ရပါတယ်"





"သမီးလေး မွေးတယ်လေ"

"ကိုဥက္ကါပြောပြလို့ သိရပြီးပါပြီ၊ ဝမ်းသာပါတယ်။ မနေ့က ဆေးရုံပို့ပေးပြီး စောင့်မနေပေးနိုင်တာခွင့်လွှတ်ပါ။ ကျွန်တော် အလုပ်ကိစ္စချိန်းပြီးသားလည်း ဖြစ်နေလို့ မအေးမြ စိတ်ချရလောက်ပြီထင်ပြီး ထားခဲ့မိတာပါ"

"ရပါတယ်၊ ကိုစွမ်းစ အားလုံးကို ဖုန်းဆက်ပေးသွားတာပဲလေ။ ကိုစွမ်းစ ထွက်သွားပြီးပြီးချင်း အားလုံး ရှေ့ဆင့်နောက်ဆင့်ပဲ ရောက်လာကြပါတယ်"

"သမီးလေးမွေးတော့ ဒီသမီးအတွက် အဖော်ရတာပေါ့၊ ညီမလေးရသွားပြီပေါ့ ဟုတ်လား"

လီလီက ကလေးဗီဗီ ဘာမှ ပြန်မဖြေတတ်ဘဲ ခေါင်းလေးသာညိတ်ပြသည်။ လီလီ့ကို သနပ်ခါးပေါင်ပေါ်တင်ထိုင်ထားသည်ဖြစ်ရာ စွမ်းစလည်း ကိုယ်က တစ်ဖက်သတ်ကြီးမခေါ်မပြောရင် မသင့်တော်သဖြင့် အဟင်း ... အဟဲတွေ အသံပြုရင်း ...

"သနပ်ခါး ရောက်နေတယ်နော်၊ ဘယ်လိုလဲ အန်တီတို့ အန်ကယ်တို့ နေကောင်းကြတယ်နော်"

လို့ စတင် စကားဆိုလိုက်ပါသည်။

"နေကောင်းပါတယ်၊ အခု ဒီမှာ မရှိကြဘူး၊ မမကြီးတို့ မိသားစုနဲ့ စင်ကာပူ အလည်သွားနေကြတယ်"

"ဟုတ်လား၊ ဘယ်လောက်ကြာမှာလဲ"

"နှစ်ပတ်တည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သနပ်ခါးရော လိုက်မသွားဘူးလား"

"ခါးတို့ လွန်ခဲ့တဲ့ခြောက်လလောက်ကပဲ လေးယောက်အတူတူ သွားလည်ပြီးပြီလေ"

သနပ်ခါးက အေးမြဘက်ပါ မျက်လုံးဝေ့ကြည့်ရင်း ပြောသဖြင့် သနပ်ခါး ရည်ညွှန်းသော လေးယောက်ဆိုတာ ဘယ်သူလဲလို့တောင် စွမ်းစ အဖြေရှာကြည့်နေစရာမလိုပါ။ အေးမြလည်း ရယ်မောရင်း ...

"အဲဒီတုန်းက အေးမြ ကိုယ်ဝန်လေးလတောင် မရှိသေးဘူး၊ Morning Sickness ကလည်း ရလို့ကောင်းနေတုန်း သူတို့သုံးယောက် နှိပ်စက်ပြီး ခေါ်သွားတာလေ"

"အံမယ် ... Morning Sickness သမားက စင်ကာပူရောက်တော့ မရတော့ဘဲ နေ့တိုင်း China Town က ဒင်းဆမ်း(မ်)သွားစားလိုက် ချစ်ကင်းရိုက်(စ်)စားလိုက်နဲ့လေ။ ပြီးတော့ သူကလေ ရန်ကုန်ကလာတာမဟုတ်တဲ့အတိုင်း ပင်နီဆူလာမှာဖွင့်ထားတဲ့ မြန်မာအစားအသောက်ဆိုင်တွေကိုလည်း သွားစားလိုက်သေးတယ်၊ စင်ကာပူလည်းရောက်ရော နင့်ရဲ့ Morning Sickness ကြီး ပျောက်သွားရော မဟုတ်လား၊ ကိုဥက္ကါဆို စင်ကာပူမှာ ဆယ်ရက်ကြာပြီးပြန်လာတဲ့သူ့မိန်းမ သွားခါစကနဲ့မတူအောင် ဝဖြိုးစိုပြည် ဗိုက်လည်းပိုထွက်ပြီး ပြန်လာတာ အံ့ဩမဆုံးဘူး"





သနပ်ခါးက ရယ်ရင်းမောရင်း သူ့ငယ်ချင်းကို ချစ်စနိုး စ,နောက်ပြောလိုက်သောအခါ အခန်းထဲမှာရှိနေကြသူအားလုံး အသံထွက်ရယ်မောလိုက်ကြသည်။ ရယ်စရာမပါဘဲ ရယ်မောလိုက်ကြရခြင်းကြောင့် တစ်မျိုးကောင်းသွားတာက အားလုံးကသိကအောက်နဲ့ နေရထိုင်ရခက်နေသော အခြေအနေတစ်ခုမှ လွတ်မြောက်သွားသလိုတော့ အသီးသီး ခံစားလိုက်ကြရသည်။

"သမီးလေးက ဖွံ့သားပဲ။ နာမည်ရော ရွေးပြီးပြီလား"

စွမ်းစသည် မီခင်ခုတင်ဘေး တွန်းလှည်းခုတင်လေးမှာ ငြိမ်သက်စွာအိပ်စက်နေသော မွေးကင်းစလေးကို ငုံ့ကြည့်ရင်း မေးလိုက်သည်။

"မရွေးရသေးဘူး၊ ဒီမှာ နာမည်လှလှ အပေးကောင်းတဲ့ စာရေးဆရာမရှိတယ်လေ။ သူ့ကို နာမည်ရွေးခိုင်းရမယ်။ အခုတော့ ဒီသမီးအကြီးလေးက သူ့ညီမလေးကို ညီမလေး ခေါ်တာ မပီဘဲ 'ညလေး' 'ညလေး'ဖြစ်နေလို့ အဖေနဲ့အမေပါ ရောယောင်ပြီး 'ညလေး'ခေါ်မိနေတယ်"

ထိုအချိန်မှာ ကလေးက တအဲ့အဲ့ငိုပြီး လူးလွန့်လှုပ်ရှားလာပါသည်။ နို့တာနဲ့ အူဝဲ အူဝဲ ဆိုသော ကလေးငိုသံလေးနဲ့ နိုးထလာလျှင် အဖေနဲ့အမေ ပျာယာခတ်ကုန်တော့သည်။

"Nappy လဲရမယ်၊ ပြီးရင် နို့တိုက်ရမယ် အစ်ကို၊ Nappy မှာ ရှူးရှူးတွေ အိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နေ … နေ … မင်း လုံနေ ကိုယ်လဲပေးမယ်၊ ပြီးမှ နို့တိုက်ဖို့ ကလေးပေးမယ်"

အမေနဲ့အမေ အလုပ်များသွားသဖြင့် စွမ်းစလည်း ဆက်နေရန် မသင့်တော့ကြောင်း တွေးမိပြီး …

"ကလေးလည်း နို့တိုက်ရမဲ့အချိန် ရောက်နေပြီဆိုတော့ ကျွန်တော် ပြန်လိုက်ပါဦးမယ် ကိုဥက္ကါ။ ကလေးကင်ပွန်းတပ်တို့ မွေးနေ့တို့ရောက်ရင် ဖိတ်ဖို့မမေ့နဲ့နော်"

"ဟာ … စိတ်ချ … စိတ်ချ ဖိတ်ရမှာပေါ့"

စွမ်းစလည်း သနပ်ခါးဘက် အသာအယာမျက်လုံးဝေ့ကြည့်လိုက်ချိန်၊ သနပ်ခါးကလည်း သူ့ဆီ တစ်ချက်လှမ်းကြည့်လိုက်ချိန် မျက်လုံးချင်းဆုံသွားလျှင် …

"ကိုယ် ပြန်တော့မယ် သနပ်ခါး"

ဟု တိုးတိုးသဲ့သဲ့အသံဖြင့် နှုတ်ဆက်မိ၏။ သနပ်ခါးထံမှ ဘာတုံ့ပြန်သံမှ မကြားရဘဲ ခေါင်းအသာညိတ်ပြလိုက်သည်ကိုသာ လက်ခံလိုက်ရပြီးနောက် စွမ်းစ ကျောခိုင်းထွက်လာခဲ့သည်။

ရင်ထဲမှာ လွမ်းမိသလိုလို ပြန်ဆုံချင်သေးသလိုလို ခံစားချက်တွေ ရုတ်တရက် ဖြစ်ထွန်းလာခဲ့သောအခါ စွမ်းစသည် သူ့ကိုယ်သူပင် ပဟေဠိ ဖြစ်လာခဲ့ပါသည်။ မဆုံမတွေ့ဖြစ်ကြဘဲ တစ်နှစ်နီးပါးလောက်ကြာမှ ပြန်ဆုံခဲ့ကြတဲ့အခါ ဒီမိန်းကလေးဟာ





ခုထိ သူနဲ့ တစ်စုံတစ်ရာ ပတ်သက်နေဆဲလိုလို သူ့ရင်ထဲမှာ ဘာကြောင့် ခံစားနေရသနည်း။

ကားပါ(ခ်)ရောက်တဲ့အထိ ကားထဲဝင်ထိုင်ပြီးသည်အထိ စက်မနှိုးသေးဘဲ ဘာတွေတွေးငေးချင်နေမှန်းမသိ အကြာကြီးငေးနေမိဆဲဖြစ်နေပါသည်။ ကြည့်စမ်း … အံ့သြစရာပဲ။ အကြာကြီး မေ့နေပြီးမှ ပြန်တွေ့ကြတဲ့အခိုက်မှာ ဘာကြောင့်များ တသသဖြစ်သွားရသလဲ။ ဒီမိန်းကလေးဟာ သူ့နှလုံးသားထဲမှာ ဘယ်ထောင့်မှာများ ဝင်ခိုကပ်နေခဲ့သလဲ။ ဘာကြောင့် ဒီလောက်ထိ မှတ်မှတ်ရရ ခံစားချက်တွေ ပြောင်းဆန်သွားသလိုလို ဖြစ်စေခဲ့တာလဲ။ ဒီတဒင်္ဂလေးကိုတောင် ဘာသသ ပြန်ကြည်နူးမိသတဲ့။ ဒါ ဘာဖြစ်သွားတာပါလိမ့်။

အချိန်တွေမနှောင်းသေးခဲ့ရင် အခွင့်အရေးရှိရင် ထပ်ပြီးကြုံချင်ပါတယ် သနပ်ခါးရယ်။ ဆုံလည်းဆုံချင်သေးတယ်။ ဆုံနိုင်ခွင့် ရှိသေးရင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

ပြုံး၍ နှုတ်ဆက်လိုက်သော သူ့မျက်နှာကိုတွေ့လိုက်ရလျှင် သနပ်ခါးသည် အေးမြတို့စုံတွဲဘက် ဖျတ်ခနဲလှည့်ကြည့်မိတော့သည်။ အေးမြက ရှင်းပြချင်ဟန်ဖြင့် ခပ်တိုးတိုးလေသံနဲ့...

"ကိုဥက္ကါပေါ့ ငါက မဖိတ်ချင်ပါဘူးဆိုတာ ပြောမရဘူး။ ဖိတ်စာ အတင်းယူသွားပြီး သွားပေးတယ်လေ။ နှင့်တစ်ယောက်တည်းပဲ ငါ မပြောရသေးတာ။ မီကျော်နဲ့စံပယ်ဖြူကိုလည်း ငါ ပြောပြထားတယ်"

ဟု ဖြေရှင်းပါသည်။ ကိုဥက္ကါကတော့ စွမ်းစကိုသွားဆီးကြိုလာကာ သနပ်ခါးရဲ့အနီးအနားကို ခေါ်လာဖို့ ခြေလှမ်းပြင်နေတာ တွေ့ရ၏။

"ငါ့ကို ဘာလို့ မပြောတာလဲ"

"သူ့ကိုရှောင်ချင်တာနဲ့ နင် မလာမှာစိုးလို့ပါ"





"မရှောင်ပါဘူး၊ ဘာလို့ရှောင်ရမှာလဲ၊ ခုချိန်မှာ ငါ သူ့ကို သူစိမ်းတစ်ယောက်လို သဘောထားတယ်"

ဒီနေ့ အေးမြတို့သမီးလေး နှင်းပွင့်ရဲ့ သုံးလပြည့်မွေးနေ့နဲ့အတူ နာမည်ပေး ကင်ပွန်းတပ်ကျင်းပသော အလှူပွဲလေးဖြစ်ပါသည်။ မနက်စောစော အရဏ်ဆွမ်းကိုတော့ ဘယ်သူမှ အစောကြီးထမလာနိုင်၍ မလာဖြစ်ခဲ့ပါ။ ဒါပေမဲ့ မီကျော်ရော စံပယ်ဖြူပါ ဗိုက်ကိုယ်စီကြီးတွေနဲ့ မနက်ရှစ်နာရီအရောက်သွားကြမည်ဆိုသောအခါ သနပ်ခါးက ညအိပ်ရေးပျက်ခံ စာရေးထားပေမဲ့ မနက်ရှစ်နာရီကြီး ရောက်အောင်လာခဲ့ပါသည်။ သမီးလေးနှင်းပွင့်ရဲ့ မွေးနေ့အလှူက ဆယ်နာရီမှစတာ။ ဆယ့်နှစ်နာရီထိကျွေးမွေးဧည့်ခံနေရလေရာ စွမ်းစ ရောက်လာချိန်ဟာ ဆယ့်နှစ်နာရီလည်းထိုးခါနီးပြီမို့ ဧည့်သည်တောင် တော်တော်စဲသွားလေပြီ။

စွမ်းစ ရောက်လာချိန်တွင် မီကျော်ရော စံပယ်ဖြူပါ အေးမြတို့အိမ်နောက်ဖေး ဝင်သွားခိုက်နဲ့ ကြုံသဖြင့် စွမ်းစမြင်တော့ သနပ်ခါး တစ်ယောက်တည်းသာ ဖြစ်နေသဖြင့် စိတ်ထဲတွင် နည်းနည်းကျေနပ်သွားသည်။ ဘာကြောင့်မှန်းမသိ သနပ်ခါးရဲ့ သူငယ်ချင်းတွေထဲမှာ မီကျော်နဲ့ စံပယ်ဖြူတို့ဟာ စွမ်းစကို သနပ်ခါးထက်တောင် ပိုပြီးမုန်းနေကြသည်လို့ ခံစားရလေရာ သူတို့ကို တစ်ဖန်ပြန်ရင်ဆိုင်ရမှာ လန့်နေသည်။

"ဒီမှာလေ သမီးက တစ်မနက်လုံးနိုးနေတာ၊ ခုလေးတင် အိပ်ပျော်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတုံး တုံးလိုက်ပြီကိုး"

"ဒီမနက်ပဲ သူ့အဘွားတွေကိုယ်တိုင် ဆရာတော့်ပရိတ်ရည် ခေါင်းကိုပွတ်ပေးပြီး တုံးလိုက်ကြတာ၊ သမီးက ဆံပင်သန် ပေမဲ့ မြန်မာ့အယူအဆအရ တုံးလိုက်ကြတာလေ"

"ကျွန်တော် တော်တော် နောက်ကျသွားတာ ဆောရီးပဲ ကိုဥက္ကါ၊ မနက်တည်းက ဒီကိုလာဖို့ ခေါင်းထဲမှာရှိတယ်၊ အလုပ်ကိစ္စတွေ ဘယ်လိုမှ ဖြတ်မရတာနဲ့"

"ကိစ္စမရှိပါဘူး၊ လူရင်းတွေပဲ၊ ဘယ်အချိန်လာလာရပါ တယ်ခင်ဗျာ"

လူရင်းတွေပဲလို့ ကိုဥက္ကါက ပြောနေသဖြင့် အေးမြ မှာ ယောက်ျားကို မျက်လုံးချင်းဆုံအောင် လိုက်ကြည့်ပြီး မျက်လုံး ပြူး ဟန့်တားလိုက်ရသည်။ ဘာလူရင်းလဲ။ ဘာမှမရင်းနှီးဘူး။ ဘာမှမဆိုင်ဘူး။ ဒီလူက သနပ်ခါးနဲ့ ဘာမှမပတ်သက်တော့ဘူး လေ။

"ဩော ... မမီကျော်တို့ မစံပယ်ဖြူတို့လည်း ..."

စွမ်းစသည် ဗိုက်ဖုံးဂါဝန်လှလှကိုယ်စီနဲ့ တွေ့လိုက် ရသဖြင့် အံ့သြသွားမိပြီး ပါးစပ်က ထုတ်ပြောလိုက်ရမှာကျတော့ အားနာနေသဖြင့် စကားလုံးတွေ တစ်ဝက်တစ်ပျက်နဲ့ လမ်းခုလတ် မှာတင် ရပ်တန့်သွားသည်။

"ဟဲ့ ... ကိုစွမ်းစကို တစ်ပွဲပြင်ပေးဖို့ နောက်ဖေးကို မှာ လိုက်ပါဦး၊ ကိုစွမ်းစ ဒံပေါက်စားပါတယ်နော်"





အေးမြက ကောင်မလေးတွေ လှမ်းမှာရင်း စွမ်းစ ကိုပါ တစ်ဆက်တည်း မေးပါသည်။

"စားပါတယ်"

"ကိုဥက္ကါက မစားရဲဘူးလေ၊ ဒါကြောင့် မေးရတာပါ၊ သူက သွေးတိုးလို့တဲ့"

"ကျွန်တော်လည်း အသက်က သုံးဆယ်ခြောက်ထဲမှာဆို တော့ သွေးတိုးတတ်တာတော့ ဖြစ်ဖါတယ်၊ ဒါပေမဲ့ သိပ် မဆိုးသေးဘူး။ သွေးတိုးလာရင် သံပရာသီးအရည်ညှစ် သောက်တာတို့၊ ဒန့်သလွန်ရွက်ဟင်းချိုကို ဆားသိပ်မပါ တဲ့ ဟင်းချိုတို့ လုပ်သောက်လိုက်ရင် သက်သာသွား တယ်"

"သွေးတိုးတတ်တာက မျိုးရိုးနဲ့လည်း ဆိုင်မယ်ထင်တယ် နော်"

"ဟုတ်မယ်၊ ကျွန်တော့်အမေကတော့ အသက်သာကြီးပြီ သွေးသိပ်မတိုးတတ်ဘူး။ တခြားအဆစ်အမြစ်ရောင်ရောဂါ တို့၊ နှလုံးနည်းနည်း မကောင်းတာတို့လောက်တော့ဖြစ် တယ်"

အားလုံးထဲမှာ ငြိမ်နေသူမှာ သနပ်ခါးဖြစ်နေသည်။ မီကျော်က အေးမြအိမ်ရှိ ကောင်မလေးတွေ ဒံပေါက်ပွဲလာကမ်းပေး တော့ ကိုစွမ်းစရှေ့ ချပေးသည်။ စံပယ်ဖြူကလည်း ကောင်မလေး တွေ ကြက်သားဟင်းပန်းကန်၊ ဘာလချောင်ကြော်ပန်းကန်၊



www.burmeseclassic.com

www.burmeseclassic.com



သရက်သီးသနပ်၊ သံပရာသီးသနပ်ပန်းကန် အသစ်ပြင်ပြီး ဗန်းနဲ့ သယ်လာတာကို အဆင်ပြေအောင် စားပွဲဝိုင်းမှာလိုက်ချပေးနေသည်။ ချဉ်ပေါင်ဖြူဟင်းချိုပူပူပန်းကန်လေးကို နောက်ဆုံးသယ်လာပေးတော့မှ သနပ်ခါးအလုညွှ်ကျသလိုဖြစ်ပြီး လက်ကမ်းမလိုလုပ်ပေမဲ့ ကိုဥက္ကါက အရင်ယူပြီး စားပွဲပေါ်ချပြီးနေပြန်သည်။

ဒီတော့ လှုပ်ရှားနေသူတွေကြားထဲမှာ သနပ်ခါးကသာ ငြိမ်သက်တိတ်ဆိတ်နေသူလို ဖြစ်နေတော့လေသည်။ တကယ်တော့ ဒီလိုမဖြစ်ချင်။ သူ့ကို အားလုံးစကားဝိုင်းပြော၊ ဝိုင်းညှော်ခံသလိုပဲ သနပ်ခါးလည်း ပြောနိုင်၊ ညှော်ခံနိုင်ပါသည်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ။ သူငယ်ချင်းတွေဟာ အလိုက်သိလွန်းတာပဲလား။ သနပ်ခါးကိုတော့ ကိုစွမ်းစနဲ့ စကားပြောချင်မယ်မထင်ဘူးဆိုတဲ့ ထင်မြင်ချက်နဲ့မို့ အသာငြိမ်နေစေချင်သလား။

သူသည် သနပ်ခါး ဘယ်တော့မဆို တွေ့လိုက်ရတိုင်း တွေ့နေကျ မျက်နှာအမူအရာ (သနပ်ခါးကို သာမန်ကာလျှံကာမျှသာ ကြည့်တတ်သောအမူအရာ)အတိုင်း မပြောင်းမလဲရှိနေဆဲဖြစ်သည်။ သူ့ရုပ်ရည်ဟာ သိပ်အချောအလှ ယောကျ်ားတစ်ယောက်ပုံစံပါလို့ ညွှန်းလို့မရပေမဲ့ ဘယ်လိုပဲကြည့်လိုက်ကြည့်လိုက် အမြဲပဲ ကြည့်ကောင်းနေတတ်သော ရုပ်ရည်မျိုးလည်းဖြစ်နေပြန်သည်။ သူက သနပ်ခါးနဲ့စကားပြောရင် အရယ်အပြုံးနည်းလှပေမဲ့ သနပ်ခါး မြင်ဖူးခဲ့သော ကုမုဒြာနဲ့ ဖုန်းပြောလျှင်တောင် မျက်နှာဟာမပြုံးဘဲတောင် ချိုမြနေတတ်သည်။





အေးလေ ... ဒါတော့ သူက ဒီမိန်းကလေးကိုမှ သိပ်ချစ်နေတာကိုး။ အပြစ်ပြောလို့ရမလား။ ချစ်နေတာကို မချစ်ပါနဲ့ပြောတော့ရော ဒီလူ့နှလုံးသားက တားလို့မှမရတာ။ တားမရလို့ အခုဆို သူ့အမေတောင် လက်လျှော့သွားပြီ ထင်ပါရဲ့။ စေ့စပ်ဖို့ လက်ထပ်ဖို့တွေ ထပ်ပြီးမကြိုးစားတော့သလို ဘယ်သူနဲ့မှလဲ စပ်ဟပ်ပေးစားတာ မရှိတော့ဘူးထင်တယ်။ ဒါကြောင့် တစ်နှစ်နီးပါးကြာမှ သူနဲ့ပြန်တွေ့တာတောင် သူဟာ ဒီအတိုင်းပဲ တစ်ယောက်တည်းပဲ။ ကုမုဒြာကို သူ့အမေ လက်ခံလာအောင်ကြိုးစားဆဲပဲ ထင်ပါရဲ့။

Arrowအင်္ကျီအဖြူရောင်နဲ့ အရောင်မှိုင်းမှိုင်းပုဆိုးကို ဝတ်လာသော သူ့ပုံစံမှာ ဖြူစင်တည်ကြည်နေသည်။ သနပ်ခါးမှာ စကားဝိုင်းပြော ညှော်ခံနေကြသော အုပ်စုကြားထဲ ဘာဝင်ပြောရမှန်းမသိဘဲ ဟိုလူ့ကြည့်လိုက်၊ ဒီလူ့ကြည့်လိုက်လုပ်ကာ စွမ်းစကိုသာ ခိုး၍အကဲခတ်နေမိသည်။

ထို့အတူ စွမ်းစကလည်း သနပ်ခါးကို သေသေချာချာမကြည့်ပေမဲ့ သနပ်ခါး သူ့ကို ခိုးပြီးအကဲခတ်နေမှန်း အလိုလိုသိနေခဲ့သည်။ မြန်မာအင်္ကျီရင်ဖုံးပုံစံလေးကို လက်တံတောင်နားမှာ ဓာနားကွပ်ထားသလို ခါးနေရာမှာလည်း ဓာနားလေးတွေတပ်ထားသော အဝါဖျော့မိုးအင်္ကျီ၊ ရှားစောင်ပေါ်မှာ အဝါဖျော့ချိတ်လိုင်းလေးတွေ ဒူးဆစ်နားအောက်မှာ ခပ်စိပ်စိပ်ပါသောအဆင် လုံချည်လေးနဲ့ မြန်မာဆန်စွာ ဝတ်ထားသော သနပ်ခါး။ မိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီ မပြတ်လိမ်းထားတတ်ပြီး အလှပြင်ရတာလည်း သဘောကျပုံရသော သနပ်ခါးဟာ အသက်အရွယ်နဲ့ပင် မလိုက်အောင်ငယ်နုနေသည်။ အသက်သုံးဆယ့်နှစ်နှစ်ရှိပြီ ဆိုတာပင် မထင်ရအောင် နုပျိုလွန်းနေသည်။ ဘဝမှာ ဘာအပူအပင်မှလဲ မရှိဘဲနေခဲ့ရသူဖြစ်လေရာ သနပ်ခါးမျက်နှာလေးကို တွေ့လိုက်ရတိုင်း ဘယ်တော့မဆို ငြိမ်းချမ်းနေတာ သတိထားမိပါသည်။

မုဒြာကတော့ ဘယ်လိုပြောမလဲ။ သူမလည်း ဘဝမှာ ဘာအပူအပင်မှ မရှိဘဲ နေခဲ့ရသူဖြစ်ပေမဲ့ သနပ်ခါးလိုတော့ ငြိမ်းချမ်းတဲ့အသွင် မရှိဘူးဟုထင်သည်။ မုဒြာအကြောင်း ဖျတ်ခနဲသတိတရ တွေးလိုက်မိသဖြင့် သနပ်ခါးကို စိတ်ထဲမှာ အားနာသလိုပင်ဖြစ်သွားမိပါသည်။ စွမ်းစရဲ့စိတ်ထဲမှာ သနပ်ခါးနဲ့ အကြာကြီးစကားပြောချင်နေသော ဆန္ဒရှိနေတာကြောင့် သနပ်ခါးရှေ့မှာ မုဒြာအကြောင်း တွေးမိခြင်းကို အားနာသွားမိတာဖြစ်ပါသည်။

"သမီးလေးနာမည်က ဥက္ကါနှင်းပွင့်နော်၊ အကြီးမလေးက ဥက္ကါလီလီပေါ့ ဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒီနာမည်လေးတွေပေးဖို့ ခါးခါးပဲ အကြံပေးတာလေ၊ အများစုက အဖေနာမည်ကို နောက်မှာ Sur name အနေနဲ့မှည့်ကြပေမဲ့ ခါးခါးကတော့ ကလေးနာမည်ကို အဖေ့နာမည်ရှေ့မှာ ကိုယ့်နာမည်အရင်းကို နောက်မှာ ထားတာကြိုက်တယ်တဲ့၊ ခါးခါးအကြံပေးတော့ ကိုဥက္ကါရော အေးမြပါ သဘောကျသွားတာနဲ့ အကြီး





မလေးကိုလည်း ဥက္ကါလီလီလို့မှည့်ထားပြီးတော့ အငယ်မကိုပါ ဥက္ကါနှင်းပွင့်လို့ မှည့်လိုက်တာ"

အေးမြက သနပ်ခါး နာမည်ကို ထည့်ပြောသဖြင့် စွမ်းစလည်း သနပ်ခါးကို အခုမှ သေသေချာချာကြည့်ရပါသည်။ ရောက်လာလာချင်း သနပ်ခါးကိုသာ သဖိတ်ထားကြည့်နေဖို့ မသင့်တာမို့ မကြည့်မိအောင် မျက်လုံးချင်းမဆိုင်မိအောင် တမင်ကြိုးစားပြီး ရှောင်နေခဲ့မိသည်။

"ဝတ္တုထဲကလိုတော့ နာမည်ဆန်းဆန်းလေးတွေ မပေးဖြစ်ဘူးပေါ့"

သနပ်ခါးကိုကြည့်ပြီး စ,နောက်သလိုမေးသဖြင့် ...

"ဝတ္တုဆိုတာ စိတ်ကူးယဉ်ပြီးရေးတဲ့သဘောလေ၊ ဒီတော့ နာမည်လေးတွေကလည်း စိတ်ကူးယဉ်ဆန်ပြီး လှအောင်ဆန်းအောင်ပေးရတာပါ။ ဉပမာ နာမည်တစ်ခုဟာ သာမန်နာမည်မျိုးဖြစ်နေရင် မတော်တဆ အပြင်မှာရှိတဲ့လူနာမည်နဲ့ တိုက်ဆိုင်မှာ တာတ်လမ်းကလည်း အမှတ်မထင်သွားဆင်နေရင် အဆင်မပြေဖြစ်ရင် ဖြစ်နိုင်တယ်၊ ဒါကြောင့် နာမည်ဆန်းအောင် လှအောင် ပေးဖြစ်တာပါ"

"ကိုယ် ဝတ္တုဆို တော်ရုံဖတ်ခဲတယ်၊ မဖတ်တတ်ဘူး၊ National Geographic(နေရှင်နယ်ဂျီအိုဂရပ်ဖစ်)လောက်ပဲ ဖတ်ဖြစ်တယ်။ အခုနောက်ပိုင်းကျမှ ဝတ္တုလေးတွေ လျှောက်ဖတ်ကြည့်ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်က စိတ်ကူးယဉ်သမား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လို့ထင်တယ် ဖတ်ရတာစိတ်မပါလို့ တစ်အုပ်ဆို အကြာကြီး ဖတ်ယူရတယ်”

စွမ်းစ ထိုစကားစုကို ပြောနေရင်းမှ နောက်ဆက်ရမဲ့ စကားကို ဆက်ပြောသင့်၊ မပြောသင့် စက္ကန့်ပိုင်းမျှ စဉ်းစားလိုက်ပြီးမှ အားလုံးရှေ့မှာ ဝန်ခံသောအသံမျိုးဖြင့် ...

“အဲဒီဖတ်တဲ့ ဝတ္ထုတွေထဲမှာ သနပ်ခါးရဲ့ဝတ္ထုလေးတွေလည်း ရှာဖတ်ဖြစ်ပါတယ်၊ ကိုယ် ဝေတော့ မဝေဖန်တတ်ဘူး၊ ဒါပေမဲ့ သနပ်ခါးရေးတတ်နေတာကိုတော့ အံ့သြချီးကျူးပါတယ်၊ ကိုယ်ဆို စာတစ်ပုဒ်မပြောနဲ့၊ စာတစ်ကြောင်းတောင် သူများစိတ်ဝင်စားအောင် မရေးတတ်ဘူးလေ”

သူငယ်ချင်းအားလုံးရှေ့မှာမို့ သနပ်ခါးမျက်နှာ ဘယ်လိုထားရမှန်းမသိ ဖြစ်နေပါသည်။ စွမ်းစလည်း ရင်ထဲမှာရှိတာကို ပွင့်လင်းစွာပြောလိုက်နိုင်သဖြင့် စိတ်ချမ်းသာသလို ခံစားလိုက်ရပြီး အားလုံးကိုလည်း အခုမှ ပိုတရင်းတနှီး ပြောရဲသလို ခံစားရသည်။

“ဖေဖေကြီး ခဏလာ လီလီ့အရုပ်အိမ်လေး ကျိုးသွားလို့ လုပ်ပေးပါ”

လီလီရောက်လာပြီး ကိုဥက္ကါကို လာဆွဲခေါ်သဖြင့် ကိုဥက္ကါ ပါသွားပြီး သိပ်မကြာ စံပယ်ဖြူ့ဖုန်းက မြည်လာသဖြင့် ...

“ခဏနော် ဖုန်းသွားပြောလိုက်ဦးမယ်”





ဟုခွင့်တောင်းကာ စံပယ်ဖြူ အိမ်အပြင်ထွက် ခဏစကားပြောတုန်း ...

“ဟယ် ... ကိုစွမ်းစ ပြီးပြီလား၊ တော်ပြီလား ထပ်ထည့်ပါဦး”

စွမ်းစ၏ပန်းကန် စားလို့ပြီးသွားသဖြင့် ဇွန်းခက်ရင်းချပြီးပြီးချင်း မီကျော်က မေးလိုက်လျှင် ...

“ဟာ ... တော်ပြီ တော်ပါပြီ၊ ကျွန်တော် ဗိုက်ပြည့်ပါပြီ”

“ဒါဆို အချိုပွဲ သွားယူလိုက်ဦးမယ်”

“အချိုပွဲမချပါနဲ့ ရတယ်၊ ကျွန်တော် မစားတတ်ဘူး”

“Juice တော့ သောက်မယ် မဟုတ်လား”

“ဟုတ်ကဲ့ Juice တစ်မျိုးဆို ရပါပြီ”

“မီကျော် ပန်းကန်တွေ ပြန်ပို့ရင်း ယူခဲ့မယ်လေ”

“ကျေးဇူးပါပဲ မမီကျော်”

မီကျော် ပန်းကန်တချို့ကို ဇွန်းနဲ့ထည့်သယ်ပြီး ဗိုက်တကားကားနဲ့ နောက်ဖေးဝင်တော့ အေးမြလည်းမနေသာပဲ ...

“ခဏလေး ... ခဏလေးနော် ကိုစွမ်းစ၊ မီကျော့်ကို အေးမြလိုက်ကူသယ်ပေးလိုက်ဦးမယ်၊ ဗိုက်တကားကားနဲ့ လူကသွက်လက်နေတာ၊ တစ်ခုခုဆို ဖျတ်,ဖျတ်နဲ့ သူပဲ အရင်ထ,လုပ်ချင်နေတာလေ”

မီကျော့်နောက်ကနေ နောက်ဖေးဝင်လိုက်သွားသည်။

ဒီတော့ မထင်မှတ်ပါဘဲ စားပွဲဝိုင်းကြီးမှာ စွမ်းစနဲ့ သနပ်ခါး နှစ်ယောက်တည်း အလိုလိုကျန်ရစ်ရပါသည်။ ကိုဥက္ကါနဲ့



www.burmeseclassic.com

www.burmeseclassic.com



စပယ်ဖြူကတော့ ထားပါတော့၊ သူတို့မပါရင် မဖြစ်တဲ့ကိစ္စလေး တွေ ပေါ်လာလို့ ဒီကထ,သွားရတာ။ ဒါပေမဲ့ မီကျော်နဲ့ အေးမြ တို့ ရှေ့ဆင့်နောက်ဆင့်ကြီး ထသွားကြတာမျိုးကကျတော့ တမင်ပဲ စွမ်းစတို့နှစ်ယောက်ကို ကျန်နေစေချင်သလားရယ်လို့ သနပ်ခါး လည်း သူငယ်ချင်းတွေ(အထူးသဖြင့် မီကျော်နဲ့အေးမြ)ကို မကျေ မချမ်းဖြစ်မဆုံး ဖြစ်ကာ ဆွဲဆိတ်ပစ်ချင်မိနေတော့သည်။

ဘာကြောင့် ဒီလိုလုပ်သွားရသလဲ။ ဟိုလူကဖြင့် ငါ့ကို မေ့နေတာကြာလှပြီ။ အခုမှ အကြောင်းတစ်ခုနဲ့ ပြန်ဆုံကြ ရပြီး မိတ်ဖြစ်ဆွေဖြစ် စိတ်မပျက်ချင်လို့ ဝင်ထွက်သွားလာနေတာ ပါ။ သူ့စိတ်ထဲမှာရော သူ့နှလုံးသားထဲမှာပါ သနပ်ခါးဟာ မြ မှုန်တစ်မှုန်လောက်တောင် မရှိခဲ့ပါဘူး။

"ကိုယ် သနပ်ခါးတို့ အားလုံးကို အခုလို ခင်ခင်မင်မင် ပုံစံနဲ့ ပြန်ဆုံခွင့်ရတာကို ဝမ်းသာမိတယ်"

စွမ်းစသည် သူ့ရင်ထဲမှာ ပြောချင်နေသည့်အကြောင်း အရာကို အမှန်အတိုင်းသာ ပြောဖို့က်ပါသည်။

"ကိုယ့်ကို စိတ်ဆိုးပြီး မုန်းနေကြမယ် ထင်တာ"

"အဲဒီလိုတော့ မဖြစ်ပါဘူး"

"ဖြစ်မှာပါ သူတို့က သနပ်ခါးကို အရမ်းချစ်ကြတယ်လေ ဒီတော့ ကိုယ့်စိတ်ထဲမှာ သိနေတယ်၊ ကိုယ့်ကို မုန်းကြမှာပဲ"

"မမုန်းပါဘူး၊ စိတ်ဆိုးတာပဲ ရှိတယ်"

"ဒါဖြင့် သနပ်ခါးကရော"





"ရှင် ..."

ရုတ်တရက် မေးလိုက်တာကြောင့် သနပ်ခါး အံ့သြ သလိုဖြစ်ပြီး စွမ်းစကိုကြည့်မိလျှင် သူ့မျက်လုံးတွေထဲမှာ ...

သနပ်ခါး တစ်ခါမှမမြင်ဖူးခဲ့သော အရိပ်အယောင် တချို့ကိုများ မြင်လိုက်ရသလားလို့ ...။

"ကိုယ့်ကို စိတ်ဆိုးလား"

စိတ်ဆိုးသလား ...။ ဒီမေးခွန်းဟာ ဖြေဖို့မခက် သယောင်ထင်ရပေမဲ့ သနပ်ခါးအတွက်တော့ အဖြေရခက်နေစေ သည်။

သူ သနပ်ခါးကို မချစ်နိုင်တာ။ လက်မထပ်ချင်ခဲ့တာ ကို စိတ်ဆိုးရမှာလား။ သူ မချစ်နိုင်တာကို အပြစ်တင်လို့ရမလား။ တကယ်ပဲ သနပ်ခါးစိတ်ထဲမှာ သူ့ကို စိတ်ဆိုးမိသလား စိတ်မဆိုးမိ သလားတောင် ရေရေရာရာ မခံစားလိုက်ရဘဲ တမင်တကာပဲမေ့ ပျောက်အောင် သူ့အကြောင်းမတွေးမိအောင် ကြိုးစားနေခဲ့ရတာ လေ။

"ကိုယ့်ကြောင့် မင်းမှာ တစ်စုံတစ်ရာ နစ်နာသွားခဲ့မယ် ဆို့ ကိုယ်ထင်ပါတယ်၊ အဲဒီအတွက် ကိုယ် မင်းကိုမျက်နှာ ချင်းဆိုင်တွေ့ပြီး တောင်းပန်ချင်နေတာ ကြာပါပြီ၊ တကယ် တော့ ကိုယ် အဲဒီလိုထိဖြစ်အောင် မဆုံးဖြတ်သင့်ခဲ့ဘူး၊ ကိုယ် တခြားတစ်ယောက်အပေါ် စိတ်မပြတ်နိုင်ခဲ့မှန်း ကိုယ့်ဘာသာ ကြိုသိခဲ့ရင် မင်းလို အေးအေးဆေးဆေးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ရဲ့ဘဝကို လာမမွှေနှောက်သင့်ဘူးလေ၊ ကိုယ် ဆုံးဖြတ်ပြီး အမေ့ကို ကတိပေးလိုက်တာ၊ တော့သွားတယ်။ မှားလည်း မှားသွားတာယ်၊ အမေ စိတ်ချမ်းသာရင်ပြီးရောဆိုပြီး ပေးလိုက်တဲ့ ကတိတစ်ခုဟာ မင်းဘဝကို လာနှောင့်ယှက်သလို ဖြစ်သွားစေခဲ့တယ်၊ ကိုယ် အဲဒီအကြောင်းတွေးမိတိုင်း နေလို့မရအောင် စိတ်မကောင်းဖြစ်မိတယ်၊ ကိုယ့်ကိုယ်ကိုယ် Gulity လည်း ဖြစ်မိတယ်”

အဲဒီလိုပြောပြီး တောင်းပန်ချင်ခဲ့ရင် ဘာကြောင့် ဒီလောက်ထိကြာအောင်နေပြီး ရှောင်နေနိုင်ခဲ့သလဲ ကိုစွမ်းစရယ်။

တိုက်ဆိုင်မှ ပြန်သတိရပြီး တောင်းပန်ဖို့ စဉ်းစားမိလေသလား။ သနပ်ခါးကတော့ ဘာတုံ့ပြန်ချက်မှ မပြောနိုင်ဘဲ ငြိမ်သက်နေမိသည်။ သူ့ကို မုန်းလိုက်ချင်တယ်။ မုန်းလိုက်ချင်တယ်ဆိုသော အသံတွေ ရင်ထဲမှာ အော်ဟစ်ပေါက်ကွဲနေသည်။

“ကိုယ့်ကို မိတ်ဆွေတစ်ယောက်လို ပြန်ဆက်ဆံနိုင်ပါ့မလား”

“သနပ်ခါး ကိုစွမ်းစကို ဘယ်တော့မှ ရန်သူလို့ မသတ်မှတ်ခဲ့ပါဘူး။ အဲဒီလိုပဲ ကိုစွမ်းစရဲ့ ကမ္ဘာကိုလည်း ပြိုင်ဘက်လို့ မထင်ခဲ့ပါဘူး။ သူနဲ့ သနပ်ခါးကြားမှာ ဘာမှပြိုင်စရာတောင်မရှိပါဘူး။ သူက ကိုစွမ်းစကို ပိုင်ဆိုင်ပြီးနှင့်တဲ့သူပါ”

“သူက ကိုယ်နဲ့ ...”





စွမ်းစ ပြောသင့် မပြောသင့် စဉ်းစားနေစဉ် စပယ်ဖြူ ဖုန်းပြောပြီး ပြန်ရောက်လာသဖြင့် စကားမဆက်ဖြစ်တော့ပါ။

အားလုံးကို စွမ်းစ နှုတ်ဆက်ပြီး ပြန်လာခဲ့သောအခါ ရင်ဘတ်ထဲမှာ တစ်ခုခု ပါလာခဲ့သလိုလို ခံစားလိုက်ရကြောင်း အလန့်တကြား သတိထားမိသည်။ ငါ ဒီလိုမဖြစ်သင့်ဘူး။ အဲဒီလို မခံစားသင့်ဘူး။ သူ့ကိုယ်သူ ပြန်သတိပေးရင်းကပဲ သနပ်ခါးရဲ့မျက်လုံးအရောင်လက်လက်လေးတွေကို သတိတရရ ဖြစ်နေခဲ့တာတော့ အတော်ဆိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

သားမှာ ပါကင်ဝင်ရပ်လာသောကားကို လှည့်ကြည့်လိုက်သည်။ ကားမောင်းသူကို တွေ့လိုက်ရသောအခါ ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသွားခဲ့သည်။

သနပ်ခါး ...။ သနပ်ခါး ... ဆိုသော ခေါ်သံသည် ရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟည်းနေပေမဲ့ နှုတ်ဖျားကတော့ ထွက်မလာမိဘဲ မှင်တက်ငေးမော ကြည့်မိသလို ဖြစ်နေပါသည်။ သနပ်ခါးသည် ကားပေါ်က ဆင်းလာသည်။ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်သည်။ အဲဒီကျမှ ကားနောက်ခန်းကို ကြည့်မိလျှင် ကလေးထည့်သော Baby Seat ခုံလေးကို တွေ့လိုက်ရသည်။ ကလေးလေးတစ်ယောက်ကို ခါးပတ်ကြိုးလေးတွေ ဖြုတ်ပေးရင်း တစ်စုံတစ်ရာလည်း ပြုံး၍ငုံ့ပြောရင်း အလုပ်ရှုပ်နေသော သနပ်ခါး၏ မျက်နှာလေးကို ငေးကောင်းကောင်းနဲ့ ငေးနေမိသည်။





ခြောက်လအရွယ် ချစ်စရာသမီးလေးတစ်ယောက်ကို ချီထုတ်လိုက်ပြီး ကားနောက်ဖုံးဆီသွားပြီးဖွင့်၊ အထဲမှ ကလေးတွန်းလှည်းကို ထုတ်မလို့ လုပ်သောအခါ အဆင်မပြေတော့၊ ကလေးက တစ်ဖက်ချီလို့ ကလေးတွန်းလှည်းကို လက်တစ်ဖက်နဲ့ ဘယ်လိုထုတ်မလဲလေ။ မလုပ်တတ် မကိုင်တတ်နဲ့ ပြဿနာရှုပ်နေပုံရသော သနပ်ခါးကို သူ ဒီတိုင်းကြည့်မနေနိုင်တော့ဘဲ ကားတံခါးဖွင့်၍ ထွက်လိုက်မိ၏။ သနပ်ခါးကတော့ သူ့ကိုမမြင်။

"ဟော်တော့ နှင်းပွင့်လေးရေ၊ အန်တီခါးတော့ ဒုက္ခပါပဲ။ နှင်းပွင့်လေးရဲ့ Stroller ကို အရင်မထုတ်ဘဲ နှင်းပွင့်ကို အရင်ချီထုတ်လာတော့ အန်တီခါး လက်တစ်ဖက်တည်းနဲ့ ဒါကြီးမထုတ်နိုင်တော့ဘူးတော့။ နှင်းပွင့်လေး ကားထဲခဏ ပြန်ဝင်မှ ဖြစ်တော့မယ်ဟယ်"

သနပ်ခါးတစ်ယောက် ကလေးကို ပြောလည်းပြော ကားထဲလည်း ပြန်ထည့်မလို့ ခြေလှမ်းစဉ် ...

"ကိုယ် ဒီ Stroller လေးကို ထုတ်ပေးမယ်နော်"

ဟူသော ပြောသံနဲ့အတူ လူပါ ချက်ချင်းရောက်လာသည့် စွမ်းစကို တအံ့တဩပင် မော့ကြည့်လိုက်ပါသည်။

အံ့ဩနေသော မျက်လုံးလေးတွေကို စွမ်းစ ရင်ထဲမှာတော့ တဒင်္ဂအတွင်း မြတ်နိုးသွားပါသည်။

"ကဲ ... ရပြီ၊ ကလေးကို ထည့်လို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းစသည် ကလေးတွန်းလှည်း ခေါက်ရက်သားကို လှည်း တစ်ခါတည်း ဖွင့်လိုက်ပြီး အသင့်တွန်းလို့ရသော အနေ အထားဖြစ်အောင် ပြင်ဆင်ပေးလိုက်သည်။

"ကိုစွမ်းစ ဘယ်လာတာလဲ"

"ကလေး လာကြိုတာ"

"ဪ"

"ဒီကျောင်းမှာ ကိုယ့်အစ်မအကြီးဆုံးရဲ့ သားလေးကို ထားတယ်လေ၊ မမကြီး ဒီနေ့မအားလို့ ကိုယ့်ကို သွားကြို ခိုင်းတာနဲ့ လာကြိုတာပါ၊ ဒါနဲ့ သနပ်ခါးကရော ဘယ်သူ့ ဆီ လာတာလဲ"

"ခါးလည်း အေးမြသမီး အကြီးလေး လီလီကို လာကြိုပေး တာပါ။ ဒါလေးက အငယ်လေးလေ။ နှင်းပွင့်လေးပေါ့။ ခါးက နအေးမြဆီသွားလည်တုန်း အေးမြ တစ်ယောက် ခေါင်းတွေ တအားကိုက်တတ်လာပြီး ခေါင်းမထူနိုင်တာနဲ့ ဆေးသောက်ပြီး အိပ်ရာထဲကျန်ခဲ့တယ်၊ အေးမြမှာ တအား ဆိုးတဲ့ ခေါင်းကိုက်ရောဂါရှိတာ ကြာပြီလေ၊ သူ အဲဒီလို ဖြစ်ရင် တစ်နေကုန်ရော ဘာမှထ,မလုပ်နိုင်ဘူး။ ကိုဉက္ကံ လည်း အလုပ်ရောက်နေချိန်ဆိုတော့ ခါးက ကိုဉက္ကံကိုပြန် ခေါ်ခိုင်းမနေတော့ဘဲ ခါးပဲ လီလီကို လာကြိုပေးလိုက်တာ အဲဒါ နှင်းပွင့်လေးက မရဘူး။ လိုက်ချင်လို့ အော်ငိုနေတာ နဲ့ ခေါ်လာရတယ်"





သနပ်ခါးက ကလေးကို ချစ်စနိုးလေး နမ်းကိုက်လိုက် ညှိုးဖြင့်တို့ကာ ပြောလိုက်လျှင် ခြောက်လအရွယ် သမီးလေးမှာ တခစ်ခစ် ရယ်လို့မဆုံး။

ကျောင်းပေါက်ဝဆီ အတူတူ လျှောက်လာမိသော အခါ စွမ်းစရင်ထဲမှာ အမှတ်မထင် တွေးလိုက်မိသည့် အတွေး တစ်ခုကြောင့် ကြည်နူးချင်သလိုလိုတောင် ဖြစ်သွားမိတာ အတော် ထူးဆန်းပါသည်။ ဘာကြောင့်မှန်းမသိ ခုတလောမှာမှ သူ့စိတ် တွေဟာ သနပ်ခါးနဲ့ ဆုံရရင်၊ သနပ်ခါးနဲ့ ပတ်သက်ရရင် နူးညံ့ ညွတ်ပျောင်းနေကာ စွမ်းစနဲ့ သနပ်ခါးဟူသော ခေါင်းစဉ်လှလှ အောက်မှာ အကြောင်းအရာတစ်ခုကို စတင်ချင်သလိုလို ဖြစ်ဖြစ် နေပါသည်။ မတွေ့ဖြစ်ခဲ့ကြတုန်းကတော့ သူ ဒီမိန်းကလေးကို မေ့ထားနိုင်ခဲ့ပြီး အခုမှ ဘာကြောင့် ဒီမိန်းကလေးဘက် စိတ်ယိမ်း ယိုင်ချင်သွားရသလဲ။

အခုချိန်မှာ စွမ်းစ ရင်ထဲမှာ ဘာတွေးနေမိသလဲ ဆိုတော့ သမီးလေးကို တွန်းလှည်းထဲထည့်ပြီးတွန်းကာ နောက် သမီးတစ်ယောက်ကို ကျောင်းကလာကြိုတဲ့ မိသားစုလေးဟူသော အတွေးမျိုးတည်း။

"ကိုစွမ်းစ တူလေးက ဘယ်အရွယ်ရှိပြီလဲ"

"ရှစ်နှစ်ပါ"

"ဪ … ဒါဆို လီလီ့ထက် ကြီးတာပေါ့၊ လီလီက အခု မှငါးနှစ်ခွဲ"



www.burmeseclassic.com

www.burmeseclassic.com



"သနပ်ခါးတို့ သူငယ်ချင်းတွေက တော်တော်ခင်ကြတယ် နော်၊ တော်တော်လည်း နီးစပ်ကြတယ်"

"အေးမြန့်ကျတော့ ခါးနဲ့ ပိုရင်းနှီးတယ်၊ ခါးတို့နှစ်ယောက် က ပိုနီးစပ်ကြတယ်လေ"

"ကိုယ်လည်း သတိထားမိပါတယ်"

တကယ်ဆိုကြတော့လည်း စွမ်းစ ရင်ထဲမှာ ပြောစရာစကားတွေ ကုန်နေသလိုဖြစ်လျက် စကားစပြတ်သွားလျှင် ဘယ်က ဘယ်လိုစ,ရမှန်းမသိ ဖြစ်နေသည်။ သနပ်ခါး အခု ဘာလုပ်နေလဲလို့ မေးဖို့လည်း အဆင်မပြေပြန်။ ဝတ္ထုစာရေးဆရာမ ရဲ့ အလုပ်ဟာ စာရေးတဲ့အလုပ်ပဲ ရှိတာမို့ ဘာအလုပ် ထပ်လုပ်စရာမှ မလိုတာ။ ဒါဖြင့် သနပ်ခါးရော ဘယ်လိုလဲ၊ ချစ်ရသူတွေ့ပြီလားဆိုတဲ့ မေးခွန်းမျိုးရော မေးဖို့သင့်ပါ့မလား။ သူနဲ့ သနပ်ခါးကြားမှာ မိဘချင်း သဘောတူလို့ စေ့စပ်ဖို့အထိတောင် စီစဉ်ဖူးကြတယ် ဆိုပေမဲ့ သူတို့ဟာ တရင်းတနှီး ကိုယ်ရေးကိုယ်တာတွေ မေးမြန်းပြောဆိုကြရလောက်အောင်ထိ မရင်းနှီးခဲ့ကြပြန်ပါ။

သူတို့နှစ်ဦးကြားမှာ အကြာကြီးပဲ တိတ်ဆိတ်နေပြန်ပါသည်။ အဲဒီအချိန်မှာ နှင်းပွင့်က ဘာအလိုမကျသည်မသိ။ တအင့်အင့် အသံထွက်ကာ ငိုသံပြုလိုက်ပါသည်။

"အို ... သမီး ... နှင်းပွင့် ဘာဖြစ်လို့လဲ"





သနပ်ခါးသည် တွန်းလှည်းလေးရှေ့ ထိုင်ချပြီး မေးလည်းမေး၊ ကလေးကို ထိန်းသိုင်းချည်ထားသော ခါးပတ်ကြိုးတွေပါ ဖြုတ်လိုက်ပါသည်။ ကလေးဆိုတော့လည်း ဘာဖြစ်လို့ ဖြစ်မှန်း မဖြေဘဲ ငိုသံတဖြည်းဖြည်း ကျယ်လာပြီး လူးလွန့်နေတာမို့ သနပ်ခါး ကောက်ချီပွေ့ ချော့မော့ရတော့သည်။

စွမ်းစလည်း မနေသာတော့ဘဲ ...

"သစ်ပင်ပေါ်က ပုရွက်ဆိတ်တို့ ဘာတို့များကျပြီး ကိုက်လိုက်သလား မသိဘူး"

ကလေးတွန်းလှည်းထဲ ဟိုရှာ၊ ဒီရှာ လုပ်လိုက်၊ ကလေးကိုလည်း ဘယ်နားကိုက်ခံရသလဲ ကြည့်လိုက် လုပ်ရတော့သည်။

"သူ့အမေနဲ့ ခွဲလာတာကြာလို့ ငိုတာထင်တယ်"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ နှင်းပွင့်လေးကို ခါး ဒီလိုပဲ ခေါ်သွားနေကျပါ။ သူ လိုက်တတ်ပါတယ်၊ ဘာအလိုမကျလဲ မသိဘူး"

"နို့ဘူးပါလား၊ နို့ဆာလို့ ငိုတာထင်တယ်"

"ထွက်လာခါနီးလေးတင် နို့သောက်လာတာမို့ သူ့အမေက ထည့်မပေးလိုက်ဘူး"

နှင်းပွင့်က တအီအီငိုရင်းမှ စွမ်းစဆီ လက်ကမ်းနေသည်ကို သတိထားမိသွားလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ချီရမလား၊ ကလေးက ကိုယ့်ကို လက်ကမ်းနေတယ်လို့ ထင်တယ်"

ဟု သနပ်ခါးကို ခွင့်တောင်းလိုက်ရသည်။

"ဟုတ်လား၊ သူ လက်ကမ်းလို့လား"

"တွေ့လား ... တွေ့လား၊ လက်ကမ်းနေပြီ"

သနပ်ခါး သူ့ကို ကလေးထိုးပေးလိုက်ပါသည်။ နှင်းပွင့်သည် ဒီတော့မှ အငိုတိတ်သွားကာ ဘာတွေ ဘယ်လိုသဘောကျသွားသည်မသိ။ စွမ်းစ၏အင်္ကျီရင်ဘတ်အိတ်မှာ ချိတ်ထားသော ဘောလ်ပင်နဲ့ကိုယူကာ ဆော့ပါတော့သည်။ စိတ်ကြည်သွားသဖြင့် ပါးစပ်မှလည်း အီအီ ... အာအာ ... ဂျဲဂျဲတွေအော်ကာ စကားပြောပြီး ဘောလ်ပင်နဲ့လေးနဲ့ ကစားနေပါသည်။

ထိုအချိန်တွင် ကျောင်းစဆင်းလာပြီဖြစ်ရာ ရှာလေးတွေ ကျောင်းဝင်းထဲမှ ဖြည်းဖြည်းချင်း ထွက်လာပါသည်။

"လာ ... ကျောင်းဝင်းတံခါးဝနား သွားရပ်ကြရအောင်၊ နှင်းပွင့်ကို ကိုယ်ပဲချီခဲ့မယ်လေ၊ သနပ်ခါး Stroller လေးကို တွန်းလာခဲ့လိုက်ပေါ့"

သနပ်ခါးဟာ သူတို့အဖြစ်ကို သတိထားမိပြီး အခုမှ ရှက်ရွံ့သွားမိတော့သည်၊ ကြည့်စမ်း ... ငါတို့ပုံစံက ကလေးအဖေနဲ့ အမေ ပုံစံပေါက်နေပြီ။ ထိုသို့တွေးမိတဲ့ အတွေးနှင့်အတူ ရင်ထဲမှာတော့ ကြေကွဲသလိုလို ဘာလိုလို ခံစားရကာ ထိုအတွေးကိုပင် ပြန်ရုပ်သိမ်းပစ်မိတော့သည်။





"ဟာ ... အန်ကယ်လ်စွမ်း လာကြိုတယ်"

ကလေးလေးတစ်ယောက် ပြေးထွက်လာပြီး ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"အေးကွ၊ မင်းအမေ မအားလို့ လွှတ်လိုက်တာ"

"အန်ကယ်လ်စွမ်း ... သား အိုက်(စ)ကရင်(မ) ဝင်စားချင်တယ်"

"ဘယ်ဆိုင်မှာလဲ"

"ကျောင်းနားကဆိုင်ပဲ၊ သား ပြမယ်၊ သား ကျောင်းပြန်ရင် အခုလို ဖရိုင်းဒေးဆို မေမေ ကျွေးနေကျ"

"အိမ်ကို ဘူးနဲ့ဝယ်သွားမယ်လေ"

"ဆိုင်မှာ ထိုင်စားမှာဗျ။ မေမေနဲ့ဆိုလည်း ဆိုင်မှာထိုင်စားနေကျ"

"မင်းအမေ ငါ့ကို ကျောင်းကြိုဖို့ လွှတ်လိုက်တဲ့ထဲမှာ အိုက်(စ)ကရင်(မ)ကျွေးဖို့ မပါပါဘူး သေချာရဲ့လားကွာ။ ငါ ဖုန်းပြန်ဆက်ပြီး မေးလိုက်မယ်"

"ရတယ် ... မေးလိုက်၊ မေမေက ကျွေးလိုက်လို့ ပြောမှာပဲ"

"အေးပါကွာ၊ ဒါဆိုလည်း ပြီးတာပဲ၊ ကျွေးမှာပါ"

သူ့တူနဲ့ အချီအချ ပြောပြီးမှ သနပ်ခါးဘက်လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က လူလည်လေး။ ကိုယ် လာကြိုတိုင်း တစ်ခု မဟုတ် တစ်ခု ပူဆာနေကျ၊ အခုလည်း သူ့အမေ ဘာမှ မမှာလိုက်ပေမဲ့ သူ့အလိုကျ အိုက်(စ)ကရင်(မ)ဆိုင် ဝင်ထိုင်ရဦးမယ်"

လီလီက အခုကျမှ ကျောင်းဝင်းထဲက ထွက်လာရပါသည်။ အတန်းငယ်လေးတွေမို့ ဆရာမတွေကိုယ်တိုင် ကြီးကြပ်ပြီး အပြင်ထုတ်ပေးကာ လာကြိုနေသောသူတွေ့မှ ကျောင်းဝင်း အပြင် လွှတ်ပါသည်။

သနပ်ခါးကတော့ လာကြိုလေ့မရှိပေမဲ့ လီလီ့ဆရာမ က သနပ်ခါးတို့ အေးမြတို့တွေနဲ့ same batch တစ်နှစ်တည်း ကျောင်းအတူတူ တက်ခဲ့ကြသူတွေ၊ မေဂျာချင်းမတူခဲ့ကြပေမဲ့ ကျောင်းမှာ နာမည်ကြီး ကွင်းရသော စံပယ်ဖြူပါတဲ့ အုပ်စုနဲ့ လူသိများခဲ့ခြင်းကြောင့် ထိုဆရာမ မိန်းကလေးက သနပ်ခါးတို့ ကို မျက်မှန်းတန်း မြင်ဖူးသူတွေ ဖြစ်လေရာ လီလီ့ကို အေးမြ အစား သနပ်ခါး လာခေါ်မှန်းသိကာ လွှတ်ပေးလိုက်ပါသည်။

"မီးမီး ဒီဦးဦးကို မှတ်မိလား"

"မှတ်မိပါတယ်"

"ဟဲလို ... လို့ နှုတ်ဆက်လိုက်လေ"

"Hello ... How are you today ?"

"Good Thanks !"





ကလေးက အင်္ဂလိပ်ကျောင်း နေတာမို့ ဘိုလိုနှုတ် ဆက်သဖြင့် စွမ်းစလည်း ကလေးကျေနပ်အောင် ပြန်ဖြေလိုက်ရ ပါသည်။ ပြီးမှ ...

"အခုခေတ်ကလေးတွေက ကံကောင်းတယ်နော်၊ ကိုယ်တို့ ခေတ်ကလို အင်္ဂလိပ်လို မပြောရဲ မဆိုရဲတာတွေ မရှိတော့ ဘူး၊ ကျောင်းတွေကလည်း မှိုလိုပေါက်နေတော့ ကြိုက်တဲ့ ကျောင်း ရွေးထားလိုက်ရုံပဲ။ ကျောင်းမှာ ပြောနေကျဆိုတော့ ပြောတတ်နေတယ်"

"ဟုတ်တယ်၊ အခုက,ကတော့ ပိုက်ဆံရှိရင် ဘယ်ကျောင်း ထားချင်ချင် ထားနိုင်တာပါပဲ"

"ပြန်ကြတော့မှာလား"

သနပ်ခါးက လီလီ့ကို လက်ဆွဲရင်း ကလေးမပါ သော stroller ကို တွန်းလိုက်လျှင် စွမ်းစသည် နှင်းပွင့်ကိုချီရင်း ... တူကို လက်ဆွဲ၍ပါလာပြီး မေးလိုက်သည်။

"ပြန်တော့မယ်လေ"

"သမီး လီလီ ... အိုက်(စ)ကရင်(မ)စားမလား"

စွမ်းစသည် သနပ်ခါးကို မမေးဘဲ လီလီ့ကိုသာ ... လိုက်ပါသည်။ လီလီကတော့ ကလေးမို့ အလွယ်တကူစား ... ပဲ ဖြေလိုက်လေသည်။

"စားမယ် ဦးဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... လီလီ စားမယ်တဲ့၊ သနပ်ခါး ကိုယ်တို့နဲ့အတူတူ လိုက်စားနော်"

"ဟို ... ဖြစ်ပါ့မလား မသိဘူး၊ အေးမြက ဘာမှမပြော လိုက်ဘူး"

"ဖုန်းဆက်မေးလိုက်လေ"

အမှန်တော့ ဖုန်းဆက်မေးရင် ရပေမဲ့ အေးမြကို ငါ ကိုစွမ်းစတို့ တူဝရီးနဲ့ မုန့်လိုက်စားမှာမို့ နည်းနည်းကြာ မယ်ဟု ပြောရမှာ ရှက်နေသဖြင့် သနပ်ခါး တွေဝေနေသည်။ စွမ်းရကသော တရင်းတနှီး အရောတဝင် ပြန်ဆက်ဆံနေတာ။ သူ့ဘက်မှာ ဘယ်လိုအခြေအနေရှိမှန်း သနပ်ခါး ဘာမှမသိသေး။ သူ့ ကုမ္ပဏီဒါနဲ့ တွဲနေဆဲပဲလား။ အမေသဘောမတူဘဲနဲ့ လက်မှတ် ထိုးပြီးတော့ပဲ လက်ထပ်ထားလိုက်ပြီလား။ သတင်းစာထဲမှာ လက်ထပ်သတင်းတော့ မတွေ့သေးပေမဲ့ သူတို့သဘောနဲ့သူ လက်မှတ်ထိုး လက်ထပ်ရင်လည်း သူ့မိဘက တားမြစ်ပိတ်ပင် လို့ရတဲ့အရွယ်မှ မဟုတ်တော့တာလေ။ ဒီတော့ သူ့ရဲ့တရင်းတနှီး အရောတဝင် ဆက်ဆံမှုတွေမှာ မကျဆုံးမိဖို့ လိုတယ်၊ သာယာ မသွားမိဖို့ လိုတယ်။ သူဟာ မိတ်ဆွေပြန်ဖြစ်လိုတဲ့သဘောနဲ့ ဆက်ဆံတာလည်း ဖြစ်ရင်ဖြစ်မယ်။

"ကလေးလည်း စားချင်နေတာ ခွင့်ပြုလိုက်ပါ၊ ကိုယ်တို့ သွားစားမဲ့ဆိုင်က သကြားအစစ်နဲ့လုပ်တဲ့ ဆိုင်မျိုးပါ။





ဆေးသကြားတွေ ဘာတွေ မပါပါဘူး၊ ကိုယ့်တူကလည်း ချောင်းဆိုးရင်ကျပ်ရောဂါရှိတော့ အဲဒီလို ဆိုင်ကောင်းတွေ ပဲရွေးပြီး လိုက်ကျွေးနေကြပါ၊ ကလေး ဘာမှမဖြစ်နိုင်ပါ ဘူး"

"ဟို ... ခါးက အဲဒါတွေ ဘာတွေ စိုးရိမ်လို့ မဟုတ်ပါ ဘူး"

"ဒါဖြင့် ဘာကို စိုးရိမ်နေတာလဲ"

"ရှင်"

"သနပ်ခါးပုံစံက တစ်ခုခုကိုတွေးပြီး စိုးရိမ်နေတဲ့ပုံစံဖြစ် နေလို့ပါ"

"သြော် ... ဟုတ်လား၊ အဟင်း ... ဘာမှမဟုတ်ပါဘူး၊ နှင်းပွင့်အတွက် နို့ဘူးမပါလာတော့ သူ ပြန်ဆာလာမှာ စိုးလို့ပါ"

သနပ်ခါးမှာ သင့်တော်သလို ညာပြောလိုက်မိသည်။

"အေးမြကိုတော့ ဖုန်းဆက်လိုက်ပါလေ၊ ကြာနေရင် သူ စိတ်ပူနေမှာစိုးလို့ပါ"

သနပ်ခါးသည် ဖုန်းဆက်ပြောရမှာ ဝန်လေးနေပေ သူ အကြံပေးသလိုပဲ ကြာနေခဲ့ရင် အေးမြ စိတ်ပူနေမှာစိုး၍ Nokia ဖုန်းလေးကိုဖွင့်ကာ အေးမြအိမ်ကို ဖုန်းခေါ်လိုက်ရပါသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အေးမြ၊ ငါပါ၊ နင် ဘယ်လိုနေသေးလဲ၊ သက်သာသွားပြီလား"

"အေး ... သက်သာသွားပြီ၊ ဒါပေမဲ့ သိတယ်မဟုတ်လား၊ ဆေးသောက်ထားတော့ လူကနုံးပြီး အိပ်ချင်နေတယ်၊ နင် ကလေးသွားကြိုပေးလို့ သက်သာသွားတာ၊ နောက်မို့ ငါ အိပ်ချင်မူးတူးကြီးနဲ့ ထရဦးမယ်လေ"

"အေးမြ ... ငါတို့ အိုက်(စ)ကရင်(မ) ဝင်စားမလို့ နည်းနည်းကြာမယ်၊ အဲဒါ ဖုန်းဆက်ပြောတာ"

"အေး ... ရပါတယ်၊ ငါ့အတွက်လည်း ဒိုမီနိုတစ်ပွဲဝယ်ခဲ့ပါဦး၊ နင်နဲ့ သမီးတွေ ဖြစ်ရောဖြစ်ရဲ့လား။ လီလီက လိမ္မာတယ် သူ့ဘာသာ မပေမကျံအောင် စားတတ်တယ်။ နှင်းပွင့်က မရဘူးနော်၊ ဒေါသကြီးတယ်၊ သူ့ အလိုမကျရင် တအားအော်ငိုချင်ငိုတာ၊ တော်ကြာ အပျိုကြီး ဆိုင်ထဲမှာ အရှက်ကွဲနေမှာစိုးလို့"

"ငါတစ်ယောက်တည်း မဟုတ်ဘူး"

"ဘယ်သူတွေ ပါလို့လဲ"

"ကိုစွမ်းစနဲ့ သူ့တူလေး ပါပါတယ်"

"ဘယ်လို ... ဘယ်လို"

"အေး ... ဒါပဲ အေးမြရေ၊ အိမ်ရောက်မှပဲ စကားဆက်ပြောတော့မယ်ဟယ်"





သနပ်ခါး ဖုန်းပြောတာကို ရပ်လိုက်ပြီး ဒီဘက်ပြန်လှည့်လာခဲ့သည်။ စွမ်းစကတော့ ကလေးသုံးယောက်အဖေကြီးလိုပဲ ကလေးနှစ်ယောက် တစ်ဖက်တစ်ချက် ခြံရံပြီး ကလေးအသေးတစ်ယောက်ချီကာ ရပ်စောင့်နေခဲ့သည်။

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းသွားကြပြီး အအေးနဲ့ အိုက်(စ)ကရင်(မ)သာ သီးသန့်ရောင်းသော ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ဝင်ရပ်လိုက်ကြသည်။

စွမ်းစသည် သနပ်ခါးကို ကူညီပြီး ကလေးတွန်းလှည်းကို ထုတ်ပေး၊ နေရာတကျဖြစ်အောင် ချပေးနေစဉ် ...

"ဟာ ... ဘယ်သူတွေများလဲ ကြည့်နေတာ၊ ကိုစွမ်းစကြီးပါလား"

ဟူသော နှုတ်ဆက်သံနှင့် အသံကျယ်ကျယ်တစ်ခုကို ကြားလိုက်ရပါသည်။

ကိုစွမ်းစတို့လိုအရွယ် လူရည်သန့် အမျိုးသားတစ်ယောက်သည် အံ့သြသော၊ မယုံကြည်နိုင်သော မျက်လုံးတွေနဲ့ ကြည့်ရင်း အနားရောက်လာပါသည်။

"ကိုမျိုးအောင်ပါလား"

"ဘယ်လိုလဲဗျာ၊ ဘာသံမှလဲ မကြားရဘူး။ ကလေးတွေတောင် သုံးယောက်ရနေပြီ၊ အကြီးဆုံးတောင် တော်တော်လေးကြီးပြီပဲ၊ ဘယ်သူမှလဲ ကျွန်တော့် မပြောပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြန်မာပြည်နဲ့ သွားလိုက် ပြန်လိုက်ပါပဲ၊ ဘာကြောင့် ဒီသတင်းတွေ လွတ်သွားမှန်းတောင် စဉ်းစားမရဘူး"

"ဟာ ... ကိုမျိုးအောင် မဟုတ်ဘူး၊ ဘာတွေစွတ်ပြောနေတာလဲ၊ မဟုတ်ပါဘူးဗျာ"

ထိုသူက ပြောချင်ရာ စွတ်ပြောပြီးမှ စွမ်းစ၏ကမန်းကတန်း ဖြေရှင်းလိုက်သံကြောင့် ကြောင်အမ်းအမ်းဖြစ်ပြီး သနပ်ခါးကိုလည်း စူးစမ်းသလို ကြည့်နေပါသည်။

"ဒါ ကျွန်တော့်တူပါ၊ အစ်မအကြီးဆုံးသား။ ဒါက ကျွန်တော့်မိတ်ဆွေပါ၊ သူလည်း ဒါ သူ့ကလေးတွေမဟုတ်ပါဘူး။ သူ့သူငယ်ချင်းရဲ့ သမီးလေးနှစ်ယောက်ကို ခေါ်လာတာပါဗျာ။ ဘာတွေ ထင်ကြေးပေးပြီး ပြောနေတာလဲ"

"ဟာ ... ဆောရီး ... ဆောရီး ... စိတ်မရှိပါနဲ့နော်၊ ကျွန်တော်က ဟို ... ရုတ်တရက်ဆိုတော့ အံ့သြပြီး ပြောမိသွားတာပါ။ ကျွန်တော်နဲ့ စွမ်းစ မတွေ့တာလည်း တော်တော်ကြာပြီဆိုတော့ စိတ်ထဲမှာ ဟိုဟာ ဟိုဒင်းဖြစ်ပြီး ... အဟဲ ..."

ထိုသူမှာ ပြောစရာစကား မရှိသလိုဖြင့် အင်း ... အဲ ... တွေဖြစ်ကာ သနပ်ခါးကိုလည်း အတော်ကြီး အားနာသွားပုံဖြစ်နေသည်။





"ရပါတယ်၊ ကဲ ... အန်တီတို့ အရှင်ဝင်နှင့်ကြမယ်နော်။ သားပါလိုက်ခဲ့ပေါ့။ သား အန်ကယ်လ် စကားပြောရင် ပြောပါစေ"

သနပ်ခါး တစ်ယောက်တည်း ကလေးသုံးယောက် ခေါ်ကာ ဆိုင်၏မှန်တံခါးကို တွန်းဝင်သွားတော့မှ မျိုးအောင်လည်း သနပ်ခါးကို မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း ...

"သူ ဘယ်သူလဲကွ"

ဟု မေးလာသည်။

"မိတ်ဆွေပါကွာ၊ မင်းကလည်း"

"မင်းရဲ့အိစီကလီလားလို့"

"ဘာ ... အိစီကလီလဲ၊ ငါ့မှာ ဘာအိစီကလီမှ မရှိတော့ဘူး"

"ဒါဆို ဒါက အမှန်အကန်ပေါ့"

"ငါ သွားတော့မယ်၊ ညကျမှ ဖုန်းဆက်မယ်ကွာ"

"စွမ်းစ ... မင်း အမှန်အတိုင်းပြောနော်၊ မင်း သူ့ကိုသဘောမကျပါဘူး၊ မိတ်ဆွေပါဆိုရင် ငါ သူ့ကို သဘောကျတော့မလို့။ ရုပ်ရည်လေးက ရှင်းပြီး ချစ်ဖို့ကောင်းတယ်ကွ။ တစ်နေကုန် ထိုင်ကြည့်နေလည်း ရိုးမသွားတဲ့ရုပ်မျိုး"

"ငါ ဖုန်းဆက်လိုက်မယ် စိတ်ချ။ ငါ ကတိပေးတယ်။ ခုတော့ သူတစ်ယောက်တည်း ကလေးသုံးယောက်နဲ့ အဆင်မပြေ ဖြင့်နေမှာစိုးလို့ ဝင်လိုက်သွားတော့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းစ ရင်ထဲမှာ ဒီနေ့လေးကို အခါခါ ပြန်လိုချင်လှျင် တဒင်္ဂဘဝလေးကိုပဲ ကိုယ့်တကယ်ဘဝ အစစ်လိုပဲ ခံစားပြီး ကြည်နူးပီတိ ဖြစ်လာသောအခါ ရင်ထဲမှာ တစ်စုံတစ်ရာက် အသေအချာ ဆုံးဖြတ်ချင်နေခဲ့ပါသည်။





## ၂၀

နောက်တစ်နေ့ကျတော့ မမကြီး မခိုင်းပေမဲ့ တမင်ပဲ ကလေးကို သွားကြိုပေးမိပြန်သည်။ ဒီနေ့တော့ သနပ်ခါး လာမကြိုနိုင်မှန်း သိပေမဲ့ တမင်ပဲ အဲဒီကျောင်းကို သွားတာပါ။ အေးမြကို တွေ့ချင်လို့။ စကားပြောချင်လို့၊ သနပ်ခါး ပြန်ကြားစေချင်တဲ့စကားတွေ ပြောခွင့်ရချင်လို့ဆိုသော ရည်ရွယ်ချက်နဲ့ သွားလိုက်တာလည်း ဖြစ်ပါသည်။

ထင်တဲ့အတိုင်းပဲ အေးမြကို ဆုံရသည်။ သမီးအငယ်လေးကို ကလေးတွန်းလှည်းထဲ ထည့်တွန်းရင်း ကျောင်းဝင်းတံခါးရှေ့ လျှောက်လာသော အေးမြသည် ရပ်ကြည့်ရင်း ပြုံးပြစောင့်နေသည့် စွမ်းစကို တုံ့ပြန်ပြုံး၍ နှုတ်ဆက်ရင်း အနားလာရပ်သည်။

"ကိုစွမ်းစ တူလေး လာကြိုတာလား"

"ဟုတ်တယ် မအေးမြ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကရော လာကြိုဖူးလား"

"အရင်က လာမကြိုဖြစ်ပါဘူး။ ကလေးကလည်း အခုမှ ဒီကျောင်းမှာ စ,ထားတာလေ။ သုံးလလောက်ပဲ ရှိသေးတယ်"

"သူ့ အရင်က ဘယ်ကျောင်းနေလို့လဲ"

"အရင်က မမကြီးတို့မိသားစုက ဗန်ကောက်မှာ နေကြတာလေ။ ကလေးကို အဲဒီမှာ ကျောင်းထားသေးတယ်၊ အခုတော့ မြန်မာပြည်မှာ ပြန်လာထားပြီး အိမ်မှာ မြန်မာစာဆရာမ ခေါ်သင်တယ်။ ကျောင်းကိုတော့ အင်္ဂလိပ်ကျောင်းပဲ ထားလိုက်တယ်။ မြန်မာကလေးဖြစ်ပြီး မြန်မာစာမတတ်မှာစိုးလို့တဲ့။ မမကြီးတို့ကတော့ သွားလိုက် ပြန်လိုက်ပေါ့။ သားကတော့ အဘိုးအဘွားအိမ်မှာထားပြီး ကျောင်းနေရတယ်လေ"

"တစ်ဦးတည်းသော သားလား"

"မဟုတ်ဘူး၊ သူ့အောက်မှာ အငယ်နှစ်ယောက် ရှိသေးတယ်။ အငယ်တွေက သူနဲ့ အသက်တော်တော်ကွာသွားတယ်။ နောက်ထပ် သားက အခုမှသုံးနှစ်၊ အငယ်မလေးက အခုမှတစ်နှစ်ပြည့်ခါစလေး၊ ဒါကြောင့် အငယ်တွေက ကျောင်းမထားရသေးဘူး။ အဖေအမေနဲ့ပဲ ဗန်ကောက်မှာ နေကြတယ်"





"တူ,တူမတွေပဲ ထိန်းတော့မှာလား၊ ကိုယ်ပိုင်သားတွေ သမီးတွေရော မလိုချင်ဘူးလား"

စွမ်းစ ရယ်မောလိုက်ရင်း ...

"ကုန်ပစ္စည်း ထုတ်လုပ်ဖို့ပဲ ပြောနေတယ်ဗျာ၊ စက်ရုံကမှ မဆောက်ရသေးတာ။ ဘယ်လိုလုပ် ထုတ်လုပ်နိုင်မလဲ"

အေးမြ အံ့သြပြီး မယုံသလို မျက်လုံးတွေနဲ့ကြည့်သည်။ အေးမြ အားနာမနေတော့ဘဲ သိချင်တာကိုသာ မေးချလိုက်မိတော့သည်။

"ကိုစွမ်းစရဲ့ ချစ်ရသူကရော ...။ ဟို ... စပ်စုတယ်လို့ မထင်နဲ့နော်၊ သူနဲ့ ကိုစွမ်းစ တစ်နေ့ကျရင်တော့ ယူဖြစ်ကြမယ် ထင်ထားလို့ပါ"

စွမ်းစလည်း သူ ပြောပြချင်နေသော အကြောင်းအရာထဲမှာ ဒီအကြောင်းအရာလည်း ပါတာမို့ ဒီမေးခွန်းကိုမေးလိုက်သော အေးမြကို တော်တော်ကျေးဇူးတင်သွားပါသည်။

"မုဒြာကလည်း မာနကြီးပြီး အလျှော့မပေးချင်တဲ့ မိန်းကလေးမျိုးလေ။ အမေကလည်း ဘယ်တော့မှ အသိအမှတ်ပြုပေးမဲ့ ဆုံးဖြတ်ချက်မျိုးကိုချမဲ့မိန်းမ မဟုတ်ပြန်ဘူး။ ဒီတော့ သူတို့ကြားမှာ ဘယ်လိုမှ ပြေလည်လာစရာ အကြောင်းမရှိခဲ့ဘူး။ ကြားထဲကနေ ကျွန်တော် ကြိုးစားပြီး ညှိကြည့်နေတုန်း မုဒြာက စိတ်ပြေလက်ပျောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



Europe (ယူရု(ပ်))ကို လှျောက်လည်တယ်၊ သုံးလလောက် ကြာမယ်လို့ ပြောသွားခဲ့တယ်။ ဒါပေမဲ့ သူ ပြန်မလာခဲ့တော့ဘူး။ အလည်ခရီးတွေ အပြီးမှာ သူ ပညာသင်ခဲ့တဲ့ အမေရိကားကို တစ်ခါတည်း ဝင်လိုက်တယ်။ သူက green card (ဂရင်းကတ်ဒ်) ရထားပြီးသားလေ။ ဒီတော့ ဘယ်အချိန်ပြန်သွားသွား ရတယ်ပေါ့။ အဲဒီမှာ ဝင်လိုက်ပြီးကတည်းက ခုထိပဲ ပြန်မလာတော့ဘူး၊ သူ ပြန်မလာချင်တော့ဘူးတဲ့"

"ဘာဖြစ်လို့ အဲဒီလို ဖြစ်သွားတာလဲဟင်"

"အမှန်အတိုင်း ပြောရရင် သူ ကျွန်တော့်ကို ထားရစ်ခဲ့တာပါ"

"ရှင်"

"သူ့မှာ သူသိပ်ချစ်ရတဲ့ ရည်းစားဦးပေါ့။ spanish (စပန်းနစ်(ရှ်)) အမေရိကန်ကပြားကောင် ရှိခဲ့ဖူးတယ်။ New York (နယူးယော့ခ်)မှာ ကျောင်းနေရင်း တွေ့ကြတာလေ။ ဒါတွေ ထားပါ။ ကျွန်တော် ဒါတွေသိခဲ့ပြီးပြီ။ ဒီအကြောင်းအရာတွေကိုလည်း လက်ခံပြီးပြီဆိုမှ သူ့ကို ချစ်နိုင်ခဲ့တာလေ။ သူလည်း ကျွန်တော့်ကိုပဲ ချစ်ခဲ့တယ် ထင်ခဲ့မိတာပဲ။ တကယ်တော့ သူ တကယ်မချစ်ခဲ့ပါဘူး၊ ဟိုကောင်က ထားရစ်ခဲ့လို့ စိတ်လေပြီး ဒီပြန်လာတုန်း ကျွန်တော်နဲ့တွေ့လို့ စိတ်ပြေရာပြေကြောင်း တွဲခဲ့တဲ့ သဘောပါပဲ။ သူ





အမေရိကားကို ခဏပြန်ဝင်လည်တဲ့အခါမှာ အဲဒီရည်းစားဟောင်းနဲ့ ဘယ်လိုပြန်ဆက်သွယ်မိကြသလဲ၊ ဆုံသွားကြသလဲတော့ မသိဘူး။ သူ့ကို အဲဒီလူက တကယ်မပြတ်နိုင်ခဲ့ပါဘူးဆိုပြီး ပြန်တောင်းပန်လာလို့ သူလည်း တကယ်ချစ်ခဲ့ရဖူးတဲ့သူမို့ ပြန်လက်ခံလိုက်တယ်တဲ့၊ ကျွန်တော့်ဆီ e-mail အပြည့်အစုံလည်းပို့ပြီး ပြောပြတယ်။ ဖုန်းနဲ့လည်း ရှင်းပြပါတယ်".

စွမ်းစည် သူ သိပ်ပြောပြချင်နေသည့် အကြောင်းအရာကြီးကို ပြောပြလိုက်နိုင်သဖြင့် ကျေနပ်ပြီး အခုမှ ရင်အေးသွားသလို ဖြစ်သွားပါသည်။ အစကတော့ သနပ်ခါးကလည်း ဘာမှမမေး၊ သနပ်ခါး ဘက်မှာလဲ ဘာတွေပြောင်းလဲနေခဲ့ပြီလဲဆိုတာ မသိရနှင့် ရင်ထဲမှာ ဘာပူနေမှန်းမသိ ပူလောင်နေခဲ့မိသည်။

အခုတော့ ဒါလေး ပြောပြလိုက်ရတာနဲ့တင် ရင်အပူလျော့ သွားသလိုလို ခံစားလိုက်ရသည်။

"အဟင်း ဟင်း ... ပြောရရင် ကျွန်တော် ဝဋ်လည်တာပဲပေါ့။ ကျွန်တော်ဟာ သနပ်ခါးလို ဘာမှအပြစ်မရှိတဲ့ မိန်းကလေးကို ဂရုမစိုက်လုပ်ခဲ့မိပြီး သူ့နှလုံးသားကို နာကျင်အောင် လုပ်ခဲ့မိတယ်လေ။ ဒီတော့ အခုတစ်ခါမှာ ကျွန်တော့်နှလုံးသားလည်း ပြန်ပြီးနာကျင်စေရတဲ့ ဝဋ်လည်မှုမျိုး ပြန်ခံစားလိုက်ရတာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခါးခါးက ရှင့်ကို စိတ်မဆိုးခဲ့ပါဘူး၊ သူ့စိတ်က ရှင်းပါတယ်၊ ဘယ်သူ့အပေါ်မှလဲ အငြိုးအတေး မထားတတ်ပါဘူး။ အေးမြတို့ကသာ သူ့ဘက်က ဝိုင်းပြီးမခံချင်ဖြစ်ပြီး ဒေါသတွေဖြစ်ကြ၊ စိတ်တွေဆိုးကြနဲ့ အဟင်း ... ဆောရီးနော် ကိုစွမ်းစ"

အေးမြ ပြောပြလိုက်ရင်းမှ အားနာသလိုဖြစ်ကာ တောင်းပန်လိုက်ပါသည်။ စွမ်းစ ခပ်ပြုံးပြုံးလုပ်ရင်း ခေါင်းအသာညိတ်ပြလျက် ...

"ရပါတယ်၊ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြတာကိုပဲ ကျေးဇူးတင်ပါတယ်"

"မအေးမြကို တစ်ခုလောက် မေးကြည့်ချင်တယ်"

စွမ်းစ စကားဆက်လိုက်လျှင် အေးမြက အလေးအနက်ထားဟန်ဖြင့် နားစွင့်ပါသည်။

"မေးပါ၊ ဘာများလဲ ကိုစွမ်းစ"

"သနပ်ခါးဟာ ကျွန်တော်နဲ့ မတွေ့ခင်တုန်းက ဘာကြောင့် ရည်းစားမရှိခဲ့တာလဲ"

"သူ့ကိုကြိုက်မဲ့လူ မရှိလို့လေ"

အေးမြက စ,နောက်သလို ပြောလိုက်သည်။

"ဟာဗျာ ... မဟုတ်တာ။ သူ့လိုမိန်းကလေးမှာ အဲဒီလိုမျိုးတော့ မဖြစ်နိုင်ပါဘူး"

"ဘာကြောင့်လဲ"





"ရုပ်ရည်လည်း ချောမောတယ်၊ အောင်မြင်မှုလည်း ရှိတယ်၊ မျိုးရိုးအဆင့်အတန်း မိဘအသိုင်းအဝိုင်း ဘာမှပြောစရာမရှိအောင် ပြည့်စုံတဲ့ မိန်းကလေးမို့လို့ပါ"

"ယောကျ်ားတွေက အဲဒီအရည်အချင်းတွေပဲ ကြည့်ရှုရှာဖွေပြီး မိန်းမတွေကို ချစ်ကြတာပဲလား"

"အဲဒီလိုတော့ မဟုတ်နိုင်ပါဘူး၊ ကျွန်တော်က ယေဘုယျသဘော ပြောတာပါ"

အေးမြသည် စွမ်းစ ဘာကြောင့် သနပ်ခါးအကြောင်းတွေ မေးနေသလဲဆိုတာကို ရိပ်မိသဖြင့် တမင် စေ့လည်ကြောင်ပတ်တွေ လျှောက်ပြောမိတာလည်းဖြစ်သည်။ စိတ်ထဲမှာ ခံလည်းမခံချင်။ သိပ်လည်း မကျေနပ်လှ။ ကုမုဒြာဘက်က သူ့ကိုထားရစ်ခဲ့တော့မှ သနပ်ခါးဘက် စိတ်ပြန်လည်လာတာ။ ဒါ့အပြင် သူ့ပတ်ဝန်းကျင်မှာ သနပ်ခါးလောက်ကောင်းတဲ့ မိန်းကလေးလည်း ရှာမတွေ့တော့လို့ ဒီဘက် ခြေဦးလှည့်လာတာ။

"ဟော ... ကလေးတွေတောင် စပြီးလွှတ်နေပြီ ကိုစွမ်းစ။ ကျောင်းတောင် ဆင်းသွားပြီနော်၊ စကားကောင်းနေတာနဲ့ သတိတောင် မထားလိုက်မိဘူး"

"ဟုတ်သားပဲ၊ ကျောင်းတောင်လွှတ်ပြီ"

ကလေးကိုယ်စီ သူတို့လက်တွဲပြီး ပြန်ကြဖို့ ပြင်သော အခါ စွမ်းစသည် ရင်ထဲမှာ မျှသိ(မ)ထားနိုင်တော့သလို ဟန်ဖန်မျိုးဖြင့် စိတ်အားထက်သန်စွာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တွေ့ရင် ဒီတစ်ခါ ကျွန်တော် သိပ်မေးချင်နေတဲ့ မေးခွန်းတစ်ခုရှိတယ်"

ဟု အေးမြကို အသိပေးချင်သလိုလို ဝန်ခံသလိုလို ပြောပြလိုက်မိ၏။

အေးမြ ဘာမှထပ်မမေးဘဲ အသာနားထောင်နေလိုက်လေသည်။ စွမ်းစသည် ကလေးတွေ မကြားအောင် အသံတိမ်တိမ်တိုးတိုးဖြင့် ...

"ကျွန်တော့်ကိုကျမှ လက်ထပ်ဖို့ ဘာကြောင့် ခေါင်းညိတ်ခဲ့သလဲဆိုတာ သိချင်မိတယ်"

ဟူသော စကားကို နောက်ဆုံးပြောလိုက်ကာ နှုတ်ဆက်ပြီး ထွက်သွားခဲ့ပါသည်။

အေးမြသည် စွမ်းစကို စိတ်ထဲမှာ အမြင်လည်းမကြည်။ ဒေါသလည်း နည်းနည်းဖြစ်။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်ပြန်ရင်လည်း သနပ်ခါးအတွက် ဒါဟာရသင့်ရထိုက်တဲ့ ဆုလာဘ်တစ်ခုလားလို့လည်း ဗဟုဥ္စဖြစ်နေမိသည်။ အေးမြဟာ သနပ်ခါးနဲ့ ပိုရင်းနှီး၊ ပိုချစ်ခင်၊ ပိုတွယ်တာ,တာမို့ သနပ်ခါး ရင်ထဲမှာ ဘာတွေ ရှိနေခဲ့သလဲ ဆိုတာ ခုထိ သိနေဆဲပင်။ အေးမြ သိတယ်။ သနပ်ခါးဟာ မာနတရားတစ်ခုကြောင့်သာ စွမ်းစကို မေ့ပျောက်ထားနိုင်ခဲ့ပေမဲ့ သနပ်ခါးရဲ့နှလုံးသားမှာတော့ စွမ်းစရှိနေဆဲပဲ။ စွမ်းစကို တမ်းတနေဆဲပဲ၊ စွမ်းစဆီက ဂရုတစိုက်နဲ့ ချစ်ခင်ယုယလာမှာကို မျှော်လင့်နေဆဲပဲဆိုတာ။





သနပ်ခါးရဲ့ နှလုံးသားထဲမှာ နာကျင်ကြေကွဲနေတာ [illegible]ဖုံးကွယ်ရင်း ရယ်မောနေခဲ့တယ်၊ ပျော်ရွှင်ချင်ဟန်ဆောင်နေ[illegible]တယ်ဆိုတာ အေးမြလို အနီးစပ်ဆုံး သူငယ်ချင်းမပြောနဲ့ [illegible]ကျော်နဲ့ စံပယ်ဖြူတောင် ရိပ်မိနေမှာပါ။

အေးမြဟာ အဲဒီက အပြန်မှာ ဘာလုပ်သင့်သလဲ[illegible]ဆိုတာ အခါခါ တွေးလာမိပါသည်။ စွမ်းစဆိုတဲ့လူက တမင်ပဲ အေးမြကို သူ့အကြောင်းတွေ လာပြောပြတာ၊ အေးမြကတစ်ဆင့် သနပ်ခါး ပြန်သိစေချင်လို့ သူ ပြောပြတာဖြစ်မှာ။ သနပ်ခါးကို အေးမြ ပြန်ပြောခဲ့ရင် သူ ဘာများဆက်လုပ်မလဲ။ အေးမြ ပြန်ပြောခဲ့ရင်ရော သနပ်ခါးက ဘယ်လိုများ တုံ့ပြန်လေမလဲ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၁

"ကိုယ် သနပ်ခါးကို ချစ်မိသွားတယ်"

"ဟင်"

သနပ်ခါးသည် ဖုန်းကို လန့်ပြီး လွှတ်ချလိုက်မိသည်။ မိုဘိုင်းလ်ဖုန်းပြားလေးက ဒေါက်ခနဲ ကြမ်းပြင်ပေါ်ကျသွားပါသည်။ ပြန်မကောက်မိဘဲ မယုံနိုင်သလို မျက်လုံးတွေနဲ့ ဖုန်းကိုစိုက်ကြည့်မိနေလေသည်။

စွမ်းစသည် ဖုန်းပြောသံ မကြားရသောအခါ သူ့ဖုန်းသူ အသာပြန်ခေါက်ပိတ်လိုက်ရင်း ရင်ထဲမှာ စိုးရိမ်စွာ တွေးမိသည်။ သနပ်ခါး သူ့အပေါ် နာကြည်းပြီး ငြင်းပစ်လေမလား။

အေးမြနဲ့ စွမ်းစ နောက်ဆုံး ဆုံတွေ့ပြီး တစ်လကျော်ကြာသောအခါမှာ စွမ်းစ ဒီအတိုင်း ငြိမ်မနေနိုင်တော့။ သူ့ဘက်က သနပ်ခါးသိအောင် တစ်ခုခုတော့ ဝန်ခံပြီးပြောမှ ဖြစ်





...လို့ တွေးမိကာ သနပ်ခါးဆီ ဖုန်းဆက်လိုက်တော့တာဖြစ်ပါ...ည်။ ဖုန်းကိုင်လိုက်လျှင် ကိုင်လိုက်ခြင်းပဲ ...

"ကိုယ်ပါ စွမ်းစပါ သနပ်ခါး"

လို့ သူ့ကိုသူ ပြောရင်း (အမှန်တော့ ပြောစရာလို...် မထင်ပါ၊ သနပ်ခါးရဲ့ဖုန်းမှာ စွမ်းစနာမည်နဲ့ ဖုန်းနံပါတ်... ပေါ်ကိုပေါ်နေမှာပါ) တစ်ခါတည်းဆက်ပြီး ...

"ကိုယ် သနပ်ခါးကို ချစ်မိသွားတယ်"

ဆိုသော စကားတစ်ခွန်းကို ဝန်ခံလိုက်မိလေသည်။

...နောက်မှာ တစ်ဖက်မှာ ဘာတွေဖြစ်သည်တော့မသိ။ သနပ်ခါး...က်မှာ အံ့သတိတ်နေခဲ့သဖြင့် ဖုန်းကို ဆက်ပြောဖို့မကြိုးစား...ဘဲ ခေါက်၍ပိတ်လိုက်တာဖြစ်သည်။

သနပ်ခါးဟာ အေးမြ ပြောသလိုဆို သူ့အပေါ်မှာ...ည်းခဲ့ပေမဲ့ မိန်းကလေးတစ်ယောက်ရဲ့ မာနနဲ့မို့ ငြင်းများငြင်း...လေမလားဆိုသော စိုးရိမ်စိတ်လည်း ဖြစ်နေမိပါသည်။

နာရီဝက်လောက်ကြာတော့ ဒီအတိုင်း ငြိမ်မနေနိုင်ဘဲ...၍ ဖုန်းထပ်ခေါ်မိသည်။

"ကိုစွမ်းစ ဘာလို့ ဖုန်းထပ်ခေါ်တာလဲ"

ဒီတစ်ခါတော့ သနပ်ခါးသည် ဖုန်းလက်ခံလိုက်...င်ပဲ ထိုသို့ စတင်မေးပါသည်။

"ကိုယ် သေသေချာချာ မပြောပြလိုက်ရသေးဘူးထင်လို့"

"ခါး ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးအသံက ပြေပြေလည်လည် ပြောတာမျိုး ဖြစ်နေသဖြင့် စွမ်းစ ရင်အေးသွားပါသည်။

"ကိုယ့်ကို အထင်တော့ မလွဲပါနဲ့။ ဟိုဘက်က ကိုယ့်ကို ထားခဲ့တော့မှ ဒီဘက်ပြန်လှည့်လာတယ်လို့လည်း မထင်ပါနဲ့။ ကိုယ် သနပ်ခါးတို့နဲ့ ပြန်မဆုံခင် အချိန်တွေတုန်းက အားလုံးကိုပေါ့၊ အဖြစ်အပျက်အားလုံးကို မေ့ထားခဲ့တာပါ။ မမျှော်လင့်ဘဲ ပြန်ဆုံကြရပြီးတဲ့အခါကျမှ ကိုယ်အမှတ်မထင် သိလိုက်တာပါ။ ကိုယ် သနပ်ခါးကို ဘယ်တုန်းကတည်းက ရင်ထဲက တစ်နေရာရာမှာ ထည့်ထားမိခဲ့သလဲ မသိဘူး။ ပြန်ဆုံရတဲ့အချိန်မှာ ကိုယ် သနပ်ခါးကို အကြာကြီးလွမ်းနေခဲ့ဖူးတယ်လို့ ကိုယ့်ကိုယ်ကိုယ် သိလိုက်တယ်"

သနပ်ခါးသည် မျက်ခွံကို အသာပိတ်ချလိုက်မိသောအခါ မျက်ရည်ပေါက်ကြီးနှစ်ပေါက် ကျဆင်းသွားသည်ကို အလန့်တကြား သတိထားလိုက်မိသောကြောင့် နှုတ်ခမ်းကို အသာဖိကိုက်ထားလိုက်မိသည်။

ဘုရားရေ ... ငါ ဘာကြောင့် အလိုလိုမျက်ရည်ကျလာရသလဲ။ မဖြစ်သင့်ဘူး။ မဖြစ်သင့်တော့ဘူး။ သူနဲ့ပတ်သက်ရင် ဒီလောက်ထိ နှလုံးသားမှာ အရည်ပျော်ဖို့ မလွယ်ကူသင့်တော့ဘူး။

"သနပ်ခါးမှာ ကိုယ့်အတွက် အဖြေမရှိသေးရင် စဉ်းစားပါဦးနော်။ ကိုယ်ဟာ ဒီနေ့ကစပြီး သနပ်ခါး တစ်ယောက်





တည်းကိုပဲ ချစ်နေတော့မဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ယုံပါ"

"ခါးမှာ အဖြေရှိတယ်"

"ဘာရယ်"

"အဖြေရှိပါတယ်၊ စဉ်းစားဖို့တောင် မလိုဘူး"

စွမ်းစ ရင်ထိတ်သွားစဉ်မှာပဲ ...

"ခါး ကိုစွမ်းစကို ဘယ်တော့မှ ချစ်နိုင်မှာ မဟုတ်ပါဘူး၊ ဒါပါပဲ။ ဖုန်းပိတ်လိုက်ပါပြီ"

ဟူသော ခပ်ပြတ်ပြတ် အဖြေကို ကြားသိလိုက်ရတော့လေသည်။ ဖုန်းလည်း တစ်ခါတည်းကို ပိတ်ချသွားပါသည်။ စွမ်းစသည် ကြောင်မရဖြစ်လျက် ဖုန်းကို အသာဘေးချပြီး အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေမိသည်။ မိနစ်တချို့ ကုန်ဆုံးပြီးသောအခါမှာ ဒီအတိုင်း ငြိမ်မနေနိုင်တော့ဘဲ ဖုန်းပြန်ခေါ်သောအခါ ဖုန်းပိတ်ထားသောဖြေသံကိုသာ ကြားရသည်။ သနပ်ခါး သူ့ကိုနာကြည်းပြီး မုန်းနေခဲ့လေသလား။

သနပ်ခါးနဲ့ ပြေလည်ပြီး သနပ်ခါးဆီက အချစ်ကိုရဖို့ သူ့ဘာသာပဲ ကြိုးစားချင်သောကြောင့် အမေ့ကိုတောင် ဒီအကြောင်းတွေ အသိမပေးဘဲ နေနေခဲ့ပါသည်။ အမေ့ကိုပြောလိုက်လို့ကတော့ ဝမ်းသာအားရပဲ သနပ်ခါးနဲ့သူ ပြေလည်ဖို့ စေ့စပ်ဖို့တွေ၊ စကားကမ်းလှမ်းဖို့တွေ၊ တစ်ဖက်ကို မျက်နှာအောက်ချပြီး ဝင်ရ ဝင်ရ ဝင်လိုက်ဖို့တွေ၊ အမေ ကြိုးစားတော့မှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီတစ်ခါတော့ အဲဒီလို မဖြစ်ချင်။ လူကြီးတွေ စီစဉ်ေ လို့ ဆုံတွေ့ ဖူးစာဆုံရတာထက် သူတို့ချင်း တစ်ယောက်နဲ့တ ယောက် ချစ်ကြပြီး လက်ထပ်၍ ပျော်ရွှင်စွာ နေသွားကြေ သတည်းဆိုသော အဖြစ်မျိုးကိုသာ လိုချင်ခဲ့ပါသည်။

တစ်ဖက်မှာတော့ သနပ်ခါးသည်လည်းပဲ ရှင်ေ မှာ ဘယ်နေရာက နာမှန်းမသိ နာကျင်ဆို့တက်လာလျ အကြာကြီး အသံတိတ် ငိုနေခဲ့မိသည်။

ဘယ်လောက်တောင် ငိုနေမိသလဲဆိုရင် မေမေအနာ ရောက်လာတာပင် မသိလိုက်။

"ဟယ် ... သမီး ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့လဲကွယ် ငိုနေလိုက်တာများ"

သနပ်ခါး ကပျာကယာပင် မျက်ရည်တွေသုတ်ပေ ခဲ့ပေမဲ့ မမီတော့။

မေမေ မြင်သွားပေပြီ။ ငိုစရာ ဘာအကြောင်းအရာ မှ ရှိမနေသော သမီးဖြစ်သူမှာ တစ်ယောက်တည်း ကျိတ်ငိုနေတာ တွေ့တော့ အမေပီပီ တော်တော့်ကို စိုးရိမ်သွားပါသည်။

"သမီး ဘာတွေ ဖြစ်နေတာလဲ"

"... ... ..."

"ခုတလော သမီး မျက်နှာမရွှင်ဘူး။ ဘာတွေတွေးနေမှန်း မသိ ဖြစ်ဖြစ်နေတာတွေ့တယ်။ ဝတ္ထုရေးတဲ့သူမို့ တွေးနေ တာတွေ့ရင် မဆန်းဘူးလို့ ပြောလို့ရပေမဲ့ သမီးတွေးနေ





ပုံက ဝတ္ထုရေးဖို့ တွေးနေတဲ့ပုံနဲ့ မတူဘူး။ ကိုယ့်အကြောင်း ကိုယ်ပဲတွေးသလား၊ တစ်စုံတစ်ယောက်အကြောင်းပဲတွေး သလားဆိုတဲ့ ပုံစံမျိုး ဖြစ်နေတယ်"

"ခါး ပြောပြချင်ပါတယ် မေမေ"

"အေး ... အေး ပြောပါဦး"

"ခါးကို အထင်တော့ မလွဲပါနဲ့နော်"

"သြော် ... ဘာလို့လွဲရမှာလဲ၊ ငါ့သမီးက မိဘကို ဘယ် တော့မှ လိမ်မပြောဘူးဆိုတာ သိတော့ သမီးပြောရင်ပြော သမျှပဲ ယုံတယ်၊ ကျန်တာ ပိုမစဉ်းစားပါဘူး"

"သမီး ကိုစွမ်းစနဲ့ ပြန်တွေ့လို့ပါ"

"သြော် ... သြော်"

စွမ်းစ ဆိုတဲ့ လူတစ်ယောက်ကြောင့် တစ်ခါအသည်း ကွဲခဲ့ဖူးသော သနပ်ခါးကို မေမေ ငေးနေလေသည်။

"သူနဲ့သမီး ပြန်တွေ့တာ အေးမြကို ဆေးရုံလိုက်ပို့ပေးလို့ မဟုတ်လား"

"အဲဒီက စ,သွားတာ၊ နောက်ပိုင်း အေးမြသမီးလေး နာမည်ပေး ကျင်းပွဲတပ်မှာ တစ်ခါတွေ့တယ်၊ ပြီးတော့ တစ်ရက်မှာ အေးမြ ခေါင်းတအားကိုက်နေလို့ ကလေး ကျောင်းသွားမကြိုနိုင်တော့တာနဲ့ သမီး သွားကြိုပေးတဲ့နေ့ မှာ သူနဲ့တိုက်တိုက်ဆိုင်ဆိုင် တွေ့တယ်၊ သူကလည်း သူ့တူလေးကို လာကြိုတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးသည် ခပ်ကြာကြာလေး ဆုံတွေ့ဖြစ်ခဲ့တဲ့ ထိုနေ့က အကြောင်းအရာကို ပြန်ပြောပြမိပါသည်။

"သူနဲ့ အဲဒီလိုဆုံတာ နောက်ဆုံးပါပဲ၊ ကြားထဲမှာ မတွေ့ကြပေမဲ့ သူက တမင်ပဲ သမီး သိစေချင်လို့လားတော့ မသိဘူး၊ အေးမြနဲ့ ကလေးကျောင်းကြိုရင်း ဆုံအောင်လုပ်ပြီး သူ့အကြောင်းတွေ ပြောပြတယ်၊ သူ့ရည်းစားနဲ့ကွဲသွားပြီဆိုတဲ့အကြောင်း၊ ဟိုက သူ့ကိုပစ်သွားပြီဆိုတဲ့ အကြောင်းတွေပေါ့"

"သမီး သိစေချင်တယ်ဆိုတဲ့ သဘောက ဘာအဓိပ္ပာယ်လဲ"

"သူ သမီးကို ပြန်ချဉ်းကပ်ချင်နေတာ"

"အခု သမီး, ဘာလို့ငိုရတာလဲ"

"သူ ခုလေးတင် သမီးရဲ့ဖုန်းကိုခေါ်ပြီး ဖွင့်ပြောတယ်လေ"

"သမီး ဘယ်လိုစဉ်းစားထားလို့လဲ"

သနပ်ခါးသည် ရင်ထဲမှာ နာကျင်နေသော အသံဖြင့် ဖြေလိုက်မိပါသည်။

"သမီး တစ်ခါတည်း ငြင်းပစ်လိုက်တယ် မေမေ"

"သြော်"

မေမေက သနပ်ခါးကို စိုက်ကြည့်ပြီး ဒီတစ်ခွန်းသာ အသံပြုလေသည်။ သနပ်ခါးကို အကြာကြီးလည်း စိုက်ကြည့်နေလေရာ သနပ်ခါးပင် မေမေ့ကို ရင်မဆိုင်ရဲတော့သလိုဖြစ်လျက်





"မေမေ"

ဟု အသံပြုပြီး ခေါ်လိုက်မိတော့သည်။

"မေမေ ရိပ်မိခဲ့ပါတယ်လေ။ မေမေ စီစဉ်ပေးတဲ့လူတိုင်း သမီး ငြင်းပစ်ခဲ့တာချည်းပဲ။ ဒီလူ့ကိုကျမှ သမီးလက်ခံခဲ့တာဟာ သူ့ကို သမီးချစ်သွားလို့ လက်ခံတယ်လို့ သိထားခဲ့တယ်။ ဒါပေမဲ့ ကံမကောင်းတော့ သူက ကိုယ့်ကိုမချစ်နိုင်ခဲ့ဘဲ သူ့ရည်းစားကလွဲရင် ဘယ်သူ့ကိုမှ လက်မခံနိုင်မှန်း သိနေခဲ့တော့ သမီးကိုယ်တိုင် ရှေ့ဆက်မတိုးရဲဘဲ နောက်ဆုတ်ပေးခဲ့တာပဲ။ ဒါပေမဲ့ အခုကျတော့ ဟိုက သူ့ကို ထားသွားခဲ့ပြီဆိုမှ သမီးကို ချစ်ပါတယ်၊ ကြိုက်ပါတယ် ပြောလာတော့ သမီးစိတ်ထဲ နာရင်နာနေမှာပေါ့။ ဒါကြောင့် သမီး ငိုတာ မဟုတ်လား"

အမေဆိုတာ ဒီသား၊ ဒီသမီးကို မွေးထုတ်လာကြသူတွေပီပီ ကိုယ့်သားသမီး မျက်နှာရိပ်မျက်နှာကဲ ကြည့်လိုက်တာနဲ့တင် ရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ ခံစားသိမြင်နိုင်ကြသူတွေပါ။ ဒီတော့လည်း ဒေါ်ဝတ်မှုန်သည် သမီးဖြစ်တဲ့ သနပ်ခါးရဲ့ စိတ်အခြေအနေ၊ ရင်ထဲက ခံစားချက်တွေကို သနပ်ခါး ဘာမှဖွင့်မပြောဘဲ အလိုလို သိနားလည်သွားနိုင်ခဲ့ပါသည်။

"ပြန်စဉ်းစားကြည့်ရင်လည်း သူ့ပတ်ဝန်းကျင်မှာ သမီးလို ချောမောလှပပြီး အရည်အချင်းရှိတဲ့ မိန်းကလေးတွေ တစ်ပုံကြီးပါ။ သူ့ရည်းစားက သူ့ကိုထားသွားခဲ့လို့ နောက်



www.burmeseclassic.com

တစ်ယောက်ကို ရွေးချယ်ချင်ခဲ့ရင် သူ့အတွက် မိန်းမ,မရှားပါဘူး။ ဒါပေမဲ့ သူက သမီးကိုပဲ အမှတ်ရပြီး ရွေးချယ်တယ်။ ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ ဖွင့်ပြောလာတယ်ဆိုတာဟာ သမီးကို သူ မမေ့ပျောက်နိုင်ခဲ့လို့ ဖြစ်မှာပေါ့"

သနပ်ခါး ရင်ထဲ သိမ့်ခနဲ ခုန်သွားမိသည်။

"စိတ်မြန်လက်မြန် မဆုံးဖြတ်နဲ့ဦးပေါ့။ သမီး ရင်ထဲမှာ ဘာလိုချင်ခဲ့သလဲ ဆိုတာ ပြန်စဉ်းစားကြည့်ဦး။ သမီး လိုချင်တာ ရပြီလား၊ ရရင် ဘာကြောင့် စွန့်ပစ်နေတော့မလဲ။ ကိုယ်လိုချင်တာ ရတဲ့ဘဝဟာ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလဲ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ အချစ်ဆုံးလေ။ ကိုယ် စိတ်ချမ်းသာပြီး လိုချင်တာလည်း ရပြီ။ ဖြစ်ချင်တာလည်း ဖြစ်ရပြီဆိုရင် အခုလက်ရှိအခြေအနေကို လက်ခံလိုက်ရမှာပေါ့။ အရင်က ဖြစ်ခဲ့တာတွေ ဘာကြောင့် တွေးတောနာကြည်းနေတော့မလဲ။ ဖြစ်ပြီးတာတွေ မဖြစ်ချင်ပါဘူး အော်နေလည်း ရမှမရတာ။ စာရေးပြီး မကြိုက်လို့ correction pen (ကော်ရက်ရှင်းပင်န်)နဲ့ ဖျက်သလို ဖျက်ချင့်လို့မှ မရတာ။ ဖြစ်ပြီးတာလည်း မေ့လိုက်ရမယ်၊ အခုဖြစ်လာတာကိုလည်း လက်ခံနိုင်ရမယ်၊ ဒါမှ ဘဝဟာ နေပျော်စရာကောင်းတာ သမီးရဲ့၊ ကဲ ... ကဲ... အနားယူပြီး စိတ်အေးအေးထား စဉ်းစားလိုက်ပါဦး"





စဉ်းစားစရာ မလိုတော့ပါဘူး မေမေ။ သူ့ကိုခါး ဘယ်အချိန် ဘယ်ကာလပဲရောက်ရောက် ချစ်နေနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရင်ထဲမှာ ဘယ်နေရာက နာမှန်းမသိ နာနေခဲ့မိတာတော့ ခက်တယ်။ ဒါကြောင့် ငြင်းလိုက်ပြီးနေပြီ။ ပြန်ပြင်လို့မရတော့ဘူး။ သူဟာ သနပ်ခါးရဲ့အဖြေကို လက်ခံလိုက်ရပြီလေ။

www.burmeseclassic.com



## ၂၂

Nokia (နိုကီရာ)ဖုန်း၏ မြည်သံလေး ကြားရသော အခါ သနပ်ခါး အသာယူကြည့်လိုက်သည်။ အေးမြဆီကဖုန်းပဲ။ မနက်စောစောစီးစီး ခုနစ်နာရီလောက်ပဲ ရှိသေးတာ။ သနပ်ခါးတောင် အိပ်ရာက နိုးခါစ။ ကိုယ်လက်သန့်စင်ပြီး ဘုရားသောက်တော်ရေလဲကာ ဘုရားရှိခိုးမလို့ ပြင်ဆင်နေတုန်း ရှိသေးသည်။

"ခါးခါး နိုးပြီလားဟဲ့"

"အေး ... နိုးပြီ"

"ဆောရီးဟယ်၊ မနက်အစောကြီး ဆက်မိတာ"

"ရပါတယ်၊ ငါ နိုးနေပါပြီ"

"ငါတို့ ဒီနေ့ အိမ်စ,ပြောင်းပြီလေ"

"ဟုတ်လား"





"အဲဒါဟယ် နှင့်ကို ဒုက္ခပေးတယ်လို့တော့ မထင်ပါနဲ့။ အားရင် ခဏလာခဲ့ပေးနိုင်မလား၊ တခြား ဘာမှလုပ်စရာ မလိုပါဘူး။ သမီးနှစ်ကောင်ကို ခဏလာကြည့်ထားပေးရုံပါ။ အိမ်ပြောင်းတာ ရှေ့တာနဲ့ဆိုတော့ သူတို့ကို ဘယ်သူမှ ကြည့်မဲ့လူ မရှိမှာစိုးလို့။ နှင် ကိုးနာရီ ဆယ်နာရီလောက်မှ လာရင်ရတယ်"

"ရပါတယ် အေးမြရယ်၊ နှင်ကလည်း အဲဒီလောက် ရှင်းပြနေစရာ မလိုပါဘူး"

"ကျေးဇူးတင်လိုက်တာ ခါးခါးရယ်။ စပယ်ဖြူကလည်း သိတဲ့အတိုင်းပဲ၊ သူ့ယောက်ျားက ခပ်သည်းသည်းဆိုတော့ ယောက်ျားစကား နားထောင်ပြီး ဘယ်မှကို မထွက်တော့ဘူး။ မိကျော့်ကတော့ ကိုယ်ဝန်ဆိပ်တက်တာ အရမ်းဆိုးလို့ ဆေးရုံနဲ့ မိတ်ဆက်နေရတာလေ၊ သူတို့နှစ်ယောက်ကတော့ လုံးဝမတွေ့ဖြစ်သလောက်နီးပါး ဖြစ်သွားပြီ။ အခုနောက်ပိုင်း နှင်နဲ့ ငါပဲ အနီးစပ်ဆုံး သူငယ်ချင်းတွေဖြစ်နေပြီနော်"

"အရင်တည်းကလည်း နှင်နဲ့ ငါနဲ့က ပိုခင်ပါတယ်၊ ဟဲ ဟဲ ... ဟိုနှစ်ယောက် မသိစေနဲ့နော်"

"ခါးခါးရေ ... ငါ ဖုန်းပြောတာ ရပ်လိုက်တော့မယ်နော်၊ လုပ်စရာတွေ တစ်ပုံကြီး တန်းစီနေလို့"



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါး ဖုန်းကို အသာခေါက်ပိတ်လိုက်ပါသည်။ ဒီနေ့တော့ သွားစရာ ပေါ်လာပြီ။ ဘုရားရှိခိုးပြီးတာနဲ့ အိမ်မှာရှိတဲ့ Treadmill ပေါ် လမ်းလျှောက်ခြင်း၊ အပြေးလေ့ကျင့်ခြင်းလုပ်တဲ့ စက်ကြီးပေါ် နာရီဝက်လောက်ဖြစ်ဖြစ် လေ့ကျင့်ခန်းလုပ်ရဦးမည်။ ပြီးမှ ရေချိုးပြင်ဆင်ပြီး အေးမြအိမ်ဆီ ထွက်ရပါမည်။

အေးမြတို့က အခုနေနေသော ကွန်ဒိုအခန်းကနေ FMI အိမ်ရာမှာ ခြံဝင်းနဲ့ တိုက်အိမ်သီးသန့်လေးဝယ်ပြီး ပြောင်းမည်ဟု သိထားပါသည်။ သူတို့မအားသေးလို့သာ မပြောင်းဖြစ်သေးဘဲ အချိန်ကြာနေတာ။ အခုကျမှ ပြောင်းဖို့ ပြင်ဆင်ထုပ်ပိုးနေတာပင် တစ်ပတ် ဆယ်ရက်မကတော့။

ဒီနေ့မှ တကယ်စပြီးပြောင်းဖြစ်ကြသဖြင့် သနပ်ခါးဆီအသိပေးရင်း အကူအညီတောင်းတာဖြစ်သည်။ အေးမြရဲ့သမီးလေးတွေဖြစ်တဲ့ လီလီနဲ့ နှင်းပွင့်တို့ဟာ သနပ်ခါးကိုလည်း အဒေါ်ရင်းတစ်ယောက်လို ချစ်ခင်တွယ်တာပြီး ပိုလည်းကပ်သဖြင့် အေးမြက သနပ်ခါးကိုပဲ ထိန်းခိုင်းစေချင်တာဖြစ်သည်။

"ဘယ်သွားမလို့လဲ သမီး၊ ပြင်ဆင်နေပါလား"

သနပ်ခါး အလှပြင်နေစဉ် မေမေ ဝင်လာပြီးမေးလိုက်သည်။

"အေးမြ အိမ်ပြောင်းမယ်တဲ့၊ အဲဒါ သမီးလေးတွေကို ခါး ခဏထိန်းပေးမလားဆိုပြီး အကူအညီ တောင်းလာလို့ပါ"





"ဪ ... ဟုတ်တာပေါ့၊ ကူညီရမှာပေါ့"

"လီလီနဲ့ နှင်းပွင့်က ခါးကို သိပ်ကပ်တာလေ"

"အေး ... ငါ့သမီးကလည်း အပျိုကြီး။ ကလေးရှုး,ရှူးနေတဲ့ အပျိုကြီးလေ၊ ဒီတော့ ကလေးထိန်းပေးဖို့များခေါ်ရင် ပျော်ရွှင်တက်ကြွနေတာပဲ"

"ဟုတ်တယ်၊ တစ်ခါတလေကျ ခါး စဉ်းစားမိတယ်။ ခါး သုံးဆယ့်ငါးနှစ်ပြည့်လို့မှ အိမ်ထောင်မပြုဖြစ်တော့ရင် ဘယ်တော့မှဆက်ပြီး အိမ်ထောင်ရေးကို မစဉ်းစားတော့ဘူးလို့။ ဒီတော့ ကိုယ့်ဘာသာပဲ မိဘမဲ့ကျောင်းမှာ ရင်ခွင်ပိုက်အရွယ်လေးလောက်ရှာပြီး မွေးစားတော့မယ်၊ အနည်းဆုံး နှစ်ယောက်လောက် မွေးစားမယ်လို့ စဉ်းစားထားတယ်။ ခါးက သမီးလေးတွေပဲ ချစ်တယ်၊ သမီးလေးတွေပဲ မွေးစားချင်တယ်"

"အခုမှ သုံးဆယ့်နှစ်နှစ်ပဲ ရှိပါသေးတယ်ကွယ်၊ ဒီကြားထဲမှာ သမီးမေတ္တာရှိတဲ့သူနဲ့ မတွေ့ဘူးလို့ မပြောနိုင်ပါဘူးလေ"

မေတ္တာရှိတဲ့သူ ... တဲ့။ သနပ်ခါးသည် ထိုစကားကြောင့် တစ်စုံတစ်ယောက်၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လိုက်တော့မလို ဖြစ်သွားပါသည်။ ကြိုးစားပြီး မေ့ဖျောက်ထားပေမဲ့လည်း ဖျတ်ခနဲ သတိရသွားတတ်နေတာ ဘယ်လောက်ကြာပြီလဲ။

သနပ်ခါးသည် ရင်ထဲမှာ အပျော်တွေ ပျောက်ဆုံးခဲ့သူ ဖြစ်နေခဲ့တာ ကြာပေမဲ့ အပြင်ပန်းမှာတော့ အမြဲပင်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ပြုံးရယ်နေခဲ့ရသူတစ်ဦးသာ ဖြစ်နေခဲ့ပါသည်။ ကိုယ်ချစ်နေခဲ့တဲ့သူဆီက "ချစ်တယ်"လို့ပြောတဲ့ စကားကိုလည်း ကြားခဲ့ရပြီးပြီ။ ကိုယ်ကိုယ်တိုင်လည်း ဘယ်ကရောက်လာမှန်းမသိသော မာနတရားနဲ့ရော၊ နာကျင်ခဲ့ရတာတွေအတွက်ရော သူ့ကို ကလဲ့စားချေလိုသောသဘောနဲ့ ချစ်နေရက်နဲ့ "မချစ်နိုင်ဘူး"လို့ ငြင်းခဲ့ပြီးနေပြီ။ ဒါဟာ နောင်တရစရာလား။ နောင်တမရသင့်ဘူးလားဆိုတဲ့ အတွေးတွေနဲ့ သနပ်ခါး ရှင်သန်ခဲ့ရတာ ရက်ပေါင်းမနည်းတော့။

ဝတ်စားပြင်ဆင်ပြီး ထွက်လာသော သနပ်ခါးသည် သူမ၏စတိုင်လ်အတိုင်း မျက်နှာကို သင့်တင့်လှပစွာ ပြင်ဆင်ခြယ်သပြီး အနက်ပွင့်ဆင်အင်္ကျီနှင့် အနက်စကတ်ရှည်လေးတို့ကို ဝတ်ဆင်ထားပါသည်။ လှည်းဘီးလောက်ကြီးမဲ့ နေကာမျက်မှန်အကြီးကြီးယူကာ လက်ကိုင်အိတ်အကြီးကြီး တံတောင်မှာချိတ်လိုက်ပြီး ကားသော့ယူစဉ် ...

"ဟော ...ဖုန်း ထပ်မြည်လာပြီ"

သနပ်ခါး၏လက်ကိုင်အိတ်ကြီးထဲမှာ ထည့်ထားပြီဖြစ်သောဖုန်းက ထပ်မြည်လာသည်။

"အေးမြ ... ဘာလဲ၊ ငါ ခုပဲထွက်လာပြီ"

"အေး ... ငါ သိတယ်၊ နင် အိမ်ကိုလာမိနေမှာစိုးလို့ တမင်ဆက်တာ။ နင် အခု ငါ့အိမ်ဟောင်းကို လာစရာမလိုတော့ဘူး"





"ဟဲ့ ... ဘာလဲ"

"အိမ်အသစ်ဆီပဲ သွားလိုက်တော့"

"ကလေးတွေ လာထိန်းရမယ်ဆို"

"ဟုတ်တယ်၊ ကလေးတွေကို သူ့အဖေ အရင်ခေါ်သွားနှင့်ပြီ။ လူကြီးတွေက ပစ္စည်းအားလုံး ပြောင်းတဲ့ကားပေါ်တင်ပြီးမှ တစ်ခါတည်း အတူတူ ထွက်လာမှာ။ အိမ်အသစ်မှာ ကလေးတွေနဲ့ နင် အတူတူသွားနေပေးရုံပဲ"

"ဟုတ်ပါပြီ၊ ငါက အိမ်လိပ်စာမှ မသိတာ"

"နင့်ကို ငါ အိမ်လိပ်စာပြောရင် နင် မှတ်မှား မှတ်မိမလားတော့ မသိဘူး"

"ဘာဖြစ်လို့လဲ"

"ငါတို့ဝယ်လိုက်တာ ဘယ်သူ့အိမ်ထင်လဲ"

"ဟယ် ...ပဟေဠိလုပ်နေပြီ၊ ငါက ဘယ်လိုလုပ်သိမှာလဲ"

"ငါတို့ ကိုစွမ်းစရဲ့အိမ်ကို ပြန်ဝယ်လိုက်တာ"

သနပ်ခါးသည် တိုက်ဆိုင်လှချည်လားလို့ တွေးမိလိုက်ပါသည်။

"ငါတို့လည်း အိမ်ပွဲစားဆီကတစ်ဆင့် အိမ်တွေလျှောက်ကြည့်ရင်း အဲဒီအိမ်လေးကိုကြိုက်ပြီး ဝယ်မယ်ပြောတော့မှ စာချုပ်တွေ ဘာတွေလုပ်တော့မှ ကိုစွမ်းစ အိမ်မှန်းသိရတာ၊ နင့်ကိုတော့ မပြောပြချင်တော့တာနဲ့ မပြောပြတာပါ။ အဲဒီအိမ်က သူနဲ့ နင် လက်ထပ်ပြီးရင် နေဖို့ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ဖူးတယ်လေ။ နင် တစ်ခါရောက်ဖူးတယ်ထင်တယ်။ ငါတို့ဝယ်ဖြစ်တာ အဲဒီအိမ်လို့ မပြောပြချင်တာကတော့”

သနပ်ခါးသည် အေးမြစကားကို ဖြတ်ပြောလိုက်ပါသည်။

“ငါ သိပါတယ်၊ ငါ့အတွက် အဖောင်းတွေ အသစ်လို ပြန်ဖြစ်ပြီး ခံစားရမှာစိုးလို့ မဟုတ်လား”

အေးမြ အားနာသလို ရယ်မောရင်း ...

“ဟုတ်တယ်ဟယ်၊ ဆောရီးပါ၊ အမှတ်မထင် တိုက်ဆိုင်သွားတော့ ငါလည်း ဘာလုပ်ရမှန်းမသိဘူး”

“ရပါတယ်၊ ငါ အားလုံးကို မေ့ထားပြီးပြီပဲ”

“ငါ အိမ်လိပ်စာပြောဖို့ လိုသေးလား”

“လိုတယ်။ ငါ တစ်ခါပဲ ရောက်ဖူးတာ မမှတ်မိဘူး၊ အိမ်လိပ်စာဆို အတိအကျတောင် မသိဘူး။ သူ ခေါ်သွားလို့ ရောက်သွားတာပဲရှိတယ်”

“အေး ... အေး ... ငါပြောပြမယ်၊ လိုက်မှတ်ထားလိုက်နော်။ ကျေးဇူးပါပဲ ခါးခါးရယ်”

အေးမြ ပြောပြနေသော အိမ်နံပါတ်၊ လမ်းအမည်တွေကို ရေးမှတ်ရင်း သနပ်ခါးသည် ထိုအိမ်လေးထဲ နောက်တစ်ကြိမ် ပြန်ဝင်ရဦးမည့်အဖြစ်အား ကြေကွဲစွာ မြင်ယောင်နေမိသည်။

မှတ်မှတ်ရရ တစ်ခါပဲ ရောက်ဖူးခဲ့တာပါ။ အိမ်အပြင်အဆင်ပုံစံကို လိုက်ပြပြီး ဘယ်အခန်း ဘာဆေးရောင်သုတ်မလဲ။





ဘယ်နားလေး ဘယ်လိုပြန်ပြင်ချင်လဲ။ ဘယ်နေရာမှာ ဘာထားချင်လဲနဲ့ တိုင်ပင်ဆွေးနွေးပြီး လှည့်လည်ကြည့်ရှုစဉ်တုန်းက (အဲဒီနေ့တုန်းက) ကိုစွမ်းစရဲ့စိတ်အာရုံတွေထဲမှာ သနပ်ခါးတစ်ဦးတည်း နေရာပေးခံရတယ်။ လုံးလုံးလျားလျား သူ့စိတ်ကိုလွှမ်းမိုးခွင့်ရခဲ့တယ်လို့ ယုံကြည်ခဲ့ပါတယ်။ ကျန်တဲ့အချိန်တွေကို မပြောလိုဘူး။ အဲဒီတစ်နေ့လေးမှာတော့ ကိုစွမ်းစရဲ့စိတ်တွေဟာ သနပ်ခါးအပေါ် လုံးဝညွတ်နူးပျော်ဝင်နေခဲ့ပြီး နှစ်ယောက်အတူတူ ဆူထောင်ကြရမဲ့ ဘဝတစ်ခုနဲ့ ဒီအိမ်ဂေဟာလေးအကြောင်း ရည်မှန်းချက်တွေနဲ့ ပြည့်နေခဲ့တယ်။ သူ့ရင်ထဲက တစ်နေရာမှာ ကုမုဒြာဆိုတဲ့ မိန်းကလေး ရှိနေခဲ့တာတောင်မှ သူ မေ့သွားခဲ့ဖူးတယ်လို့ သနပ်ခါး ယုံကြည်စွာ ခံစားလို့ရခဲ့တယ်။

ဒါပေမဲ့ အဲဒီတဒင်္ဂဟာ ခဏလေးပဲ မိုင်ဆိုင်လိုက်ရပြီး ကုမုဒြာ သူ့ကို ဖုန်းဆက်လိုက်တဲ့အချိန်မှာ သနပ်ခါး ခဏမက်ခွင့်ရတဲ့ အိပ်မက်လှလှလေး ပျောက်ဆုံးသွားသလိုပဲ ခံစားလိုက်ရတယ်။ အဲဒီနေ့မှာ သနပ်ခါးရဲ့အသည်းတွေ လှလှပပလေး တစ်စချင်း စတင်ပဲ့ကြွေလာတော့တာပဲ ဖြစ်ပါတယ်။

အခုတော့ အဲဒီအိပ်မက်လှလှလေး မက်ခဲ့ဖူးတဲ့ အိမ်ဂေဟာလေးဆီ သနပ်ခါး တစ်ခေါက်ပြန်ရောက်ရဖို့ ဖန်တီးခဲ့သလဲ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၄)



## ၂၄

ခြံတံခါးတွေ အသင့်ဖွင့်ထားသော အိမ်လေးထဲ ...ားကိုအသာချိုးဝင်လာခဲ့သည်။ အလုံမွေးမြက်ခင်းလှလှလေးက ...ည်း စိမ်းစိုနေဆဲ။ ပန်းအိုးလေးတွေ အစီအရီနဲ့ စိုက်ထားတဲ့ ...လှစိုက် ပန်းလေးတွေကလည်း သူ့နေရာနဲ့သူ လှပစိုပြည်စွာ ...ွင့်လန်းနေဆဲ။ အိမ်ရှေ့ဆင်ဝင်အောက်မှာတော့ ကိုဥက္ကါ၏ကား ...ပ်ထားတာ တွေ့ရသည်။

သနပ်ခါး၏ ကားရပ်သံကြားတော့ လီလီ့အသံစပြီး ...ကြားရသည်။

"အန်တီခါး လာပြီ၊ အန်တီခါး လာပြီ"

လီလီ ပြေးထွက်လာသောအခါ အခုမှ တစ်နှစ်နဲ့ ...လအရွယ်ရောက်ခါစ သမီးလေး နှင်းပွင့်ကလည်း တောက်တက် ...ာက်တက် ယိုင်တိုင်ယိုင်တိုင်လေး လမ်းလျှောက်တတ်ခါစလေး ...ဲ့ အစ်မဖြစ်သူနောက်မှ ပြေးလိုက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... သမီးလေးတွေ"

"အန်တီခါး လာပြီ။ လီလီ အန်တီခါးကို စောင့်နေတာ သိလား"

"အေး ... အေး ... သိပါတယ်ကွယ်"

လီလီ့ကို လက်တစ်ဖက်ကဆွဲပြီး နှင်းပွင့်ကိုကော ချီလိုက်စဉ် ကိုဥက္ကါက အိမ်ဝအသင့်ထွက်လာကာ ...

"ကျွန်တော်က ကလေးတွေနဲ့ သူတို့လိုတာလေးတွေ အရင်ဆုံး တစ်ခေါက် လာပို့ထားတာဗျ။ မခါးခါး ရောက် လာမှ ဟိုဘက်အိမ် တစ်ခေါက်ပြန်ပြီး ပစ္စည်းတင်တဲ့ကားနဲ့ အတူတူ အေးမြကိုပါ ခေါ်လာရမယ်၊ အခုလို ကူညီတာ ကျေးဇူးပါပဲဗျာ"

"ရပါတယ်၊ ကျွန်မ ပျော်ပါတယ်"

"ဒါဆို ကလေးတွေနဲ့ နေခဲ့ဦးနော်၊ ကျွန်တော် သွားလိုက် ဦးမယ်၊ ခြံတံခါး ပိတ်ထားပေးခဲ့မယ်နော်"

"ဟုတ်ကဲ့ ကိုဥက္ကါ"

"သွားပြီ သမီးတို့ရေ၊ အန်တီခါးကို ဂျီမကျနဲ့နော် ကောင်း ကောင်းနေ"

ကိုဥက္ကါ သူ့ကားမောင်းပြီး ထွက်သွားသောအခါ သနပ်ခါးတစ်ယောက်တည်း ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့ပါသည်။

"အန်တီခါး ... လာ အပေါ်သွားမယ်"





"အပေါ်ထပ်မှာ သမီးတို့အခန်းလား"

"ဟုတ်ဘူး၊ ပြခရာရှိလို့"

"အေး ... အေး ... အန်တီခါး လိုက်ကြည့်ပါ့မယ်"

သနပ်ခါးသည် အိမ်လေးကို တစ်ချက်ဝေ့ကြည့် လိုက်ပါသည်။

အိမ်လေးကတော့ သနပ်ခါးမှတ်မိသလောက် အခြေ အနေအတိုင်း ဘာမှမပြောင်းလဲဘဲ ရှိသေးသည်။ နံရံတွေကို သနပ်ခါး သုတ်ချင်သောအရောင် ပြောင်းသုတ်ထားတာ သတိထား မိသည်။

ကြမ်းခင်းတွေရဲ့ သစ်သားကွက်အရောင်ကို ဝါလွန်း သည်ဟု ပြောမိသဖြင့် အဲဒီတုန်းက မဟော်ဂနီရောင် ပြောင်းခင်း မယ်လို့ သူ ပြောခဲ့ဖူးသည်။ အခုလည်း မဟော်ဂနီရောင် ပြန် ပြောင်းခင်းထားတာ တွေ့ရသည်။

သနပ်ခါးသည် ကိုယ်ဖြစ်ချင်တဲ့ ပုံစံလေးလို ပြောင်း လဲထားပြီး ဖြစ်ပေမဲ့ ကိုယ်ကိုယ်တိုင် နေခွင့်မရှိတော့သော အိမ် လေးကို လှည့်လည်ငေးမောကြည့်နေမိစဉ် သမီးလီလီက မစောင့် နိုင်ဘဲ လှေကားမှတစ်ဆင့် အပေါ်ကို ပြေးတက်သွားပါသည်။ ဒီတော့ အငယ်ကလည်း အငယ်ပီပီ တောက်တက် တောက်တက် နဲ့ ပြေးလိုက်တက်သွားတာမို့ သနပ်ခါးလည်း နောက်ကပြေးလိုက် သွားရပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး နှင်းပွင့်၊ ပြုတ်ကျမယ်၊ လာ ... လာ ... အန်တီခါး လက်ကို ကိုင်တက်နော်"

နှင်းပွင့်က သနပ်ခါး၏လက်ညှိုးလေးကို ဆွဲကိုင်ကာ လှေကားကို တစ်ထစ်ချင်းတက်နေစဉ် သနပ်ခါးကသည်းကလေးကို ငုံ့ကာ ငုံ့ကာ ကြည့်ပြီး စောင့်၍တက်လိုက်ပါသည်။

"ဒီအိမ်လေးမှာ ကိုယ်နဲ့မင်း အခုလိုပဲ သမီးလေးနှစ်ယောက်နဲ့ ပျော်စရာကောင်းတဲ့ မိသားစုလေးအဖြစ် နေခွင့်ရချင်တယ်"

လှေကားထိပ်မှ ရုတ်တရက် ကြားလိုက်ရသောစကားနဲ့အသံရှင်ကြောင့် သနပ်ခါးမှာ တုန်လှုပ်ချောက်ချားသလိုပင်ဖြစ်သွားပါသည်။

"အန်တီခါး ဒီမှာ ဦးဦးစွမ်းစ"

လီလီက သူ ပြစရာရှိတယ်ဆိုသောအရာမှာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း အသိပေးသလိုအသံဖြင့် စွမ်းစလက်ကိုတွဲကာ ရပ်စောင့်လျက် လှမ်းပြောပါသည်။

သနပ်ခါးသည် ဘာတွေ ဘယ်လိုဖြစ်နေမှန်းမသိသော အခြေအနေကို အဖြေရှာမရဘဲဖြစ်လျက် အပေါ်ထပ်သို့ရောက်အောင်တော့ တက်လာခဲ့ရသည်။ နှင်းပွင့်က အပေါ်ထပ်လည်းရောက်ရော လီလီနဲ့အတူ ဒေါင်းတောက်အောင် ပြေးတော့ဖို့ ပြေးထွက်သွားတော့လေသည်။





သနပ်ခါးသည် စွမ်းစကို တစ်ချက်မော့ကြည့်လိုက်ပြီး ...

"ကိုစွမ်းစ ဘာလာလုပ်တာလဲ"

ဟု အသံမတုန်အောင် ထိန်း၍မေးလိုက်မိ၏။

"လာ ... ဝရန်တာဘက်ထွက်ပြီး စကားပြောရအောင်"

စွမ်းစသည် သနပ်ခါး၏အမေးကို မဖြေဘဲ ဝရန်တာလေးဆီ အရင်ထွက်သွားနှင့်သည်။ သနပ်ခါးလည်း သူ့နောက်မှ ခြေလှမ်းနှေးနှေးဖြင့် လျှောက်လာခဲ့မိသည်။

"ဒီအိမ်က ကိုယ့်အိမ်လေ။ ဒီတော့ ကိုယ်ရောက်နေတာ မဆန်းဘူးပေါ့"

"အေးမြတို့အိမ် ဖြစ်သွားပြီလေ၊ ကိုစွမ်းစဆီက ဝယ်လိုက်တာဆို"

"မအေးမြ ဝယ်လိုက်တဲ့အိမ်က ကျွန်တော့်အိမ်ပါပဲ၊ ဒါပေမဲ့ ဒီအိမ်တော့ မဟုတ်ဘူး။ ဟိုဘက်အိမ်"

"ရှင်"

သနပ်ခါး အံ့ဩပြီး ဟိုဘက်အိမ်ဆိုတာကို လှမ်းကြည့်လိုက်သောအခါ ပစ္စည်းတင်သောကားကြီးနဲ့ ပစ္စည်းတွေချ၊ စပြုနေပြီဖြစ်သော အလုပ်သမားတွေရယ်၊ အေးမြတို့စုံတွဲရယ်ကို တွေ့လိုက်ရသည်။ အေးမြက သနပ်ခါးကို လက်လှမ်းပြီရင်း ဖုန်းကို ထောင်ပြသည်။ ချက်ချင်းပဲ ဖုန်းဆက်လိုက်သည်။ ဖုန်းသံလေးကြားတော့ သနပ်ခါးဘက်မှ ဖုန်းကိုဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးမြ ... နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"ဆောရီးပါဟယ်။ ငါ နင့်ကို ပျော်စေချင်လို့ပါ၊ ပြီးတော့ ကိုစွမ်းစကလည်း နင့်ကို တော်တော်ချစ်သွားပုံရတာတွေ ကို သူ့အိမ်ဝယ်ဖို့ တွေ့ကြ စကားတွေပြောကြမှ သတိထားမိလာတော့ ငါ နင်တို့ကို ဆုံပေးချင်လို့ စီစဉ်တာပါ"

"ငါ တကယ်စိတ်ဆိုးတယ် သိလား"

"အေးပါဟယ် _ အေးပါ။ နောက်မှ ငါ့ကိုဆဲချင်သလောက် ဆဲ၊ မကျေနပ်ရင် သူငယ်ချင်းအဖြစ်ကပါ အဆက်ဖြတ်ရင် ဖြတ်ပါ။ ငါ ခံပါ့မယ်။ အခုတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြပါရတ်နဲ့ မပေးသင့်ဘဲ ပေးနေတဲ့ နင်တို့ကို ငါ ကူညီလိုက်ရတာ ကျေနပ်ပါတယ်။ ကဲ ... တာ့တာ၊ ငါ အလုပ်တွေများနေလို့ သမီးတွေ နင့်အိမ်ခဏ ပို့ထားတယ်နော်။ ညနေမှ ပြန်ခေါ်မယ်"

"ဘာ ... ဘာ ... ငါ့အိမ်လဲ"

သနပ်ခါး ရှက်ကိုးရှက်ကန်းဖြင့် အော်နေစဉ် အေးမြ ဖုန်းပါပိတ်၊ လက်လည်းပြရင်း အိမ်ပြောင်းဖို့ အလုပ်တွေရှုပ်နေဟန်ဖြင့် အိမ်ထဲပြေးဝင်သွားပါသည်။

သနပ်ခါးသည် ဖုန်းပြောပြီး၍ ဒီဘက်လှည့်လိုက်သောအခါ အေးဆေးတည်ငြိမ်စွာ ရပ်စောင့်နေသော ကိုစွမ်းစကို ဆုံရသည်။





"ကိုယ် အားလုံး ရှင်းပြပါ့မယ်၊ မအေးမြတို့နဲ့ အိမ်အရောင်းအဝယ်ကိစ္စတွေ ပြောတော့မှ ဆုံတာပါ။ သူတို့ဝယ်မဲ့အိမ်ကတော့ ကိုယ် ဒီအိမ်နဲ့ကပ်ရပ်မှာပဲ ရင်းနှီးမြုပ်နှံတဲ့သဘောနဲ့ ထပ်ဝယ်ထားတဲ့အိမ်လေး ဖြစ်နေတယ်။ အဲဒါပါပဲ၊ ကျန်တာတော့ ကိုယ်လည်း ဘာမှမသိပါဘူး။ မအေးမြနဲ့ ကိုဥက္ကါက အကူအညီတောင်းလာလို့ ကိုယ် ဒီအိမ်မှာ လာစောင့်ပေးတာပါ"

"ဘာအကူအညီတောင်းတာလဲ"

"ဟိုဘက်အိမ်ပြောင်းတုန်း သမီးလေးတွေ ဒီဘက်ခဏပို့ထားချင်လို့ ခဏလာစောင့်ပေးပါ ဆိုတာနဲ့ လာကူညီတာပါ။ နောက် ဒီအိမ်ရောက်မှ ကိုဥက္ကါက မနေနိုင်ဘဲ သနပ်ခါးနဲ့ ကိုယ့်ကို ဆုံပေးချင်လို့ စီစဉ်ထားတဲ့အကြောင်း ရှင်းပြပါတယ်"

"အဲဒါ ရှင်က လက်ခံစရာလား"

သနပ်ခါး စိတ်တိုသလို အသံလေးနဲ့ ငေါက်လျှင် စွမ်းစ အသာပြုံးသွားပါသည်။

"ကိုယ့်မှာ ရွေးစရာလမ်း မရှိတော့ဘူးလေ၊ ကိုယ် ဒီလိုမှ လက်မခံရင် မင်းကို ဘယ်တော့မှ တွေ့ခွင့်ရမှာမဟုတ်ဘူး။ မင်းနဲ့ကိုယ် နေကြဖို့ ပြင်ဆင်ထားပြီးတဲ့ ဒီအိမ်လေးကို ဘယ်တော့မှ မင်းကို ပြခွင့်ရမှာ မဟုတ်ဘူးလေ။ ဒါကြောင့် သူတို့အစီအစဉ်ကို လက်ခံရမှာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက နေမယ်ပြောလို့လဲ"

သနပ်ခါးဟာ ငြင်းသာငြင်းနေပေမယ့် သူ့အပေါ်မှာ ဒေါသတွေ၊ မာနတွေ၊ နာကြည်းနေမှုတွေ ရှိမနေတော့ဘူးဆိုတာ စွမ်းစရဲ့နှလုံးသားထဲမှာ ခံစားလို့ရနေခဲ့ပါသည်။

"ကိုယ် အဲဒီနေ့လေးကို အမှတ်တရ အမြဲဖြစ်နေမိတယ်။ သနပ်ခါး မှတ်မိမှာပါ၊ ကိုယ်တို့ လိုအပ်တာလေးတွေ ဝယ်ပြီး နောက်တစ်နေ့မှာ ဒီအိမ်ကို ခဏလာဖြစ်ခဲ့တဲ့ နေ့ကလေးလေ"

ထိုသို့ကြားလိုက်ရတော့ သနပ်ခါး ရင်ထဲ နွေးသွားပါသည်။

"ကိုယ် ဝန်ခံချင်တယ်၊ အဲဒီနေ့က မင်း လိုက်လာခဲ့ပြီး အိမ်ရဲ့အရောင်လေးက ဘယ်လိုလေး၊ ဘယ်နားလေးကို ဘာပြောင်းရင် ကောင်းမယ်၊ ဘယ်နေရာမှာ ဘာအပင်လေး ထပ်စိုက်မယ်နဲ့ မင်း စိတ်ဝင်တစား တိုင်ပင်တယ်။ ကိုယ်လည်း စိတ်ပါလက်ပါ ဆွေးနွေးမိတာတွေရှိတယ်၊ အဲဒီနေ့လေးတုန်းက ကိုယ့်စိတ်အာရုံ အကုန်လုံးကို မင်းအပိုင်ရသွားခဲ့တယ်၊ မင်းနဲ့ကိုယ် ဒီအိမ်လေးမှာ တစ်သက်လုံး အတူတူ နေသွားကြရတော့မယ်ဆိုတဲ့ အတွေးနဲ့ ကိုယ် ဘာကိုကြည်နူးမှန်းမသိ ကြည်နူးသွားခဲ့ဖူးတယ်၊ ကိုယ် အားလုံးကိုလည်း မေ့သွားခဲ့တယ်။ မင်း တစ်ယောက်တည်း





ကိုပဲ ကိုယ့်စိတ်ထဲမှာ ထည့်ထားမိခဲ့တယ် သနပ်ခါး ... တကယ်တော့ အဲဒီတည်းက မင်းဟာ ကိုယ့်ဘဝအတွက် စတင်အရေးပါနေခဲ့သူပါ"

သနပ်ခါးမှာ အလိုအလျောက် မျက်ရည်တွေ ဝေ့တက်လာမိတော့သည်။

သူနဲ့ သနပ်ခါး အဲဒီနေ့က ခံစားချက်ခြင်း တူညီခဲ့ကြတာ သေချာပါတယ်နော်။

"ကိုယ် ဘယ်တော့မှ ဒီအိမ်လေးကိုမရောင်းပါဘူး။ ဒီအိမ်လေးဟာ မင်းနဲ့ကိုယ် ပိုင်ဆိုင်တဲ့ အိမ်ကလေးပဲ။ ကိုယ့်ရင်ထဲကအချစ်ကို မင်းအတွက် သီးသန့် စတင်မွေးဖွားပေးခဲ့တဲ့ အိမ်ကလေးမို့လို့ပဲ"

စွမ်းစသည် မျက်ရည်စက်တွေ တလိမ့်ချင်းပါးပြင်ပေါ် လိမ့်ဆင်းလာသော သနပ်ခါးရဲ့မျက်ရည်တွေကို အသာအယာ ဖွဖွလေး သူ့လက်ဖဝါးဖြင့် သုတ်ပေးလိုက်လေသည်။

"ကိုယ်တို့ ဒီအိမ်လေးမှာ အတူတူ နေကြမယ်နော်"

သနပ်ခါးသည် ပီတိတွေဖြင့် ရင်ထဲဆို့နင့်နေကာ ...

"ခါးက ... ခါးကလေ ... အဲဒီနေ့လေးကို အိပ်မက်လှလှ မက်ခဲ့ရတယ်လို့ပဲ ထင်ခဲ့တာ။ ခါး အဲဒီအိပ်မက်လေးကို ဘယ်တော့မှ ပြန်ပြီးမက်ခွင့် မရတော့ဘူး ထင်ခဲ့တာ"

ဟု ခပ်တိုးတိုး ပြောမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိပ်မက်လှလှလေး ပြန်မက်ဖို့ မင်း ကိုယ့်ရဲ့အချစ်နဲ့ တည်ဆောက်ထားတဲ့ အိမ်ကလေးမှာ လာနေမှဖြစ်မယ် လေ"







www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူ၏ အိမ်အရိပ်မှာ နားခိုခွင့်ရပြီး
ချစ်သူ့ရင်ခွင်မှာ မှေးစက်ခွင့်ရသောအခါမှသာ
အိပ်မက်လှလှလေးတွေ အမြဲမက်နေခွင့်ကို
ပိုင်ဆိုင်ထားရတော့တာ ဖြစ်ပါတယ်"



ရွှင်မိုး
(ဆေးတက္ကသိုလ်)
19th December
Friday
2008.

www.burmeseclassic.com